FEDERAL JOURNAL MYANMAR

ETHNIC PEACE FEDERALISM

# ဖက်ဒရယ် ဂျာနယ်မြန်မာ

Quarterly Journal of Federalism



# ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ခြေလှမ်းသစ်တွေ ဘယ်လိုလှမ်းကြမလဲ......



QUARTERLY JOURNAL | ISSUE 43 | July 31, 2024

ဖက်ဒရယ်ဂျာနယ်၊ မြန်မာ သုံးလပတ် ထုတ်ဝေမှု၊ အမှတ်စဉ် (၄၃)၊ ဇူလိုင် (၃၁) ရက်၊ ၂၀၂၄ ခုနှစ်

# မာတိကာ


ဖက်ဒရယ်ဂျာနယ် – မြန်မာ မူဝါဒ

ဖက်ဒရယ်ဂျာနယ် – မြန်မာ ရည်မှန်းချက်၊ ပန်းတိုင်

အယ်ဒီတာ့အာဘော်


## ကဗျာကဏ္ဍ


| | | |
|---|---|---|
| တော်လှန်ရေးအောင်ပွဲပန်းတိုင်ဆီသို့ | နောင်မွန်း | ၁ |
| လူစုံပျော်မယ့် တို့ပွဲတော် | တောင်တန်းပျိုဖြူ | ၃ |
| အာဏာဟာ နိုင်ငံကိုသေစေတယ် အာဏာဟာ သမိုင်းနိဂုံးချုပ်စေတယ် | လင်းထိပ်သျှင် | ၄ |
| တိုက်ပွဲကြားကလူ | ကျော်စွာ (ရှမ်းမြောက်တနေရာ) | ၁၀ |
| ဘာလိုချင်လဲ သပြေညွှန့်တစ်ခက် | ကျွန်ကွဲ | ၁၁ |
| ဗေဒါ | ကျွန်ကွဲ | ၁၂ |
| တော်လှန်လူငယ်တစ်ယောက် | အသဃထိုက်ရ် | ၁၃ |
| ဓါး | အသဃထိုက်ရ် | ၁၄ |


## ကာတွန်းကဏ္ဍ


| | | |
|---|---|---|
| ကာတွန်း | Rifle | ၁၅ |


## ဆောင်းပါးကဏ္ဍ


| | | |
|---|---|---|
| နွေဦးတော်လှန်ရေးနဲ့ ၁၀၂၇ စစ်ဆင်ရေးက | ကျော်ကိုကို | ၁၇ |
| ဖက်ဒရယ်တည်ဆောက်ရေးခြေလှမ်းသစ်လား<br>ဖက်ဒရယ်တပ်မတော်ဖွဲ့စည်းရန် စိန်ခေါ်မှုများ | Salai Thang Houng | ၂၃ |
| အာဏာရှင်ခေတ် အမြောက်သံ၊ ဗုံးသံကြားက ပညာရေး၊ ကျန်မာရေး | မင်းကျော်ဇေ | ၃၀ |
| ရွေးချယ်ရမည့် နိုင်ငံရေးစနစ်၊ ပါလီမန်စနစ်လော၊<br>သမ္မတစနစ်လော ရောစပ်စနစ်လော | ဆလိုင်းကျဲအိုဘိခ်ထောင်း | ၃၄ |
| နိုင်ငံရေးနှင့် စည်းရုံးရေး | သက်ထွန်း | ၆၁ |
| အတွေးအခေါ်ပြောင်းလဲခြင်းမှ ဖက်ဒရယ်ပြည်ထောင်စုဆီသို့ | Areng Pui | ၇၁ |
| ပဋိပက္ခတစ်ခု ဖြတ်ကျော်ခြင်း | သက်ထွန်း | ၇၅ |
| De Facto State ဆိုတာဘယ်လိုမျိုးလဲ | Areng Pui | ၈၂ |
| သွေးစည်းညီညွတ်ရေးနဲ့ အခြေခံပြဿနာ | ကျော်ကိုကို | ၈၆ |
| စိတ်ခံစားချက် ဦးစားပေးမည်ဆိုလျှင် | ဗိုလ်ဗိုးမှီ (ယော) | ၉၂ |
| ဘက်ပြောင်းခြင်း | ဝင်းမျိုးသူ | ၉၈ |
| စစ်ဖက်ခေါင်းဆောင်ကောင်း | ရဲဘော်ယောလေး | ၁၀၃ |
| ၂၁ ရာစု နရသူ (ခေါ်)သာသနာဖျက်စစ်ခေါင်းဆောင် | ဉာဏ်လင်းပြည့် | ၁၁၂ |

## မာတိကာ


### ဖက်ဒရယ်ရေးရာကဏ္ဍ

အထွက်အထိပ်အာဏာနှင့် နှစ်သွယ်ဖက်ဒရယ်စနစ်ကို လေ့လာခြင်း | ဒေါက်တာပညာမွန် | ၁၁၈

### တိုင်းရင်းသားရေးရာကဏ္ဍ

အင်းတိုင်းရင်းသားလူမျိုးရဲ့ ရိုးရာငွေထည်လုပ်ငန်း | အယ်ဒီတာအဖွဲ့ | ၁၂၃

### အင်တာဗျူးကဏ္ဍ

ပအိုဝ်းဒေသအခြေအနေပေါ်မေးမြန်းချက် | အယ်ဒီတာအဖွဲ့ | ၁၂၈

မြန်မာ့စစ်တပ်ရဲ့ ဖွဲ့စည်းပုံ၊ အဆင့်ဆင့်စုဖွဲ့မှု၊ နိုင်ငံရေးစုဖွဲ့မှု
တပ်အင်အားမျှခြေတို့နဲ့ ပတ်သတ်ပြီး မေးမြန်းချက် | အယ်ဒီတာအဖွဲ့ | ၁၃၉

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက်
ခြေလှမ်းသစ် ဘယ်လိုလှမ်းကြမလဲ | အယ်ဒီတာအဖွဲ့


- ဆလိုင်းကစ်(ပ်) နဲ့ တွေ့ဆုံခြင်း | ၁၄၉
- Naw Zember Paw နဲ့တွေ့ဆုံခြင်း | ၁၅၆
- နိုင်ဗညားမွန် နဲ့တွေ့ဆုံခြင်း | ၁၆၁
- စိုင်းကျော်စောဟန် နဲ့တွေ့ဆုံခြင်း | ၁၆၇
- ဦးမြအေးနဲ့ တွေ့ဆုံခြင်း | ၁၇၅

### တော်လှန်လူငယ်အသံများကဏ္ဍ

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက်
ခြေလှမ်းသစ်တွေကို ဘယ်လိုလှမ်းကြမလဲ......... | အယ်ဒီတာအဖွဲ့ | ၁၇၉

# ဖက်ဒရယ်ဂျာနယ်မြန်မာ မူဝါဒ

- ဖက်ဒရယ်ဂျာနယ် မြန်မာသည် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွင် အထောက်အကူပြုရန်။
- တိုင်းရင်းသား လူမျိုးစုတန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များရရှိရေး ဆောင်ရွက်ရန်။
- ပြည်တွင်း ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် အထောက်အကူပြုရန်။
- တိုင်းရင်းသားလူမျိုးစုဒေသများရှိ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ဖော်ထုတ်ရန်။
- တိုင်းရင်းသားလူမျိုး၏ နိုင်ငံရေးအသိအမြင် မြှင့်မားလာစေရန်နှင့် စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်ရန်။
- အနာဂါတ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေး အခန်းကဏ္ဍတွင် တိုင်းရင်းသားလူမျိုးစုများ၏ ပါဝင်မှုမြှင့်တင်လာနိုင်ရန်။
- တိုင်းရင်းသားလူမျိုးစုများ၏ ခံယူချက်များ၊ အယူအဆများကို ပြည်သူလူထုတစ်ရပ်လုံး သိမြင်စေရန်။




- ဖက်ဒရယ်ဂျာနယ် မြန်မာသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရာတွင် အဓိက ကျသော တိုင်းရင်းမီဒီယာပလက်ဖောင်းတစ်ခုအနေနှင့် ရပ်တည်သွားမည်ဖြစ်ပြီး မြန်မာပြည်သူလူထုတို့၏ ရပိုင်ခွင့်၊ အခွင့်အရေးများကို ကာကွယ်ပေးရန်နှင့် မြှင့်တင်ပေးနိုင်ရန်လည်း ရည်ရွယ်သည်။
- ချယ်ရီဖောင်ဒေးရှင်းသည် မတူကွဲပြားမှုကို လေးစားတန်ဖိုးထားသည့်အားလျော်စွာ ချယ်ရီဖောင်ဒေးရှင်း၏ တိုင်းရင်းမီဒီယာပလက်ဖောင်းဖြစ်သည့် ဖက်ဒရယ်ဂျာနယ် မြန်မာတွင် ပါဝင်နေသော ဝိုင်းတော်သား များသည် မြန်မာပြည်အနှံ့အပြားမှ သွေးချင်းတိုင်းရင်းညီအစ်ကို မောင်နှမများဖြစ်ကြသည်။
- ချယ်ရီဖောင်ဒေးရှင်းနှင့် ဖက်ဒရယ်ဂျာနယ် မြန်မာဝိုင်းတော်သားများသည် မြန်မာနိုင်ငံအတွက် ဖက်ဒရယ် ဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်လာရေးကို အန္တိမပန်းတိုင်အဖြစ် သတ်မှတ်ပြီး မဏ္ဍိုင်တစ်ရပ် အနေဖြင့် ရပ်တည်ကာ ဆက်လက်လှမ်းချီသွားမည်ဖြစ်သည်။

၂၀၂၁ ဖေဖော်ဝါရီမှ စတင်ခဲ့တဲ့ လူထုတော်လှန်ရေး(ခေါ်)နွေဦးတော်လှန်ရေးဟာ ၃ နှစ် ကျော် အချိန်ကာလကို ရောက်ရှိလာခဲ့ပါပြီ။

ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုတဲ့ တောင်းဆို ကြွေးကြော်သံများနှင့် အတူ ပြင်းထန် ခိုင်မာတဲ့ စိတ်ဓါတ်တွေနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူများ၊ လူငယ်များရဲ့စစ် အာဏာရှင် ဆန့်ကျင်ရေး လှုပ်ရှားမှု တော်လှန်ရေး အရှိန်ဟာလည်း နေရာစုံမှာ အားကောင်းနေဆဲပါ။

တော်လှန်ရေးအရှိန် အားကောင်းနေဆဲ ဖြစ်သလို တဘက်မှာလည်း ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး အခင်းအကျင်းကို လမ်းကြောင်းမှန်သို့တည့်မတ် ဦးတည်သွားနိုင်ဖို့ နိုင်ငံရေးအဆင့်ကနေ ဥပဒေ အဆင့်ထိ တက်လှမ်းဖို့ လိုအပ်နေပြီဆိုတာ သေချာပါတယ်။

လက်ရှိ ဖြတ်သန်းနေကြတဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အဆင့်ကနေ စည်းနှောင်အားကောင်း တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံ ဥပဒေအဆင့်ကို တက်လှမ်းနိုင်ဖို့ တက်အစုံရွက်အကုန်ဖွင့်ရ မယ့် အချိန်ပါပဲ။



# အယ်ဒီတာ့အာဘော်

uAsmu@

# တော် လှန် ရေး အောင် ပွဲ ပန်း တိုင် ဆီ.. သို့

နောင်မွန်း

- မြန်မာပြည်ရဲ့အရှေ့အနောက်မှသည်
  မြောက်မှတောင်ဆီသို့
  ယမ်းငွေ့တွေဝေခဲ့တယ်.....။

- မြန်မာပြည်အလယ်ပိုင်း
  မုန်တိုင်းထန်တော့
  လူငယ်လူရွယ်လေးတွေ
  အဝေးတနေရာစီ
  အောင်ပွဲတွေရှာဖွေဖို့
  ကိုယ်တိုင်စိုက်ရတယ်.....။

- ချင်းအမျိုးတို့ ရိုးရာ တူမီးမှသည်
  မောင်းပြန်လက်နက်အထိ
  တဆင့်မှတဆင့်တက်ကာ
  တောင်ဇလပ်ပန်းတို့မြေမှာ
  သတ္တိသွေးတွေ နီခဲ့တယ်.....။

- နယ်မြေအသေးဆုံးပေမယ့်
  အစွမ်းမသေးတဲ့
  ကရင်နီအမျိုးတွေ
  ကရင်နီမြေမှာ
  အောင်ပန်းတွေအလီလီစိုက်ခဲ့တယ်......။

- ရှမ်းမြောက်တကြော
  ကိုးကန့်နဲ့တအာင်းပလောင်ညီနောင်ရခိုင်တို့
  သွေးသောက်ကာ သစ္စာထား
  နယ်မြေအများအပြားကို
  တိုက်ယူပြနိုင်ခဲ့တယ်....။

- ပင်လယ်ဘေးက ရခိုင်အမျိုးတို့မြေ
  မျိုးချစ်စိတ်ဓာတ်အပြည့်နဲ့
  ကိုယ်တိုင်စိုက်ခဲ့ ကိုယ်တိုင်ရိတ်သိမ်းခဲ့တယ်
  အောင်မြေတို့က အလီလီ ....။

- တန်ဖိုးကြီး ကျောက်စိမ်းထွက်ရာ
  ကချင်အမျိုးတို့ မြေမှာ
  တိုက်တိုင်းမရှုံးဘဲ
  အောင်ပွဲတခုပြီးတခု စိုက်ထူခဲ့တယ်...။

- ကရင်အမျိုးတို့ ဖားစည်မြေ
  ညီနောင်ဘွားတွေ ပညာဝေ
  တော်လှန်တိုက်ပွဲ ဖော်ဆောင်နွှဲခဲ့
  အောင်လံတွေလွှင့်ခဲ့တယ်....။

- ညီနောင်တို့အညာမြေ
  စစ်ကိုင်းမန္တလေးမကွေးမှသည်
  ပဲခူးရောဝတီ ရန်ကုန်မြေအထိ

- မွန်တနင်္သာရီ တောင်ပိုင်းမြေမကျန်
  တိုက်ပွဲအောင်သံတွေ
  ကြားစေမယ်...။

- စစ်အာဏာရှင် နိဂုံး
  အဆုံးသတ်ရင်
  ညီနောင်ဘွားတိုင်းရင်းသားတွေအားလုံး
  စည်းလုံးညီညာ
  အောင်မြင်သစ်မှာ
  အောင်ပွဲပန်းတိုင်တွေ
  အတူတူစိုက်ကြမယ်.....။



# လူစုံပျော်မယ့် တို့ပွဲတော်

တောင်တန်းပို့ဖြူ

တို့နယ် တို့ဒေသ
ဘာလုပ်လုပ်လူစုံမှ
ပွဲစည်တယ်
ပကာသနကင်း
အရောင်ရှင်းတယ်။

ခုတော့ တို့နယ်တလွှား
ထွက်ချည်ဝင်ချည်
ပြေးလွှားရ
အတည်တကျမရှိ ဘဝများ
အမေက သားကိုမျှော်
တူမကို အဒေါ်ကတမ်းတ
ချစ်သူက ချစ်သူကို စောင့်ရနှင့်
လူစုံဖို့ဝေး။

တိုင်းပြည်က မုန်တိုင်းထန်
တို့နယ် တို့ဒေသ နေသူတွေ
တနေရာဆီ လွင့်စင်ရတယ်
အခြေကျဖို့မဆိုနှင့်အနေလှဖို့ပင်မလွယ်။

မုန်တိုင်းပြီး လေပြေလာစမြဲ
အားခဲပြီးသာ ရှေ့ဆက်ရ
အဲဒီအချိန်ကျ လူစုံဖို့သာ
ဆုတောင်းရတယ်။

ကာလတစ်ခုရောက်ရင်
တို့ဒေသမှာ
ပွဲတော်တွေကျင်းပကြမယ်။

အမေလည်းပျော်
အဒေါ်လည်းပျော်
ချစ်သူတွေလည်းပျော်တဲ့
ပွဲတော်တွေ
မှန်းဆလို့ပင် ပျော်မိပါရဲ့......။



# အာဏာဟာ
# နိုင်ငံကိုသေစေတယ်
# အာဏာဟာ
# သမိုင်းနိဂုံးချုပ်စေတယ်

လင်းထိပ်သျှင်


- နိုင်ငံတစ်ခုဟာ
  စစ်ဘီလူးအာဏာရူးတို့လက်ထဲ
  မောင်ပိုင်စီးခံရရင်
  သမိုင်းနိဂုံးချုပ်စေတယ်။

- အာဏာရူးခြင်းက
  နိုင်ငံတစ်ခုသေဆုံးခြင်းပါပဲ။

- အာဏာရူးခြင်းက
  ဘယ်လောက်ကြောက်မက်ဖွယ်ကောင်းသလဲဆိုရင်
  ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်ထဲမှာ
  ဗိမ္ဗသာရမင်းကြီးအား
  သားတော်အဇာတသတ်က
  လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
  အဇာတသတ်မင်းကြီးအား
  သားတော်ဥဒယဘဒ္ဒက
  လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
  ဥဒယမင်းကြီးအား
  သားတော်အနုရုဒ္ဓက
  လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
  အနုရုဒ္ဓမင်းကြီးအား
  သားတော်မုဏ္ဍက
  လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
  မုဏ္ဍမင်းကြီးအား
  သားတော်နာဒါသက

လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
အဖသတ်မင်းဆက်လို့တောင်
နာမည်တွင်ခဲ့တယ်။

● မြန်မာပြည်ရာဇဝင်သမိုင်းထဲမှာ
တကောင်းခေတ်ဝယ်
ကံရာဇာကြီးကံရာဇာငယ်ညီနောင်မင်းနှစ်ပါးတို့
သွေးရင်းသားအချင်းချင်းထီးနန်းလုကြရာက
တကောင်းထီးနန်းကျဆုံးခဲ့
ပုဂံခေတ်ဝယ်
ပြည့်ရှင်မင်းအနော်ရထာက
နောင်တော်စုက္ကတေးအား
တွန်းလှန်ချေမှုန်းသတ်ဖြတ်ထီးနန်းရယူခဲ့
အလောင်းစည်သူမင်းအား
သားတော်နရသူက
လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
သားတော်ပြည်စားသီဟသူက
နောင်တော်ဥဇနာအားစားစာကျွေးသတ်ဖြတ်
ဖခင်နရသီဟအားအဆိပ်ခတ်
လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
ကုလားကျမင်းသားက
နောင်တော်မင်းရှင်စောအား
လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
ပုဂံထီးနန်းပျက်သုဉ်းပြီးနောက်
ရှမ်းညီနောင်မင်းဆက်လက်ထက်ဝယ်
နောင်တော်မြင်းစိုင်းရှင်ရာဇသင်္ကြန်အား
ညီတော်သီဟသူကအဆိပ်ခတ်သတ်လက်စဖျောက်ပစ်ခဲ့သလို
တူတော်ရာဇဓိရာဇ်မြောင်းမြစားလောက်ဖျားက
ပုန်ကန်တိုက်ခိုက်ထီးနန်းသိမ်းအာဏာလုယူခဲ့
အဲဒီအချိန်ဝယ်
ရာဇဓိရာဇ်မင်းဖြစ်လာခဲ့ရင်
သားတော်ဗညားဓမ္မရာဇာမင်းဖြစ်လာမှာ
မလိုလားတဲ့
နန်းစည်းစိမ်မက်သောနောင်တော်များက



## အာဏာဟာ
## နိုင်ငံကိုသေစေတယ်
## အာဏာဟာ
## သမိုင်းနိဂုံးချုပ်စေတယ်

လင်းထိပ်သျှင်

ပုန်ကန်ထကြွခဲ့
ဒီနောက်ဝယ်
နရသီဟပတေ့မင်းအား
မြေးတော်သတိုးကျော်က
ဓားနဲ့ခုတ်သတ်ဖြတ်ပုန်ကန်ခဲ့
သားတော်အားခြေချင်းခတ်ဖမ်းခေါ်ဆောင်ပြီး
တရဖျားမင်းနန်းတက်ပွဲဆင်နွှဲခဲ့
တောင်ငူခေတ်ဝယ်
နန္ဒဘုရင်နန်းတက်ချိန်
ဦးရီးတော်အင်းဝစားက
ပုန်ကန်တိုက်ခိုက်ခဲ့
အနောက်ဘက်လွန်မင်းအား
သားတော်မင်းရဲဒိဗ္ဗက
လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့သလို
ညီဝမ်းကွဲနတ်သျှင်နောင်က
ပုန်ကန်တိုက်ခိုက်ခဲ့
ထိုမှတစ်ဖန်
မင်းရဲဒိဗ္ဗအား
ဦးရီးတော်များက
ပုန်ကန်တိုက်ခိုက်ခဲ့ရာ
ပြည်တွင်းစစ်မီးတောက်လောင်ညီးခဲ့
သာလွန်မင်းရဲ့သားတော်
မောင်ဖျော်ခေါ် မင်းရဲနန္ဒမိတ်မင်းဖြစ်လာတဲ့အခါ
ညီတော်ပြည်မင်းက
လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
၁၇၆၀ပြည့်နှစ်ဝယ်
နောင်တော်ကြီးမင်းအား
ညီတော်မြေဒူးမင်းက
လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့သလို
ဦးရီးတော်တောင်ငူစားသတိုးသိခ်က
ပုန်ကန်တိုက်ခိုက်ခဲ့
ဗဒုံမင်းအား
ဦးရီးတော်ဘိုးတော်မင်းတရားကြီးကနန်းချအာဏာလုယူခဲ့သလို
မဟာသီဟသူနဲ့ပူးပေါင်းကာ



အာဏာဟာ
နိုင်ငံကိုသေစေတယ်
အာဏာဟာ
သမိုင်းနိဂုံးချုပ်စေတယ်
လင်းထိပ်သျှင်




# အာဏာဟာ နိုင်ငံကိုသေစေတယ် အာဏာဟာ သမိုင်းနိဂုံးချုပ်စေတယ်

လင်းထိပ်သျှင်

ညီတော်မင်းသားက
ပုန်ကန်တိုက်ခိုက်ခဲ့
အကြီးတော်မင်းတရားကြီးအား
ညီတော်သာယာဝတီမင်းက
နန်းချအာဏာလုယူခဲ့
ပုဂံမင်းအား
ညီတော်ကနောင်မင်းသားနဲ့မင်းတုန်းမင်းတို့က
နန်းချထီးနန်းလုယူ
ကုန်းဘောင်ခေတ်ထီးနန်းဆက်ခံခဲ့
ကနောင်မင်းသားအား
တူတော်သားမက်တော်
မြင်ကွန်းမင်းသားက
ပုန်ကန်ခြားနားခေါင်းဖြတ်သတ်ခဲ့
မင်းတုန်းမင်းအား
တူတော်ပတိန်းမင်းသားက
အာခံပုန်ကန်တိုက်ခိုက်ခဲ့သလို
ဆင်ဖြူရှင်မက
လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
သီပေါမင်းအား
နောင်တော်ညောင်ရမ်းမင်းသားနဲ့
ညောင်အုပ်မင်းတို့က
ပုန်ကန်ခြားနားခဲ့ကြရာ
ညီတော်နောင်တော်
အစ်ကိုတော်တူတော်စဦးအား
လက်ဦးမှုရယူကာ
လည်မျိုတုတ်တိုနဲ့ ရိုက်သတ်ဖြတ်ခဲ့
မင်းဆက်ဘဆက်နဲ့
လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူမှု
ဘကြိမ်ရှိခဲ့တဲ့
ကုန်းဘောင်ခေတ်ထီးနန်းနဲ့
ပဒေသရာဇ်စနစ်တို့
အရှပ်ဆိုးအကျည်းတန်စွာကျဆုံးခဲ့သလို
နယ်ချဲ့အင်္ဂလိပ်တို့လက်အောက်
ကျွန်နိုင်ငံအဖြစ်မြန်မာပြည်ကျရောက်ခဲ့တာ

အာဏာကနိုင်ငံကိုသေစေတဲ့ပြယုဂ်
အာဏာကသမိုင်းနိဂုံးချုပ်စေတဲ့ပြယုဂ်
သရုပ်သကန်ပီပြင်ထင်ရှားစေခဲ့တယ်။



# အာဏာက နိုင်ငံကိုသေစေတယ် အာဏာက သမိုင်းနိဂုံးချုပ်စေတယ်

လင်းထိပ်သျှင်

● ခေါ်မခေတ်သမိုင်းထဲမှာ
ဂရိနတ်မင်းကြီးဇူးခေါ်ဂျူပီတာက
ဖခမည်းတော်အားနန်းချအာဏာလုယူခဲ့
ရောမဘုရင်ကြီးနီရိုးက
ညီတော်နောင်တော်
မယ်တော်အပါအဝင် ( ၉ ) ဦးအား
လက်ဦးမှုယူလုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
အီဂျစ်သမိုင်းထဲမှာ
ကလီယိုပတ္တရာဘုရင်မက
မောင်တော်လမီဘုရင်အားလုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
ရုရှားသမိုင်းထဲမှာ
လီတာဘုရင်ကြီးက
အစ်မတော်အား
ရင်ခွင်ပိုက်လုပ်အဓမ္မနည်းလမ်းသုံးထီးနန်းလုယူခဲ့
၁၁ရာစုအင်္ဂလန်သမိုင်းထဲမှာ
ဂျွန်ဘုရင်က
ဖခမည်းတော်အား
လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
၁၉ရာစုဩစတြေယားသမိုင်းထဲမှာ
ဘုရင်ဖာဒီနံက
တူတော်ဖရန်စစ်ဂျိုးဆက်အား
နန်းချအာဏာလုယူခဲ့
တရုတ်ရာဇဝင်ထဲမှာ
ဧကရီဇူဆီက
ကြင်ယာတော်ဘုရင်ကြီးအား
နန်းချအာဏာလုယူခဲ့
အိန္ဒိယပြည်သမိုင်းထဲမှာ
ကမ္ဘာ့(၇)မဟာဗိမာန်တော်ကြီးတည်ဆောက်ခဲ့တဲ့
ရှားဂျဟန်ဘုရင်ကြီးအား
သားတော်အော်ရမ်ဇာတ်က

နန်းချအာဏာလုယူခဲ့
အင်ဒိုချိုင်းနားသမိုင်းထဲမှာ
ဂီလာလောင်မင်းသာက
ဦးရီးတော်အား
လုပ်ကြံသတ်ဖြတ်ထီးနန်းလုယူခဲ့
အာဏာရဲ့အာဏာအကျဉ်းသားဖြစ်ပုံက
ကိုယ့်အဖေကိုယ်ပြန်သတ်
ကိုယ့်သားကိုယ်ပြန်သတ်
ကိုယ့်ဆွေမျိုးကိုယ်ပြန်သတ်
ဇာတ်တူသားစား
ယုတ်ကန်းဆုံးမိုက်တွင်းနက်ခြင်းပါ။

● အာဏာဆိုတဲ့အရာဟာ
ကြောက်စရာကောင်းဆုံးအရာအဖြစ်
လူသားကမ္ဘာထဲမှာ
ကမ္ဘည်းတင်ကျန်ရစ်နေသလို
သက်ရှိကမ္ဘာကြီးကိုလည်း
အာဏာကအမှန်တရားကို
ထောင်ချောက်ဆင်ဖမ်းသတ်နေစမြဲပါ။

● တစ်တိုင်းပြည်နဲ့တစ်တိုင်းပြည်နယ်ချဲ့ကျူးကျော်စစ်ပွဲ
ကမ္ဘာစစ်
ဘာသာရေးစစ်ပွဲ
နယ်မြေလုစစ်ပွဲ
ပြည်တွင်းစစ်
အာဏာရဲ့အဆိပ်ရေသောက်မြစ်ဖြစ်သလို
ငါတို့မြန်မာပြည်လည်း
အာဏာကျိန်စာသင့်နိုင်ငံဖြစ်နေတာ
နှစ်၇၀ကျော်ကြာတိုင်ခဲ့ပြီဖြစ်သလို
သွေးစွန်းမြေအဖြစ်
ခေတ်သမိုင်းအဆက်ဆက်
မျိုးဆက်သစ်တွေစတေးပြီးရင်း
စတေးခံနေကြရတာကလည်း
အာဏာကနိုင်ငံသတ်ခြင်းမည်နေတယ်
အာဏာကသမိုင်းနိဂုံးချုပ်ခြင်းမည်နေတယ်။

# အာဏာဟာ နိုင်ငံကိုသေစေတယ်
# အာဏာဟာ သမိုင်းနိဂုံးချုပ်စေတယ်

လင်းထိပ်သျှင်

# တိုက်ပွဲကြားက... လူ

ကျော်စွာ (ရှမ်းမြောက်တနေရာ)




အုံး...အုံး... ထုန်း... ထုန်း
လက်နက်ကြီးသံလား
လေယာဉ်ဗုံးကြဲသံလား
နီးနီး....ဝေးဝေး
မသဲကွဲဘူး....။

အိမ်ခေါင်မိုး ထိုးဖောက်သွားလား
အိမ်ခန်းထဲကျလား
မသဲကွဲဘူး..။

ညကမှောင်မဲတယ်
မိုးရေတို့ တစက်စက်
တံစက်မြိတ်က ကျနေတယ်

သားနဲ့သမီး ဇနီးနဲ့အမေ
မြေအောက်ခန်း ဗုံးခိုကျင်းထဲ
အသံမထွက်ရဲ လန့်နေတယ်...။

အပြင်က မိုးဓာတ်နဲ့အေးတယ်
ကျင်းထဲမှာ
အားလုံးချွေးတွေနဲ့...။

မနက်လင်းရင်
အပြင်ထွက်လို့ရနိုင်ကောင်းပါရဲ့။



# ဘာလိုချင်လဲ.... သပြေညွန့်တစ်ခက်

ကျွန်ကွဲ

◆ နယ်မြေတိုင်းမှာ ကြယ်သေတွေရှိတယ်
လင်းတော့လင်းတယ်၊ မရွှေ့ဘူး။
အချို့ကမလင်းတော့ဘူး၊ မရွှေ့တော့ဘူး။
ထိုကြယ်စုကြယ်ဝေးများ
ကောင်းကင်က ကြာကြာလက်ခံပါမည်လော။

◆ ခါးမတ်မတ်ဝါးသေနတ်တွေ၏
ဘယ်တန်ခိုးရှင်ကျေးဇူးနဲ့
အဆဲခံနေရတာလဲ....။
အလွယ်မရတဲ့အသက်တွက် အတ္တ
အစွယ်ကြားမှာ ဖွက်ထားကြရ
“ဟောဒီမှာ အာညောင်းကြဦးမလား”။

◆ ငါတို့ရှူသွင်းလိုက်တုန်းကတော့
Oxygenပါပဲ။
ရှူထုတ်လိုက်တော့ ပင်ပန်းမှုတွေဖြစ်နေတယ်
အိပ်ယာမထချင်တဲ့ စစ်ချီတေးများ
ငါတို့ကြက်သီး(သိန်း) တဖိန်းဖိန်းနှိုးခဲ့။
အဲဒီတောင်ကြားမှာ မိုးမလင်းပေမယ့် မိုးလင်းတယ်။

◆ ညီညာဖို့ ရယ်(ရီ)စရာတောင် မရယ်(ရီ)ရဲ။
ဝဇီစရာ ကြောက်ချင်ယောင် ကြောက်ကြတယ်။
ဒီအကြောက်တရားများ
ပေါက်ပြားတွေကို ခြောက်ပေကျင်းမတူးနိုင်းဘူး။
(အရင့်အမာကြီးတွေ ရင့်ရင့်သီးသီး မငိုရဖို့...)

◆ ရေနဲ့စိုက်ပြီး ရေနဲ့ချက်တဲ့ဆန်
ခြောက်ကပ်ကပ်စားရတော့
အောင့်သက်သက်နဲ့ ဝါးရပြန်။
ကိုယ့်လျှာကိုယ်သာ သနားခဲ့ရင်
ငါတို့အိမ်ပြန်လမ်း ဘယ်မှတ်တိုင်မှာဆင်းသလဲ။

◆ အအေးဒဏ်တွေ ဘေးချန်ထား
လေးလံနေတဲ့အနာဂါတ်များ မင်းတို့ငါတို့ပခုံးပေါ်မှာ
မျိုးဆက်သစ်များ တိုးတက်၊ တိုးဝှေ့
အရိုးအက်အောင် ဟစ်ကြ၊ အော်ကြ
ဟိုးရှေ့က အနီရောင်သပြေညွှန့်တွေ
လိုချင်လျှင် ကြိုးမြင်ကြပါစေ။

မှတ်ချက်။ ။(ပန်းကန်ပိုတွေဟာ ကံကိုသာယုံတယ်။)

# ဗေဒါ

ကျွန်ကွဲ

ဒွန်တွဲနေတဲ့ အမှားတရံ
တချိန်မှာမှန်ဖို့ အသည်းသန်ကြိုးကြိုးကုန်းကုန်း။
အဲ့ဒီဖနောင့်တွေ အောင့်ပါစေ
အဲ့ဒီလက်တွေ ပေါက်ပါစေ
ဒါနဲ့ မင်းအသက်ရှင်နေလား။

ကိုယ့်စိတ္တဇနဲ့ကိုယ် ပြေးထွက်ပြီးခါမှ
ဘုရားရဲ့အလိုတော်အရလို့ အပြစ်မတင်ကြေး။
လမ်းတွေမှာ အပြစ်မရှိပါဘူး
ဟိုးရှေ့မှာ လမ်းပျောက်သူတွေ ဆူဆူပူပူကြ။

အောက်သက်လည်း ကြေပါတယ်
အောင့်သက်သက်နဲ့လည်း ကြေခဲ့ရတယ်
သူများဖိနပ်အောက် အသက်မရှင်ချင်သူများများ
မင်းက ဘာလိုချင်တာလဲ။

မိုးရွာရွာနေပူပူ
အမေဆူတာထက်တော့ ပိုတယ်။
ဒီတစ်တောင်တက်ပြီးမှ နောက်တစ်တောင်ထက်ရမယ်ဟော့
မြင်းမိုရ်တောင် ဘယ်လောက်မြင့်လဲ။

နှင်းစက်စက် လွမ်းစိမ့်စိမ့်
နှိပ်စက်ကြ၊ ကြွေးကြော်ကြ
ကျည်ဆန်ရထား စီးချင်ရင်
ကျည်ဆံရဲ့အရှိန်ကိုလည်း နားလည်ရမယ်။

ဘယ်တရားတွေက မှားနေလဲ
ဘယ်မတရားတွေက မှန်လေသလဲ
ရေစုန်မှာမျောရတာချင်းတူတူ
ဗေဒါ ဖြစ်ကြပါစေ…





# တော်လှန်လူငယ်တစ်ယောက်

အသဃထိုရ်

ဓားသွေးရင်းဓားရှတော့
လက်ကိုဓားနဲ့ခုတ်တယ်
အကောင်းလည်းမမြင်ဘူး
အဆိုးလည်းမမြင်ဘူး
ဒါပေမယ့် မျက်ကန်းလည်းမဟုတ်ဘူး
အတိတ်ကိုပြန်သမနေဘူး
အနာဂတ်ကိုလှမ်းငေးမနေဘူး
ဒီနေ့နေ့စွဲဟာ ဒီနေ့ပွင့်တဲ့ပန်းပဲ
ဘောလုံးပွဲကြည့်တယ် ဂိမ်းဆော့တယ်
အဆဲသန်တယ်
လှည်းဘီးနှံ့ထဲကျွံနေတော့ သူ့အုပ်တစ်ချပ်သဲတစ်ပွင့်
ပိုက်ဆံမရှိရင်ရှာတယ်
ပိုက်ဆံရှိတော့ လွှင့်ပစ်တယ်
ညကြီးသန်းခေါင် ဟေးလေးဟားလား အရင်နှစ်တွေက
ညကြီးသန်းခေါင် ခြင်ကိုက်မှတ်ကိုက်ကင်းကျလို့ အခုရက်ထဲ...
အုတ်နံရံကိုခေါင်းနဲ့ဖြိုလို့ရမှန်း(လူညီရင် )
သူသေသေချာချာသိပြီးမှ....
သေတော့ မထိပြုံးနဲ့ နှုတ်ခမ်းထောင့်ကသွေးစကို ပြန်မသိမ်းဘူး
ဖတ်ဖူးတဲ့ဝဲလ်သားရင်းဟိုက်ထဲက “ဟီကာလစ်”လို..
သူ့အမြဲဆိုတဲ့သီချင်းက “ကမ္ဘာမကြေဘူး”
သူမုန်းတာက စစ်အာဏာရှင်
ငါသိတဲ့ညီငယ်တစ်ယောက်...။ ။

# ဓါး

အဿထိုရ်



အသက်ရှင်ဖို့ အသက်ကိုသတ်ရ
အမှန်တရားအတွက်
ဘယ်လက်ဖျံရိုးကို ချွန်မြအောင်သွေးပြီးပြီ။

မျက်ရည်တွေမီးထတောက်နေတယ်
လူအဖြစ်ရခဲ့ပြီး  လူလိုရှင်ဖို့
နှစ်ခါအသေမခံနိုင်ဘူးမဟုတ်လား။

ဇော် ပျဉ်းမနားပြောသလို
ဓားတိုနေရင်ရှေ့တိုးခုတ်ပါ…
မနက်လင်းတာနဲ့ဓားကိုသရဏဂုံတင်တယ်။


မသေသေးသ၍ဓားဟာ
အစမ္မအပေါ်ဝင့်လို့
ထိုးကြ ခုတ်ကြ

ရဲဘော်အပေါင်းတို့!
အသက်ဟာဓားထဲမှာ တရွေ့ရွေ့…။  ။

# umwefu@




**ကာတွန်း**-Rifle


"ဖက်ဒရယ် ပြည်ထောင်စုကြီး" တည်ထောင်ဖို့အတွက် ပထမဦးဆုံး စစ်အာဏာရှင်တွေကို အပြီးအပြတ် တိုက်ထုတ် ရှင်းလင်း လိုက်နိုင်ဖို့လိုတယ်
...ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေကို ပထမဦးဆုံး "အပြည့်အဝ နားလည်လက်ခံ ယုံကြည်" ကြဖို့ လည်း လိုတာပဲဗျ...

ကာတွန်း-Rifle

aqmif;ygu@

# နွေဦးတော်လှန်ရေး နဲ့ ၁၀၂၇ စစ်ဆင်ရေးက ဖက်ဒရယ်တည်ဆောက်ရေး ခြေလှမ်းသစ်လား

ကျော်ကိုကို




တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ ဟိုင်ဂင်ဟိုတယ်မှာ ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်း ဇန်နဝါရီလ ( ၁၁) ရက်နေ့ ည (၉.၀၀)နာရီမှာ လက်မှတ်ရေးထိုးခဲ့တဲ့ ဟိုင်ဂင်သဘောတူညီချက်ကြောင့် ခြောက်လကြာ ရပ်တန့်ထားရတဲ့ ၁၀၂၇ သေနင်္ဂဗျူဟာတန်ပြန်ထိုးစစ်ရဲ့ ဒုတိယပိုင်းကို ပြန်စတင်လိုက်ကြပြီဖြစ်ပါတယ်။

ညီနောင်မဟာမိတ်သုံးဖွဲ့နဲ့ ပူးပေါင်းစစ်ရေးလှုပ်ရှားသူ နွေဦးတော်လှန်ရေးအင်အားစုများဟာ ရှမ်းမြောက်စစ်မျက်နှာအပြင် မြန်မာမြေပြန့်အညာစစ်မျက်နှာကိုလည်း အားနဲ့အင်နဲ့ တိုးချဲ့ဖွင့်လှစ်လိုက်ပါပြီ။

ရှမ်းမြောက်နဲ့အညာ နယ်စပ်စည်းဖြစ်တဲ့ နောင်ချိုနဲ့မိုးကုတ်မြို့တွေလည်း တော်လှန်ရေးအင်အားစုတွေလက်ထဲ ရောက်လုနီးပါးဖြစ်နေပါတယ်။

လူမျိုးစုလက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေနဲ့ နွေဦးတော်လှန်ရေးအင်အားစုတွေ အတူပူးတွဲစစ်ဆင်ရေး လုပ်နေတာကြောင့် ဒီခြေလှမ်းဟာ အနာဂတ်ပြည်ထောင်စုဖော်ဆောင်ဖို့ အခင်းအကျင်းသစ်

လားလို့ လူတိုင်းက စိတ်ဝင်စားလာကြပါတယ်။

တချို့ကတော့လည်း လူမျိုးစုတော်လှန်ရေးအဖွဲ့ ( EROs ) တွေက နွေဦးတော်လှန်ရေးအဖွဲ့တွေကို အသုံးချပြီး သူတို့နယ်မြေဒေသတွေလွတ်မြောက်ရေးအတွက်ပဲ စဉ်းစားတာ၊ တပြည်လုံးလွတ်မြောက်ရေးကို သူတို့ စိတ်မဝင်စားဘူး၊ ကိုယ့်နယ်မြေမှာ ကိုယ်ပိုင်အာဏာတည်ဆောက်ရေးကိုပဲ စိတ်ဝင်စားတာလို့ ဝေဖန်နေကြပါတယ်။

အထက်ပါ အယူအဆနှစ်ရပ်မှာ ဘယ်အယူအဆက ပိုမှန်ပါသလဲ။ ဘယ်အယူအဆက ပကတိဘာဝအခြေအနေတွေကို ထင်ဟပ်နေပါသလဲ၊ ဘယ်အယူအဆက လက်တွေ့ဖြစ်နိုင်ခြေနဲ့ပိုနီးစပ်မလဲဆိုတာ ကျနော်တို့ ဆန်းစစ်ကြည့်ရအောင်ပါ။

## တော်လှန်ရေး၏ ပကတိဘာဝအခြေအနေများ

တောင်ပေါ်နဲ့မြေပြန့် နိုင်ငံရေးတောင်းဆိုချက်တွေ မတူပေမယ့်လည်း နိုင်ငံရေးကံကြမ္မာတခုတည်းအောက်မှာ အကျိုးပေးမကွာခြားဘူးလို့ ပြောချင်ပါတယ်။

စစ်သုံးစစ် ကြီးစိုးလွှမ်းမိုးနေဆဲကာလမှာ မြေပြန့်သားတွေ ခြေထောက်ကျိုးတော့ တောင်ပေါ်သားတွေ ဒူးဆစ်ပြုတ်ရတာပါပဲ။

မြေပြန့်သားနဲ့ တောင်ပေါ်သားတို့ရဲ့ ဘုံရန်သူဟာ ဖက်ဆစ်စစ်တပ် ဖြစ်တယ်။ဖက်ဆစ်သံဖနောင့်က တပြည်လုံးကို နင်းခြေဖိနှိပ်ထားသလို ဖက်ဆစ်ခါးသွားက တပြည်လုံးရဲ့ ဂုတ်ပေါ်မှာ မိုးထားနေပါတယ်။

ဖြူဖြူ မည်းမည်းအတူတွဲ ဖက်ဆစ်ဖြုတ်ချပွဲလို့ ပြောရပါလိမ့်မယ်။ ရန်သူဟာ တယောက်တည်းဖြစ်နေရင် ဖိနှိပ်ခံပြည်သူတွေအားလုံး လက်တွဲရမှာ မဖြစ်မနေလိုအပ်ချက်တခုပဲဖြစ်တယ်။

ဒါဟာ ပြည်သူအားလုံးမှာ ရှိရမယ့် သဘောထားပဲ။ ဒီသဘောထားကို ပြတ်ပြတ်သားသား ကိုင်စွဲထားဖို့ပဲလိုအပ်တယ်။

စစ်အုပ်စုကို စစ်ရေးဖိအားပေးနေတာ EROs တွေနဲ့ နွေဦးတော်လှန်ရေးအင်အားစုတွေဖြစ်တယ်။
စစ်အုပ်စုကို နိုင်ငံရေးဖိအားပေးနေတာ ( EROs ) အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုပေါင်းစုံဖြစ်တယ်။

စစ်အုပ်စုကို ကျန်တဲ့ဖိအားတွေဆက်ပေးဖို့လည်း အခြေအနေတွေက တောင်းဆိုနေပြီ အထူးသဖြင့် စီးပွားရေးသမားတွေကိုပါမချန်ဘဲ စစ်အုပ်စုက ပြုချလာနေပြီ။သူတို့ရဲ့ ပုလင်းတူဗူးဆို့ ခရိုနီတွေကိုပါ စစ်ကောင်စီက ကမ္ဘာမီးလောင် သားကောင်ချနင်းနေပြီ။စစ်အုပ်စု ကမ္ဘာ့အလည်မှာ အထီးကျန် တကောင်ကြွက်ဖြစ်နေပြီ။

ရန်ငါမပြတ်လို့ သံဃာလည်းသတ်ခံရတယ်လို့ ကြားဖူးတယ်။အခု စစ်ကောင်စီက အထင်ကရဖြစ်တဲ့ ဝင်းနိမ္မိတာရုံဆရာတော်ကြီး အပါအဝင် ဗုဒ္ဓဘာသာရဟန်းတော်တွေကိုလည်း သတ်ဖြတ်နေပြီ။ခရစ်ယာန်ဘုရားကျောင်းနဲ့ ဗလီတွေကိုလည်း ဗုံးကြဲ မီးရှို့ဖျက်ဆီးနေပြီ။ဘာသာရေးရှိသူ ဘာသာရေးမရှိသူတွေ၊ ယုံကြည်သူ မယုံကြည်သူတွေ ခွဲနေမှာမဟုတ် စစ်အုပ်စုကတော့ အကုန်လုံး တတန်းတည်းထားပြီး သတ်ဖြတ်မှာဖြစ်တယ်။

ဒါကြောင့် စစ်အုပ်စုကို တော်လှန်ဖို့က ပကတိဘာဝအခြေအနေအရ လက်ခံရမယ့် အရှိတရားပဲဖြစ်တယ်။

## တော်လှန်ရေး၏ အတ္တဘာဝအခြေအနေများ

လူမျိုးစုတော်လှန်ရေးအင်အားစုများရဲ့ မဟာဗျူဟာ ရည်မှန်းချက်တွေထဲမှာ ကိုယ်ပိုင်ပြဌာန်းခွင့် ( self determination)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ( self autonomy) ဆိုတာ အဓိကကျတဲ့နေရာက ပါဝင်နေတယ်။

ဖက်ဒရယ်ရည်မှန်းချက် ပန်းတိုင်လို့ဆိုလိုက်ရင် self autonomy သာမကတော့ဘဲ လူမျိုးစုအချင်းချင်းကြား ညှိနှိုင်းအပေး အယူလုပ်ရတော့မယ့် အခင်းအကျင်းတွေပါ ပါဝင်လာရတော့မှာဖြစ်တယ်။

partially self autonomy and partially shared autonomy လို့ဆိုထားတဲ့အတွက် ဖက်ဒရယ်သဘောတရားအရ အခြားအုပ်စုတွေရဲ့ ပြဌာန်းခွင့်၊ အခြားအုပ်စုတွေရဲ့ အုပ်ချုပ်ခွင့်တွေကိုလည်း အသိ အမှတ်ပြုရတော့မယ်။

ဒါကို အခုလက်နက်ကိုင်နေတဲ့ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းတိုင်းက ခေါင်းဆောင်တွေ သဘောပေါက်ကြပါတယ်။ဒီနေရာမှာ အပေးအယူလုပ်တဲ့အခါ နည်းနည်းပေး၊ များများယူချင်ကြတာ လူ့သဘာဝပါပဲ။ကိုယ့်အနေအထားအရ လုပ်သာကိုင်သာရှိတဲ့ ပမာဏတော့ လူတိုင်းလိုချင်ကြတာချည်းပဲဖြစ်တယ်။ဒါကြောင့် လောလောဆယ်မှာ ကိုယ်ရသလောက် ကိုယ်ယူထားမယ်ဆိုတဲ့အယူအဆနဲ့ လက်ကုန်နှိုက်ပြီး တိုက်ယူနေကြတာဖြစ်ပါတယ်။

ကိုယ့်အင်အား ကြီးထွားရေး၊ အသာစီးရရေး၊ အနိုင်ယူရေး၊ နယ်မြေကျယ်ပြန့်ရေး စတဲ့ ဘက်ပေါင်းစုံစဉ်းစားချက်တွေရှိကြတာမှန်တယ်။ ဒါပေမယ့် ဒီနိုင်ငံအတွင်းက လူမျိုးစုတွေအနေနဲ့ ethnic separatism ကို အခုအခြေအနေအရ လုပ်ဖို့ စောသေးတယ်လို့ ယူဆရပါမယ်။လုပ်ခဲ့မယ်ဆိုရင် စစ်ကောင်စီဘက်က အခွင့်အရေးအရ ပြန်သာသွားလိမ့်မယ်။ ခွဲထွက်ရေးဟာ ညီညွတ်ရေးနဲ့ ဆန့်ကျင်သွေဖယ် တဲ့လမ်းကြောင်းဖြစ်လို့ ကိုယ့်လမ်း ကိုယ်ပြန်ပိတ်မိသွားမှာဖြစ်တယ်။ ဒါကြောင့် ဝ၊ ကိုးကန့်တို့ ဘက်ကဘယ်တော့မှ ခွဲထွက်ရေးစကားမပြောဘဲ ခြေသွက်လက်သွက်နဲ့ ကိုယ့်အခြေခံဒေသကိုပဲ အားရှိသထက်ရှိအောင်တည်ဆောက်နေတာဖြစ်တယ်။

အဆိုပါအခြေအနေအရ လူမျိုးစုလက်နက်ကိုင်တွေဟာ သူတို့ရဲ့ အတ္တဘာဝအခြေအနေတွေအောက်ကနေ သူတို့ရဲ့ဗျူဟာကို ရေးဆွဲပုံဖော်နေကြတာဖြစ်တယ်။

> **တောင်ပေါ်နဲ့မြေပြန့် နိုင်ငံရေးတောင်းဆိုချက်တွေ မတူပေမယ့်လည်း နိုင်ငံရေးကံကြမ္မာ တခုတည်းအောက်မှာ အကျိုးပေးမကွာဘူးလို့ ပြောချင်ပါတယ်။**

မြေပြန့်က မြန်မာတွေရဲ့ အတ္တဘာဝအခြေအနေတွေကတော့ လူမျိုးစုတွေနဲ့ အခြေခံအားဖြင့် ကွဲလွဲကြတယ်။မြန်မာလူမျိုးစုမှာ ကိုယ်ပိုင်သီးခြား လူမျိုးရေးလက္ခဏာ တထပ်တည်းတူနေတာမဟုတ်ဘူး။ရန်ကုန်သား၊ အောက်သား၊ မန်းလေးသား၊ အညာသားဆိုတဲ့ ကွဲလွဲခြားနားချက်တွေရှိလို့ လူမျိုးရေးလက္ခဏာနဲ့ စုစည်းထားတာမဟုတ်ကြဘူး။ဒေသဆိုင်ရာအခြေခံနဲ့ စုဖွဲ့ကြတာများတယ်။မန်းလေး PDF၊ မုံရွာ PDF ၊ မြင်းခြံ PDF ဆိုတာတွေ ထွက်ပေါ်လာတယ်။နောက်တမျိုးက အိုင်ဒီယော်လော်ဂျီအုပ်စုတွေလည်းရှိတယ်။အထူးသဖြင့် ကျောင်းသားတွေကို အခြေခံထားတဲ့ ABSDF၊ SAF၊ PLA တို့လို အစုအစည်းတွေကို မြင်ရတယ်။

ဒီတိုက်ပွဲမှာ နိုင်ငံရေးအရ အိုင်ဒီယော်လော်ဂျီအုပ်စုတွေကြားမှာ စုစည်းအဖြေရှာမှုတွေ လိုအပ်တယ်။အနာဂတ်နိုင်ငံသစ်ကို ဘယ်လိုပုံသဏ္ဍာန်၊ဘယ်အနှစ်သာရတွေနဲ့ တည်ဆောက်မလဲဆိုတာ စုပေါင်းသဘောထားချမှတ်ထားဖို့လိုတယ်။ နောက်တဆင့်မှာ လူမျိုးစုလက်နက်ကိုင်တွေရဲ့ ရည်မှန်းချက်တွေနဲ့ ပေါင်းစပ်ရမယ်။တူတဲ့အချက်တွေကို အတိအကျဆုပ်ကိုင်ပြီး မတူတာတွေကို တူလာအောင် ညှိယူမလား၊ ပဋိပက္ခအဆင့်မရောက်အောင် ထိန်းယူမလားဆိုတာ အခုတော်လှန်ရေးရဲ့ အတ္တဘာဝအခြေအနေတွေအောက်က ချမှတ် ရမယ့် ဗျူဟာကို ရေးဆွဲပုံဖော်ဖို့ အရေးတကြီးလုပ်ကြရမယ်။

## လက်တွေ့တည်ဆောက်ရသော ညီညွတ်ရေး

၁၀၂၇ စစ်ဆင်ရေးဟာ နွေဦးတော်လှန်ရေးရဲ့ ရည်မှန်းချက်တွေကို ရှေ့တဆင့်ရောက်အောင် တွန်းပို့ပေးလိုက်တဲ့ စစ်ရေးလှုပ်ရှားမှုဖြစ်တယ်။

တနည်းပြောရရင် NUG အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုတွေကို ကမ်းခြေရောက်အောင်ပို့ဆောင်ပေးတဲ့ လှိုင်းလုံးတလုံးလည်းဖြစ်တယ်။

ဒီလှိုင်းကို သေချာစီးတတ်ရင် ကမ်းခြေကိုရောက်မှာဖြစ်ပေမယ့် မစီးတတ် မနင်းတတ်ရင် ကိုရိုကားယားနဲ့ လှေပေါ်ကပြုတ်ကျမှာဖြစ်တယ်။

တကယ်လက်တွေ့တိုက်ပွဲထဲမှာ တဖက်နဲ့တဖက် အတူတွဲလုပ်ရင်း ယုံကြည်မှုတည်ဆောက်ရမှာပါ။ ဒီယုံကြည်ချက်ရဖို့က နှစ်ဖက်စလုံးမှာ တူညီတဲ့ ဦးတည်ရည်မှန်းချက်ရှိဖို့လိုတယ်။

နှစ်ဖက်စလုံးက ဖက်ဒရယ်ပြည်ထောင်စုကို တကယ်တည်ဆောက်ချင်တဲ့စိတ်ဆန္ဒ တူတူညီညီရှိဖို့လိုပါတယ်။ ဒါကြောင့် လာမယ့်အနာဂတ်နိုင်ငံသစ်ဟာ ဆန္ဒမပါတဲ့ပြည်ထောင်စုမဟုတ်ဘဲ ဆန္ဒတူညီပြည်ထောင်စုသဏ္ဍာန်ဖြစ်ဖို့လည်း အရေးကြီးတယ်။ လွတ်လပ်၊ တန်းတူ၊ ညီမျှ၊ သွေးစည်းတဲ့ အနှစ်သာရတွေလည်း ကိန်းအောင်းနေတဲ့ ပြည်ထောင်စုဖြစ်ရမယ်။

အခု ၁၀၂၇ စစ်ဆင်ရေးမှာ အတူတူပူးပေါင်းတိုက်ပွဲဝင်ရင်း ဆန္ဒတူအောင် ဆွေးနွေးညှိနှိုင်းစုစည်းရမှာဖြစ်သလို တော်လှန်ရေးလုပ်ငန်းတွေ လုပ်တဲ့နေရာမှာလည်း တဖက်ကိုတဖက်က အသာစီးယူတဲ့သဘောမျိုးဆောင်လို့မရပါဘူး။

အရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်ဖြစ်လို့ ပြည်ထောင်စုအစိုးရဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ အတွေးမျိုး၊စိတ်ထားမျိုးထားနေရင် ကျန်တဲ့ လူမျိုးစု



တွေ၊လူမှုအစုတွေအပေါ် မတရားရာလည်းကျပါတယ်။ မရိုးသားရာလည်းကျပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ သူတို့ အရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်ဖြစ်ဖို့ အခွင့်အရေးကို စစ်ကောင်စီနဲ့ ညှိနှိုင်းယူနေချိန်မှာ ကျန်တဲ့လူမျိုးစုတွေ၊ လူမှုအစုတွေက တော်လှန်ရေးလုပ်ငန်းတွေ လုပ်နေရလို့မြေပေါ်မှာ ပြည်သူကို ကိုယ်စားပြုပြီး လှုပ်ရှားလို့မရနေတဲ့အချိန်ကာလဖြစ်နေခဲ့ရလို့ပါပဲ။

ပြည်ထောင်စုအစိုးရဖြစ်လို့ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးလုပ်ငန်းတွေကို တဖွဲ့တည်းကလက်ဝါးကြီးအုပ်တာမျိုး၊ အခြားသောလူမျိုးစုနဲ့ လူမှုအစုတွေရဲ့ အသံကို တိုးတိမ်ပျောက်ကွယ်အောင် ဖိနှိပ်ကန့်သတ်တာမျိုးကလည်း ဖက်ဒရယ်ကို အတားအဆီးဖြစ်စေနိုင်ပါတယ်။

**တကယ့်လက်တွေ့တိုက်ပွဲထဲမှာ တဖက်နဲ့တဖက် အတူတွဲလုပ်ရင်း ယုံကြည်မှုတည်ဆောက်ရတာပါ။ ဒီယုံကြည်ချက်ရဖို့က နှစ်ဖက်စလုံးမှာ တူညီတဲ့ ဦးတည်ရည်မှန်းချက် ရှိဖို့လိုတယ်**

ဒီမိုကရေစီအခြေခံသဘောတရားဖြစ်တဲ့ Majority Rule and Minority rights တွေကိုမကျင့်သုံးပဲ ဖက်ဒရယ်တည်ဆောက်လို့မရပါဘူး။

တော်လှန်ရေးကာလမှာ အုပ်ချုပ်ရေးအာဏာ တည်မြဲရေးအတွက် ဦးစားပေးပြီး ပသုံးလုံးလက်နက်ကိုင်အဖွဲ့တွေ တည်ဆောက်တဲ့လုပ်ရပ်ဟာ ဖက်ဒရယ်ဒီမိုကရေစီလမ်းကြောင်းနဲ့ပိုဝေးစေပြီး စစ်ဗျူရိုကရေစီလမ်းကြောင်းပေါ်မှာပဲရှိနေသေးတယ်ဆိုတာလည်း ကိုယ့်ကိုယ်ကို သေချာပြန်ဆန်းစစ်ဖို့လိုပါတယ်။

တော်လှန်ရေးအင်အားစု အချင်းချင်းကြားမှာ ယုံကြည်မှုတည်ဆောက်မယ်ဆိုရင် လုပ်တဲ့လုပ်ရပ်တွေကအစ " လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြဖို့ " လိုအပ်ပါတယ်။ဒါမှသာ ကျနော်တို့မျှော်မှန်းတဲ့အတိုင်း နွေဦးတော်လှန်ရေးနဲ့ ၁၀၂၇ စစ်ဆင်ရေးက ဖက်ဒရယ်အခင်းအကျင်း သစ်တည်ဆောက်ရေးမှာ အခရာကျတဲ့လုပ်ငန်းစဉ်တရပ်ဖြစ်လာမှာပါ။

အကယ်၍သာ ၁၀၂၇ ကို အာဏာတည်ဆောက်ရေးအတွက် လှိုင်းစီးရုံသက်သက်ပဲသဘောထားရင်တော့ အဆိုပါလှိုင်းရိုက်ပုတ်မှုဒဏ်ကြောင့် တော်လှန် ရေးရေအောက်ကြမ်းပြင်အထိ စုန်းစုန်းမြုပ်ရမှာဖြစ်ကြောင်းတွေးဆ ဆင်ခြင်မိလိုက်ရပါတယ်ခင်ဗျား။




# ဖက်ဒရယ်တပ်မတော်ဖွဲ့စည်းရန် စိန်ခေါ်မှုများ

Salai Thang Houng

စင်စစ် ဖက်ဒရယ်စနစ်ကိုကျင့် သုံးကြသောနိုင်ငံများတွင် ကာကွယ် ရေးကို ဗဟိုအစိုးရကိုသာ အာဏာအပ်နှင်းကြသည်။ ဖက်ဒရယ်စနစ်ဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြမည်ဆိုပါက ဖက်ဒရယ်တပ်မတော်ကို ဗဟိုအစိုးရ လက်ထဲတွင် ထားရှိရန်ဟူသော အချက်မှာ စိန်ခေါ်မှုတစ်ခုဖြစ်လာမည်ဖြစ်သည်။ ထိုမျှမက တစ်ချို့သောနေရာ အခြေနေများတွင် တိုင်းရင်းသားများသည် သူတို့ရည်မှန်းထားသော နိုင်ငံရေးအဆင့်အတန်းများသည်လည်း ကွဲပြားမှုရှိလာ သည်။

ထို့ကြောင့် တော်လှန်ရေးအလွန်ကာလတွင် တိုင်းရင်းသားလက်နက်ကိုင်များ၊ ဗမာပြည်ရှိတော်လှန်ရေး အင်အားစုများနှင့် လက်ရှိကျွန်တော်တို့ တော်လှန်တိုက်ခိုက်နေသော (BIA) တပ်မတော်တို့ကို မည်သို့မည်ပုံ ပြန်လည်ပေါင်းစည်းကာ ပြည်ထောင်စုတပ်မတော်အဖြစ် ပြန်လည်ဖွဲ့စည်းကြမည်နည်း ဆိုသောအချက်မှာ စိန်ခေါ်မှု ဖြစ်နေသည်။

မြန်မာနိုင်ငံ နောက်ခံသမိုင်း၏ အဖြစ်မှန်ကိုဖုံးကွယ်ထားခြင်း နှစ်ပေါင်းများစွာ ကြာလာပြီးသည့်နောက် တိုင်းရင်းသား အချင်းချင်းအကြားပင် ယုံကြည်မှုပြန်လည်တည်ဆောက်ရန်ခက်ခဲလာသည့်အခြေနေတွင်ရှိသည်။ မိမိလူမျိုးတို့၏ အမျိုးသားရေးကို အခြေခံသော နိုင်ငံရေးရည်မှန်းချက်ကိုယ်စီဖြင့် ရပ်တည်လာကြသော တိုင်းရင်း သားများ အဖို့ နယ်မြေပြဿနာများတွင်လည်း အငြင်းပွားစရာများ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများ အကြားတွင်လည်းကောင်း၊ ဗမာနှင့် တိုင်းရင်းသားများအကြား တွင်လည်းကောင်း နယ်နိမိတ်နှင့်ပတ်သက်၍ တိကျမှန်ကန်ပြတ်သားစွာ ပြေလည်အောင် ဖြေရှင်းခဲ့ကြခြင်း မရှိခဲ့ပေ။ စစ်အာဏာရှင်တို့သည် သူတို့၏ အာဏာတည်မြဲရေးအတွက် အတုအယောင် စနစ်များကို ဖန်တီးကြပြီး နယ်နမိတ်များကို ၎င်းတို့စိတ် ကြိုက်သတ်မှတ်ခဲ့ကြသည်။

ထိုသို့သောအကျိုးဆက်များသည် လက်နက်အင်အားရှိမှ မိမိနယ်မြေကို ကာကွယ်နိုင်မည်ဟူသော အယူအဆကို တိုင်းရင်းသားတို့စိတ်ထဲသို့ ရိုက်သွင်းခံရသကဲ့သို့ဖြစ်လာသည်။ ရေးရိုးစွဲသော တချို့အမျိုးသားရေး ဝါဒီတို့အဖို့ တစ်ခြားသော လူမျိုးများ၏ နယ်မြေ၊ စစ်အင်အားမရှိသော လူမျိုးများကို စစ်ရေးအရသော်လည်းကောင်း၊ နယ်မြေအရပါ ချယ်လှယ်နိုင်ရန် အခွင့်အလမ်းဖြစ်လာစေသည်။

ထို့ကြောင့် လက်ရှိအခြေနေတွင် လူမျိုးတစ်မျိုးသို့မဟုတ်ပြည်နယ် တစ်ခုစီ တိုင်းတွင် မိမိတို့၏ နယ်နိမိတ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဌာန်းခွင့်များ၊ မိမိပြည်သူလူထုကိုကာကွယ်ရန် တပ်မတော်ထားရှိရန် မရှိမဖြစ်လိုအပ်လာသည်။

ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကိုတည်ဆောက်ရာတွင် ကာကွယ်ရေးကို ဗဟိုအစိုရလက်ထဲတွင် ထားရမည်လား၊ ဗဟိုနှင့်ပြည်နယ်ကြားတွင် ( Share-rule ) အဖြစ် ကျင့်သုံးကြမည်လား၊ အဖွဲ့ဝင်ပြည်နယ်များသည် မိမိတို့စိတ်ကြိုက် ( Self-rule ) အဖြစ် ကျင့်သုံးကြမည်လား ဖွဲ့စည်းပုံရေးဆွဲရာတွင် အခက်တွေ့စေနိုင်သော အချက်ဖြစ်လာသည်။

လွတ်လပ်ရေးအလွန် နိုင်ငံရေးအတွေ့အကြုံများအရ စစ်တပ်တစ်ခုအဖြစ် ပြန်လည်ဖွဲ့စည်းကာ ဗဟိုအစိုးရလက်ထဲတွင် ထားရှိရန်မှာ ကောင်းမွန်နိုင်မာပြီးတရားမျှတသော မူဝါဒကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုချမှတ်ပြီး လူမျိုးတစ်စုနှင့်တစ်စုကြား ယုံကြည်မှုကို ပေးစွမ်းနိုင်မှသာ နီးစပ်နိုင်မည်ဖြစ်သည်။ ဖက်ဒရယ်နိုင်ငံများအားလုံးတွင် ကာကွယ်ရေးကို ဗဟိုအစိုးရကိုအပ်နှင်းထားကြသည်။

တစ်ဘက်တွင်လည်း ဗဟိုအစိုးရသည် ထိုစစ်တပ်ကိုအသုံးချပြီး ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများကို ဝင်ရောက်စွက်ဖက်ခြင်းမျိုးမရှိစေရန် ဖွဲ့စည်းပုံမှ အပြည့်ဝကာကွယ်ပေးထာသည်။ ပင်လုံစာချုပ်မ

တိုင်ခင် ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း၊ ဗမာတို့သည် ကိုယ်စီလက်နက်စွဲကိုင်ကာ အင်္ဂလိပ်နှင့်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ ကြသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် တိုင်းရင်းသား တော်လှန်ရေး လက်နက်ကိုင်အင်အားစုများကို ဖျက်သိမ်းကာ ဗမာ့တပ်မတော်(BIA) တစ်ခုကိုသာဆက်လက်ထားရှိကြသည်။ ကာကွယ်ရေးတစ်ခုတည်းအဖြစ် ပြန်လည် ဖွဲ့စည်းသည်မှာ ကောင်းမွန်သော အကြောင်းအရာဖြစ်သော်လည်း တိုင်းရင်းသားလူမျိုးများကို ဖွဲ့စည်းပုံဖြင့် အပြည့်အဝကာကွယ်ပေးထားခြင်းမရှိခြင်းကြောင့် နိုင်ငံရေးတွင်သော်လည်းကောင်း၊ ကာကွယ်ရေးတွင်လည်းကောင်း နလန်ပြန်ထူရန် အလွန်ခက်ခဲသည့်အခြေနေသို့ ရောက်ရှိသွားကြသည်။

၂၀၀၈ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ မြန်မာနိုင်ငံတွင် ဓနု၊ ကိုးကန့်၊ နာဂ၊ ပအိုဝ်း၊ ပလောင်နှင့်ဝ စသည့်ဒေသများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးထားသော်လည်း စစ်အင်အားရှိသော "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုတည်းတွင်သာ ကိုယ်တိုင်ကိုယ်ကျ စီမံခန့်ခွဲပိုင်ခွင့် ရှိသည်ဟုဆိုရမည်ဖြစ်သည်။

ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံမှပေးထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် လက်ရှိကျွန်တော်တို့ တိုင်းရင်းသားများ မျှော်မှန်းသောကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် သည်များစွာခြားနားမှုများရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စီရင်စုဟူ၍ ၁၁၇ ခုရှိသည်။

ပြည်နယ်တစ်ခုအတွင်းရှိ တိုင်းရင်းသား လူမျိုးများ၏ ( ၃၀ ) ရာခိုင် နှုန်းအထက်ရှိလျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စီရင်စုဖွဲ့စည်းပေးထားပြီး ထိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖျက်သိမ်း၍မရပေ။

သို့သော် တရုတ်နိုင်ငံသည် ကွန်မြူနစ် တစ်ပါတီအာဏာရှင်စနစ်ဖြစ်ပြီး ပြည်နယ်နှင့်ဗဟိုအစိုးရကြား အာဏာကျင့်သုံးမှုပုံစံမှာ (Self-rule and Share-rule) မရှိပေ။ ဆိုလိုသည်မှာ တစ်ပါတီအာဏာရှင်များ အုပ်ချုပ်သော နိုင်ငံများတွင်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးကြသော သာဓကများရှိသည်။ သို့သော်လည်း ဖက်ဒရယ်နိုင်ငံများတွင် တည်ဆောက်ကြသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် များစွာခြားနားမှုရှိသည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြသောနိုင်ငံများတွင် အာဏာခွဲဝေ ကျင့်သုံးမှုပုံစံ တိကျ

> **လက်ရှိအခြေနေတွင် လူမျိုးတစ်မျိုးသို့မဟုတ် ပြည်နယ်တစ်ခုစီတိုင်းတွင် မိမိတို့၏ နယ်နမိတ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ၊ မိမိပြည်သူလူထုကိုကာကွယ်ရန် တပ်မတော်ထားရှိရန် မရှိမဖြစ်လိုအပ်လာသည်**

ရှင်းလင်းသည်။

ဆိုလိုသည်မှာ ဖက်ဒရယ်တပ်မတော်ကို တစ်သွေးတစ်သံတစ်မိန့် ဖြစ်အောင် ပြန်လည်ဖွဲ့စည်းမည်လိုပါက ဖက်ဒရယ်နိုင်ငံများတွင်ကျင့်သုံး ကြသော နိုင်ငံရေးစနစ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ တိကျသော အာဏာခွဲဝေမှုများ ကိုအခြေခံသောမူဝါဒများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေရှိရန် လိုအပ်သည်။

ဖက်ဒရယ်တပ်မတော်ထားရှိပြီး ဗဟိုအစိုးရလက်ထဲတွင်ထားရှိ ခြင်း၏ အားသာချက်များကို ပြောရမည် ဆိုလျှင် ထိုသို့ လုပ်ဆောင်နိုင်ပါက အကောင်းဆုံးဖြစ်မည်။ ယခင်ကသော်လည်းကောင်း၊ လက်ရှိတွင်လည်း ကောင်း နိုင်ငံကြီး၊ နိုင်ငံငယ်များသည် ၎င်းတို့နိုင်ငံ၏ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာဖော်ကြူးရာတွင် စစ်အင်အားနှင့် လက်နက်အင်အားပိုင်ဆိုင် မှု၊ ကျစ်လစ်ခိုင်မာမှုတို့သည်လည်း အရေးကြီးသော အခန်းကဏ္ဍတွင် ပါရှိ နေဆဲဖြစ်သည်။ မည်သို့ပင် နိုင်ငံတာကာဥပဒေများ၊ စာချုပ်များ၊ နိုင်ငံ အချင်းချင်းကြားစာချုပ်များ ရှိစေကာမူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ကာကွယ်ရေးအင်အားနှင့် စွမ်းဆောင်ရည်တို့သည် အကျိုးသက်ရောက်မှုရှိ နေမြဲဖြစ်သည်။ ထို့ကြောင့် အင်အားကြီးမားပြီး ကျစ်လစ်ခိုင်မာသော ဖက် ဒရယ်ပြည်ထောင်စု တပ်မတော်ကိုထားရှိရန်မှာ အလွန်ပင်အရေးကြီးသည်။

ပြည်နယ်တိုင်း၊ လူမျိုးစုတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရှိသူတိုင်းတွင် ကိုယ်ပိုင်တပ်မတော်ထားရှိမည်ဆိုပါက အဆိုးအကောင်း ဒွန်တွဲနေသည်။ အားသာချက်မှာ မိမိတို့အမျိုးသားပြည်နယ်၊ မိမိလူမျိုး၊ မိမိတို့အစိုးရ၊ မိမိတို့ နယ်မြေ၊ မိမိတို့အစိုးရကို တိုင်းရင်းသားများ ကိုယ်တိုင်ခုခံကာကွယ်နိုင်ကြ မည်ဖြစ်သည်။

ဆိုးကျိုးများမှာ လူမျိုးစုတိုင်းတွင် ကိုယ်ပိုင်တပ်မတော်ကို ထားရှိ



ကြမည်ဆိုပါက ဖက်ဒရယ်ပြည်ထောင်စုမူအသစ် ပြန်လည်ပုံဖော်ရန် လိုအပ် လာမည်ဖြစ်ပြီး တိုင်းရင်းသား အချင်းချင်းကြားတွင် စစ်အင်အားသာသူက ကျန်တိုင်းရင်းသားများကို ခြိမ်းခြောက်ခွင့်၊ ကျူးကျော်ခွင့် ပြုထားသကဲ့သို့ ဖြစ်နေမည်။

ပြည်နယ်တစ်ခုနှင့်တစ်ခု၊ တိုင်းရင်းသားတစ်စုနှင့် တစ်စုကြား ပြဿနာဖြစ်လာတိုင်း ဖြေရှင်းပေးမည့် စစ်ဘက်ဆိုင်ရာ တရားရုံးများလိုအပ် လာမည်ဖြစ်သည်။ ထိုမျှမက ဗဟိုအစိုးရသည်လည်း စစ်ရေးဆိုင်ရာ ပဋိပက္ခ ဖြစ်လာတိုင်း အကြောင်းပြချက်မျိုးစုံဖြင့် ပြည်နယ်အစိုးရကို ဝင်ရောက် စွက်ဖက်နိုင်သောကြောင့် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော် အခြေခံမူ များနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတည်ငြိမ်ရေးကို အမြဲလိုလိုနှောက်ယှက်နေ မည်ဖြစ်သည်။ လက်နက်ကိုင်တို့တွင် လည်းအုပ်စုဖွဲ့ ဗိုလ်ကျမှုများ ပေါ်လာ နိုင်ခြေရှိသည်။

ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် ကာ ကွယ် ရေးကို ဗဟိုအစိုးရကို အပ်နှင်းထားခြင်းသည် အကောင်းဆုံးသော ရွေးချယ် မှုဖြစ်သည်။ သို့ရာတွင် လက်ရှိစစ်ကောင်စီ ( BIA ) တပ်မတော် သည် လည်းကောင်း၊ NUG အစိုးရ သည်လည်းကောင်း တိုင်းရင်းသားများမျော် လင့်နေသော ဖက်ဒရယ်ပြည်ထောင်စုကို သဘောထားကြီးကြီးဖြင့် လက်ခံ ပြီး တော်လှန်ကြာရှည်မှုကို ရပ်တန့်သင့်သည်။ ထိုမှတစ်ဆင့် ဖက်ဒရယ် ပြည်ထောင်စု တပ်မတော်ဖွဲ့စည်းရေးကို အလေးနက်ထား ဆောင်ရွက်သင့် သည်။ ထိုသို့မဟုတ်ပဲ စစ်အင်အားသာသူကိုသာ အဖက်လုပ်ပြီး အရေးကြီး သော အခြေခံမူများကို လျစ်လျူရှုထားပါက ဌာနေတိုင်းရင်းသားတို့ တွင်သာ



မက ဗမာတိုင်းရင်းသားများတွင်လည်း ကွန်ဖက်ဒရယ်ဒရေးရှင်းကို ဦးတည်ရန် လမ်းကြောင်းဖွင့်ပေး သကဲ့သို့ဖြစ်ပြီး အနာဂတ်တွင် ပြည်ထောင်စုပြိုကွဲရေးကို ဦးတည်စေလိမ့်မည်။ ကြာလာသောအခါ လူမျိုးစုတစ်စုနှင့်တစ်စုကြား လူမျိုးတုန်းသတ်ဖြတ်မှုများအထိ ကျယ်ပြန့်လာနိုင်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအလှည့်အပြောင်းတစ်ခုဖြစ်လာတိုင်း တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အင်အားစု များအကြားသော်လည်းကောင်း၊ အဖွဲ့စည်းတစ်ခုထဲရှိခေါင်းဆောင်များအကြားတွင် မတူညီသော နိုင်ငံရေးအယူအဆနှင့် ရွေးချယ်မှုများကွဲပြားခဲ့ကြသည်။ ထို့ကြောင့် အဖွဲ့စည်းများပြိုကွဲခဲ့ကြရသည်။ ၁၉၄၇ ဖွဲ့စည်းပုံသည် ဖက်ဒရယ်ဆန်သည်ဟု တစ်ချို့က ဆိုကြသော်လည်း ဖက်ဒရယ်စနစ်၏ အင်္ဂါရပ်နှင့်ကိုက်ညီရန် လိုအပ်သော အချက်များရှိနေသေးသည်။

ဖက်ဒရယ်စနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရှိခြင်း၊ ပြည်နယ်အစိုးရများနှင့် ဗဟိုအစိုးရများကြားအာဏာခွဲဝေမှုပုံစံတွင် အာဏာမျှဝေ ကျင့်သုံးခြင်း ( **Share-rule** )နှင့် ကိုယ်တိုင်ကိုယ်ကျ စီမံခန့်ခွဲပိုင်ခွင့် ( **Selr-rule** ) တိတိကျကျ ဖွဲ့စည်းပုံတွင်ပြဋ္ဌာန်းပေးခြင်း၊ ပြည်နယ်အစိုးရကို ဗဟိုအစိုးရမှ ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို ဝင်ရောက်စွက်ဖက်ခွင့်မရှိခြင်း စသည့်အချက်များ လိုအပ်သည်။

သို့သော်လည်း ၁၉၄၇ ဖွဲ့စည်းပုံတွင် ပြည်နယ်များကို ဖွဲ့စည်းခြင်း၊ လူမျိုးစုဆိုင်ရာ ကိုယ်စားပြုမှုများစေလွှတ်ခွင့် များရှိသော်လည်း ပြည်နယ်အစိုးရများနှင့် ဗဟိုအစိုးရများကြား အာဏာခွဲဝေမှုပုံစံတွင် အာဏာမျှဝေကျင့်သုံးခြင်း ( **Share-rule** ) နှင့် ကိုယ်တိုင်ကိုယ်ကျ စီမံခန့်ခွဲပိုင်ခွင့် ( **Self-rule** ) တိတိကျကျ ဖွဲ့စည်းပုံတွင် ပြဋ္ဌာန်းပေးခြင်း၊ ပြည်နယ်အစိုးရကို ဗဟိုအစိုးရမှ ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို ဝင်ရောက်စွက်ဖက်ခွင့်မရှိခြင်း စသည့်အချက်များ ကိုဖွဲ့စည်းပုံတွင် တိကျစွာပြဋ္ဌာန်းပေးထားခြင်းမရှိပေ။ လူမျိုးစုလွှတ်တော် အားလည်း အချိုးတူညီသော ကိုယ်စားပြုမှု ပေးမထားပေ။

ထို့ကြောင့် ပြည်နယ်အစိုးရများကို ဗဟိုအစိုးရမှ အချိန်မရွေးဝင်ရောက်စွက်ဖက်နိုင်သည်။ ထိုနည်းတူ ဗဟိုအစိုးရ၏ နိုင်ငံရေးအသွင်ကူပြောင်းမှုတိုင်း အပေါ်မူတည်၍ ပြည်နယ်တို့သည် လိုက်လံကူးပြောင်းအရသည့် အခြေနေတွင်ရှိသည်။

၁၉၅၈ တွင် ဖ.ဆ.ပ.လ နှစ်ခြမ်းကွဲသောအခါ တိုင်းရင်းသားဒေသ

များဖြစ်ကြသော ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း၊ ရှမ်း စသည့်ဒေသများတွင်လည်း အစိုးရခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ် များအကြားတွင် အမြင်မတူညီ မှုများ ရှိလာသည်။ တည်မြဲဖဆပလကို ထောက်ခံသူများနှင့် သန့်ရှင်းဖဆပလကို ထောက်ခံသူများရှိလာသည်။

ထိုနည်းလည်းကောင်းပင် ဦးနေဝင်းခေတ်၊ အိမ်စောင့်အစိုးရ၊ နဝတ၊ နအဖ၊ USDP နှင့် NLD စသည့် လမ်းစဉ် တစ်ခုပေါ် လာတိုင်း တိုင်းရင်းသား ပါတီများနှင့် တိုင်းရင်းသား လက်နက်ကိုင်များသည် သူတို့၏ ထင်မြင်ယူဆချက်နှင့် ရွေးချယ်မှုများကွဲပြားပြီး ပြိုကွဲမှုများဖြစ်ပေါ်ခဲ့သည်။ ထိုသို့သောအကြောင်းတရားများနှင့် ပါတီနိုင်ငံရေးတွင် စစ်တပ်ကိုအားကိုးပြီး အသုံးချလိုသော နိုင်ငံရေးသမားများကြောင့် စစ်တပ်လက်ထဲသို့ နိုင်ငံတော်အာဏာသည် အပ်နှင်းခံရပြီး စစ်တပ်၏ ကျေးကျွန်သို့ လုံးလုံးကျခဲ့ရပြီး တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးကို များပြားလာစေခဲ့သည်။ တစ်ဘက်တွင် ထိုတိုင်းရင်းသားလက်နက်ကိုင်များရှိနေခြင်းသည် စစ်တပ်အဖို့ နိုင်ငံတော်အာဏာကို ဆက်လက်ဆုပ်ကိုင်ရန်အကြောင်းပြချက်ကောင်းဖြစ်နေပြန်သည်။

လက်ရှိတွင် တိုင်းရင်းသားလက်နက်ကိုင်များအပြင် စစ်အာဏာရှင်ကို ဆန့်ကျင်ကြသော တော်လှန်ရေး အင်အားစု လည်း များပြားလှသည်။ ဤသို့များပြားလှသော လက်နက်ကိုင်အင်အားစုများကို စည်းစနစ်ကျသော တပ်မတော် တစ်ရပ်အဖြစ် ပြန်လည်စုစည်းရန် NUGအစိုးရနှင့် စစ်ကောင်စီတို့တွင် အထူးတာဝန်ရှိသည်။

အကြောင်းရင်းမှာ NUG ဖြစ်စေ၊ စစ်ကောင်စီဖြစ်စေ၊ မည်သို့သော အရပ်ဖက်အစိုးရဖြစ်နေစေကာမူ တိုင်းရင်းသားတို့ လိုလားသောဖက်ဒရယ်အခြေခံမှုများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များသည်း ပြောင်းလဲမည် မဟုတ်ပေ။ ဖက်ဒရယ်နိုင်ငံကိုကျင့်သုံးကြသော နိုင်ငံတော်တော်များများသည်လည်း ပြည်တွင်းစစ်များ၊ လူမျိုးစုပဋိပက္ခများနှင့် ကြုံခဲ့ကြဖူးသည်။ သို့သော် ပြည်တွင်းစစ်နှင့် လူမျိုးစုပဋိပက္ခကိုအဆုံးသတ်ကာ ကာကွယ်ရေးကို တပ်မတော်တစ်ခုတည်းအဖြစ် ဖွဲ့စည်းနိုင်ခဲ့ကြသည်။ ပြဿနာကို တရားမျှတစွာ အဖြေရှာဖြေရှင်းနိုင်ကြရန်သာလိုအပ်သည်။



# အာဏာရှင်ခေတ် အမြောက်သံ၊ ဗုံးသံကြားက ပညာရေးနှင့်ကျန်းမာရေး

မင်းကျော်ဇေ

စစ်တပ်မှ အာဏာသိမ်းအုပ်ချုပ်ခဲ့သည့် သုံးနှစ်ကျော်အတွင်း မြန်မာနိုင်ငံ၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသည် တိုးတက်ပြောင်းလဲလာခြင်းမရှိဘဲ ပိုဆိုးရွားလာသည် ကိုတွေ့ရသည်။ အထူးသဖြင့်နယ်မြေအေးချမ်းမှုမရှိသည့်ဒေသများနှင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိသည့် ဒေသများတွင် အခြေအနေက တဖြည်းဖြည်းပိုမိုဆိုးရွားသည်။

စစ်တပ်မှ အာဏာသိမ်းအုပ်ချုပ်လာခဲ့သည့် နောက်ပိုင်း အာဏာသိမ်းယူခြင်းကိုဆန့်ကျင်သည့် ဆန္ဒပြပွဲများပေါ်ပေါက်ခဲ့သည်။ ဆန္ဒပြပွဲများတွင် ပြည်သူများနှင့်အတူ ဌာနဆိုင်ရာ အသီးသီးမှဝန်ထမ်းတချို့လည်းပါဝင်သည်။ ဆန္ဒပြရာတွင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရေးနှင့်ကျန်းမာရေးဝန်ထမ်းများ အများဆုံးပါဝင်ခဲ့သည်။

ဆန္ဒပြပွဲများကို စစ်တပ်မှအကြမ်းဖက်ဖြိုခွင်းခဲ့ပြီးနောက် ဆန္ဒပြ ရာတွင် ပါဝင်သည့်သူများကို လိုက်လံဖမ်းဆီးခဲ့သည်။ ထိုသို့ဖမ်းဆီးမှုများကြောင့် လူငယ်လူရွယ်များ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းတချို့ လွတ်မြောက် နယ်မြေဒေသများသို့ ထွက်ပြေးရှောင်တိမ်းခဲ့ကြသည်။ လူငယ်လူရွယ်အများစုက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များထံ စစ်ပညာများ သင်ယူခဲ့သည်။ ထိုလူငယ်များသည် ယခုစစ်အာဏာရှင်ကိုတော်လှန်တိုက်ခိုက်နေသည့် ပြည်သူ့ကာကွယ်တပ် (PDF) တပ်သားများဖြစ်လာသည်။ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် ဌာနဆိုင်ရာများမှဝန်ထမ်းအများ အပြားအကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ကို ပြုလုပ်ခဲ့ကြသည်။

စစ်အာဏာအစိုးရ၏ အုပ်ချုပ်ရေးယန္တယားသည် CDM ပြုလုပ်မှုများကြောင့် နှောင့်နှေး အားနည်းသွားခဲ့သည်။ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများတွင် CDM ပြုလုပ်သူများပြားသဖြင့် ၎င်းဌာနများတွင် ပိုမိုအထိနာခဲ့သည်။ အာဏာသိမ်းစစ်အစိုးရသည် ၎င်းတို့လက်အောက်ရှိပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်ပေးခဲ့သည်။ သို့သော် ကျောင်းများ စဖွင့်ဖွင့်ခြင်းမှာပင် ဆရာ၊ ဆရာမ အင်အားနည်းပါးသည်ကို ကြုံခဲ့သည်။ ဘာသာရပ်များတတ်ကျွမ်းနားလည်သည့် ဝါရင့်ဆရာ၊ ဆရာမများနည်းသွားသည်။ သုံးနှစ်ကျော် အချိန်အတွင်း အစားထိုးဆရာ၊ ဆရာမများ တိုးလာခဲ့သော်လည်း လုံလောက်မှုမရှိသည်ကို တွေ့ရသည်။ အရေအတွက် တိုးလာသော်လည်း အရည်အချင်းပြည့်ဝသည့်လုပ်သက်ရင့်ဆရာ၊ ဆရာမများနေရာ ပြန်လည် အစားထိုးနိုင်သည်ကို မတွေ့ရပဲ ဆွဲခန့်များဖြင့် အစားထိုးထားသည်ကို တွေ့ရသည်။

ကျန်းမာရေးကဏ္ဍတွင်လည်း လုပ်သက်ရင့် ဆရာဝန်ကြီးများနှင့် သူနာပြုများစွာ CDM လုပ်သွားကြသည်။ CDM ဝန်ထမ်းများကြောင့် ပြည်သူ့ဆေးရုံများ၊ ကျေးလက်ဆေးခန်းများတွင် ဆရာဝန်၊ သူနာပြုများနည်းသွားခဲ့သည်။ မြို့ကြီးများရှိ အထူးကုဆေးရုံ၊ ဆေးခန်းများတွင်သာ ဆေးဝါးအလုံအလောက်နှင့် အထူးကုဆရာဝန်များရှိပြီး ပြည်သူ့ဆေးရုံများနှင့် ကျေးလက်ဒေသရှိ တိုက်နယ်ဆေးရုံ ဆေးပေးခန်းများတွင် ဆရာဝန်၊ သူနာပြုဆရာမ အင်အားနည်းသွားသည်။

ထို့အတူ ဆေးဝါး လုံလုံလောက်လောက်မရှိသည်ကိုတွေ့ရသည်။ ကျန်းမာရေးမကောင်းလို့ဖြစ်စေ၊ ရောဂါတခုခု ကြောင့်ဖြစ်စေ ပြည်သူ့ဆေးရုံများတွင် တက်ရောက်ကုသပါက လူနာကို ဆရာဝန်လာရောက်ကြည့်ရှုပေးသည်မှလွဲပြီး လိုအပ်သည့်ဆေးဝါးကအစ အပြင်ကဝယ်ရသည်။ ငွေကြေးတတ်နိုင်သူများအတွက် အကြောင်း မဟုတ်သော်လည်း ငွေမတတ်နိုင်သူများအတွက် ယနေ့ခေတ်ဈေးနှုန်းများကြောင့် ဆေးကုဖို့ပင် ခက်ခဲလာသည်။ ဆေးဆိုင်များတွင် ဝယ်ယူရသည့်ဆေးဝါးများသည် ယခင်ကထက် ဈေးနှုန်း နှစ်ဆသုံးဆခန့် မြင့်တက်သွားခဲ့သည်။ တချို့ဆေးဝါးများ ဈေးကွက်အတွင်းဝယ်မရသည်အထိ ပစ္စည်းများပြတ်လပ်ခဲ့သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကို ဖွင့်လဆန်းတွင် အာဏာသိမ်းစစ်အစိုးရကဖွင့်လှစ်ခဲ့သည်။ ၎င်းတို့လက်အောက်ရှိ ပြည်နယ်နှင့်တိုင်းများတွင် ကျောင်းများအားလုံး ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ သို့သော်နယ်မြေအေးချမ်းခြင်းမရှိဘဲ တိုက်ပွဲများဖြစ်နေသည့် ဒေသများတွင် ကျောင်းတက်သူမရှိသလောက်နည်းသွားခဲ့သည်။ မြို့ကြီးများရှိ ကျောင်းများတွင် ယခင်နှစ်များ

ယခုနှစ်ထူးခြားချက်မှာ ကျောင်းသားကျောင်းသူများ အတန်းကျောင်းပြီးနောက် မိမိတို့စာသင်ကျောင်းမှာပင် ကျူရှင်ပြန်တက်ကြရသည်

ထက်ကျောင်းတက်သူဦးရေများပြားလာသည်။ ကျောင်းသား၊ ကျောင်းသူတချို့ ယခင်ကျောင်း ၂ နှစ်၊ ၃ နှစ် ခန့်နားထားရာမှ ပြန်လည်ကျောင်းတက်ကြသည်။ နယ်မြေအေးချမ်းခြင်းမရှိသေးသည့် ဒေသများမှကျောင်းပြောင်းထားကြသည်။ ယခုနှစ်ထူးခြားချက်မှာ ကျောင်းသားကျောင်းသူများအတန်း ကျောင်းဆင်းပြီးနောက် မိမိတို့စာသင်ကျောင်းမှာပင် ကျူရှင်ပြန်တက်ကြရသည်။ ကျောင်းတချို့တွင် ဖတ်စာအုပ်များ လုံလောက်စွာမရသဖြင့် အပြင်မှဈေးကြီးပေးကာ ဝယ်ယူရသည်။

အသက်အရွယ်ကြောင့် အတန်းနောက်မကျအောင် ကျောင်းပြန်တက်ကြသည်ဆိုသော်လည်း ဘာသာရပ် သင်ကြားတတ်မြောက်မှုတွင် အားနည်းသည်ကို တွေ့နိုင်သည်။ အတန်းတင်စာမေးပွဲဖြေရာတွင် မူလတန်းနှင့် အလယ်တန်းစာမေးပွဲများ ဖြေဆိုယုံနှင့်အောင်မြင်ကြကြောင်း မိတ်ဆွေဆရာတစ်ဦးက ပြောဘူးသည်။ ၎င်းကိုကြည့်ပါက လက်ရှိပညာရေးကို မှန်းဆနိုင်မည်ဖြစ်သည်။

တိုက်ပွဲများဖြစ်ပွားခဲ့သည်ဒေသများနှင့် လက်ရှိတိုက်ပွဲများဖြစ်ပွားလျက်ရှိသည့် နယ်မြေဒေသများတွင် လက်နက်ကြီးများ ကျရောက်ခြင်း လေယာဉ်နှင့် ဗုံးချဲချခံရခြင်းတို့ကြောင့် ကျောင်းဆောင်များ ထိခိုက်ပျက်စီးကြသည်။ အာဏာသိမ်းစစ်တပ်မှ ကျောင်းများတွင် ဝင်ရောက်တပ်စွဲနေရာယူတာရှိသည်။ ထိုဒေသများတွင် ကျောင်းများဖွင့်နေပြီဆိုသော်လည်း ကျောင်းတက်ရောက်နိုင်ခြင်းမရှိဘဲ ကျောင်းနေအရွယ် ကလေးများအပါအဝင်မိသားစုအားလုံး ထွက်ပြေးနေရဆဲဖြစ်သည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအောက်ရှိ နယ်မြေဒေသများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပညာရေး၊ ကျန်းမာရေးအပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်နေပြီဖြစ်သည်။ တိုက်ပွဲများဖြစ်ပွားခဲ့သည့် နေရာဒေသများနှင့် တိုက်ပွဲများဖြစ်ပွားနိုင်ခြေရှိသည့် နေရာဒေသများတွင် လုံခြုံရေးစိုးရိမ်ရခြင်း၊ မိဘများအလုပ်အကိုင်နှင့် စားဝတ်နေရေးအခက်အခဲများရှိလာခြင်းတို့ကြောင့် ပညာရေး တဝက်တပျက်နှင့် ကျောင်းဆက်မတက်ကြသူတွေ ကျောင်းနားရသူတွေများလာသည်ကို တွေ့ရသည်။ တဖက်နိုင်ငံများသို့ တရားဝင်ကော၊ တရားမဝင်ပါသွားရောက်အလုပ်လုပ်ကိုင်ကြသည်။

၎င်းဒေသများတွင် ပြည်သူများမကျန်းမာ၍ နေထိုင်မကောင်းဖြစ်ပါက ဆေးရုံဆေးခန်းများတွင် တက်ရောက် ကုသရန် ခက်ခဲသည်။ စစ်ရှောင်ထွက်ပြေးရာတွင် ဆရာဝန်များပါ စစ်ရှောင်နေသဖြင့် ဆေးခန်းပိတ်တာတွေ

ရှိလာသည်။

ထို့အပြင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် ကုန်စည်စီးဆင်းမှု ပြတ်တောက်ခြင်း၊ ဆေးဝါးများဝယ်ယူမရခြင်း ဝယ်လို့ရသည့်ဆေးများ၊ ဈေးနှုန်းအဆမတန်ကြီးခြင်းများ ကြုံတွေ့လာသည်။ ငွေကြေးမတတ်နိုင်သည့် အခြေခံလူတန်းစားမှာ ဆေးကုသစရိတ်များမြင့်တက်ခြင်း၊ အခြားအထွေထွေကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် ဆေးကုသရန်ခက်ခဲလာသည်။

တိုက်ပွဲများအတွင်း အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရပါက ထိုက်သင့်သည့်ဆေးဝါးကုသမှုများ မရခြင်းကြောင့် မသေသင့်ဘဲသေဆုံးကြရသည်။ မြန်မာနိုင်ငံအတွင်း စစ်တပ်မှအာဏာသိမ်းယူအုပ်ချုပ်ခဲ့သည့် အချိန်မှစပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် အဖက်ဖက်မှ တဖြည်းဖြည်းဆုတ်ယုတ် ကျဆင်းလာခဲ့သည်ကို တိုင်းရင်းသားပြည်သူတရပ်လုံး လက်တွေ့ကြုံတွေ့နေရပြီဖြစ်သည်။

> မြန်မာနိုင်ငံအတွင်း စစ်တပ်မှအာဏာသိမ်းယူ အုပ်ချုပ်ခဲ့သည့် အချိန်မှစပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး ကျန်းမာရေးအပါအဝင် အဖက်ဖက်မှ တဖြည်းဖြည်း ဆုတ်ယုတ်ကျဆင်း လာခဲ့သည်ကို တိုင်းရင်းသား ပြည်သူတရပ်လုံး လက်တွေ့ ကြုံတွေ့နေရပြီဖြစ်သည်

အရပ်မျက်နှာအသီးသီးမှ စစ်အာဏာရှင်စနစ်ကိုတော်လှန်သည့် တိုက်ပွဲများ နေ့စဉ်တစ်နေရာမဟုတ် တစ်နေရာတွင် ဖြစ်ပွားလျက်ရှိသည်။ နှစ်ဖက်တိုက်ပွဲများကြောင့် ၄င်းတိုက်ပွဲဖြစ်ရာဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားပြည်သူများ စစ်ဘေးဒဏ်ခံရသည်။ ကျောင်းနေအရွယ်ကလေးငယ်များ ပညာရေးအခွင့်အလမ်းတွေ ဆုံးရှုံးနေရသည်။ ကျန်းမာရေးမကောင်းသည့် လူနာများရက်ရှည်ဆေးဝါးကုသမှု ခံယူနေရသည့် သက်ကြီးရွယ်အိုများ ရောဂါဝေဒနာခံစားနေရသည့် လူနာများ အားလုံးသည် လုံခြုံမှုမရှိခြင်း၊ နယ်မြေမအေးချမ်း ခြင်းများကြောင့် ဆေးဝါးကုသရာအခက်အခဲများနှင့်ကြုံနေဦးမှာဖြစ်သည်။ တိုက်ပွဲများသည် ကျေးလက်တောရွာများသာမက မြို့ကြီးများအထိ ကူးစက်လာနေပြီဖြစ်သည်။

အာဏာရှင်စနစ်မချုပ်ငြိမ်းသရွေ့ တော်လှန်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဦးမှာဖြစ်သည်။ စစ်အာဏာရှင်စနစ် အမြန်ချုပ်ငြိမ်းမှသာ ဒီမိုကရေစီအခွင့်အလမ်းများပြန်လည်ထွန်းကားလာမှာ ဖြစ်သည်။ မြန်မာနိုင်ငံတဝှမ်း ငြိမ်းချမ်းပြီး ပြည်နယ်များနှင့်တိုင်းဒေသများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူအချင်းချင်း အတူတူယှဉ်တွဲပြီးဖက်ဒရယ်ဒီမိုကရေစီစနစ်တွေ အားကောင်းရှင်သန် လာအောင် တည်ဆောက်ဖို့လိုအပ်သည်။ သို့မှသာ နိုင်ငံသားတိုင်းလွတ်လပ်စွာပြောဆိုခွင့် လွတ်လပ်စွာသွားလာခွင့်၊ လွတ်လပ်စွာပညာသင်ကြားခွင့်စသည့် ဒီမိုကရေစီအခွင့်အရေးများ ရရှိခံစားနိုင်မည်ဖြစ်သည်။




# ရွေးချယ်ရမည့် နိုင်ငံရေးစနစ် ပါလီမန်စနစ်လော၊ သမ္မတစနစ်လော ရောစပ်စနစ်လော

ဆလိုင်းကျဲအိုဘိခ်ထောင်း

## နိဒါန်း
## အရှေ့ကို လျှောက်ရင်း အနောက်ကိုမျှော်ခြင်း

လွတ်လပ်ရေးနှင့်အတူ (၂၀) ရာစု မြန်မာ့နိုင်ငံရေးကို ပါလီမန်စနစ် အိပ်မက်က လွှမ်းမိုးခဲ့ပါသည်။ ၁၉၄၇ အခြေခံဥပဒေမှအစ တောင်ကြီးမှု (၁၉၆၁)၊ ၁၉၉၀ ခုနှစ် နောက်ပိုင်း ညောင်နှစ်ပင်ညီလာခံနှင့်အပြိုင် တိုင်းရင်းသားအဖွဲ့များ ရေးဆွဲသည့် FCDCC မူအလယ်၊ ၂၀၁၀ ခုနှစ်ဝန်းကျင် UNFC မူအဆုံး တိုင်းရင်းသားခေါင်းဆောင်များက ပါလီမန်စနစ်မှ ပါလီမန်စနစ်ဟု အခိုင်အမာကာကွယ်ခဲ့သည်။

သို့သော် ဒီဘက်ခေတ် (၂၁) ရာစုဟု ဆိုရမလား မြန်မာ့နိုင်ငံရေးမှာ သမ္မတစနစ်က တဖြည်းဖြည်း နေရာယူလာသည်ကိုလည်း သတိပြုမိကြပါလိမ့်မည်။ ၂၀၀၈ အခြေခံဥပဒေ၊ ၎င်းအခြေခံဥပဒေပြင်ဆင်ရေး (၄၅) ဦး ကော်မတီတွင် နိုင်ငံရေးပါတီ (၁၄) ပါတီ၏ တင်ပြချက်များနှင့် တိုင်းရင်းသားလက်နက်ကိုင် ( ၁၂ ) ဖွဲ့၏ ဖက်ဒရယ်မူ စသည်တို့တွင် သမ္မတစနစ်ကတဖြည်းဖြည်း နေရာယူလာသည်ကို တွေ့ရပါမည်။

အဘယ့်ကြောင့် ယင်းကဲ့သို့ နိုင်ငံရေးအတွေးခေါ်နှင့် ရွေးချယ်မှုများ ပြောင်းလဲလာသနည်း။ စနစ်တစ်ခု ရွေးချယ်ရာတွင် အားသာချက်

အားနည်းချက်၊ တနည်းအားဖြင့် နောက်ဆက်တွဲ အကျိုးဆက်က ဘာများဖြစ်လာနိုင်သလဲ။ နိုင်ငံတကာ အတွေ့အကြုံပေါင်းများစွာထဲက သင်ယူစရာများရှိမလား။

ငြိမ်းချမ်းရေးဆွေးနွေးမှု လမ်းကြောင်းနှင့် လွှတ်တော်လမ်းကြောင်းဖြင့် ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေ တည်ဆောက်ရေး ညှိနှိုင်းအဖြေရှာကြရာမှာ အဆိုပါ မေးခွန်းများကို အဖြေရှာရတော့မည်ဖြစ်ရာ တကယ်ပဲ ပါလီမန်စနစ်ကို ထားခဲ့တော့မှာလား။ သမ္မတစနစ် ကျင့်သုံးသင့်သည်ဟု အတည်ပြုဖို့ လုံလောက်မှု ရှိပြီလား။ မှန်ကန်သော ရွေးချယ်မှုဖြစ်မလား။ သို့မဟုတ် ရောစပ်စနစ်ကို တီထွင်ရမလား။

## ၁။ ပါလီမန်စနစ် လွှမ်းမိုးခဲ့သော မြန်မာ့နိုင်ငံရေးသမိုင်း

လွတ်လပ်ရေး ကာလကတည်းက မြန်မာ့နိုင်ငံရေးကို ပါလီမန်စနစ်လွှမ်းမိုးခဲ့ရခြင်းမှာ ၎င်းစနစ်၏ ပင်ရင်းနိုင်ငံဖြစ်သည့် ကိုလိုနီအင်္ဂလိပ်အုပ်ချုပ်မှုစနစ်၏ လွှမ်းမိုးမှုနှင့် အနည်းနှင့်အများ ဆက်စပ်မှုရှိပါမည်။ ဗမာပြည်မ (Ministrial Burma) မှာ ကိုလိုနီခေတ်ကတည်းက ရွေးကောက်ပွဲများ (၆) ကြိမ်ခန့် (၁၉၂၂၊ ၁၉၂၅၊ ၁၉၂၈၊ ၁၉၃၂၊ ၁၉၃၆ နှင့် ၁၉၄၇) မိတ်ဆက် ကျင်းပပေးခဲ့ခြင်း၊ Rees Williams ဦးဆောင်သည့် ၁၉၄၇ နယ်ခြားဒေသစုံစမ်း စစ်ဆေးရေးကော်မတီ၏ မေးခွန်းများနှင့် အကြံပြုချက်များ၊ လွတ်လပ်ရေးမတိုင်ခင် တိုင်းပြုပြည်ပြုလွှတ်တော် စသည်တို့သည် ပါလီမန်စနစ်အသွင်ဆောင်ပါသည်။

နောက်နောင်မှာ ပေါ်ပေါက်လာလတ္တံ့သော ၁၉၄၇ အခြေခံဥပဒေနှင့် ဦးနု ပါလီမန်ဒီမိုကရေစီအစိုးရအပေါ် ထိုအချက်များက များစွာပံ့သွင်းပေးခဲ့ပါသည်။ တကယ်လည်း အာရှနိုင်ငံမှာ အင်ဒိုနီးရှားနှင့် သီရိလင်္ကာကလွဲ၍ အင်္ဂလိပ်ကိုလိုနီဖြစ်ခဲ့သော နိုင်ငံအားလုံးက ပါလီမန်စနစ် ကျင့်သုံးကြသည်ဖြစ်ရာ (Aurel Croissant et al., 2004, p. 8) အံ့သြစရာမဟုတ်ပေ။

ဤနည်းဖြင့် မြန်မာနိုင်ငံ၏ အဦးဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၄၇ ပါလီမန်စနစ် စစ်စစ်မှုဖြစ်လာခဲ့သည်။ ၁၉၄၇ အခြေခံဥပဒေကို မူချမှတ်ပေးသော ဗိုလ်ချုပ်အောင်ဆန်း က ပင်လုံညီလာခံမှာ "သမ္မတကို တိုင်းရင်းသားတွေလုပ်ခိုင်းမယ်လေ၊ ဘယ်လိုလဲ၊ ရှမ်းကအရင်ဆုံး လုပ်ရင်မကောင်းဘူးလား" ဟု စည်းရုံးပြောဆိုကတည်းက အာဏာမရှိသော သမ္မတဦးသျှောင်သည့် ပါလီမန်စနစ် (Parliamentary Republics) ကို သူ့စိတ်ကူးဖြင့် ပုံဖော်ပြီးသားဖြစ်သည်ဟု ခန့်မှန်းလို့ရပါသည်။

ထိုနောက် တိုင်းရင်းသား ခေါင်းဆောင်များကလည်း ၁၉၆၁ ခုနှစ် တောင်ကြီးညီလာခံနှင့် နောက် ဆက်တွဲ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့က "ဆွစ်ဇာလန်နိုင်ငံနှင့် ခပ်ဆင်ဆင်ဖြစ်မည့် ပါလီမန်စနစ်ကျင့်သုံးရေး"ကို တစိုက်မတ်မတ် တောင်းဆိုလာတော့သည် (Khu Oo Reh et., 2018)။

နောက်ပိုင်း ၁၉၉၄ ညောင်နှစ်ပင်ညီလာခံနှင့်အပြိုင် တိုင်းရင်းသားများက Federal Constitution Drafting Coordinating Committee (FCDCC) ကို ဖွဲ့စည်းလျက် အနာဂတ်မြန်မာနိုင်ငံ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ရေးဆွဲခဲ့ကြရာ ၎င်းတွင် "ဝန်ကြီးချုပ်ဦးဆောင်အစိုးရစနစ် ကျင့်သုံးရန်၊ အောက်လွှတ်တော်မှ ဝန်ကြီးချုပ် ရွေးချယ်ရမည်"ဟု ပုဒ်မ (၁၄/ဃ) (၁၂၁) တွင် ပြဋ္ဌာန်းထားသည်။ တနည်းအားဖြင့် ပါလီမန်စနစ်ကို ရွေးချယ်ကြသည်။

အလားတူ တိုင်းရင်းသားလက်နက်ကိုင်များဖြင့် ဖွဲ့စည်းခဲ့သော United Nationalities Federal Council (UNFC) မဟာမိတ်အဖွဲ့ကလည်း ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော "ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဆိုင်ရာ အဓိကကျသော မူဝါဒနှင့် လက္ခဏာများ" စာတမ်းတွင် 'ဝန်ကြီးချုပ်ဦးဆောင်အစိုးရစနစ် (Parliamentary System)ဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းသင့်သည်'ဟု ထည့်သွင်းခဲ့သည်။

အလားတူ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုင်းရင်းသား ပါတီများကို အကြိမ်ကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ပေးပြီးမှ တိုင်းရင်းသားလူမျိုးများရေးရာစင်တာအဖွဲ့က ၂၀၁၆ ခုနှစ်တွင် ပြုစုထားသော "မြန်မာနိုင်ငံဖက်ဒရယ်စနစ် ဆိုင်ရာ အဓိကကျသော မူဝါဒနှင့် လက္ခဏာများ (မူကြမ်း)" စာတမ်းတွင်လည်း "ပါလီမန်စနစ်ကျင့်သုံးသင့်သည်"ဟု ထပ်မံဖော်ပြထားပါသည် (ENAC,2016)။ သို့သော် "ပါလီမန်စနစ်နှင့် သမ္မတစနစ် နှစ်မျိုးလုံး၏ အားသာချက်၊ အားနည်းချက်များကို ထပ်ဆင့်လေ့လာသင့်သည်" ဟု မှတ်ချက်ပြုထားပါသည်။



စာရေးသူလက်လှမ်းမီသလောက် သုံးသပ်ရလျှင် (၂၀) ရာစု မြန်မာ့နိုင်ငံရေးခေါင်းဆောင်များနှင့် အဖွဲ့အစည်းအားလုံး၏ ဒီမိုကရေစီအခြေခံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သဘောထားတင်ပြချက်နှင့် ဆောင်ရွက်ချက်များ အားလုံးသည် ပါလီမန်စနစ်အပေါ်မှာသာ အခြေခံခဲ့သည်။

## ၂။ သမ္မတစနစ်ဘက်သို့ ခြေဦးလှည့်လာသော လက်ရှိ မြန်မာ့နိုင်ငံရေး

၂၀၀၈ အခြေခံဥပဒေနောက်ပိုင်း တနည်းအားဖြင့် ၂၁ ရာစုအဝင်နိုင်ငံရေးအချင်းအကျင်းတွင် မြန်မာ့နိုင်ငံ ရေးသမားများ၏ အတွေးအခေါ်တွင် သမ္မတစနစ်က တဖြည်းဖြည်း နေရာယူလာသည်ကို အောက်ပါအတိုင်း အချက် (၃)ချက်ဖြင့် ဖော်ပြလိုပါသည်။

### (၂.၁) ၂၀၀၈ အခြေခံဥပဒေထဲက သမ္မတစနစ်အငွေ့အသက်များ

အစိုးရဖွဲ့စည်းမှုစနစ်နှင့် ပတ်သက်၍ လက်ရှိအခြေခံဥဒေတွင် ပုဒ်မ(၂)၊ (၁၆)၊ (၅၇) မှ (၇၃)အထိ၊ (၁၉၉) မှ (၂၄၆)အထိနှင့် အခန်း (၁၁) နှင့် အဓိက သက်ဆိုင်လျက်ရှိပါသည်။ CIA World Facbook နှင့် Nation Master စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် လေ့လာသူခပ်များများက ၂၀၀၈ အခြေခံဥပဒေကို "ပါလီမန်စနစ် (parliamentary republic)" စာရင်းထဲတွင် ထည့်သွင်းကြသည် (CIA Factbook, 2018) (Thuzar, 2013)။

သို့သော် Asia Foundation နှင့် အချို့လေ့လာသူများက ရောစပ် (hybrid) သမ္မတစနစ်ဖြစ်သည်ဟု ဆိုကြသည် (Egreteau, 2017) (Bunte, 2018)။ သို့သော် International–IDEA ကမူ "Assembly–Independent ခေါ် ရောစပ်စနစ်ဖြစ်သည်"ဟု ဆိုပါသည် (Elliot, 2019)။ ပါလီမန်စနစ် အင်္ဂါရပ်နှင့် တူညီသည့် အပိုင်းများကို ဖော်ပြရလျှင်-----

ပုဒ်မ (၆၀) အရ နိုင်ငံတော်အစိုးရ/အုပ်ချုပ်ရေးအကြီးအကဲကို လွှတ်တော်မှတဆင့် ရွေးချယ်သည် (သမ္မတစနစ်) သဘောသဘာဝတွင် ၎င်းကို ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်သည်)၊

ပုဒ်မ (၂၀၃) အရ သမ္မတသည် လွှတ်တော်ကို တာဝန်ခံသည် (သမ္မတစနစ်တွင် မလိုပါ)၊

ပုဒ်မ (၁၀၅) အရ သမ္မတသည် လွှတ်တော် ဥပဒေပြုအာဏာများ

အပေါ် ဗီတိုအာဏာမရှိ၊

ပုဒ်မ (၁၀၄) နှင့် (၂၀၂)အရ သမ္မတသည် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ထုတ်ပြန်နိုင်သော်လည်း လွှတ်တော်ကအတည်မပြုလျှင် ပျက်ပြယ်။

သမ္မတစနစ်အင်္ဂါရပ်နှင့် တူညီသည့်အပိုင်းများကို ဖော်ပြရလျှင် -


ပုဒ်မ (၁၆) အရ သမ္မတသည် နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲ (Head of Executive) ဖြစ်သည် (ပါလီမန်စနစ်တွင်E သည် ဝန်ကြီးချုပ်ဖြစ်သည်)၊

ပုဒ်မ (၁၆) တွင် အုပ်ချုပ်ရေးအကြီးအကဲ (H.E)၏ သက်တမ်းကို အတိအကျ သတ်မှတ်ထားသည် (ပါလီမန်စနစ်တွင် လွှတ်တော်သက်တမ်းအတိုင်းဖြစ်)၊

ပုဒ်မ (၇၁) နှင့် (၂၃၃) အရ သမ္မတနှင့် ဝန်ကြီးချုပ်များကို အချက်(၅)ခုနှင့် ညှိစွန်းခြင်းမှလွဲ၍ လွှတ်တော်ကတာဝန်မှ ရပ်စဲပိုင်ခွင့်မရှိ (ပါလီမန်စနစ်တွင် လွှတ်တော် ယုံကြည်မှုကာလအပေါ် မူတည်၊ မည်သည့်အကြောင်းပြချက်မှ မလိုဘဲ လွှတ်တော်က အချိန်မရွေးဖြုတ်ပိုင်ခွင့်ရှိ)။

ပုဒ်မ (၂၃၂)(၆၂)(၆၄) အရ ဝန်ကြီးများကို အမတ်မဟုတ်သူများ ခန့်အပ်နိုင်၊ ဝန်ကြီးများ လွှတ်တော်အမတ် မဖြစ်စေရ (ဖြစ်လျှင် နုတ်ထွက်ရန်) ပါတီလုပ်ငန်းတွင် ပါဝင်ဆောင်ခြင်းမရှိစေရ၊

ပုဒ်မ (၄၁၀) နှင့် (၄၁၇)အရ သမ္မတ (H.E)က အရေးပေါ်အခြေအနေကြေညာခွင့်ရှိ။



ခြုံငုံသုံးသပ်လျှင် လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပါလီမန်စနစ်နှင့် သမ္မတစနစ်ကို မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ရောစပ် (hybrid or mixed) ထားသည့်စနစ် ဖြစ်ပါသည်။ တနည်းအားဖြင့် လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပုံသဏ္ဍာန်အားဖြင့် ပါလီမန်စနစ် အသွင်ဆောင်သော်လည်း အနှစ်သာရအားဖြင့် သမ္မတစနစ်ကို အသားပေးသည်ဟု ဆိုနိုင်ပါသည်။

### (၂.၁) သမ္မတစနစ်ဘက်သို့ အာရုံပြောင်းလာသည့် တိုင်းရင်းသား လက်နက်ကိုင် (၁၂) ဖွဲ့၏ မူ

NCA လက်မှတ်ရေးထိုးထားသည့် (၁၀) ဖွဲ့အပါအဝင် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO)တို့ စုစုပေါင်း (၁၂)ဖွဲ့က လွန်ခဲ့သော ဖေဖော်ဝါရီလ (၂၉)ရက်တွင် ဖက်ဒရယ် အခြေခံမူ (၂၄)ချက်ကို ဘုံသဘောတူညီချက်အဖြစ် လက်မှတ်ရေးထိုးခဲ့ရာ ယင်းစာတမ်းတွင် 'သမ္မတစနစ်' စစ်စစ်မူ ရွေးချယ်ထားသည်ကို တွေ့ရသည်။

၎င်းစာတမ်း (၄-ကက-၃) တွင် "ပြည်နယ်အလိုက် ပြည်သူလူထုမှ တိုက်ရိုက်မဲပေး၍ သမ္မတရွေးချယ်ရေးအဖွဲ့ (Electoral College) မှ တဆင့် ရွေးကောက်တင်မြှောက်" ပြဋ္ဌာန်းပြီး (၄-ကက-၆) အရ "Elector သတ်မှတ်ရာတွင် ပြည်နယ်အလိုက် လူဦးရေနှင့် နယ်မြေအကျယ်အဝန်း နှစ်ခုလုံးကို ထည့် သွင်းစဉ်းစား၍ သတ်မှတ်ရမည်"ဟု ပါရှိသည့်အတွက် အမေရိကန် နိုင်ငံ သမ္မတစနစ်နှင့် တထပ်တည်းကျ သည်ဟု ဆိုနိုင်ပါသည်။

သို့သော် ၎င်းစာတမ်းကို "Working Document– 01" ဟု သတ်မှတ်သည့်အပြင် မှတ်ချက် တစ်ခုမှာ "သမ္မတစနစ်နှင့် ပါလီမန်စနစ်ပေါင်းစပ်ထားသည့် Hybrid Model ကိုလည်း လေ့လာထားရန်" ဟု ပါရှိသည့်အတွက် သူတို့အနေဖြင့် တရားသေကိုင်စွဲထားခြင်း မဟုတ်သေးဟု နားလည်ရပါသည်။ မည်သို့ပင်ဆိုစေ စစ်အာဏာသိမ်းမှုဖြင့် ဇာတ်သိမ်းခဲ့ရသော (၁၄) နှစ်တိုင်တိုင် ကျင့်သုံးခဲ့သည့် Westminster ပုံစံ ပါလီမန်စနစ်ကို သူတို့က ကျော်ခိုင်းသွားလေပြီ။

### (၂.၃) ပြည်တွင်း နိုင်ငံရေးပါတီများ၏ သဘောထား ရပ်တည်ချက်များ

လက်ရှိ နိုင်ငံရေးပါတီပေါင်း ၉၀ ကျော်၏ တစ်ပါတီချင်းစီ၏ သဘောထားကို အကုန်အစင် မသိရှိရသော်လည်း မကြာသေးမီကာလမှာ

ဖွဲ့စည်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး (၄၅)ဦး ကော်မ တီတွင် NLD အပါအဝင် အနိုင်ရ (၁၄)ပါတီက တင်ပြထားသော စာတမ်းအရ ပါတီ အများစုက လက်ရှိစနစ် (ရောစပ်စနစ် သို့မဟုတ် သမ္မတ အသားပေးစနစ်) ကို ပြင်ဆင် (ပယ်ဖျက်)ရန် တင်ပြဆွေးခြင်း မပြုကြပေ။

ရှမ်းပါတီ (SNLD) တစ်ခုတည်းကသာလျှင် လက်ရှိစနစ်အစား ဝန်ကြီးချုပ်ဦးဆောင် (ပါလီမန်)စနစ်ကို ကျင့်သုံးသင့်ကြောင်း တင်ပြခဲ့ ပါသည်။ တနည်းအားဖြင့် ရှမ်းပါတီမှလွဲ၍ NLD နှင့် ကျန်ပါတီများက လက်ရှိ စနစ်ကို လိုလား (သို့မဟုတ်) လက်ခံကြပါသည်။

## ၃။ နိုင်ငံတကာ အစိုးရအဖွဲ့စည်းမှုစနစ်များ လေ့လာခြင်း

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မည်သည့်အစိုးရ ဖွဲ့စည်းမှုစနစ်ကို အများ စုကအသုံးပြုသနည်း။ သမ္မတစနစ်လော၊ ပါလီမန်စနစ်လော၊ ရောစနစ် လော ဆိုသည့်အချက်နှင့် ပတ်သက်၍ နိုင်ငံတကာ နိုင်ငံရေးစနစ်လေ့လာ ရေးအဖွဲ့များနှင့် ပညာရှင်များအကြား စာရင်းပြုစုမှု တစ်ခုနှင့်တစ်ခုမတူကြ ပေ။

ယေဘုယျအားဖြင့် နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် မည် သည့် အစိုးရစနစ် (system of government) ကျင့်သုံးသည်ကို တိတိကျကျ ကြေညာလေ့မရှိပေ (Markus Bockenforde et al.,2011)။

ထို့ကြောင့် အချို့နိုင်ငံများကို မည်သည့် စနစ်ကျင့်သုံးသည်ဟု အငြင်းပွားမှုပင် ရှိတတ်သည်။ ဥပမာ မြန်မာနိုင်ငံပေါ့။

CIA World Factbook ၏ စာရင်းတွင် ပါလီမန်စနစ်ကျင့်သုံး သည့် နိုင်ငံပေါင်း (၁၁၀)နိုင်ငံခန့်၊ သမ္မတစနစ် စစ်စစ်ကျင့်သုံးသည့် နိုင်ငံ (၆၇) နိုင်ငံခန့်၊ ရောစပ် သမ္မတစနစ် (semi-presidential) ကျင့်သုံးသည့် နိုင်ငံ (၁၆) နိုင်ငံခန့်နှင့် အခြားစနစ်တစ်ခုခု (ကွန်မြူနစ်၊ ဘုရင်နှင့် စစ် အာဏာရှင်စနစ်...စသည့်) ကျင့်သုံးသည့် နိုင်ငံ (၄၃) နိုင်ငံခန့်၊ စုစုပေါင်း ၂၃၆ နိုင်ငံ (ကုလသမဂ္ဂ အသိအမှတ်မပြုသည့် နိုင်ငံများလည်းပါသည်) စာရင်းပြုထားသည်ဟု တွေ့ရှိရသည် (CIA Factbook, 2018)။

အလားတူ Oxford Constitutional Law ၏ မှတ်တမ်းတစ်ခု (Tan, 2017) တွင်လည်း ကုလသမဂ္ဂအသိအမှတ်ပြု နိုင်ငံများထဲက သမ္မတစနစ် ကျင့်သုံးသည့် နိုင်ငံပေါင်း (၆၀) နိုင်ငံခန့် စာရင်း ပြုစုထား သည်ကို တွေ့ရ သည်။

ပထဝီ (တိုက်) အလိုက်ကြည့်လျှင် အာဖရိကတိုက်နှင့် လက်တင်အမေးရိကနိုင်ငံအများစုတွင် သမ္မတ စနစ်ကျင့်သုံးကြသည်ကိုတွေ့ရသည်။ အာဖရိကတိုက်တွင် (၂၅)နိုင်ငံကျော်၊ လက်တင်အမေရိကတွင် (၂၀) နိုင်ငံခန့်က အသီးသီးကျင့်သုံးကြသည်။

အလားတူ အရှေ့အလယ်ပိုင်းတွင် (၁၀) နိုင်ငံခန့်က ကျင့်သုံးကြသည်။ သို့သော် အာရှတိုက်နှင့် ဥရောပတိုက်က နိုင်ငံအများစု (နိုင်ငံအားလုံးနီးပါး)တွင်မူ ပါလီမန်စနစ်ကို ရွေးချယ်ကြသည်ကို တွေ့ရှိရပြန် သည်။ ဥရောပသမဂ္ဂနိုင်ငံများထဲတွင် ဆိုက်ပရပ်စ်နိုင်ငံသာ သမ္မတစနစ် စစ်စစ်ကျင့်သုံးပြီး ပြင်သစ်နိုင်ငံနှင့် အခြားနိုင်ငံ (၃) နိုင်ငံက ရောစပ်သမ္မတစနစ်ကို ကျင့်သုံးကြသည်။

ကျန်ဥရောပနိုင်ငံ (၂၀) ခန့်သည် ပါလီမန်စနစ် ကျင့်သုံးကြသည်။ အာရှတိုက်တွင် အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ ထိုင်ဝမ်၊ မလီဒိဗ်နှင့်လာအို နိုင်ငံကသာ သမ္မတစနစ် ကျင့်သုံးပြီး ကျန်နိုင်ငံအားလုံးတွင် ပါလီမန်စနစ် ကျင့်သုံးကြသည် (ကွန်မြူနစ်၊ ဘုရင်စနစ်နှင့် စစ်အာဏာရှင်စနစ်နိုင်ငံအချို့မှလွဲ၍)။

ဖက်ဒရယ်စနစ်ကျင့်သုံးသည့် နိုင်ငံအများစုကပါလီမန်စနစ်ကျင့်သုံးကြသည်ကိုလည်း စိတ်ဝင်စားဖွယ်တွေ့ရပါသည်။ ကမ္ဘာပေါ်တွင် ဖက်ဒရယ်စနစ် ကျင့်သုံးသည့်နိုင်ငံပေါင်း (၂၈) နိုင်ငံခန့်ရှိရာတွင် (၁၇) နိုင်ငံခန့်က ပါလီမန်စနစ် ကျင့်သုံးလျက်ရှိပြီး (၁၁) နိုင်ငံခန့်ကသာ သမ္မတစနစ်ကျင့်သုံးကြသည်။

ဖက်ဒရယ်စနစ်ကျင့်သုံးသည့် ကမ္ဘာ့နိုင်ငံ (၂၈) နိုင်ငံ

သမ္မတစနစ်ကျင့်သုံးသည့် ၁၁ နိုင်ငံ –

**Unite State of America, Argentina, Brazil, Comoros, Mexico, Nigeria, Russia, South Sudan, Sudan, Venezuela, and Congo.**

ပါလီမန်စနစ် ကျင့်သုံးသည့် ၁၇ နိုင်ငံ –

**India, Germany, South Africa, Malaysia, Australia, Austria, Belgium, Bosnia and Herzegovina, Canada, Iraq, Spain, Nepal, Pakistan, Saint Kitts and Nevis, Switzerland, Ethiopia, Federated States of Micronesia.**

ခြုံငုံသုံးသပ်ရလျှင် အကြောင်းကြောင်းကြောင့် လက်ရှိတွင် ပါလီမန်စနစ်ကျင့်သုံးသည့် နိုင်ငံသည် ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ပြီး ဖက်ဒရယ်စနစ်ကျင့်သုံးသည့် နိုင်ငံအများစုတွင်လည်း ပါလီမန်စနစ်ကို ရွေးချယ်ကြသည်ကို တွေ့ရသည်။ ပါလီမန်စနစ်ကို ပိုကောင်းသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

### (၃.၁) ပါလီမန်စနစ်နှင့် သမ္မတစနစ်၏ အခြေခံကွာခြားမှု

ကမ္ဘာ့နိုင်ငံရေး အသိုင်းအဝိုင်းတွင် ပါလီမန်စနစ်နှင့် သမ္မတစနစ်မှာ မည်သည့်စနစ်က ပိုကောင်းသည်၊ တည်ငြိမ်မှုရှိသည်၊ ထိရောက်သည် စသည်ဖြင့် ယနေ့အထိ ငြင်းခုန်နေဆဲအရာဖြစ်သော်လည်းတကယ့် လက်တွေ့တွင် ကိုယ့်ရေခံမြေခံ အနေအထားအပေါ်မူတည်၍ ရွေးချယ်ကြသည်ချည်းသာ ဖြစ်ပါသည်။

ထို့ကြောင့် နောက်ပိုင်းတွင် နိုင်ငံသစ်များက ကိုယ့်နိုင်ငံရေးစံတန်ဖိုးများနှင့်အညီ ပုံစံအမျိုးမျိုးဖြင့် မွန်းမံကြရာ ရောစပ်စနစ် (hybrid system–––semi–, quasi–, mixed) အများအပြားပင် ပေါ်ပေါက်လာကြသည်။

အခြေခံအားဖြင့် သမ္မတစနစ်တွင် အုပ်ချုပ်ရေးမဏ္ဍိုင် (executive branch) နှင့် ဥပဒေပြုမဏ္ဍိုင် (legislative branch) တို့သည် သီးခြားရွေးကောက်ပွဲများဖြင့် ပေါ်ပေါက်လာသည့်အတွက် မဏ္ဍိုင်နှစ်ခုကြားအာဏာခွဲဝေမှုနှင့် ထိန်းညှိမှု (separation of powers check and balance) အားကောင်းလေ့ရှိသည်။

ဆန့်ကျင်ဘက်အားဖြင့် ပါလီမန်စနစ်တွင် အုပ်ချုပ်ရေးမဏ္ဍိုင် (အစိုးရ)ကို ဥပဒေပြုမဏ္ဍိုင် (လွှတ်တော်)ကတဆင့် ရွေးကောက်သည့်အတွက် (လူထုကတိုက်ရိုက်ရွေးကောက်ခြင်းမဟုတ်) အာဏာရောထွေးပေါင်းစပ်မှု (fusion) ရှိသည် (Markus Bockforde et al., 2011)။

တနည်းဖြင့် သမ္မတစနစ်တွင် အုပ်ချုပ်ရေးအကြီးအကဲ (သမ္မတ)ကို ပြည်သူများက popular vote ဖြင့် တိုက်ရိုက်ရွေးချယ်သည့်အတွက် အစိုးရအားကောင်းမောင်းသန်ရှိပြီး ပါလီမန်အစနစ်တွင် အစိုးရသည် လွှတ်တော်က ခန့်အပ်ပြီး မလိုတော့လျှင် အယုံအကြည်မရှိမဲ (noconfidencevote) ဖြင့် အချိန်မရွေးပြန်ဖြုတ်နိုင်သည့်အတွက် (Tan, 2017) တနည်းအားဖြင့် လွှတ်တော်ကသနားသည့် ကာလအတွင်းသာ အစိုးရချမ်းသာပြီး အသက်ရှင်သည့်သဘောဖြစ်သည်။

ထို့ကြောင့် သမ္မတစနစ်နှင့်မတူဘဲ ပါလီမန်စနစ်တွင် အစိုးရသည် သက်တမ်းတိတိကျကျမရှိဘဲ လွှတ်တော်က ယုံကြည်လက်ခံသည့် ကာလ အတွင်းသာ ထိုင်ခုံမြဲပါသည်။ အသေးစိတ် အင်္ဂါရပ်များကို ဤနေရာမှာ ဖော်ပြရာလိုအပ်လိမ့်မည် မထင်ပါ။

### (၃.၂) ရောစပ်စနစ်များ (Semi–Presidential and Semi–Parliamentary Systems)

အလွယ်အားဖြင့်ဆိုရလျှင် ဗြိတိန် (UK) နိုင်ငံကို ကမ္ဘာ့ပါလီမန် စနစ်၏ မိခင်ဟု တင်စားလေ့ရှိပြီး အမေရိကန်နိုင်ငံကို သမ္မတစနစ်နှင့် ဖက် ဒရယ်စနစ်၏ ဖခင်ဟုခေါ်ဆိုလေ့ရှိသည်။ သို့သော် ဤနှစ်နိုင်ငံတို့ကို စံတင် နှိုင်းယှဉ်လေ့ရှိသည်။

သို့သော် နောက်ပိုင်းတွင် ၎င်းစနစ်နှစ်ခုကြားတွင် အလယ်အလတ် မျှခြေကို ကိုယ့်နည်းကိုယ်ဟန်ဖြင့်ရှာကြရင်း ရောစပ်သမ္မတစနစ် (semi–presidential system) နှင့် ရောစပ်ပါလီမန်စနစ် (semi–parliamentary system) ဟူ၍ အသီးသီးပေါ်ပေါက်လာရာ ယခုတွင် နိုင်ငံပေါင်း (၂၀) ဝန်းကျင်ရှိနေပါပြီ။

တနည်းအားဖြင့် ရောစပ်သမ္မတစနစ်၏ ရည်ရွယ်ချက်သည် သမ္မတ စနစ်နှင့် ပါလီမန်စနစ်ကြားက အလယ်အလတ် လမ်းကြောင်းကို ခင်းပေး ထားခြင်းဖြစ် ပါသည် (Richard Stacey at le.,, 2014)။ ပညာရှင် ယွန်လင် စ့် ၏ အဆိုတွင် “သမ္မတစနစ်၏ အားနည်းချက်အခါ ရောစပ် သမ္မတစနစ်ကို ဖန်တီးခြင်းဖြစ်ပါသည်ဟု ဆိုထားသည်။ (Linz, 1994, p. 33)။

ပညာရှင် Maurice Duverger အဆိုအရ ရောစပ် သမ္မတစနစ်တွင် အောက်ပါ (၃) ချက်ပါဝင်ရမည် (က) သမ္မတကို လူထုက တိုက်ရိုက်ရွေးချယ် ရမည်၊ (ခ) သူ့မှာ အာဏာ အတန်အသင့်ရှိရည်၊ (ဂ) သို့သော် လွှတ်တော်က သနားမှ ချမ်းသာ(ထိုင်ခုံတည်မြဲ) သော ဝန်ကြီးချုပ်နှင့် သူ့ဝန်ကြီးများရှိရ မည် (Duverger, 1980)။

ရောစပ်သမ္မတစနစ်တွင် အစိုးရအာဏာက လွှတ်တော်ကို တိုက်ရိုက် တာဝန်ခံသည့် ဝန်ကြီးချုပ်နှင့် လူထုကို တိုက်ရိုက်တာဝန်ခံသည့် သမ္မတက ပူးတွဲကိုင်တွယ်ခြင်း (dual executive) (Richard Stacey at el.,, 2014) နှင့် လွှတ်တော်က ဝန်ကြီးချုပ်နှင့် သူ့ဝန်ကြီးချုပ်များကို ဖြုတ်ပိုင်ခွင့်ရခြင်း စသည်တို့ကြောင့် အုပ်ချုပ်ရေး မဏ္ဍိုင်၏ အာဏာကိုကန့်သတ်စေသည်ဟု ယူဆရသော်လည်း လက်တွေ့မှာ ဆန့်ကျင်ဘက်တွေဖြစ်တတ်သည်။

ပြင်သစ်နှင့် ရုရှားကဲ့သို့သော နိုင်ငံများတွင် ၎င်းအစိုးရအကြီးအကဲကို သမ္မတကိုယ်တိုင်ရွေးချယ်ပြီး ပြင်သစ်နိုင်ငံဆိုလျှင် သမ္မတက လွှတ်တော်ဖြုတ်သိမ်းခွင့်အထိ အာဏာရှိသည့်အတွက် အမေရိကန်နိုင်ငံထက်ပင် အုပ်ချုပ်ရေးအာဏာ ပိုမိုမြင့်သည်ဟုဆိုကြသည် (Tombs, 2017)။

အလားတူ သမ္မတကို လွှတ်တော်ကဖယ်ထုတ် (impeach) ခွင့်ရှိသည်ဆိုသော်လည်း ပါလီမန်စနစ်ကဲ့သို့ အများစု (simple majority) မဲဖြင့်ကြိုက်သလိုဖြုတ် (no confidence vote) ၍မရဘဲ super majority ခေါ် ထက်ဝက်ထက်ပိုသည့် မဲဖြင့်သာဖက်ထုတ်၍ရသည်။

လီသိုးနီးယားနိုင်ငံတွင်သာ လွှတ်တော်၏ ငါးပုံ သုံးပုံ မဲလိုအပ်ပြီး ကျန်သည့် ရောစပ်သမ္မတ နိုင်ငံများတွင် သုံးပုံနှစ်ပုံ (သို့မဟုတ်) ငါးပုံလေးပုံနှင့်အထက် သဘောတူညီချက်လိုအပ်သည် (Richard Stacey at el.,, 2014)။ ထို့ကြောင့် သမ္မတကို လွှတ်တော်မှ ဖြုတ်နိုင်ရေးဆိုသည်မှာ မဖြစ်နိုင်သလောက် ခက်ခဲပါသည်။

ရောစပ်သမ္မတစနစ်ကဲ့သို့ပင် ရောစပ်ပါလီမန်စနစ် (semi-parliamentary) ရှိသည်ဟု ဒီဘက်ခေတ်ပညာရှင်တချို့က ခွဲခြမ်းစိတ်ဖြာလာကြရာ ကိုင်းဟုပ်၏ သတ်မှတ်ချက်စာရင်းအရ ဂျပန်၊ ဩစတေးလျနှင့် နိုင်ငံအချို့ကို ထည့်သွင်းခဲ့သည် (Ganghof, 2017)။

သူ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ရောစပ်ပါလီမန်စနစ်သည် (က) လွှတ်တော်နှစ်ရပ်လုံးကို လူထုက တိုက်ရိုက်ရွေးချယ်ခြင်း (ခ) လွှတ်တော်တရပ်ရပ်ကသာ အများအားဖြင့် အောက်လွှတ်တော်က အစိုးရကို အယုံအကြည်မရှိအဆိုဖြင့် ဖြုတ်ချခွင့် (ဂ) ဘဏ္ဍာရေးဘီးကလွဲ၍ ကျန်သည့် ဥပဒေများတွင် အထက်လွှတ်တော်က ဗီတိုအာဏာရှိသည်ဟုဆိုသည်။

အချို့က Israel နိုင်ငံတွင် ၁၉၉၆ မှ ၂၀၀၁ ခုနှစ်အထိ ကျင့်သုံးခဲ့သော Prime Ministerial စနစ်ခေါ် လူထုက လွှတ်တော်နှင့် ဝန်ကြီးချုပ်ကို တပြိုင်တည်း ရွေးချယ် (သမ္မတစနစ်ကဲ့သို့) ပြီး ဝန်ကြီးချုပ်ကိုလွှတ်တော်က အယုံအကြည်မရှိမဲဖြင့် အချိန်မရွေးဖြုတ်ချနိုင်သည့် စနစ်ကိုလည်း ရောစပ်ပါလီမန်စနစ်ဖြစ်သည်ဟု ဆိုကြသည်။ သို့သော် ၎င်းသည် နိုင်ငံတကာပညာရှင်အသိုင်းအဝိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့်လက်ခံခြင်းမရှိသေးပေ။

### (၃.၃) အားသာချက်၊ ခြားနားချက်များနှိုင်းယှဉ်ခြင်း

မည်သည့် နိုင်ငံရေးစနစ်မဆို အားသာချက်နှင့် အားနည်းချက်များ ကိုယ်စီရှိသည့်နည်းတူ ဤစနစ်များသည်လည်း ခြွင်းချက်မဟုတ်ပေ။ ဤအပိုင်းတွင်လည်း မြန်မာ့ရေခံမြေခံပေါ် အခြေခံ၍ထည့်သွင်း စဉ်းစားသင့်သည်ဟု ယူဆသောအချက်များကိုသာ လိုရာစွဲ၍ဆွေးနွေးသွားပါမည်။

### (၃.၃.၁) အင်စကျူးရှင်း နှင့် တကိုယ်တော် (Institutionalized vs Personalized)

ပါလီမန်စနစ်သည် ပါတီအုပ်စုအလိုက် အာဏာစုစည်း တည်ဆောက်ခြင်းကို ဗဟိုပြုသည့်အတွက် ပါတီ အဖွဲ့အစည်းတည်ဆောက်မှု (institutionalized) အားပေးသည်ဟုဆိုပြီး သမ္မတစနစ်တွင်မူ နိုင်ငံရေးသမားတစ်ဦးချင်းစီ၏ လွတ်လပ်စွာ မျှော်ပါမှုကို ဗဟိုပြုသည့်အတွက် တစ်ဦးကောင်းတစ်ယောက်ကောင်း (personalized) ဦးဆောင်မှုစတိုင်ကို အားပေးသည်ဟုဆိုကြသည် (John Gerring et al., 2009) (Juan, 1990)။

အင်စတီကျူးရှင်း ဖြစ်ခြင်းသည် ဒီမိုကရေစီတည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သည့်အရာဟု ယူဆရသော်လည်း နက်ရှိုင်းရှုပ်ထွေး၍ အကျင့်ပျက်သည့် အင်စတီကျူးရှင်း ကြီးကြီးများကြားမှာ နိုင်ငံရေး အာဏာများ နစ်မြုပ်သွားပါက လူထုနှင့် နိုင်ငံရေးသမားများအကြား အဆက်ပြတ်သွားတတ်ပြန်သည်။ ထိုကဲ့သို့သော အခြေအနေမှ လွတ်မြောက်ရန် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း နိုင်ငံရေးသမားက သမ္မတကို တိုက်ရိုက်ရွေးချယ်သည့် လမ်းကြောင်းဖြင့် လူစွမ်းကောင်းလုပ်နိုင်သည်ဟု ယူဆကြသူများလည်း ရှိသည်။ ထို့ကြောင့် သမ္မတစနစ်တွင် နိုင်ငံရေးသမားများသည် လူပိန်းကြိုက်သွေးထိုးနိုင်ငံရေး (populism) ကို အင်အားအဖြစ် အသုံးပြုတတ်သည် (Juan, 1990)။

### (၃.၃.၂) မည်သည့်စနစ်က ပါတီအင်အား ပိုကောင်းစေသနည်း

သမ္မတစနစ်သည် နိုင်ငံသူနိုင်ငံသားအကုန်ယူစနစ်ဖြစ်သည့်အတွက် ရှုံးတဲ့သူက အကုန်လုံးရှုံးသည် (loser loses all) ဟု ပညာရှင် ယွန်လင်စ် ကဆိုသည်။ (Linz, 1994)။ ပါလီမန်စနစ်တွင် ပါတီ သို့မဟုတ် အစုအဖွဲ့ဖြင့် ရွေးကောက်ပွဲဝင်ပြိုင်ပြီး အစိုးရကိုလည်း စုပေါင်းအင်အားဖြင့် ဖွဲ့စည်းသည်။ တခါတရံ တစ်ပါတီတည်းက အစိုးရ မဖွဲ့နိုင်ဘဲအခြား ပုဂ္ဂိုလ်/ပါတီများနှင့် ပူးပေါင်းပြီး မဖြစ်မနေ ညွန့်ပေါင်းအစိုးရဖွဲ့ရန် လိုအပ်သည့်အခါလည်း ရှိသည်။ ပါတီငယ်များက လူနည်းစု ညွန့်ပေါင်းအစိုးရ (minority government) ဖွဲ့သည့် ဖြစ်ရပ်မျိုးလည်း မကြာခဏကြုံတွေ့တတ်သည်။

၁၉၄၆ မှ ၁၉၉၉ ခုနှစ်အထိ ကမ္ဘာ့ ပါလီမန်စနစ်အခြေခံ အစိုးရဖွဲ့စည်းမှု၏ ၂၂ ရာခိုင်နှုန်းသည် လူနည်းစုအစိုးရဖြစ်သည် (Cheibub et al., 2002)။ ထို့ကြောင့် ပါလီမန်စနစ်ကျင့်သုံးသည့် နိုင်ငံများတွင် သာမန်အားဖြင့် ပါတီပေါင်းစုံရှိတတ်သည် (Linz, 1994, p. 34)။

သို့သော် ပါတီနည်းခြင်း၊ များခြင်းသည် အစိုးရဖွဲ့စည်းမှုစနစ် တစ်ခုတည်းနှင့် သက်ဆိုင်သည်တော့မဟုတ်ချေ။ ရွေးကောက်ပွဲစနစ်ဖြစ်သည့် နိုင်သူအကုန်ယူစနစ် (FPTP) နှင့် အချိုးကျ ကိုယ်စားပြုစနစ် (PR) စနစ်တစ်ခုခုရွေးချယ်ကျင့်သုံးမှုအပေါ်မှာလည်း များစွာမူတည်သည်။ ထို့ကြောင့် သမ္မတစနစ် ကျင့်သုံးသော လက်တင်အမေရိကနိုင်ငံ (၉)ခုမှာ နှစ်ပါတီထက်ပိုသည့် ပါတီစုံကို တွေ့ရှိရကြောင်း ပညာရှင် လင်စ့် ကပင် ဆက်လက်ထောက်ပြပါသည်။

ခြုံပြောရလျှင် သမ္မတစနစ်တွင် နိုင်ငံရေးစုစည်းမှုအားနည်း (Carey, 2007) ပြီး အုပ်ချုပ်ရေး (သမ္မတ) ကို သီးခြား ရွေးချယ်ခြင်းကြောင့် နိုင်ငံရေးပါတီစုစည်းမှု အားနည်းတတ်သည် (Shugart, 1998)။ အာဏာအလွန်ပျော့ ပြောင်းသော နှစ်ပါတီ (tow-party system)စနစ်ကို သာမန်အားဖြင့်ကျင့်သုံးလေ့ရှိသည်။

ပြောင်းပြန်အားဖြင့် ပါလီမန်စနစ်တွင် နိုင်ငံရေးပါတီများသည် စည်းကမ်းတကျဖွဲ့စည်းထားပြီး ပါတီခေါင်းဆောင်များက တင်းကြပ်စွာဦးဆောင်လေ့ရှိသည် (Aurel Croissant et al., 2004)။ ထို့အပြင် ပါတီငယ်များ ရှင်သန်ခွင့်ပိုပေးထားသည်။ အမှန်စင်စစ် ပါလီမန်စနစ်တွင် လွှတ်တော်မှာ အာဏာရှိသည် ဆိုသော်ငြားလည်း တကယ့်အာဏာအရင်းခံသည် အနိုင်ရပါတီဖြစ်ပါသည်။

### (၃.၃.၃) မြန်ဆန်မှုနှင့် တည်ငြိမ်မှု (Speed & Stability)

အထက်တွင် ဖော်ပြထားပြီး ဖြစ်သည့်အတိုင်း သမ္မတစနစ်တွင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်ကို သီးခြားရွေးကောက်ပွဲဖြင့် ဖွဲ့စည်းထားသည့်အတွက် အာဏာခွဲဝေမှုနှင့် ထိန်းကျောင်းမှုရှိရာ အစိုးရ (အုပ်ချုပ်ရေး) အားကောင်းပြီး ထိရောက်မြန်ဆန်မှုရှိသည်ဟု ယေဘုယျအားဖြင့် ဆိုကြသည်။

ပါလီမန်စနစ်တွင် အစိုးရသည် သူ့တာဝန်ခံထားသည့် လွှတ်တော်ထံသွားသွားညှိနေရသည့်အတွက် ကြန့်ကြာတတ်သည်။ တဘက်မှာ သမ္မတ

စနစ်တွင် လွှတ်တော်နှင့် အစိုးရ (သမ္မတ)မှာ အနိုင်ရသည့် ပါတီ/အုပ်စု မူတသည့်အခါ နိုင်ငံရေးအားပြိုင်မှု (friction) မြင့်မားလေ့ရှိပြီး (Novak, 2014) တခါတရံ သောင်တင (deadlock)သည် အထိပင် ရှိတတ်ပြန်သည် (သာဓက–အမေရိကန်နိုင်ငံ)။

ပြောင်းပြန်အားဖြင့် ပါလီမန်စနစ်တွင် လွှတ်တော်နှင့် အစိုးရ သည် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းသည့်အခါမျိုးမှလွဲ၍ တစ်ပါတီတည်း (တစ်သားတည်း) ဖြစ်သည့်အတွက် ပိုမိုမြန်ဆန်တတ်သည်ဟု ယူဆသူများ လည်းရှိသည်။

တည်ငြိမ်မှုအပိုင်းနှင့် ပတ်သက်၍ သမ္မတစနစ်တွင် အစိုးရနှင့် လွှတ်တော်ကြားမှာ အလွန်အကျွံ အားပြိုင်မှု နှင့် ထိန်းကျောင်းမှုကြောင့် ရှေ့မတိုးနိုင် (deadlock) ဖြစ်တတ်သည်။

ပါလီမန်စနစ်တွင် deadlock မရှိပါ။ Yale University မှ ပညာရှင် Cheibub နှင့် သူ့မိတ်ဆွေ၏ လေ့ လာ တွေ့ရှိချက်အရ deadlock ကြုံတွေ့ သည့် သမ္မတ စနစ်ကျင့်သုံးသော (၂၆) နိုင်ငံတွင် တစ်နိုင်ငံနှုန်းဖြင့် ဒီမိုက ရေစီစနစ် ကျဆုံးရာတွင် deadlock မကြုံသည့် နိုင်ငံပေါင်း (၃၁) နိုင်ငံတွင် တစ်နိုင်ငံနှုန်းသာ ဒီမိုကရေစီကျဆုံးသည်ဟု ဖော်ပြသည် (Cheibub et al., 2002, p. 4)။

၎င်းကို ကောက်ချက်စွဲလျှင် သောင်တင်မှု (deadlock) ဖြစ်ပေါ်တတ် ခြင်းသည် ဒီမိုကရေစီကျဆုံးခြင်းဆီသို့ တစုံတရာ တွန်းပို့စေတတ်သည်။ လက်တင် အမေရိကနိုင်ငံများတွင် ဒီမိုကရေစီ ခိုင်ခန့်မှုမရှိခြင်းသည် သမ္မတ စနစ် မတည်ငြိမ်မှုအကျိုးဆက်ဖြစ်သည်ဟု သုံးသပ်သူများလည်း ရှိသည်။

တဘက်တွင် ပါလီမန်စနစ်တွင်လည်း ရွေးကောက်ပွဲမှာ ပါတီတစ် ခုတည်းက အပြတ်သတ် အနိုင်မရနိုင်၍ အစိုးရမဖွဲ့နိုင်ခြင်း (သို့မဟုတ်) အခြားပါတီများနှင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရာ တခါတလေ မူဝါဒချင်း မတူ၍ ညှိမရဖြစ်ခြင်းနှင့် အစိုးရကို ဖြုတ်ချခြင်း....စသည့် မညတ်မငြိမ်မှု များကြုံတွေ့တတ်ပါသည်။

မည်သို့ပင်ဆိုစေ ၁၉၄၆ နှင့် ၁၉၉၉ ကြား ရာစုနှစ် ထက်ဝက်နီးပါး ကာလအတွင်း သမ္မတစနစ် ကျင့်သုံးသည့် (၂၃)နိုင်ငံတွင် (၁) နိုင်ငံနှုန်းဖြင့် ကျဆုံး (အာဏာရှင်စနစ်သို့ ကူးပြောင်း)ရာမှာ ပါလီမန်စနစ်ကျင့်သုံးသည့် (၅၈)နိုင်ငံတွင် တစ်နိုင်ငံနှုန်းသာ ကျဆုံးခဲ့ပါသည် (Cheibub et al., 2002)။

စာရင်းအရဆိုလျှင် ပါလီမန်စနစ်က ပို၍တည်ငြိမ်သည်ဟု ဆိုရမည်။

## (၃.၃.၄) မည်သည့်စနစ်တွင် အစိုးရအာဏာ ပိုရှိသနည်း

အခြေခံအားဖြင့် သမ္မတစနစ်တွင် အစိုးရသည် လူထုတိုက်ရိုက်ရွေးချယ်သည့် လူတစ်ဦးတစ်ယောက်၏ လက်အောက်တွင် ရှိသည်။ ဆိုခဲ့ပြီးသည့်အတိုင်း ပါလီမန်စနစ်တွင် အစိုးရသည် လွှတ် တော်က အစုအဖွဲ့အလိုက် ရွေးချယ်ထားသည့်အတွက် သာမန်အားဖြင့် လွှတ်တော်ကို အာခံဝံ့လောက်သည့် အာဏာမရှိပေ။

ထို့ကြောင့် သမ္မတစနစ်တွင် အစိုးရက ပိုပြီးအာဏာရှိသည် (powerful) ထိရောက်မြန်ဆန်မှု ပိုမိုရှိသည်ဟု ယေဘုယျအားဖြင့် သုံးသပ်ကြသည်။ တဘက်မှာ လွှတ်တော်တွင် အခြားပါတီက အင်အားကောင်းနေလျှင် သမ္မတ၏ အာဏာကို ချိနဲ့သွားစေသည့်အခါလည်း ရှိတတ်ပါသည်။ ပါလီမန်စနစ်တွင် အစိုးရ (ဝန်ကြီးချုပ်) သည် လွှတ်တော်မှာ အနိုင်ရသည့်ပါတီ ခေါင်းဆောင်ဖြစ်သည့်အတွက် တသားတည်းဖြစ်ပြီး ပို၍ပင် အာဏာရှိသည်ဟု သုံးသပ်သူများ လည်းရှိသည်။ ထို့ကြောင့် ဗြိတိန် ဝန်ကြီးချုပ်သည် အမေရိကန် သမ္မတထက် အာဏာပိုရှိသည်ဟု ဆာဂျင်တစ်က မှတ်ချက်ပြုခဲ့သည် (Sargentich, 1993)။

အခြားတဘက်မှာ သမ္မတစနစ်တွင် ဝန်ကြီးချုပ် ဦးဆောင်စနစ်နှင့်မတူဘဲ အစိုးရ (သမ္မတ) သည် အရေးပေါ်ကာလ ကြေညာပိုင်ခွင့်၊ ဗီတိုအာဏာနှင့် ဒီဂရီအာဏာတို့ကို ပိုင်ဆိုင်လေ့ရှိသည်။ အထက်တွင် ဖော်ပြပြီးသည့်အတိုင်း အချို့ရောစပ်သမ္မတစနစ်နိုင်ငံများတွင် လွှတ်တော်တရပ်လုံးကိုပင် သမ္မတက ဖျက်သိမ်းပိုင်ခွင့်ရှိသည့်အတွက် ထိုသို့သော အပိုင်းများတွင် သမ္မတစနစ်သည် ပို၍ဩဇာအာဏာရှိကြောင်း တွေ့ရသည်။ အလွန်အကျွံအာဏာရှိသည်ဟုပင် ထောက်ပြသူများရှိသည်။

ပါလီမန်စနစ်တွင် အထူးသဖြင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းသည့် ကာလများတွင် ဝန်ကြီးချုပ်သည် သူ့ဝန်ကြီးများထက်ပိုပြီး အာဏာများများစားစား မပိုင်ဆိုင်တတ်ပေ (Juan, 1990)။ သမ္မတစနစ်တွင်မူ ဝန်ကြီးများသည် သမ္မတဦးဆောင်မှုအောက်တွင် တသွေးတသံတမိန့်ဖြင့် ပြားပြားဝပ်နေရသည်။

ပါတီစုံဖြင့် ဇာတ်ကနေရသော ပါလီမန်စနစ်တွင် အငြင်းပွားဖွယ်ရာအကြောင်းအရာများအပေါ် သဘောထားရပ်တည်ချက် ထားရှိခြင်းနှင့် ငြင်းခုန်ခြင်းများကို ရှောင်ရှားလေ့ရှိ (Sargentich, 1993) ပြီး ရဲရင့်သော ဦးဆောင်မှုကို မပေးနိုင်ဟု ဝေဖန်ထောက်ပြသူများရှိသည်။

### (၄.၃.၅) ကိုယ်စားပြုမှု (Legitimacy) အပိုင်း

သမ္မတစနစ်၏ အဓိကရပ်တည်ချက် နှစ်ခုထဲက တစ်ခုသည် အုပ်ချုပ်ရေး/အစိုးရအကြီးအကဲ (head of executive of government) ကို လူထုက တိုက်ရိုက်ရွေးချယ်ခြင်းဖြစ်သည့်အတွက် လူထုကိုယ်စားပြုမှု (legitimacy) အခိုင်အမာ ရရှိခြင်းဖြစ်သည် (Juan, 1990, p.52)။

ပါလီမန်စနစ်တွင် ၎င်းကို လွှတ်တော်ကတဆင့် ရွေးချယ်ရသည်။ သို့သော် သမ္မတစနစ်သည် နိုင်သူအကုန်ယူစနစ်ဖြစ်သည်နှင့်အညီ အချိုးကျကိုယ်စားပြု (PR) စနစ်ကျင့်သုံး၍မရ ဖြစ်သည့်အတွက် တချို့အပိုင်းတွင် သမ္မတ၏ ပြည်သူ့အပေါ် ကိုယ်စားပြုမှုကို မေးခွန်းထုတ်စရာရှိပါသည်။ ဥပမာ– သမ္မတလောင်း A, B, C, D နှင့် E တို့ ဝင်ပြိုင်ရာမှာ (A) က စုစုပေါင်းမဲ၏ ၃၅ ရာခိုင်နှုန်းဖြင့် အနိုင်ရသည်ဆိုပါစို့၊ မဲအများစုမရဘဲ ပြည်သူကို အမှန်တကယ်ကိုယ်စားပြုပါသလော....စသည်ဖြင့်။ ၎င်းမဲပေးရွေးချယ်နည်းကို နိုင်သူ အကုန်ယူစနစ် (FPTP) ထဲက plurality voting ဟုခေါ်သည်။

ထို့ကြောင့် ၎င်း (FPTP) စနစ်ထဲက Absolute Majority ခေါ် ၅၀ ရာခိုင်နှုန်းကျော် မဲရမှ သမ္မတအတည်ပြုသည့် စနစ်ကို နောက်ပိုင်းတွင် ကျင့်သုံးမှုများလာသည်။ နှစ်ကြိမ် မဲထည့်နိုင်သည့် စနစ် (Two-round System) ဟုလည်း ခေါ်ကြသည်။

နောက်ထပ်စဉ်းစားစရာတစ်ခုမှာ ပါလီမန်စနစ်၏ no confidence motion ဖြင့် အစိုးရ (ဝန်ကြီးချုပ်) ကို ဖြုတ်ချခွင့်ရှိခြင်းနှင့် အချို့သော သမ္မတစနစ်တွင် လွှတ်တော်ကိုဖြုတ်သိမ်း (dissolve) ပိုင်ခွင့်ရှိခြင်းဆိုသည့် အချက်ဖြစ်ပါသည်။

စဉ်းစားစရာမှာ လူထုတိုက်ရိုက်ရွေးချယ်သည့် သမ္မတ (တစ်ဦး) နှင့် လူထုရွေးချယ်ထားသည့် ကိုယ်စားလှယ်ပေါင်း ရာနှင့်ချီဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်၊ မည်သူက လူထုကိုပို၍ ကိုယ်စားပြုပြီး မည်သူ့ကို အာဏာပိုပေးသင့်သနည်းဆိုသည့် အချက်ဖြစ်သည်။ တဖက်တွင် ကိုယ်စားပြုမှုအပြင် အထက်မှာ တင်ပြပြီးဖြစ်သည့် တည်ငြိမ်မှုနှင့် ထိရောက်မှုဆိုသည့်အပိုင်းကိုလည်း ဤနေရာတွင်ထည့်တွက်ပေးရပါမည်။

## ၄။ နားလည်ရခက်ခဲသော တိုင်းရင်းသားများ ရပ်တည်ချက်တချို့

တိုင်းရင်းသား နိုင်ငံရေးအဖွဲ့အစည်းများ တင်ပြသော နိုင်ငံရေးသဘောထားများနှင့် ရပ်တည်ချက်များတွင် အခြေခံအားဖြင့် မတူညီသော ပါလီမန်စနစ်နှင့် သမ္မတစနစ်၏ အင်္ဂါရပ်များ ပေါင်းစပ် (ရောထွေး) လေ့ရှိ

သည်ကို တွေ့ရသည်။

တချို့အချက်များသည် ရောစပ်စနစ်၏ (mixed, hybrid of semi –) သဘောဖြစ်သည်ဟု ယူဆလို့သော်လည်း တချို့သည် မရောထွေးအပ်သည့် အရာများဖြစ်သည်ဟု မိမိအနေဖြင့် နားလည်ရပါသည် (မိမိမသိ ဗဟုသုတ က လိုက်မမီသည်လည်း ဖြစ်နိုင်ပါသည်)။

## (၄.၁) ပါလီမန်စနစ်ရွေးချယ်ရင်း အာဏာခွဲခြားမှုနှင့် ထိန်းကျောင်းမှု လိုလားခြင်း

တိုင်းရင်းသား အဖွဲ့အစည်းများ ရွေးဆွဲသော ဖက်ဒရယ်မူနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ခပ်များများတွင် အထက်ပါဆန့်ကျင်ဘက်စနစ် နှစ်မျိုးရောစပ်ထားသည်ကို တွေ့ရသည်။ သာဓကအားဖြင့် FCDCC ၏ ဖက်ဒရယ်အခြေခံဥပဒေ (မူကြမ်း) ပုဒ်မ (၁၂၁) မှ (၁၂၃) အထိတွင် ပါလီမန်စနစ် (အောက်လွှတ်တော်က ရွေးချယ်သော ဝန်ကြီးချုပ် ဦးဆောင်သည့်အစိုးရစနစ်) ကျင့်သုံးမည်ဟုပါရှိရာ ပုဒ်မ (၅) တွင် 'မဏ္ဍိုင်သုံးရပ်၏ အာဏာတို့ကို ခွဲခြားကျင့်သုံးစေရမည့်အပြင် အာဏာတရပ်နှင့်တရပ်အကြား အပြန်အလှန် ထိန်းညှိမှုရှိစေရမည်'ဟု ပြဋ္ဌာန်းထားပြန်သည်။

အထက်တွင် ဖော်ပြပြီးသည့်အတိုင်းအ ပါလီမန်စနစ်၏ အခြေခံ စံနှုန်းတစ်ခုသည် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်အကြား အာဏာ စီးကူးခြင်း (fused) ဖြစ်ပါသည်။ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး မဏ္ဍိုင်အကြား အာဏာခွဲခြားမှု (separation of powers) နှင့် မဏ္ဍိုင်သုံးရပ် အကြား အပြန်အလှန် ထိန်းကျောင်းမှု (check and balance) တို့သည် မိမိ ဉာဏ်မီသလောက်ဆို သမ္မတစနစ်မှာသာ ကျင့်သုံးလေ့ရှိပါသည်။

## (၄.၂) ရှမ်းပါတီ (SNLD) ၏ ပါလီမန်စနစ်ထဲက သုံးချက်

တောင်ကြီးမူနှင့် သမိုင်းစဉ်ဆက် တိုင်းရင်းသားများ၏ နိုင်ငံရေးမူကို တင်းတင်းကြပ်ကြပ်ကိုင်စွဲတတ်သော ကွန်ဆာဗေးတစ်ပါတီအနေဖြင့်မူ ဝန်ကြီးချုပ်ဦးဆောင်သည့် ပါလီမန်စနစ် (parliamentary system) လိုလားကြောင်း အခြေခံဥပဒေပြင်ဆင်ရေး ၄၅ ဦးကော်မတီတွင် တင်ပြလင့်ကစား ပါလီမန်စနစ်များတွင် သာမာန်အားဖြင့် ကျင့်သုံးလေ့မရှိသော အချက်တချို့ တင်ပြထားသည်ကို တွေ့ရပြန်သည်။

မထမအချက်အနေဖြင့် ပုဒ်မ (၂၀၀)(င)(၃)ကို ပြင်ဆင်လိုကြောင်း တင်ပြရာတွင် "ဝန်ကြီးချုပ် သို့မဟုတ် ပြည်ထောင်စုအစိုးရ တစ်ဖွဲ့လုံး

ကို အယုံအကြည်မရှိအဆို (no-confidence motion) တင်သွင်းပါက အောက်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံနှစ်ပုံထောက်ခံရမည်”ဟု ဆိုထားသည်။

သာမာန်အားဖြင့် ပါလီမန်စနစ်တွင် အယုံအကြည်မရှိအဆိုကို အောက်လွှတ်တော်ကိုယ်စားလှယ်အများစု (absolute majority) မဲဖြင့် အတည်ပြုလေ့ရှိသည်။ သာဓက- မြန်မာနိုင်ငံ၏ ၁၉၄၇ အခြေခံဥပဒေ၊ FCDCC စာတမ်းနှင့် ဗြိတိန်နိုင်ငံ စနစ်။ ယခုလို super majority ဖြင့် တခါးဝကန့်သတ်မှု (threshold) ပြုလုပ်ခြင်းသည် သာမာန်အားဖြင့် သမ္မတစနစ်တွင်သာ ကျင့်သုံးလေ့ရှိသည်။

ဒုတိယအနေဖြင့် ပုဒ်မ (၂၀၀) (ခ) (၂)တွင် ဝန်ကြီးချုပ်က ဝန်ကြီးများကို “လွှတ်တော်ကိုယ်စားလှယ်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူဖြစ်စေ ခန့်အပ်နိုင်သည်”ဟု အဆိုပြုထားသည် (NLD ပါတီကမူ ၎င်းစကားရပ်ကို ပယ်ဖျက်ရန် တင်ပြခဲ့သည်)။ ၁၉၆၁ ခုနှစ် တောင်ကြီးညီလာခံတွင် ရှမ်းကိုယ်စားလှယ်များက တင်ပြသည့်အဆိုပြုချက် အမှတ် (၅)မှာလည်း “ဝန်ကြီးချုပ်များသည် ပါလီမန်အမတ်များသာ ဖြစ်ရမည်”ဟု ပါရှိခဲ့သည်။

သို့သော် West minister စနစ် မကျင့်သုံးသည့် နော်ဝေး၊ ဘေလီဂျီယန်၊ နေသာလန် နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံ ပါလီမန်စနစ်များတွင် လွှတ်တော်အမတ် မဟုတ်သူများ ဝန်ကြီးခန့်အပ်ခွင့်ပြုထားသည်လည်း တွေ့ရှိပါသည် (Bulmer, 2019)။

နိုင်ငံရေးယဉ်ကျေးမှု နှိုင်းယှဉ်ချက်သဘောအရဆိုလျှင် အများအားဖြင့် ပါလီမန်စနစ်တွင် လွှတ်တော်ကိုယ်စားလှယ်ထဲကသာလျှင် ဝန်ကြီးများကို ခန့်အပ်လေ့ရှိပြီး အမတ်မဟုတ်သူများ ခန့်အပ်ခွင့်ကိုသာမာန်အားဖြင့် သမ္မတစနစ်တွင်သာ ကျင့်သုံးလေ့ရှိပါသည်။

တတိယအနေဖြင့် သမ္မတ၏ အာဏာကိုမြှင့်တင်ပေးခြင်းဖြစ်သည်။ သာမန်အားဖြင့် Parliamentary Republics ခေါ် ဘုရင်မထားရှိသည့် ပါလီမန်စနစ်တွင် သမ္မတကို နိုင်ငံဦးသျှောင် (Figurehead) သက်သက်ဖြင့် ထားရှိရာ ဝန်ကြီးချုပ်ကို အုပ်ချုပ်ရေးအာဏာ ပုံအပ်လေ့ရှိပါသည် (ဥပမာ- အိန္ဒိယနိုင်ငံ)။

သို့သော် ရှမ်းပါတီ တင်ပြချက်တွင် သမ္မတကို အထက်လွှတ်တော်က သီးသန့်ရွေးချယ်စေပြီး သူ့ကို နိုင်ငံခြားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးတွင်

အာဏာပိုပေးထားပါသည်။ သာဓကအားဖြင့် ပုဒ်မ (၄၁၀) နှင့် ပတ်သက်၍ **SNLD** တင်ပြချက်တွင် သမ္မတက ကာလုံနှင့်ညှိပြီး "အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။

ပါလီမန်စနစ်တွင် ပါတီက ဦးဆောင်ရမည် ဆိုသည့် ပါလီမန်စနစ် အင်္ဂါရပ်ဖြင့် ဘောင်ခတ်ထားသလို ဖြစ်ပြန်သည့်အတွက် ရှုပ်ထွေးမှုရှိသည် ဟု သုံးသပ်မိပါသည်။

### (၄.၄) လွှတ်တော်နှစ်ရပ် အာဏာတူ ပေးရေးမူ

သာမာန်အားဖြင့် ပါလီမန်စနစ်တွင် အထက်လွှတ်တော်သည် အားနွဲ့တတ်သည်။ အထူးသဖြင့် တစ်ပြည်ထောင် (unitary) ပါလီမန်စနစ်မှာ ပိုဆိုးသည်။ သို့သော် ရောစပ်သမ္မတစနစ် ကျင့်သုံးသည့် ပြင်သစ်ကဲ့သို့သော နိုင်ငံများတွင်လည်း အထက်လွှတ်တော်အားနည်းပါသည်။

တပြည်ထောင်စနစ် ကျင့်သုံးသည့် နိုင်ငံဖြစ်ခြင်းနှင့်လည်း သက်ဆိုင်လိမ့်မည်။ ဦးနု ပါလီမန်စနစ်ခေတ် ၁၉၄၇ အခြေခံဥပဒေလည်း ထိုနည်းရင်းပင် ဖြစ်ခဲ့သည်။

ထိုကဲ့သို့ ခါးသီးသော သင်ခန်းစာရရှိထားသည့် တိုင်းရင်းသားခေါင်းဆောင်များက နောက်ပိုင်းတွင် "လွှတ်တော်နှစ်ရပ်အာဏာတူပေးရေး" မူ၊ တနည်းအားဖြင့် အထက်လွှတ်တော် အားကောင်းရေးမူကို တစိုက်မတ်မတ် ပြောဆိုလာတော့သည်။ တကယ်လည်း ဖက်ဒရယ်စနစ်နှင့် သမ္မတစနစ်ကျင့်သုံးသော နိုင်ငံများတွင် အားကောင်းသော အထက်လွှတ်တော် တည်ဆောက်လေ့ရှိသည်။

အားလုံးသိရှိသည့်အတိုင်း အထက်လွှတ်တော်ဆိုသည်နှင့် လူနည်းစုများအတွက် ဒီဇိုင်းလုပ်ထားခြင်းဖြစ်ပါသည်။ **Consociationalism** ဒီမိုကရေစီစနစ်ကို ပုံဖော်သည့်အနေဖြင့် လူဦးရေအချိုး အစား မညီမျှသည့်အုပ်စုအချင်းချင်းအကြား အများစုက ခြယ်လှယ်မှုမရှိအောင် အထက် လွှတ်တော် ယန္တရားဖြင့် ထိန်းကျောင်းခြင်းနှင့် မျှခြေ (leverage) ပြုလုပ်ခြင်းဖြစ်ပါသည်။

တိုင်းရင်းသားလက်နက်ကိုင် (၁၂) ဖွဲ့က သမ္မတစနစ် ရွေးချယ်ခြင်းသည်ပင်လျှင် အားကောင်းမောင်းသန် ရှိသော အထက်လွှတ်တော်ကို မက်မော၍ ဖြစ်တန်ရာ၏၊ တိုင်းရင်းသားများသည် လူဦးရေအရ ထက်ဝက်

ပင် မကျော်သည့်အတွက် မည်သည့်စနစ် (ပါလီမန်၊ သမ္မတ) ပင် ကျင့် သုံး အုပ်ချုပ်ချုပ်ရေး (အစိုးရ) အကြီးအကဲနေရာရရန် မဖြစ်နိုင်သလောက်ခက်ခဲပါသည်။

ထို့ကြောင့် အမေရိကန်ကဲ့သို့ အားကောင်းသည့် အထက်လွှတ်တော် မျိုး ဖန်တီးပြီး ၎င်းကို တိုင်းရင်းသားများ ပိုင်ပိုင်နိုင်နိုင်ထိန်းချုပ်နိုင်လျှင် တော်လောက်ပြီဟု ယူဆသည်လည်းဖြစ်နိုင်သည်။

မိမိပြည်နယ်မှာ မိမိတိုင်းရင်းသား နိုင်ငံရေးအင်အားဖြင့် အစိုးရ ဖွဲ့နိုင်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရပြီး၊ ပြည်ထောင်စုမှာ အားကောင်းသည့် အမျိုးသားလွှတ်တော်ကို ထိန်းချုပ်နိုင်လျှင် လူနည်းစု တိုင်းရင်း သားများ အတွက် လုံလောက်ပါပြီ၊ ဗဟိုအစိုးရ (head of executive) ကို မမျှော်လင့် ပါဘူးဆိုသည့် ယူဆချက်သည်လည်း ကျိုးကြောင်းဆီလျှော်မှုရှိပါသည်။

ဤနည်းဖြင့် လွှတ်တော်နှစ်ရပ် အာဏာတူပေးပြီး အပြန်အလှန် ဗီတိုအာဏာ (mutual veto) သုံးခွင့်ကို တိုင်းရင်းသားများက တင်ပြကြ သည်။ အာဏာတူပေးရေးသည် မူအားဖြင့် မှန်ကန် သော် လည်း ထည့်တွက် စဉ်းစားသင့်သည့် အချက် (၂)ချက်ရှိပါသည်။

လက်ရှိ ၂၀၀၈ အခြေခံဥပဒေ ပုဒ်မ (၁၀၁)(၁၃၆) နှင့် (၁၅၆) အရ ပြည်သူ့နှင့် အမျိုးသားလွှတ် တော်ကို ဥပဒေပြုအာဏာတူပေးထားသလို ဖြစ်မသွားရန် အရေးကြီးပါသည်။ အပြန်အလှန်ပယ်ချခွင့် (mutual veto) ပေးထားသည်ဆိုလျှင်လည်း ရှေ့မတိုးနိုင်ဖြစ်သွားလျှင် မည်ကဲ့သို့ကျော် လွှားမလဲဆိုသည့် ယန္တရား (deadlock breaking mechanism) ရှင်းလင်းဖို့ လိုအပ်ပြန်သည်။

၂၀၀၈ အခြေခံဥပဒေကဲ့သို့ ပူးပေါင်းလွှတ်တော် (joint session) ခေါ် ပြီး မြဲခွဲလျှင် အမျိုးသားလွှတ် တော် နစ်နာမည်မှာ သေချာသည်။ (ဤနေရာ မှာ ဩစတေးလျနိုင်ငံ နမူနာကို ကြည့်ရမည်ဆိုလျှင် အောက်လွှတ်တော်က တင်ပြသည့် ဥပဒေအဆိုပြုချက်ကို အထက်လွှတ်တော်က နှစ်ကြိမ်တိုင်တိုင် ပယ်ချလျှင် ဝန်ကြီးချုပ်အကြံပေးချက်ဖြင့် အထွေထွေအုပ်ချုပ်ရေးမှူး (နိုင်ငံ အကြီး အကဲ)က လွှတ်တော်နှစ်ရပ်လုံးကို ဖြုတ်သိမ်းပြီး ရွေးကောက်ပွဲပြန် ကျင်းပပေးရမည်။

၎င်းမှ ပေါ်ပေါက်လာသော အထက်လွှတ်တော်အသစ်က ၎င်းအဆို ကို တတိယအကြိမ်အဖြစ် ထပ်မံပယ်ချပါက လွှတ်တော်နှစ်ရပ် ပူးပေါင်း

အစည်းအဝေး (Joint Session) ခေါ်ပြီး တက်ရောက် (လွှတ်တော်နှစ်ရပ်လုံး) အမတ်အားလုံး၏ ၅၀ ရာခိုင်နှုန်းကျော် (Absolute Majority) သဘောတူမဲဖြင့် ဆုံးဖြတ်သည်။ တနည်းအားဖြင့် နောက်ဆုံးတွင် မဲပိုများသော လွှတ်တော် (အောက်လွှတ်တော်) က အသာစီးရစမြဲဖြစ်သည်။

FCDCC ၏ အခြေခံဥပဒေမူကြမ်း ပုဒ်မ (၅၆)တွင် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် (အထက်လွှတ်တော်၊ အောက်လွှတ်တော် ပူးပေါင်းအစည်းအဝေး) ဆန္ဒမဲ ရယူခြင်းနှင့် စပ်လျှင်း၍ "အမျိုးသားလွှတ်တော် နှင့် ပြည်သူ့လွှတ်တော်မှ တက်ရောက်လာကြသော လွှတ်တော်တရပ်ချင်းစီမှ ကိုယ်စားလှယ်များ၏ အများစု ဆန္ဒမဲ ရရှိစေရမည်"ဟု ပြဋ္ဌာန်းထားသည်။

သို့သော် ပုဒ်မ (၆၆)(ဂ)တွင် "ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရန် လိုအပ်သော ကိစ္စရပ်များ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ မဲအရေ အတွက် တူညီနေသောအခါ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် သဘာပတိသည် … အနိုင်မဲကို ပေးရမည်"ဟု ထပ်မံထည့်သွင်းပြန်သည်။

ဤနေရာတွင် ပုဒ်မ (၅၆) အရ လွှတ်တော်တရပ်ချင်းစီ၏ အများစုဆန္ဒမဲ ရယူမည်ဖြစ်ရာ မည်ကဲ့သို့ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲနေလျှင် သဘာပတိက အဆုံးအဖြတ်ဖြင့် မဲပေးမည်ဆိုသည့် သဘောမျိုးလော၊ ဩစတေးလျ ကဲ့သို့ လွှတ်တော်နှစ်ရပ်စုပေါင်း မြပေးခိုင်ခြင်းမျိုးလား၊ အခြားနည်းလည်း တစ်ခုခုလား၊ ရှင်းလင်းမှုမရှိဖြစ်နေသည်။

တိုင်းရင်းသားလက်နက်ကိုင် (၁၂) ဖွဲ့၏ ဖက်ဒရယ်မူတွင် "လွှတ်တော်နှစ်ရပ် ဥပဒေပြုခွင့်အာဏာတူ" ရှိရမည်ဟု သတ်မှတ်ပြီး "လွှတ်တော်နှစ်ရပ် ပူးတွဲအစည်းအဝေးခေါ်ယူပြီး မဲခွဲဆုံးဖြတ်ခြင်း မရှိစေရ" ဟု ပြဋ္ဌာန်းထားသည်။ Mutual Veto ခေါ် အပြန်အလှန် ပယ်ချခွင့်လည်း ပေးထားသည်။

FCDCC မူထက် ရှင်းလင်းမှု ပိုရှိသည်ဟုဆိုရမည်။ သို့သော် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အခါ လွှတ်တော်တစ်ရပ်ရပ်က သဘောမတူမချင်း ၎င်းကိုဆိုင်းငံ့မည်လား။

မဖြစ်မနေဆုံးဖြတ်သင့်သောအရာ ဖြစ်လာလျှင်မည်ကဲ့သို့ ဖြေရှင်းမနည်း။ ဩစတေးလျ ကဲ့သို့ လွှတ်တော်ဖြုတ်သိမ်းမည်လား၊ ပိတ်ဆို့မှုကျော်လွှားနိုင်မည့် ယန္တရား (deadlock breaking) မရှိလျှင် ဘေးကြပ်နံ

ကြပ်ဖြစ်မလား။

မိမိအမြင်ကို တင်ပြရလျှင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်များကို အာဏာတူရှိသည်ဟု ယေဘုယျဆန်ဆန် သတ်မှတ်မည့်အစား လွှတ်တော်တရပ်ချင်းစီအား လုပ်ပိုင်ခွင့်အာဏာများကို အခြေခံအားဖြင့် သီးခြားစီ အပ်နှင်းစေသင့်ပါသည်။

တိုင်းရင်းသား (၁၂) မူ ပုဒ်မ (၃-ခ-၅)တွင် “အမျိုးသားလွှတ်တော်သည် ပြည်ထောင်စုအစိုးရ၏ လုပ်ဆောင်ချက်များကို ထိန်းကျောင်းနိုင်သော လုပ်ပိုင်ခွင့် “အထူးအာဏာ” ရှိရမည် (ဥပမာ – နိုင်ငံတကာ စာချုပ်စာတမ်းများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အခြားအရေးကြီးသော ထိပ်တန်းရာထူးများခန့်အပ်ခြင်း၊ ကော်မရှင်ဖွဲ့စည်းခြင်းများ…စသည်ဖြင့်) ဟု မူချမှတ်ထားသော်လည်း တိကျရှင်းလင်းမှုမရှိဟု မြင်မိပါသည်။

တိုင်းရင်းသားများစိုးရိမ်နေသည့် အချက်များကို အထက်လွှတ်တော်အား တိကျရှင်းလင်းစွာ သီးခြား(အထူး) အာဏာအဖြစ် အပ်နှင်းခြင်းမျိုး ပြုလုပ်သင့်ပါသည်။ ဥပမာ – အမျိုးသားလွှတ်တော်ကို ကာကွယ်ရေး၊ လုံခြုံရေး၊ နိုင်ငံခြားရေး၊ တိုင်းရင်းသားလူနည်းစုများအခွင့်အရေး (စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာသာသနာ၊ မြေယာ) နှင့် အစိုးရ ရာထူး ခန့်အပ်ခြင်းဆိုင်ရာ စသည်တို့ကို အထူး (သီးခြား) အာဏာအပ်နှင်းပြီး အောက်လွှတ်တော်ကို ကက်ဘိနက်အစိုးရဖွဲ့စည်းခြင်း၊ ငွေကြေး၊ ဘဏ္ဍာရေး၊ စီမံကိန်း စသည့် စီးပွားရေးဆိုင်ရာ အထူးအာဏာများကို ပေးသင့်သည်။

ကျန်ရှိသော ပြည်ထောင်စုဥပဒေပြု အာဏာများအားလုံးကို လွှတ်တော်နှစ်ရပ်ကို အာဏာတူပေးလျှင် ပြဿနာမရှိတော့ချေ။

ဤသို့ ဖော်ပြခြင်းသည် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ခေါင်းဆောင်များ ရေးဆွဲထားသည့် မူနှင့် တင်ပြချက်များ မှားယွင်းသည်ဟု ဆိုလိုခြင်းလုံးဝမဟုတ်ပါ။ ရှေ့ပိုင်းတွင်လည်း ဖော်ပြခဲ့ပြီးဖြစ်သလို အစိုးရဖွဲ့စည်းပုံစနစ်သည် ကမ္ဘာပေါ်မှာ မူကွဲအများအပြားရှိပြီး မိမိရေခံမြေခံအပေါ် မူတည်၍ စိတ်ကြိုက် ပုံသွင်းကြသည်ချည်းသာဖြစ်ပါသည်။

တဖန် ရှမ်းပါတီ၏ တင်ပြချက်ကို အထူးဖော်ပြရသည့် အကြောင်းအရင်းသည်လည်း တိုင်းရင်းသားပါတီများထဲတွင် ဩဇာအကြီးဆုံးနှင့် အခြေခံဥပဒေရေးရာတွင် စနစ်တကျပြင်ဆင်မှု အကောင်းဆုံးပါတီဖြစ်

သည့်အတွက် လေးစားသောအားဖြင့် ဖြစ်ပါသည်။

## ၅။ နိဂုံးချုပ်၊ သုံးသပ်ချက်များ

သမိုင်းတလျှောက် မြန်မာနိုင်ငံ၏ "ပါလီမန်စနစ်လော၊ သမ္မတစနစ်လော" ဆိုသည့် အစိုးရဖွဲ့စည်းမှုစနစ် ရွေးချယ်မှု (အထူးသဖြင့် တိုင်းရင်းသားအုပ်စုများ၏ ရပ်တည်ချက်များ) နှင့် ပတ်သက်၍ အောက်ပါအတိုင်း အချက် (၄) ချက်ကိုဖြင့် သုံးသပ်အကြံပြုလိုပါသည်။

### (၅.၁) လူနည်းစုများ၏ နိုင်ငံရေးပါဝင်မှုထည့်တွက်သင့်

တိုင်းရင်းသားပါတီနှင့် နိုင်ငံရေးသမားများက ဗဟိုအဆင့်တွင် မည်သည့် အတိုင်းအတာအထိ မျှော်လင့်သနည်း။ မည်သည့်စနစ်က မိမိတို့ နိုင်ငံရေးကိုယ်စားပြုမှုကို ပိုမိုထိရောက်အောင် ဖန်တီးပေးနိုင်မည်ဆိုသည်ကို တိုင်းရင်းသားခေါင်းဆောင်များက အထူးစဉ်းစားရန်လိုအပ်သည်။

နိုင်ငံတော် အုပ်ချုပ်ရေးအကြီးအကဲ (Head of Executive) အထိ မျှော်မှန်းနိုင်မား (နှစ်ပေါင်း ၇၀ ကျော်ကြာ ယနေ့အထိ တိုင်းရင်းသားများက တကြိမ်တခါမှ မရဖူးသေးပါ) သို့မဟုတ် ညွန့်ပေါင်းအစိုးရအခင်းအကျင်းမျိုး ဖန်တီးနိုင်ရေး မျှော်လင့်နိုင်မလား။

သို့တည်းမဟုတ် အားကောင်းမောင်းသန် အထက်လွှတ်တော်ဖြစ်ရေးနှင့် ၎င်းကို လွှမ်းမိုးနိုင်ရေးကိုသာ လက်တွေ့ကျကျအာရုံစိုက်ကြမလား။ ၎င်းနိုင်ငံရေး မျှော်မှန်းချက်များအပေါ် မတည်၍ နိုင်ငံရေးရွေးချယ်မှုပြုလုပ်ရပေမည်။

### (၅.၂) နိုင်ငံတော် တည်ငြိမ်မှု (stability) ကိုလည်း ထည့်တွက်သင့်

အခြားတဘက်တွင် နှစ်ပေါင်း (၅၀)ကျော် စစ်အစိုးရအောက်မှာ ချုတ်ခြုံနေသည့် မြန်မာနိုင်ငံအတွက် မည်သည့်စနစ်က ဒီမိုကရေစီစနစ်ကို ပိုမိုခိုင်မာစေပြီး မည်သည့်စနစ်က မတည်မငြိမ်မှုကို ဖန်တီးနိုင်ခြေ ပိုရှိ သနည်း ဆိုသည်ကိုလည်း နိုင်ငံတကာအတွေ့အကြုံနှင့် ကိုယ့်ရေခံမြေခံ အနေအထားတို့ ပေါင်းစပ်၍ ထည့်သွင်း စဉ်းစားရမည်။

### (၅.၃) တစ်သံတည်းထွက်ရေး၊ ရပ်တည်ချက်တည်ငြိမ်ရေး

တိုင်းရင်းသားများအတွက် အဓိက စိန်ခေါ်မှုတစ်ခုသည် အဖွဲ့အစည်းများအချင်းချင်းအကြား တူညီသော နိုင်ငံရေးဘုံရပ်တည်ချက် ဖန်တီးနိုင်ရေးဖြစ်သည်။ ယခုကိစ္စသည်လည်း အလားတူ ဖြစ်ပါသည်။ နောက်ထပ် စိန်ခေါ်မှုတစ်ခုမှာ အခြေခံမူ (မူဝါဒ) ရပ်တည်ချက်များ တည်မြဲအောင် ကိုင်စွဲနိုင်ရေးဖြစ်ပါသည်။

ယခု ဆွေးနွေးသည့် အကြောင်းအရာအပြင် အခြားသော (ဥပမာ–ပြည်နယ်ဖွဲ့စည်းရေးမူ၊ ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းရေး၊ သယံဇာတခွဲဝေရေးစသည့် အချက်များတွင် တိုင်းရင်းသားနိုင်ငံရေးအဖွဲ့အစည်းများသည် အလုပ်ရုံဆွေးနွေးပွဲ သို့မဟုတ် ညီလာခံတစ်ကြိမ်နှစ်ကြိမ် ကျင်းပတိုင်း ပုံစံသစ်တမျိုး တီထွင်လေ့ရှိသည်။ ယင်းသည် တိုးတက်မှုအဖြစ် ရှုမြင်၍ရသော်လည်း စိန်ခေါ်မှုဖြစ်ပါသည်။

ဖြစ်ပေါ်တိုးတက်မှု၊ သတင်းအချက်အလက်နှင့် လေ့လာသင်ယူမှုကျယ်ပြန့်လာသည်နှင့်အမျှ နိုင်ငံရေး ရပ်တည်ချက်များ အထိုက်အလျောက်ဆန်းသစ်မှုပြုရန်လိုအပ်သကဲ့သို့ နိုင်ငံရေးညှိနှိုင်းမှုဖြစ်စဉ်တွင် အခြေခံရပ်တည်ချက် တည်မြဲမှုသည်လည်း ထပ်တူအရေးကြီးသည်ဟု သုံးသပ်မိပါသည်။

### (၅.၄) အချိန်ယူပြီး ဆက်လက်လေ့လာသင့်

အထက်တွင် ဖော်ပြပြီးသည့်အတိုင်း အစိုးရဖွဲ့စည်းမှုစနစ်သည် ဗြိတိန်စနစ်လား၊ အမေရိကန်စနစ်လားဆိုသည့် အခြေခံနှစ်ချက်ထဲက တစ်ခုခုကို ရွေးချယ်ရုံသက်သက်မဟုတ်ဘဲ မူကွဲများစွာနှင့် ရောစပ်စနစ်အများ အပြားဖြင့် လွန်စွာနက်နဲရှုပ်ထွေးလှသည့် နိုင်ငံတကာသီအိုရီများနှင့် အတွေ့အကြုံများကို လေ့လာသင့်ပါသည်။

ထို့အပြင် ၎င်းနှင့်သက်ဆိုင်သော ရွေးကောက်ပွဲစနစ်အမျိုးမျိုးကိုလည်း လေ့လာရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် လူများစု၍ လူနည်းစုပြဿနာအပြင် လူနည်းစုထဲက လူနည်းစုအထိ မညီမျှသည့် အုပ်စုပေါင်းများစွာ နေထိုင်သည့်အတွက် ရွေးကောက်ပွဲနှင့် မဲခွဲဆုံးဖြတ်သည့် စနစ်များတွင် နည်းမျိုးစုံလေ့လာ ကျင့်သုံးရန်လိုအပ်ပါသည်။

ဤအတွက်အထူးသဖြင့် တိုင်းရင်းသားပညာရှင်များအပြင် နိုင်ငံရေးခေါင်းဆောင်များ ကိုယ်တိုင်ပိုမိုလေ့လာရန် လိုအပ်သည်။

အစိုးရအုပ်ချုပ်မှုစနစ်များဖြစ်သည့် ပါလီမန်စနစ်၊ သမ္မတစနစ်နှင့်

ရောစပ်စနစ်များဆိုင်ရာ အတွေးအခေါ်များ၊ လက်တွေ့ကျင့်သုံးပုံကျင့်သုံးမှု၊ သမိုင်းတလျှောက် မြန်မာ့နိုင်ငံရေးအစုအဖွဲ့များ၏ ရပ်တည်ချက်များနှင့် ရေခံမြေခံအနေအထားများနှင့် ရွေးချယ်မှုများသည် အင်မတန်မှ နက်နဲလှပါသည်။

မိမိသည် နိုင်ငံရေးသိပ္ပံပညာရှင်မဟုတ်ဘဲ သာမန်နိုင်ငံရေးသမားသက်သက်ဖြစ်သည့်အတွက် ၎င်းကို နှိုက်နှိုက်ကျွတ်ကျွတ်လေ့လာ အဖြေထုတ်နိုင်ခြင်းမရှိပါ။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်နှင့်အတူ ဆက်လက်ညှိနှိုင်းရွေးချယ်ရမည့်အပိုင်းဖြစ်သဖြင့် ပါဝင်ပတ်သက် စိတ်ဝင်စားသူများအတွက် လေ့လာသုံးသပ်ရာတွင် အထောက်အကူပြုနိုင်ရန် ပုံဖော်ပေးခြင်းသက်သက်ဖြစ်ပါသည်။

## Bibliography

Aurel Croissant et al. (2004). Political Party Formation in Presidential and Parliamentary System. Institute for Political Science of the University of Heidelberg. Philippine: Friedrich Ebert Stiftung. Bulmer, E. (2018) State of Emergencies. International IDEA. Retrieved from http://aceproject.org/reo– en/emergency–powers–international–idea–2018

Bunte, M. (2018). Perilous presidential or precarious power–sharing? Hybrid regime dynamics in Myanmar. Contemporary Politics, 24(3).

Carey, J. M. (2007, January). Competing Principals, Political Institutions, and Party Unity in Legislative Voting. American Journal of Political Science, 51(1), 92–107.

CIA Factbook. (2018). Government types. Retrieved from The World Factbook: https://www.cia.gov/library/pubications/the–world–factbook/fields/299.html

Duverger, M. (1980). A New Political System Mobel: Semi–

Presidential Government. European Journal of Political Research, 8(2), 142.

Egreteau, R. (2017). Parliamentary Development in Myanmar: An Overview of the Union Parliament, 2011–2016. 40: Asia Foundation. Retrieved from https://asiarliamentary-Development-in-Myanmar. pdf?fbclid=IwARopzWFPV5sZxSgEWxU2UCiJJtp2oegKIKGSJKwfj8M2H92C9MWU-Tr8 Elliot, B. (2019, September). Should Ministers be Members of Legislature? IDES- Institute for Democracy and Electoral Assistance.

ENAC. (2016). Key Principles and Characteristics for a Federal Union of Burma (Draft). Ethnic Nationalities Affairs Council.

Ganghof, S. (2017, July). A new political system model: Semi-parliamentary government. European Journal of Political Research.

John Gerring et al. (2009). Are Parliamentary Systems Better? Comparative Political Studies (SAGE Journal), 42(3), 332.

Jose Antonio Cheibub et al. (2002, June). Democratic Institutions and Regime Survival: Parliamentary and Presidential Democracies Reconsidered. Annual Review of Political Science, 5(1)< 151–179.

Juan, L. (1990). The Perils of Presidentialism, Journal of Democracy, 1(1), 56.

Khu Oo Reh et al. (2018). Panglong Handbook: Defining Panglong Agreement, Panglong Promises, and Panglong Spirit. Panglong Handbook Drafting Team.

Linz, J.J. (1994). Presidential of Parliamentary or Parliamentary Democracy: Does it Make a Difference? In e. J. Linz and A. Valenzuela, In The Failure of Presidential Democracy. Baltimore, MD: The Johns Hopkins University Press.

Markus Bockenforde et al. (2011). A Practical Guide to Constitution Building. International Institute for Democracy and Electoral Assistance (International IDEA).

Novak, M. (2014). Major differences between the presidential and parliamentary republics. Czech Republic: Metropolitan University Prague.

Richard Stacey et el., (2014, June). Semi–Presidential Government in the Post–Authoritarian Context. NYU School of Law.


Sargentich, T. O. (1993). The Presidential and Parliamentary Models of National Government. American University International Law Review, 8(2), 588.

Shugart, M. S. (1998). "The Inverse Relationship Between Party Strength and Executive Strength: A Theory of Politicians' Constitutional Choices." British Journal of Political Science, 28, 1–29.

Tan, K.Y. (2017, February). Presidential Systems. Retrieved from Oxford Constitutional Law: https://oxcon.ouplaw.com/view/10.1093/law-mpeccol/law-mpeccol-e430

Thuzar, M. (2013). The Role of Parliament in Myanmar's Reforms and Transition to Democracy. Institute of Southeast Asian Studies. Retrieved from https://www.researchgate.net/publication/259630630_The_Role_of_Parliament_in_Myanmar's_Reforms_and_Transition_to_Democracy

Tombs, R. (2017, May 2). France's Presidency Is Too Powerful to Work. Retrieved from Foreign Policy: https://forignpolicy.com/2017/05/02/francs-presidency-is-too-powerful-to-work-emmanuel-macronelections/



# နိုင်ငံရေးနှင့် စည်းရုံးရေး

သက်ထွန်း

နိုင်ငံရေးသမားတယောက်အတွက် အခြေခံအကျဆုံး လုပ်ရမဲ့အလုပ်ဟာ စည်းရုံးရေးဘဲဖြစ်ပါတယ်၊ နိုင်ငံရေးသမား တဦးရဲ့အသက်ဟာ ရပ် တည်ချက်၊ ယုံကြည်ချက်နှင့်စည်းရုံးရေးစွမ်းရည်ပဲဖြစ်ပါတယ်၊ စည်းရုံးရေးဆိုတဲ့အလုပ် ကို လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ လူတိုင်းနေ့စဉ် ဘဝမှာထိတွေ့ နေကြတာ ဖြစ်ပါတယ်၊ သို့ပေမဲ့လည်း လူအများစုဟာ အသွင်သဏ္ဍာန်နဲ့အ ခြေအနေများ ပေါ်မူတည်ပြီး၊ စည်းရုံးရေး ဆိုတာကို အလေးအနက်ထားမှုကွဲပြား ခြားနား စွာ နားလည်လက်ခံထားကြပါတယ်။

အမှန်ကတော့ အရပ်ထဲမှာနေ့စဉ်ကြုံတွေ့နေရတဲ့ သာမာန် အဖြစ်အပျက်တွေကစလို့ လူလူချင်းထိတွေ့ဆက်ဆံမှု အရေးအရာအားလုံး မှာ စည်းရုံးရေးဆိုတဲ့ သဘောတရား ( အလုပ်နဲ့ ) နဲ့ကင်းကွာလို့မရပါဘူး၊ ဘာကြောင့်ဆို လူတဦးက အခြားတဦးကို မိမိရဲ့ပြောဆိုလုပ်ကိုင်မှု၊ လိုအပ် မှု၊ ဖြစ်စေချင်မှု အစရှိတဲ့ အကြောင်းခြင်းရာ တခုခုကို လက်ခံလာအောင် ပြောဆိုရှင်းလင်းပြခြင်းကိုက စည်းရုံးရေးဆိုတာဖြစ်နေလို့ပါပဲ၊ ဒါကြောင့် သာမာန်ဈေးရောင်း ဈေးဝယ်ပြုမူရာမှာတောင် စည်းရုံးရေးဆိုတဲ့ အခြေခံ သဘောတရားပါနေတာကို တွေ့ရမှာဖြစ်ပါတယ်။

လူတိုင်းဟာ သာမာန်အခြေအနေနဲ့အကြောင်းတရား တွေအပေါ်မှာ ပေါ်ပေါက်လာတဲ့ စည်းရုံးရေးပြုမူမှုကို အလေးထားပြောဆိုခြင်း မပြုကြပေမဲ့ နိုင်ငံရေး ( တခါတရံစစ်ရေး ) ကိစ္စတွေနဲ့ပတ်သက်လာရင်တော့ စည်းရုံးရေး ဆိုတဲ့ သဘောတရားကို ပီပီပြင်ပြင်၊ သတ်သတ်မှတ်မှတ် လက်ခံဆောင်ရွက် လေ့ရှိတာကို တွေ့ရမှာဖြစ်ပါတယ် ။

လူထုကိုစည်းရုံးတဲ့အခါ ဘယ်အခြေခံပေါ်ကနေ စည်းရုံးတာလဲ

၊ ဘာအတွက်လဲ ၊ ဘာကိုမျှော်လင့်တွက်ဆထားသလဲဆိုတာကို နားလည်ဖို့ လိုအပ်တယ်၊ စည်းရုံးတဲ့အခါ ရုပ်ဝတ္ထုပစ္စည်း ( သို့မဟုတ် ) အခွင့်အလမ်းတွေပေါ် အခြေခံစည်းရုံးတာနဲ့အကြောင်းတရား ( သို့မဟုတ် ) အချက်အလက်တွေပေါ်အခြေခံထားစည်းရုံးတာဆိုပြီး စည်းရုံးမှုအသွင်သဏ္ဍာန်ကို နှစ်မျိုးခွဲခြားတွေ့ရှိနိုင်ပါတယ်၊ ရုပ်ဝတ္ထုပစ္စည်း ( သို့) အခွင့်အရေးတွေပေါ် အခြေခံပြီး စည်းရုံးခြင်းဟာ အင်မတန်ရိုးစင်းသလို၊ အင်မတန်နားလည်လွယ်ပြီး သိသာမြင်သာရှိတယ် ၊ ဒီလိုစည်းရုံးမှုပုံစံမျိုးကို အများအားဖြင့် လူတဦးတယောက်ချင်း ( သို့) လူနည်းစုကိုပဲ ပစ်မှတ်ထားလုပ်ဆောင်လေ့ရှိကြတယ်၊ ဒါပေမဲ့ တခါတရံမှာတော့ လူများစုကြီးကို စည်းရုံးတဲ့အခါမျိုးမှာ ( အကျိုးအမြတ်ကိုတွက်ဆပြီး ၊ ရေတိုသဘောအဖြစ် ) အသုံးပြုတတ်တာကို တွေ့ရမှာဖြစ်တယ် ၊ စည်းရုံးရေးဆင်းတဲ့အခါမှာ အလုပ်သဘောအဖြစ်ပြောဆို ဆွေးနွေးမှုဟာ တဝက်ပဲလိုအပ်ပြီး ရုပ်ဂတ္ထုပစ္စည်းက ( သို့ ) အခွင့်အရေးဆိုတာက စည်းရုံးမှုဆိုတဲ့အလုပ်အပေါ် အလိုအလျောက် အလုပ်တဝက်ကို ပြီးမြောက်စေပြီးသားဖြစ်တယ်၊ ဘာကြောင့်ဆို အစည်းရုံးခံသူဟာ ဆွေးနွေးပြောဆိုချက်ကို တဝက်သာစဉ်းစားပြီး ရုပ်ဝတ္ထုပစ္စည်း ( သို့ ) အခွင့်အရေးကို ထည့်သွင်းစဉ်းစားခြင်းက တဝက်ဖြစ်နေလို့ပါပဲ၊ ( တခါတရံ ဆွေးနွေးရှင်းပြစရာလုံးဝမလိုတဲ့ အထိလည်း ဖြစ် နိုင်ပါတယ်) နိုင်ငံရေးအရ တွက်ဆကြည့်မယ်ဆိုရင် ဒီလိုစည်းရုံးမှုမျိုးဟာ နှစ်လိုဘွယ်ရာ တော့ သိပ်မဖြစ်ပါဘူး၊ ဒ့ါအပြင် စည်းရုံးမှုနယ်ပါယ် သက်ဝင်မှုမှာလည်း အကန့်အသတ်သဘောကိုဆောင်ပါတယ်၊ ဒါပေမဲ့ စည်းရုံးရေးဆင်းတဲ့အခါ မူမမှန်တဲ့ ရည်ရွယ်ချက်ကိုအခြေခံရင်တောင် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်အရ အားပျော့ပြီး၊ သိသာမြင်သာရှိနိုင်ပါတယ်၊ အချိန်ကာလ ကြာမြင့်ပါတယ်။

အကြောင်းအရာ ( သို့မဟုတ် ) အချက်အလက်တွေပေါ် အခြေခံတဲ့ ၊ စည်းရုံးရေးကတော့ ပိုမိုလေးနက်ပြီး သဘောတရားရေးအသွင်ကို ဆောင်တယ်၊ အရမ်းလည်း ကျယ်ပြန့်ပြီး၊ နယ်ပါယ်သဘောအရလည်း အကန့်အသတ်မဲ့ သဘောကိုဆောင်ပါတယ်၊ ဒါကြောင့် နိုင်ငံရေးသမားတယောက်အဖို့ဒီလို စည်းရုံးရေးလုပ်ဆောင်မှုအတွက် ဘာသာရေး အတွေးအခေါ်တွေ ၊ နိုင်ငံရေးဝါဒတွေ၊ သဘောတရားရေးဆိုင်ရာအကြောင်း အချက်တွေကို အခြေခံအားဖြင့် သိနားလည် ထားဖို့လိုအပ်သလို ၊ လူ့အဖွဲ့အစည်းတခုရဲ့ သက် ဝင်လှုပ်ရှား နေမှုကို အမှန်အတိုင်းမြင်တတ် သိတတ်ဖို့နဲ့လူမှုဘဝရဲ့ အစစ်အမှန် နေ့စဉ်လိုအပ်ချက်များကိုလည်း သဘောပေါက်နားလည် ထားဖို့လိုအပ်ပါတယ်။

အကြောင်းတရား ( သို့ ) အချက်အလက်တွေအပေါ် အခြေခံတဲ့စည်းရုံးရေးကိုတော့ လုပ်နည်းလုပ်ဟန်ကျွမ်းကျင်သူတွေ ( သို့ ) အဖွဲ့အစည်းတွေနဲ့

အစိုးရအဖွဲ့တွေမှာသာ အသုံးပြုမှုများပြားသလို – မူမမှန်တဲ့ ရည်ရွယ်ချက်ကိုအခြေခံပြီးလုပ်ဆောင်လာကြပြီဆိုရင်တော့ အလွန်ကြောက်စရာကောင်းတာကိုတွေ့ရမှာဖြစ်တယ်၊ အခြေခံအားဖြင့် သုံးလေ့ရှိကြတဲ့ စည်းရုံးရေးအကြောင်းတရားတွေကတော့ ဘာသာရေး၊ လူမျိုးရေးနဲ့အသား အရောင် မတူကွဲပြားမှုတွေကို စည်းရုံးရေးလက်နက်အဖြစ် အခြေခံထားပြီး စည်းရုံး ခြင်းပဲဖြစ်ပါတယ်၊လူ့အဖွဲ့အစည်းတိုင်းရဲ့ထိလွယ်ရှလွယ်ဖြစ်တဲ့အချက်ကလည်း ဘာသာရေး ကွဲပြားမှုကို အမုန်းတရားအခြေခံပြီး စည်းရုံးခံရခြင်းပဲဖြစ်တယ်၊ ဘာသာတရားနဲ့ပတ်သက် လာရင် လူ့အဖွဲ့အစည်းထဲမှာရှိတဲ့သူ ( အများစုကြီး ) တွေဟာ လက်တွေ့ကျင့်ကြံမှုရှိသည် ဖြစ်စေမရှိသည်ဖြစ်စေ ယုံကြည်မှုတခု အပေါ်အခြေခံထားပြီး ကိုးကွယ်မှုပြုခြင်းဆိုတဲ့ အဆင့်ကိုလက်ခံထားကြတာဖြစ်တဲ့အတွက်၊ မိမိရဲ့ယုံကြည်ကိုးကွယ်မှုကိုသာ အကောင်းဆုံး အမြတ်ဆုံး အမှန်ဆုံးဆိုတဲ့ ( လူပိန်းအတွေးနဲ့ ) အခြားဘာသာတခုကို မကောင်းမြင်မှု၊ ဆန့်ကျင်တိုက်ခိုက်မှုပြုဖို့ အရမ်းလွယ်ကူသွားကြတာကို တွေ့ရမှာဖြစ်တယ်၊ ဒီအချက်ဟာ လူ့အဖွဲ့အစည်းတိုင်းရဲ့အပါးလွှာဆုံးနဲ့အားအနည်းဆုံးအချက်ပဲဖြစ်တယ်၊ (ထိုးဖောက်ဝင်ရောက် ဖို့အလွယ်ကူဆုံး အကြောင်းတရားဖြစ်တယ်)။

လူအများစုကြီးအတွက် ( ဘုရား၊ နတ်၊ အခြားဘယ်လိုပဲဖြစ်ဖြစ် ယုံကြည် ကိုးကွယ်မှုနဲ့ပါဝင်ပတ်သက်နေတဲ့အရာများ) ဘာသာရေးနဲ့ပတ်သက်လာပြီး ( စည်းရုံးလှုံ့ ဆော်ခြင်းခံလိုက်ရတဲ့အခါ ) လူတိုင်းအတွက် ယုံကြည်မှုအကြောင်းတရားမျိုးစုံထဲမှာ  လူ့အဖျွတ္တ ထဲကို နက်နက်ရှိုင်းရှိုင်း ထိုးဖောက်နေရာယူထားတဲ့ အချက်ဟာ ဘာသာရေးဘဲဖြစ်တယ်၊ အရာရာကို မျက်လုံးစုံမှိတ် ယုံကြည်စေဖို့၊ စွန့်လွှတ်စေဖို့၊ သေဖို့သတ်ဖို့ဝန်မ လေး တော့တဲ့ အဆင့် ( စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုဖြစ်ပေါ်ခြင်း ) ကို တွန်းအားပေးခံရပြီး ရောက် ရှိသွားကြတော့တာပါပဲ ။



ဒီနေရာမှာ သတိချပ်ရမှာက ဘာသာရေးနဲ့ပတ်သက်ပြီး စည်းရုံးခံလိုက်ရတဲ့ လူတယောက် ( သို့ ) အုပ်စု ( သို့ ) လူ့အဖွဲ့အစည်းတခုဟာ ယဉ်ကျေး သိမ်မွေ့နူးညံ့မှုကို သယ်ပိုးသွားနိုင်သလို၊ ရက်စက်ကြမ်းကြုတ်ခြင်း ၊ အကြမ်းဖက်ရိုင်းစိုင်းခြင်း စတာတွေကိုလည်း ဆောင်ကျဉ်းလာနိုင်ဆိုတာပါပဲ။

စည်းရုံးသူနဲ့အစည်းခံရသူကြားက စည်းဟာ ( မမြင်နိုင်ဘဲ ) အလွန်ပါးလွှာ သလို အလိုအလျောက် ( မူမမှန်သိစိတ် ) နဲ့အခိုင်းခံဘဝကို တွန်းပို့သူနဲ့ခုန်လွှားရောက်ရှိ သွားသူအဖြစ်ကို မသိမသာနဲ့ခွဲခြားသတ်မှတ်ပြီးသားဖြစ်သွားပါတယ်။

ဒုတိယအဆိုးဝါးဆုံးက လူမျိုးရေးခွဲခြားစည်းရုံးမှုနဲ့တတိယကတော့ အသား အရောင်ခွဲခြားစည်းရုံးမှုပဲဖြစ်ပါတယ်၊ ဘာလူမျိုးဆိုတဲ့ အမှတ်သရုပ်ဟာ ဘာသာရေး  ( ယုံကြည်မှုအခြေခံ ) စည်းရုံးခြင်းပြီးရင်၊ လူသားရဲ့အတ္တမာနကို အခြေခံတာဖြစ်လို့အထိ ရောက်ဆုံးနဲ့အကျယ်ပြန့်ဆုံးဖြစ်တယ်၊ ( လူသားရဲ့ပလွှားလိုစိတ်၊ ဘဝင်စိတ်နဲ့အခြား သူပေါ်နိမ့်ချလိုစိတ်တွေဟာ အဆိုးစွန်ဆုံး သက်ဝင်လှုပ်ရှားလာမှုဖြစ်စေခြင်းပဲဖြစ်တယ်)။

စည်းရုံးရခြင်းရဲ့ ရည်ရွယ်ချက်အပေါ်မှာ လိုက်ပြီးအကျိုးသက်ရောက်မှုဖြစ်ပေါ်စေပါတယ်၊ နိုင်ငံရေးအရသော်လည်းကောင်း၊ အာဏာရလိုမှု၊ တည်မြဲလိုမှုတွေအပြင် ဘယ်လိုအကျိုးစီးပွားကြောင့်ပင်ဖြစ်စေ လူတယောက်၊ အုပ်စုတစု၊ လူ့အဖွဲ့အစည်းတခုအ တွင်းကို ဘာသာရေးနဲ့လူမျိုးရေး၊ အသားအရောင်ကွဲပြားမှုတွေကို အခြေခံပြီး စည်းရုံးခြင်း လှုံ့ဆော်ခြင်းပြုလုပ်ပြီဆိုတာနဲ့တပြိုင်နက်တည်း အဲဒီ စည်းရုံးသူ၊ အုပ်စု၊ အစိုးရတရပ်၊ နိုင်ငံတခုဟာ အလွန်အောက်တန်းကျတဲ့ တိရိစ္ဆာန်တွေထက် ဆိုးဝါးနိမ့်ကျတဲ့လူတွေရဲ့လုပ်ရပ်မျိုးကို လုပ်ဆောင်နေပြီလို့သတ်မှတ်ရမှာဖြစ်တယ်၊ နိုင်ငံရေးအရဆိုလည်း အင်မတန် သိမ်ဖျင်းတဲ့ လုပ်ရပ်မျိုး ရည်ရွယ်ချက်မျိုးကို ဆုပ်ကိုင်ထားတဲ့ နိုင်ငံရေးသမားဖြစ်လို့ အဲဒီလိုလူဟာ နိုင်ငံရေးသမားလို့မခေါ်ဆိုအပ်ဘူး၊ လူ့အဖွဲ့အစည်းကိုဖျက်တဲ့ အဖျက်သမား ( စိတ်ပိုင်း၊  ရုပ်ပိုင်းနှစ်ခုလုံးပါဝင်တဲ့ဖျက်ဆီးမှုကိုဖြစ်ပေါ်စေအောင်လုပ်တဲ့သူ) အကြမ်းဖက်သမားသက်သက်သာဖြစ်ပြီး၊ ဘယ်လိုလူ့အဖွဲ့အစည်းမျိုးမှာမှ မရှိအပ်၊ လက်မခံအပ်တဲ့သူဖြစ်တယ်။ ( ဒီသဘောတရားနဲ့ပတ်သက်ပြီး အကျိုးတရားဖက်ကကြည့်ရင် ကိုလိုနီခေတ်ဗမာပြည်လွတ်လပ်ရေးလှုပ်ရှားမှုနဲ့၊ အဆိုးတရားဖက်မှာဆိုရင်ဒုတိယကမ္ဘာစစ်အတွင်းက နာမည် အကြီးဆုံး ဂျာမဏီမှ ဟစ်တလာနဲ့လက်ရှိ အမေရိကန် သမ္မတဒေါ်နယ်ထရမ့်ထရမ့်ဟာ အမေရိကန် နိုင်ငံရေးမှာ အသားအရောင်ခွဲခြားမှုကိုနှစ်ခြိုက်တဲ့ လူဖြူအစွန်းရောက်တွေကို သူ့ရဲ့

အဓိက အင်အားအဖြစ်ထားပြီး လုပ်ဆောင်နေတာဖြစ်တယ် ဆိုတာကိုကြည့်ရင် ကွဲကွဲပြားပြား၊ ထင်ထင်ရှားရှား မြင်တွေ့နိုင်ပါတယ်) လူ့အဖွဲ့အစည်းရဲ့ကောင်းကျိုးနဲ့ ဆိုးကျိုးဟာ ဒင်္ဂါးပြားတဖက်စီကခေါင်းနဲ့ပန်းလို တည်ရှိနေတာကြောင့်၊ စည်းရုံးမှုရဲ့ နောက်ကွယ်ကယုတ်ညံ့တဲ့ မျှော်လင့်ချက်နဲ့ အကောင်အထည်ဖော်မှုအသက်ဝင်လာတဲ့အချိန်မှာ ဘယ်လိုအကျိုးဆက်ပဲဖြစ်ဖြစ် လူ့အဖွဲ့အစည်းတခုအနေနဲ့ချက်ချင်းငြင်းဆိုလို့မရနိုင်တော့ပဲ အချိန်ကာလတခုနဲ့လူ့အဖွဲ့အစည်းရဲ့ (လူ့အသက်များ၊ ဘဝများ၊ ရုပ်ဝတ္ထုများ ) တန်ဘိုးရှိတဲ့ အရာ များစွာကို ပေးဆပ်ပြီးမှ ရပ်တန့်နိုင်မှာဖြစ်တယ်၊ ဒါကြောင့် ဒီအခြေအနေမျိုးကို ရောက်ရှိမလာဖို့အတွက် ကြိုတင်ကာကွယ်မှုကသာ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။

စည်းရုံးရေးပြုလုပ်မဲ့အကြောင်းအရာနဲ့ပတ်သက်ပြီးပစ်မှတ်အပေါ် ခွဲခြားပြီး စည်းရုံးရေးနည်းနာတွေကို လိုအပ်သလိုခွဲခြားပြီး ကျင့်သုံးကြပါတယ်၊ ယေဘူယျအားဖြင့် စည်းရုံးရေးနည်းနာတွေကို ပစ်မှတ်အလိုက်ရေးဆွဲချမှတ်နိုင်ပေမယ်လို့၊ အချို့နေရာတွေမှာတော့ အခြေအနေပေါ်မူတည် ၊ နေရာဒေသပေါ်မူတည်၊ အချိန်အခါပေါ်မူတည်ပြီး အတိုးအဆုတ်လုပ်ရတာတွေ၊ ပြင်ဆင်မှု၊ ဖြည့်စွက်မှု၊ ပြောင်းလဲမှုတွေ ရှိလာတတ်ကိုတွေ့ရမှာဖြစ်ပါတယ်၊

ဥပမာအားဖြင့် နေရာဒေသတခုတည်းမှာရှိတဲ့ အသွင်သဏ္ဍာန်မတူတဲ့ လူအုပ်စုနှစ်ခုကို ချဉ်းကပ်စည်းရုံးတဲ့အခါ၊ လူအုပ်စုတခုတည်းကိုပဲ ကွဲပြားတဲ့အခြေအနေ အချိန်အခါမှာ စည်းရုံးမှုပြုတဲ့အခါ မတူကွဲပြားမှုများကြောင့် ချဉ်းကပ်စည်းရုံးမှုအသွင်ဟန်ပန်တွေ ကွဲပြားခြားနားမှုများရှိလာတာကို ရှင်းရှင်းလင်းလင်းမြင်တွေ့ရမှာဖြစ်ပါတယ်။

စည်းရုံးရေးပြုလုပ်လိုသူတွေကို စဉ်းစားရာမှာ လူထုတရပ်လုံးအပေါ်လား၊ လူတန်းစားတရပ်အပေါ်လား၊ အစုအဖွဲ့တခုအပေါ်လားဆိုတာ ကွဲကွဲပြားပြားရှိဖို့လိုအပ်ပါတယ်၊ ဘာကြောင့်ဆို လုပ်နည်းလုပ်ဟန်ပိုင်းအရ ကွဲပြားမှုရှိနိုင်တာကြောင့်ပဲဖြစ်ပါတယ်၊ နိုင်ငံရေးရဲ့ပြင်ပမှာ တော့ စည်းရုံးရေးဆိုတာကို လူတဦးချင်းအပေါ်အလေးထားတာကို ပိုမိုတွေ့နိုင်ပြီး၊ နိုင်ငံရေးအရဖော်ဆောင်တဲ့အခါမှာတော့ လူပုဂ္ဂိုလ်တဦးချင်းအပေါ်အလေးထားမှုရော၊ လူ့အဖွဲ့အစည်းတခုလုံးကို ( လူထုတရပ်လုံးကို ) ပါ ပစ်မှတ်ထားလုပ်ဆောင်ကြရလေ့ရှိပါတယ် ။

နိုင်ငံရေးအရ စည်းရုံးခြင်းရဲ့ ဦးတည်ချက်ဟာ၊ အာဏာရရှိရေး ဒါမှမဟုတ်ရပြီးသား အာဏာဆုပ်ကိုင်မှုအတွက် ( သို့ ) အာဏာရရှိထားသူတွေကို ထောက်ပြဝေဖန်မှုပြု ဖို့နဲ့အတိုက်အခံပြုမှုတွေအတွက်သာမက တခါတရံ

တိုင်းပြည်တခုလုံးရဲ့အကျိုးစီးပွားတွေ အပေါ်မူတည်လေ့ရှိပါတယ်။

တော်လှန်ရေးအသွင်ဆောင်တဲ့ အလုပ်မျိုးလုပ်ရတဲ့အခါ ရပ်တည်ချက်၊ ယုံကြည်ချက်၊ အကျိုးစီးပွားတွေအတွက် စည်းရုံးရေးဆိုတဲ့အလုပ်ဟာ သဘောတရားတရပ်အဖြစ်ပေါ်ပေါက်လာပါတော့တယ်။

စည်းရုံးရေးအရ အောင်မြင်မှုဟာ သဘောတရားရေးရာအရ အကျိုးဆက်ဖြစ်တယ်ဆိုပေမဲ့၊ အဲဒီအောင်မြင်မှုကို ထိန်းသိမ်း (ရေရှည် ) ထားဖို့နဲ့ အသက်ဝင်စေဖို့ရာလက်တွေ့ခန်းဟာ အင်မတန်အရေးကြီးပါတယ်။

စည်းရုံးရေးဆိုတဲ့ အလုပ်တခု ပြီးမြောက်အောင်မြင်မှုဟာ သဘောတရားရေး ရာနဲ့လက်တွေ့ပေါင်းစပ်မှုကို ဘယ်လောက်ပုံဖော်နိုင်သလဲဆိုတဲ့ အပေါ်တည်မှီပါတယ်။

စည်းရုံးရေး လုပ်ဆောင်သူတွေအနေနဲ့ မိမိစည်းရုံးလိုသူတွေ (လူထု (သို့) အခြားအဖွဲ့အစည်း ) နဲ့တွေ့ဆုံ ဆွေးနွေးမှုပြုလုပ်တဲ့အခါ စည်းရုံးလိုတဲ့ အကြောင်းအရာကို ဘယ်လောက်ပိုင်နိုင်ကျေညက်သလဲ၊ ဆွေးနွေးတင် ပြမှုပုံစံကဘယ်လိုလဲ၊ အပြောအဆိုဟန်အမူအရာတွေကအစ တဖက်က ဘယ်လောက်စိတ်ဝင်စားလာအောင် လုပ်ဆောင်နိုင်သလဲ၊ အကြောင်းတရား ( သို့ ) အချက်အလက်တွေ ဟာစည်းရုံးခံနေရသူတွေအဖို့ ဘယ်လောက်အရေးကြီးကြောင်း၊ ဘယ်လောက်ထိ ပတ်သက်စပ်ယှက်နေကြောင်း၊ ဒါ့အပြင် သူတို့ကိုယ်တိုင်ဟာ အကြောင်းအရာ ( သို့ ) အချက်အလက်တွေနဲ့တသားတည်းလိုလို ထင်မှတ်လာခြင်း၊ ဒါကသာသူတို့ အတွက် အကောင်းဆုံး၊ မရှိမဖြစ် မလုပ်မဖြစ်ဆိုတာမျိုး ခံစားလာခြင်း၊ ဒါအတွက်ရပ်တည်ခြင်းကသာ တကယ့်အမှန်တရားဆိုတာမျိုးထိ ယုံကြည်လာအောင် ပြောဆိုဆွေးနွေးနိုင်ခြင်း၊



စည်းရုံးသိမ်းသွင်းနိုင်ခြင်း စတဲ့အရည် အချင်း မျိုးတွေရှိဖို့လိုအပ်ပါတယ်။

စည်းရုံးရေးဆင်းသူတွေဟာ ကိုယ်တိုင်က စည်းရုံးဆွေးနွေးလိုတဲ့ အကြောင်းအရာ ( သို့ ) အချက်အလက်ကို အခြေခံကစပြီး မကျွမ်းကျင်မပိုင်နိုင်ရင် တဖက်က ( စည်းရုံးခံရသူများ ) ပြန်လှန်မေးမြန်းလာတဲ့အခါ အကျဉ်းအကျပ်ထဲကိုရောက်တတ်သလို၊ တခါတရံစည်းရုံးရေး ပျက်ပြားမှုမျိုးကို ကြုံရတတ်ပါတယ်၊ ဒီလိုအဖြစ်မျိုးကို ကျော်လွှားနိုင်ပါမှ စည်းရုံးရေးသမားကောင်း တယောက်ဖြစ်လာနိုင်မှာဖြစ်တယ်၊ စည်းရုံးရေးသမားကောင်းတယောက်ဖြစ်ဖို့ရာ အခြေခံလိုအပ်ချက်တွေက များပြားပါတယ်၊ စကားပြောကောင်းခြင်း ( တဖက်သား စိတ်ဝင်စားအောင်စကားပြောဆိုနိုင်ခြင်း)၊ ဟန်အမူအရာအရဆွဲဆောင်နိုင်ခြင်း၊ စိတ်ရှည်သည်းခံနိုင်မှုရှိခြင်း၊ အခြားသူပြောစကားကို စိတ်ပါဝင်စားစွာ နားထောင်ပေးခြင်း၊ လိုအပ်ပါကမိမိကိုယ်ကို နိမ့်ချပြီးယဉ်ကျေးစွာ ဆက်ဆံမှုပြုခြင်း၊ ပါတီ (သို့) အဖွဲ့၏ မူဝါဒ၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်း စည်းကမ်းများ၊ အခါအားလျော်စွာ ချမှတ်ထားသည့် ပေါ်လစီများ၊ လုပ်ငန်းလမ်းညွှန်ချက်များ ရည်မှန်းချက်များကို ထဲထဲဝင်ဝင်သိရှိနားလည်ထားခြင်း၊ စည်းရုံးရေးဆင်းသည့်အကြောင်းရင်း (ရွေးကောက်ပွဲမဲပေးရန်၊ လုပ်ငန်းတခုဖော်ဆောင်ရန်၊ မူဝါဒတခုချမှတ်ရန်၊ အကြောင်းအရာတခုကို အားပေးထောက်ခံရန်အစရှိသဖြင့် – ) ကို ကွဲကွဲပြားပြား သိရှိထားခြင်း၊ အခြေအနေအချိန်အခါကို တွက်ဆတတ်ခြင်း၊ တဦးခြင်းသာမက အဖွဲ့အစည်းအလိုက်ပါ လုပ်ကိုင်ဆောင်ရွက်တတ်မှုရှိခြင်း၊ အခြားသူ၊ သူများ၏ ( မိမိစည်းရုံးမည့်သူ ) စိတ်ပါဝင်စားမှုနှင့် သဘောသဘာဝကို ထိုးဖောက်သိမြင်တတ်ခြင်း၊ ခေတ်ကာလကို မျက်ခြေ မပြတ်ထိသိမှုရှိခြင်း အစရှိတဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းထားနိုင်ပါမှ အရည်အချင်းပြည့်မီတဲ့ စည်းရုံးရေးသမားကောင်းတယောက်ဖြစ်လာနိုင်မှာဖြစ်ပါတယ် ။

အချို့သော နိုင်ငံရေးသမားများကတော့ စည်းရုံးရေးဆိုတာကို အလေးအနက်မထားကြတာတွေ့ရပါတယ်၊ လိုအပ်တဲ့အခါမှာ လူထုကိုစည်းရုံးတဲ့အခါ လွယ်လွယ်ကတိပေး၊ လွယ်လွယ်မက်လုံးပေးတတ်တာတွေကိုတွေ့ရတတ်ပါတယ်၊ တချို့ကလည်း လူထုရဲ့တကယ့်လိုအပ်မှုကိုသိနေတော့ မစားရဝခမန်း စကားလုံးတွေနဲ့လူထုရဲ့အညှာကို ကိုင်တတ်ကြတယ်၊ မလုပ်ပေးနိုင်ဘဲ၊ လုပ်လို့မဖြစ်နိုင်မှန်း သိနေရက်နဲ့လည်း အတည်ပေါက်ကြီးနဲ့ဖြီးဖြန်းပြောဆို ဆွေးနွေးတတ်တာကို စည်းရုံးရေးလုပ်တယ်လို့ ယူဆနေကြတာကို တွေ့ရတတ်ပါတယ်၊ စည်းရုံးရေးနဲ့လိမ်ညာလှည့်ဖြား ပြောဆိုနေတာဟာ သဘောသဘာဝခြင်း အလွန်ကွဲပြားပါတယ်၊ စည်းရုံးရေးဆိုတာဟာ စည်းရုံးသူနဲ့စည်းရုံးခံရသူကြားမှာ အကျိုးစီးပွားတခုကို ပုံစံတခုနဲ့ပေါင်းစည်းခြင်းပဲဖြစ်ပါတယ်၊ စည်းရုံးသူရဲ့အကျိုးစီးပွားသက်သက်အတွက် ဂတိမတည်

လိမ်ညာပြောဆိုစည်းရုံးခဲ့တယ်ဆိုရင်တော့ ဒါဟာစည်းရုံးရေးမဟုတ်ပါဘူး၊ လိမ်ညာလှည့်ဖြားခြင်း ( သို့ ) နိုင်ငံရေးရာဇဝတ်မှု တခုကို ကျူးလွန်လိုက်ခြင်းပဲဖြစ်ပါတယ်။

စည်းရုံးခြင်းနဲ့ဖြားယောင်းသွေးဆောင်ခြင်းဟာ တခါတရံ ရောထွေးယှက်တင် ဖြစ်နေတတ်ပါတယ်၊ စည်းရုံးခြင်းဟာ မူလသဘောသဘာဝအရ အကောင်းဖက်ကို ရည်ညွှန်းပါတယ်၊ ဖြားယောင်းခြင်းကတော့ မကောင်းဖက်ကိုရှေ့ရှုပါတယ်၊

နိုင်ငံရေးအရ စည်းရုံးတဲ့အခါ လူကိုထောက်ခံမှုရအောင်စည်းရုံးခြင်း ( လူကိုထောက်ခံမှုရဖို့က ရွေးကောက်ပွဲအတွက်ဦးတည်တာများပါတယ် ) နဲ့ပါတီ ( မူဝါဒကို ) ကို ထောက်ခံလာအောင်စည်းရုံးခြင်းဆိုပြီး နှစ်ပိုင်းတွေ့ရပါတယ်၊ ဒီလိုအတွက်ပါတီရဲ့မူ၊ ပေါ်လစီနဲ့အနာဂါတ်မျှော်မှန်းချက်တွေ၊ လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်မှုတွေကို အခြေခံပြီး ပုံဖော်ကြရတာဖြစ်ပါတယ်၊ လူထု ( သို့ ) လူတန်းစားတရပ်ရဲ့တကယ့်လိုအပ်ချက်နဲ့ လိုအပ်နေမှုတွေကို မူပေါ်လစီ ( သို့ ) ကတိကဝတ် အကောင်အထည်ဖော်မှုတွေနဲ့ အဟပ်ညီအောင် ရေးဆွဲချမှတ်ပြီး၊ ချပြဆွေးနွေးခြင်း၊ ရှင်းလင်းတင်ပြခြင်း စသဖြင့်စတနစ်တကျပုံဖော်ရတဲ့ သဘောတရားတရပ်ဖြစ်ပါတယ်။

လုပ်ငန်းသဘောအရ စည်းရုံးရေးအလုပ်ကို မလုပ်ဆောင်မီ မိမိရဲ့ ပစ်မှတ်ဟာ ဘာလဲဆိုတာ ရှင်းလင်းစွာ ခွဲခြားနားလည်ရမှာဖြစ်ပါတယ်၊ လူထု၊ လူတန်းစားတရပ်၊ အစုအဖွဲ့တခု စသဖြင့် ဦးစွာသိရှိထားဖို့လိုအပ်ပါတယ်၊ အဲဒီနောက် သူတို့ရဲ့စိတ်ဝင်စားမှု နဲ့လိုအပ်ချက်ကို ရှာဖွေရမှာဖြစ်ပါ



တယ်၊ သိပြီးရင်တော့ ဘယ်လိုတင်ပြဆွေးနွေးမလဲ၊ ရှင်းပြပြောဆိုမလဲဆိုတဲ့ ချဉ်းကပ်မှု ပုံစံကို စဉ်းစားရမှာဖြစ်တယ်၊ အများအားဖြင့် အကျိုးစီးပွားပေါ်မူတည်တဲ့ ဖြစ်စဉ်တွေအပေါ်သာ အာရုံစိုက်လေ့ရှိတာမို့ ပစ်မှတ်ရဲ့အပေါ် ထဲထဲဝင်ဝင် သိနားလည်ထားဖို့အင်မတန်အရေးကြီးပါတယ်။

စည်းရုံးရေးနဲ့ပတ်သက်တဲ့ အခြားအရေးကြီးတဲ့ အချက်တခုကတော့ အားလုံးပါဝင်ရေး ဆိုတဲ့မူ ( သို့ ) အချက်ပဲဖြစ်ပါတယ်၊ အားလုံးပါဝင်ရေး ဆိုတဲ့ အသုံးအနှုန်းဟာ နိုင်ငံရေးအရ နိုင်ငံရေး Elite တွေ နဲ့သာ လုပ်ဆောင်တာမဟုတ်ဘဲ၊ အောက်ခြေကစပြီး အဆင့်တိုင်းမှာရှိတဲ့ သူတိုင်းကိုပါဝင်စေ ခွင့်ပေးတဲ့ မူတခုပဲဖြစ်တယ်၊ ဒီမူရဲ့အခြေခံသဘောထားဟာ အင်အားကိုစုစည်းမှု ပြုစေတဲ့ အချက်ဆိုတာသိထားဖို့လိုပါတယ်၊ ဒါကြောင့် အားလုံးပါဝင်ရေး ဆိုတဲ့စကားလုံးဟာ စည်းရုံးရေးအတွက် အလွန်တာသွားတဲ့ စကားဖြစ်တယ်၊ တချို့ကတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး လို့ပြောဆိုမှုရှိသလို၊ တချို့ကလည်း အလုပ်ပျက်တယ်လို့သုံးသပ်ပြောဆိုကြတာရှိတယ်၊ လက်တွေ့နဲ့ သဟဇာတဖြစ်မှုနည်းပါးတယ်လို့ပြောချင် ပြောနိုင်ပေမယ်လို့ အားလုံးပါဝင်ရေးဆိုတဲ့ ရည်ရွယ်ချက်ဟာ မူမဲ့ရည်ရွယ်ချက်မဟုတ်ပါဘူး၊ စည်းရုံးရေးသဘောတရားကို အခြေခံတဲ့မူ တခုဖြစ်တယ်၊ အားလုံးပါဝင်နိုင်မှု ဘယ်လောက်ရှိတယ်၊ မရှိဘူးဖြစ်တယ်၊ မဖြစ်ဘူးဆိုတာဟာ အဲဒီမူကို အကောင်အထည်ဖော်သူတွေရဲ့ အရည်အချင်း၊ သဘောထား၊ အလုပ်လုပ်ဆောင်မှု စတာတွေအပေါ်တည်မှီပါတယ်၊ အားလုံးပါဝင်ရေးဆိုတာဟာ စကားလုံးသတ်မှတ်ချက်ဖြစ်တဲ့အတွက်၊ တစ်ရာမှာ တစ်ရာလုံးဖြစ်ရမယ်လို့ ပြောဆိုမှုဟာ အကြောင်းမဲ့ စကားကပ်ပြောဆိုခြင်း ဒါမှမဟုတ် အဆိုးမြင်သဘောထားမျိုးသာဖြစ်တယ်၊ တကယ်ကတော့ အားလုံးပါဝင်ရေး ဆိုတာ



အားလုံးဆိုတဲ့အထဲက အများစုနဲ့ပါဝင်သင့်ပါဝင်ထိုက်တဲ့ သဘောထားမျိုးကို ရည်ညွှန်းတယ်လို့သဘောရပါတယ်၊ တဖက်ကကြည့်ရင်လည်း ပွင့်လင်းမြင်သာတဲ့ ဖိတ်ခေါ်စည်းရုံးမှုမျိုးဖြစ်တယ်၊ အရည်အတွက် အင်အားအရဖြစ်စေ၊ အရည်အချင်း အင်အားအရဖြစ်စေ တကယ်လိုအပ်မှုရှိနေရဲ့သားနဲ့ လိုအပ်ချက်ကိုမျက်ကွယ်ပြုပြီး၊ ကိုယ့်သဘောကျတဲ့ လူအချို့ ( သို့ ) ကိုယ့်နောက်လိုက်တဲ့ အစုအဖွဲ့နဲ့ ကိုယ်ပဲအကောင်အထည်ဖော်မှုမျိုးလုပ်မယ်ဆိုတဲ့ အတွေးအခေါ်မျိုးဟာ တဖက်ပိတ်သဘော မျိုးသက်ရောက်တဲ့အတွက် နိုင်ငံရေးလုပ်တဲ့နေရာမယ် အကျိုးဆက်ကောင်းရဖို့အင်မတန် ခက်ခဲတယ်၊ ဒီလိုပုံစံမျိုးနဲ့ အကောင်အထည်ဖော်မှုလုပ်ကြတဲ့အခါ အဆင့်တခုအထိ ( သို့ ) စိတ်ကြိုက်ပုံသွင်းပြီးစီးတဲ့ အချိန်မှာမှထုတ်ဖော်ပြောကြားခြင်း၊ ဖိတ်ခေါ်ခြင်းလုပ်လေ့ရှိကြပါတယ်၊ ဒါကြောင့် ဒီလိုဖော်ဆောင်မှုမျိုးဟာ ကျယ်ပြန့်တဲ့စည်းရုံးရေး၊ မှန်ကန်တဲ့စည်းရုံးရေးမျိုး အဖြစ်မသတ်မှတ်နိုင်ပါဘူး၊ အားလုံးပါဝင်ရေး ဆိုတာကို တချို့ကလုပ်ငန်း အကောင်အထည်ဖော်မှုပိုင်းမှာ အားနည်းချက်များတယ်လို့ ယူဆကြတာလည်းရှိပါတယ်၊ ဒီလိုယူဆမှုဟာ လွဲမှားတဲ့အယူအဆတခုလို့မပြောနိုင်ပေမယ်လို့ အားကောင်းတဲ့ အကောက်အယူ တခုတော့မဟုတ်ပါဘူး၊ တကယ်ကအားလုံးပါဝင်ရေးဆိုတာ စည်းရုံးရေးသဘောသဘာဝအရ အခြေခံအကျဆုံးမှု ( စုဖွဲ့၊ ဖွဲ့စည်းတည်ဆောက်မှုတခုခု ( သို့ ) အလုပ်တခုခုအတွက်) သို့တည်းမဟုတ် သဘောတရားတခုသာဖြစ်ပါတယ်၊ အားလုံးကိုပါဝင်မှုပေးခြင်းဟာ ကျဉ်းမြောင်းတဲ့အယူအဆနဲ့ပိတ်ဆို့ ခွဲခြားခြင်းတွေ မရှိဘူးလို့ဆိုလိုရာကိုရောက်ပါတယ်၊ သို့သော်လက်တွေ့ပိုင်းမှာ ရှိရှိသမျှ၊ မြင်သမျှ ပါဝင်ပူးပေါင်းလာမယ်လို့ယူဆချက်မဟုတ်ပါဘူး၊ ပါဝင်လာနိုင်မှုရဲ့ရာခိုင်နှုန်း ( အကန့်အသတ် ) ကို ကြိုတင်တွက်ဆထားရမှာဖြစ်သလို၊ ကာလတခုအထိ ( အနည်ထိုင်ချိန် ) ဖြတ်သန်းရမှာဖြစ်ပါတယ်၊ မည်သို့ပင်ဆိုစေ ကာမူ အားလုံးပါဝင်ရေး ဆိုတဲ့ စကားလုံး ( သို့ ) မူ ကိုနိုင်ငံရေးနယ်ပယ်မှာ ရွံ့ကြောက်စရာ မလိုသလို ရှောင်ရှားစရာလို့လည်း မသတ်မှတ်သင့်ပါဘူး၊ တကယ်တော့ ရှောင်လွဲလို့မရတဲ့ စည်းရုံးရေးအခြေခံ နိုင်ငံရေးမှုတခုပဲဖြစ်ပါတယ်။

ဝါဒဖြန့်ချီရေးဆိုတာဟာလည်း စည်းရုံးရေးနဲ့ပတ်သက်တဲ့ လုပ်နည်းလုပ်ဟန်တမျိုးပဲဖြစ်ပါတယ်။ အချုပ်အားဖြင့်ပြောရမယ် ဆိုရင်တော့ နိုင်ငံရေးသမားတဦးအတွက် နေ့စဉ်နိုင်ငံရေးဘဝရဲ့ ပြောဆိုလှုပ်ရှားမှုအားလုံးဟာ စည်းရုံးရေးသဘောထားကို အခြေခံထားသက်ဝင်နေဖို့ဟာ အရေးအကြီးဆုံးပဲဖြစ်ပါတယ်။

# အတွေးအခေါ် ပြောင်းလဲခြင်းမှ ဖက်ဒရယ်ပြည်ထောင်စုဆီသို့



Areng Pui

မြန်မာ့ နိုင်ငံရေးသမိုင်းအရွေ့တွေကို ကြည့်မည်ဆိုလျှင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် နှစ်လကြာရှည်စွာ ကြိုးပမ်းခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် အာဏာရှင်အင်အားစုများ၏ တိုင်းပြည်အပေါ် နည်းလမ်းပေါင်းစုံကနေ ပျက်စီးခဲ့ကြသည့်သမိုင်းဆိုးကြောင့် ဖက်ဒရယ်ပြည်ထောင်စုကြီးအား ယနေ့တိုင်မတည်ဆောက်နိုင်ဘဲ ပြည်တွင်းစစ်မီး ခရီးရှည်များနဲ့သာ မြန်မာပြည်သူများအနေဖြင့် ရင်းနှီးခဲ့ကြသည်။

ထို့အပြင် မြန်မာ့နိုင်ငံရေးဓလေ့ ( Myanmar Politics Culture) ကို ကြည့်မည်ဆိုလည်း လူငယ်များ၏ခေါင်းထဲ၊ အတွေးထဲတွင် ခပ်ဆိုးဆိုးနိုင်ငံရေးဓလေ့များကိုသာ အမှန်တရားဟုထင်မှားအောင် အာဏာရှင်များက လက်ဆင့်ကမ်းမျိုးစေ့ အမွေပေးခဲ့ကြတာဖြစ်သည်။ ထိုကဲ့သို့ နိုင်ငံရေးဓလေ့ဆိုးများ၏ အကျိုးသက်ရောက်မှုသည် ယနေ့တိုင် ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးတွင် အဟန့်အတား တစ်ခုလိုဖြစ်နေပါသည်။ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွင်လည်း ၎င်းအတွေးအခေါ်ဆိုးများကိုထပ်မံတွန့်လှန်ကြရမည်ဖြစ်သည်။

အာဏာရှင်အင်အားစုများသည် အင်အားရှိလျှင် မိမိလိုချင်သည့်နိုင်ငံရေးအခင်းအကျင်းကို တည်ဆောက်ယူလို့ရတယ်ဟူသည့် အတွေး၊ လက်နက်ရှိလျှင် ဘာမဆိုလုပ်လို့ရတယ်ဟူသည့် ကွင်းဆက်တွေကို မြန်မာပြည်သူ/သားများများ၏ အတွေးအခေါ်ထဲတွင် နှစ်ကာလကြာရှည် ရိုက်သွင်းခဲ့ကြပြီး မြန်မာ့ပြည်သူနှင့် ဖက်ဒရယ်စနစ်အကြား ဝေးကွာအောင် လုပ်ဆောင်ခဲ့ကြတာဖြစ်သည်။ ၂၀၂၁ ခုနှစ် အာဏာမသိမ်းခင် မြန်မာ့

နိုင်ငံရေးတွင်စစ်တပ်၏ ပါဝင်ပတ်သက်မှု၊ တိုင်းရင်းသား တော်လှန်ရေး အင်အားစုများနဲ့ ပြည်ထောင်စု အစိုးရအကြား နိုင်ငံရေးစကားဝိုင်း ဆွေးနွေး ခဲ့ကြရာတွင်ပင် လက်နက်အင်အားရှိမှသာ စားပွဲပေါ် လူရာသွင်းခံခဲ့ကြတာ ဖြစ်သည်။ ထိုကဲ့သို့ အလေ့အထတွေ၊ ဓလေ့တွေကြောင့် တိုင်းရင်းသား လက်ကိုင် အင်အားစုများသည် နိုင်ငံရေးကို ယဉ်ကျေးသိမ်မွေ့စွာစာပွဲခုံ ဆွေးနွေး ခွင့်ရ ရှိနိုင်ရေးအတွက် လူအင်အား၊ လက်နက်အင်အားများကို ပမာဏအဆင့်ထား တည်ဆောက်လာခဲ့ကြရပါသည်။

ထို့နည်းတူ ၂၀၂၁ ခုနှစ်၊ တကျော့ပြန်အာဏာသိမ်းပြီးနောက်တွင် ပြည်သူလူထုတစ်ရပ်လုံးက လမ်းပေါ်ထွက်သပိတ်မှောက်ရာမှ တောထဲ တော်လှန်ရေးဘဝကို နေ့ချင်းညချင်းရောက်ခဲ့ကြသည်။ တော်လှန်ရေး (၃) နှစ်ကျော်အကြာတွင် အာဏာရှင်ကိုတော်လှန်ကြသည့် တော်လှန်ရေး အင်အားစုတချို့ပင်လျှင် အင်အားရှိမှလူရာဝင်မည်ဟူသည့် အာဏာရှင်များ က တိုက်သွင်းပေးသည့် နိုင်ငံရေးဓလေ့ အတွေးအခေါ်များ တဖြည့်ဖြည့် စိမ့် ဝင်လာသည်ကို စိတ်မကောင်းစွာ တွေ့မြင်နေရတာဖြစ်သည်။ တော်လှန်ရေး ကာလ ကြာလာသည်နဲ့အမျှ အင်အားရှိရင် နယ်မြေသိမ်းနိုင်မည်၊ နယ်မြေ သိမ်းရင် နယ်မြေပိုင်မည် ဆိုသည့်လွဲမှားနေတဲ့ကွက်စက်တွေ တစ်ဖြည်းဖြည်း အားသန်လာကြသည်ကို တွေ့ရတာဖြစ်သည်။ ထိုကဲ့သို့ အာဏာရှင်ဆန်ဆန် စဉ်းစားတွေးခေါ်မှု၊ စဉ်းစားချက်တွေသည် ဖက်ဒရယ်စိတ်ဓာတ်၊ ဖက်ဒရယ် တည်ဆောက်ရေးလမ်းစဉ်နဲ့ ဆန့်ကျင်နေပြီး ပြုပြင်ပြောင်းလဲရန် လိုအပ်တာ ဖြစ်သည်။

နိုင်ငံရေးစနစ်သစ်တစ်ခုအား အစပျိုးပြုပြင်ပြောင်းလဲကြရာတွင် မိမိ တို့၏ အတွေးအခေါ်ယူဆချက်၊ နိုင်ငံရေးဓလေ့တွေကို ဦးစွာပြုပြင်ပြောင်းလဲ ဖို့လိုအပ်တာဖြစ်သည်။ မိမိ၏ အတွေးခေါ်၊ နိုင်ငံရေးဓလေ့တွေကို ပြုပြင် ပြောင်းလဲမှုမလုပ်နိုင်ဘဲ နိုင်ငံရေးစနစ်သစ်တစ်ခုဆီကူးပြောင်းနိုင်ရန် အလွန် အင်မတန် ခဲယဉ်းမှာဖြစ်သည်။ ထို့အတွက်ကြောင့် မိမိတို့အနေဖြင့် ဖက် ဒရယ်စနစ်တစ်ခုကိုပြုပြင် ပြောင်းလဲကြမည်ဆိုလျှင် ဖက်ဒရယ်စနစ်၏ အနှစ်သာရဖြစ်သည့် အရှိတရားကို အခြေခံသည့် တန်းတူညီမျှမှု၊ ပြည်သူ ကိုအခြေခံတဲ့ လုပ်ထုံးလုပ်နည်း၊ ပြည်သူလူထုအကျိုးကိုအလေးထားသည့် နိုင်ငံရေးဓလေ့ ကောင်းတွေကို မွေးမြူကြရမှာဖြစ်သည်။

ဆိုလိုသည်မှာ လူအနည်းစုများ၏ နိုင်ငံရေးပါဝင်မှုကို ကန့်သတ် ခြင်း၊ လူရာမသွင်းခြင်း၊ ပြည်သူရဲ့ သဘောထားကို ဥပက္ခာပြုပြီး မိမိတို့ အာဏာတည်ရှိရေးအတွက် ပြည်သူလူထုအား မိမိ၏ရုပ်သေးရုပ် တစ်ရုပ်လို လိုရာပုံသွင်း အုပ်ချုပ်လိုသည့် စိတ်ဓာတ်များ၊ ပြည်သူလူထု၏ အကျိုးအမြတ်

ကို မသိချင်ဆောင်ကျောခိုင်းထားခြင်းများကို သတိချပ် ရှောင်ရှားကြဖို့လိုအပ် မည်ဖြစ်သည်။ ဖက်ဒရယ်စနစ်တစ်ခုကို အတူတကွ ပုံဖော်တည်ဆောက် ကြမည်ဆိုလျှင် အရှိတရားကိုအခြေခံသည့် နိုင်ငံရေးစနစ်၊ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံ ပါဝင်နိုင်သည့် နိုင်ငံရေးအခင်းအကျင်း၊ အင်အားနည်းတူ၊ များသူ အနိုင်ထက် စိုးမိုးလိုသည့် ကိုလိုနီစိတ်ဓာတ်များကို ဖျောက်ပစ်ရ မည်ဖြစ်သည်။ မတူညီကွဲပြားမှုကို တန်ဖိုးထား လက်ခံနိုင်ရမည်ဖြစ်သည်။ အားလုံးပါဝင်
သည့် နိုင်ငံရေးဓလေ့ကို မွေးမြူကြဖို့လိုအပ်တာဖြစ်သည်။

ယနေ့တော်လှန်ရေးသည် အာဏာရှင်ကျဆုံးရေးတစ်ခုတည်းသာ ဦးတည်သည့်တော်လှန်ရေး မဟုတ်ဘဲ ဖက်ဒရယ်တည်ဆောက်ရေး အတွက်ပါ ပြင်ဆင်နေကြသည့် ကာလဖြစ်ပါသည်။ လက်ရှိတော်လှန် နေကြသည့် အာဏာရှင်ကျဆုံး သည်နဲ့ တော်လှန်ရေးတာဝန်ပြီးမြောက်သည် မဟုတ်ဘဲ ပြည်သူအားလုံး အတွက် အာမခံချက် ရှိသည့် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးကို ဆက်လက် လုပ်ဆောင် ကြရအုံးမည်ဖြစ်သည်။ ထို့အတွက် ဒီတော်လှန်ရေးတွင် အာဏာရှင်စစ်တပ်တစ်ခုတည်းကို တော်လှန် နေခြင်း မဟုတ်ဘဲ မိမိတို့၏ အာဏာရှင်ဆန်ဆန် နိုင်ငံရေးဓလေ့၊ အတွေးအခေါ်များကိုပါ တွန်းလှန် ကြရမှာ ဖြစ်သည်။ ထိုမှသာ မိမိတို့ လိုချင်သည့် တန်းတူရည်တူအာမခံချက်ရှိသည့် အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုကြီးကို အတူတကွ လက်တွဲညီညီ တည်ဆောက်နိုင်မည်ဖြစ်သည်။





**Federal Journal Facebook စာမျက်နှာတွင် အကြောင်းအရာ စုံလင်စွာ ဝင်ရောက် လေ့လာနိုင်ပါသည်**



# ပဋိပက္ခတစ်ခု ဖြစ်ပေါ်ခြင်း

သက်ထွန်း



လူ့အဖွဲ့အစည်းအတွင်းမှာ ပဋိပက္ခတွေဟာ၊ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ နေရာဒေသ၊ အချိန်အခါမရွေး တည်ရှိနေပါတယ်။ ပဋိပက္ခလို့ဆိုရာမှာ သဘာဝတရားကြောင့် ဖြစ်ပေါ်လာတဲ့အကြောင်းနဲ့ လူသားခြင်းဖန်တီးလို့ ဖြစ်ပေါ်လာတဲ့ အကြောင်းတရားတွေကိုသာဆိုလိုပါတယ်၊ ဒီနေရာမှာလည်း လူတစ်ဦးခြင်းဆီမှာရှိနေတဲ့ (ပုဂ္ဂလိကသဘောဆောင်တဲ့) ပဋိပက္ခနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးနဲ့သက်ဆိုင်နေတဲ့ ပဋိပက္ခဆိုပြီး ထပ်မံခွဲခြားဖို့လိုပါတယ်( ဒီမှာတော့လူ့အဖွဲ့အစည်းတစ်ခုလုံးနဲ့ဆိုင်တဲ့သဘောကိုသာ ရည်ညွှန်းလိုတယ်)။

ပဋိပက္ခဖြစ်ပေါ်ဖို့အတွက် ဘက်နှစ်ဘက်လိုပါတယ်၊ လူ့အဖွဲ့အစည်းအတွင်းတဦးနဲ့တဦး၊ တဖွဲ့နဲ့တဖွဲ့၊ လူတန်းစားတစ်ရပ်နဲ့တစ်ရပ် မိမိတို့လိုလားသော၊ ဖြစ်လိုသော ရည်မျှော်ချက်များနှင့်ပတ်သက်ပြီး အယူအဆ၊ အတွေးအခေါ်၊ ရပ်တည်ချက်၊ လုပ်ဆောင်ချက်များ မတူကွဲပြားနေတဲ့အခါ ပဋိပက္ခဆိုတာဟာ ရှောင်လွဲမရဘဲ ဖြစ်ပေါ်လာလေ့ ရှိပါတယ်။

အရာရာဟာ တစ်သားတည်းကျနေခဲ့မယ်ဆိုခဲ့ရင် ပဋိပက္ခဆိုတာဟာ ဖြစ်ပေါ်လာနိုင်စရာ လုံးဝမရှိပါဘူး၊ ဒါပေမယ့် လူသားရဲ့သဘာဝအရတော့ ဘယ်အခါမှ တထပ်တည်းကျမယ့်အယူအဆ၊ အတွေးအခေါ်၊ လုပ်ဆောင်ချက်မျိုးဆိုတာ မရနိုင်ပါဘူး၊ အနီးစပ်ဆုံးဆိုတဲ့အခြေအနေမျိုးမှာသာ ရှိနိုင်ပါတယ်၊ ဒါဟာလည်းလူသားရဲ့ပင်ကိုယ်ရှိပြီး ဖြစ်တဲ့လောဘ၊

ဒေါသ၊ မောဟဆိုတဲ့ ဗီဇသဘောတွေကြောင့်ပါဘဲ၊ ဒီအပေါ်မှာတည်ပြီး လူတစ်ဦးခြင်း(သို့) လူ့အဖွဲ့အစည်းရဲ့ တောင့်တချက်၊ ရည်မျှော်ချက်ဆိုတာတွေ ဖြစ်ပေါ်လာလို့ပါဘဲ။ ဒါဟာ သဘာဝ ကျပါတယ် ။

သို့သော်လည်း မိမိတို့ရဲ့လိုအင်ဆန္ဒကို လိုအပ်ချက်ဆိုတဲ့ ဟန်မျိုးနဲ့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနဲ့ ဆန့်ကျင်ဘက် ရည်မျှော်ချက်မျိုးကို လုပ်ဆောင်လာပြီဆိုရင်တော့ အလွန်အန္တရာယ်ကြီးတဲ့ အခြေအနေမျိုးကိုရောက်သွားပြီ ဖြစ်ပါတယ်။ လူ့သမိုင်းတစ်လျှောက်လူ့အဖွဲ့အစည်းအတွင်းဖြစ်ပေါ်လာခဲ့တဲ့ ပဋိပက္ခတွေကြောင့် ပြောင်းလဲမှု များစွာ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒါပေမယ့်လည်း ပြောင်းလဲမှုတိုင်းဟာ တိုးတက်မှုကိုရှေ့ရှုပါသလား ဒီမေးခွန်းဟာ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အလွန်ရေးကြီးပါတယ်၊ ဘာကြောင့်လည်းဆိုတော့ ပဋိပက္ခဆိုတာဟာ အစပ်အဟပ်မတည့်သော အနေအထားများကို ပေါင်းစပ်ရန်ကြိုးစားရာမှ တဆင့်မြစ်ဖျားခံလာခြင်းကြောင့်ပါဘဲ၊ ဒီအတွက်ပြောင်းလဲမှုတိုင်းဟာ တိုးတက်မှုတိုင်းကိုရှေ့ရှုဖို့ရာ မဖြစ်နိုင်တော့ပါဘူး။ တိုးတက်မှုကို ရှေ့ရှုတဲ့ ပြောင်းလဲမှုဆိုတာဟာ အသွင်သဏ္ဍာန်ရော အနှစ်သာရပါ လိုအပ်လှပါတယ်။ ဒီနေရာမှာ လူ့အဖွဲ့အစည်းအတွင်း အပေါ်ယံပြောင်းလဲမှုနဲ့ အနှစ်သာရပြောင်းလဲမှုဆိုပြီး နှစ်မျိုးရှိပါတယ်။ အပေါ်ယံပြောင်းလဲမှုဟာ သာမည့ဖြစ်ပြီး၊ အနှစ်သာရပြောင်းလဲမှုကသာ အဓိကကျပါတယ်။

မည်သည့်ခေတ်ကာလမျိုးမှာမဆို တည်ရှိနေသော လူ့အဖွဲ့အစည်းအတွင်း ညီညွတ်လျော်ကန် သင့်မြတ်မှုမရှိတဲ့ ဆန္ဒများနဲ့ထူထောင်ကြပြီဆိုရင်တော့ ဆန့်ကျင်ဘက်ရည်ရွယ်ချက်တွေ အားပြိုင်မှုကြောင့် ပေါက်ကွဲထွက် တတ်တာဟာ ဓမ္မတာပါဘဲ။ ဒါကို လူ့သမိုင်းစတင်ချိန်ကစပြီး ယနေ့ထက်တိုင် ကမ္ဘာကြီးမှာ ဖြစ်ပေါ်ခဲ့တဲ့ခေတ်၊ စနစ်တွေကို ပြန်လည်ကြည့်ရင် ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

လူ့အဖွဲ့အစည်းအတွင်း တည်ငြိမ်အေးချမ်းဖို့ ဆိုတာဟာ ကိုယ်ချမ်းသာမှု (ကာယိကသုခ) ရှိရုံနဲ့မပြီးမြောက်၊ စိတ်ချမ်းသာမှု (စေတသိကသုခ) ရှိဖို့လည်း လိုအပ်လှပါတယ်။ လူ့အဖွဲ့အစည်းအတွင်းရှိနေတဲ့ ပဋိပက္ခအပေါ် လောဘ၊ ဒေါသ၊ မာန်မာနတွေ ဦးဆောင်နေသမျှ ကာလပတ်လုံး ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ လူ့အဖွဲ့အစည်း တည်ငြိမ်မှုရှိတယ်ဆိုရာမှာ လူတစ်ဦးခြင်းရော၊ လူ့အဖွဲ့အစည်းအတွင်းမှာပါ ပဋိပက္ခသဘော လုံးဝမရှိဟု မဆိုလိုပါ၊ ရှိနေမှာပါဘဲ။ သို့သော် လူ့အဖွဲ့ အစည်းတစ်ခုလုံးအား ဆိုးကျိုးဖြစ်စေနိုင်သော ပဋိပက္ခမျိုးကိုသာ မဖြစ် ပေါ်စေဖို့ရာ အဓိကလိုရင်းဖြစ်

ပါတယ်။

တကယ်တော့ လူ့အဖွဲ့အစည်းအတွင်းမှာ အသွင်သဏ္ဍာန်ပိုင်းရော၊ အနှစ်သာရပိုင်းပါ တည်ငြိမ်မှုရှိဖို့ လိုအပ်လှပါတယ်။ ကြုံတွေ့နေရတဲ့ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းပုံမှားယွင်းပါက အသွင်သဏ္ဍာန်ပိုင်းအားဖြင့် တည်ငြိမ်သယောင်ရှိနိုင်သော်လည်း အနှစ်သာရ (အတွင်းပိုင်း)မှာ အခြေအနေဟာ အလွန်ဆိုးရွားနေပါဘဲ။ ဥပမာအားဖြင့်တော့ အဲဒီလိုအခြေအနေမျိုးမှာ ရောက်နေတဲ့လူ့အဖွဲ့အစည်းဟာ မြုံနေတဲ့အနာတစ်ခုကို ပိုင်ဆိုင်ထားရသလို ဖြစ်နေမှာပါဘဲ။ (ပဋိပက္ခ) ဖြစ်ရခြင်းရဲ့ အခြေခံအကြောင်းတရားတွေကိုပစ်ပယ်လို့မရ၊ အကြောင်းတရားကိုပယ်ပြီးစဉ်းစား နေသမျှတော့ထွက်ပေါ်လာတဲ့ရလဒ်ဟာလည်း မှန်ကန်သင့်လျော်တဲ့ အကျိုးတရား ဖြစ်မလာနိုင်ပါဘူး။

အကြောင်းတရားများစွာ ပေါင်းစုံပြီးဖြစ်ပေါ်လာတဲ့ ပြဿနာ (ပဋိပက္ခ) တရပ်ကိုဖြေရှင်းရာမှာ ယထာဘူတကျတဲ့ အကျိုးတရား(ကြောင်းကျိုးဆီလျော်တဲ့ရလဒ်) ကိုမှမရရင်တော့ ဖြေရှင်းခြင်းဆိုတာဟာ ဘာများအဓိပ္ပါယ်ရှိတော့မှာလဲ။ ဒီနေရာမှာ လူ့အဖွဲ့အစည်းကိုရုပ်ပိုင်း၊ စိတ်ပိုင်းနှစ်ခုစလုံးအေးချမ်းတည်ငြိမ်စွာနဲ့ တိုးတက်တည်ရှိနိုင်ဖို့ရာ ဘယ်ဘက်ကိုမှ အလေးပေး မဲတင်းလို့မရနိုင်ပါဘူး။ စိတ်ကူးသက်သက်ဝါဒ၊ သဘောတရားတွေနဲ့ပုံဖော်ရင်း (မကြာခဏ) ပြင်လိုက်၊ ဖျက်လိုက် လူ့အဖွဲ့အစည်းမျိုးဟာ တကယ်စစ်မှန်တဲ့ တိုးတက်မှုမျိုးကိုရရှိဖို့ မလွယ်ကူပါဘူး။ ဒါကြောင့် လူ့အဖွဲ့အစည်း တစ်ခုလုံးတိုးတက်၊ တည်ငြိမ်မှုဆိုတာရရှိဖို့ရာမှာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုးတက်မှုသက်သက် (ရုပ်ဝတ္ထုများ ဖြစ်ပေါ်တည်ရှိခြင်း ) နဲ့မပြည့်စုံသလို ၊ စိတ်ပိုင်းဆိုင်ရာ လွတ်လပ်၊ အေးချမ်းမှုသက်သက်(တွေးခေါ်မျှော်မြင်နိုင်ရုံ)နဲ့ မပြည့်စုံနိုင်ပါဘူး။ စိတ်နဲ့ရုပ်၊ တို့ရဲ့ဟန်ချက်ညီညီ ဖြစ်ပေါ်တိုးတက်မှုရမှသာ လူ့အဖွဲ့အစည်းအတွင်း စစ်မှန်တဲ့ တိုးတက်ငြိမ်းချမ်းမှုမျိုးကို ရနိုင်မယ်ဖြစ်ပါတယ်။ ဒါကြောင့်လည်း လူ့အဖွဲ့အစည်းအတွင်း တည်ရှိနေတဲ့ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းပုံပေါ်မူတည်ပြီး တိုးတက်မှု (သို့မဟုတ်) ဆုတ်ယုတ်ပျက်ပြားမှုကို ရရှိမှာဖြစ်ပါတယ်။

ပဋိပက္ခတစ်ခုကြောင့်ဖြစ်ပေါ်လာတဲ့ ပြောင်းလဲခြင်းကနေ တိုးတက်မှုဆိုတာကိုရရှိဖို့ရာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခြေအနေကို (တကယ်ပြေလည်မှုရအောင်) အစစ်အမှန်ဖြေရှင်းခြင်းမျိုးမှသာ ရနိုင်ပါတယ်။ ဖြစ်ပေါ်လာသော ပဋိပက္ခအား ညီညွတ်မျှတစွာ ပေါင်းစည်း၍ မိတ်ဖက်ပဋိပက္ခအသွင်သို့ ပြောင်းလဲကာ တိုးတက်မှုဆီသို့ ရွေ့ရှူနိုင်ပါတယ်။ ပဋိပက္ခကိုလုံးဝဖြေရှင်းခြင်းမပြုဘဲ လှစ်လျူရှုထားခြင်း၊ အတုအယောင်ဖြေရှင်းခြင်း၊ (မှန်ကန်သောပြေလည်မှုမရရှိနိုင်ဘဲ) ဖြေရှင်းသယောင်နှင့်ပြဿနာကို အချိန်ဆွဲဆန့်နေခြင်းမျိုးဟာ မူလရှိရင်းစွဲအခြေခံ အနေအထားထက် အခြားအကြောင်းအရာ

များပေါ် ထပ်ဆင့်လာပြီး ပိုမိုရှုပ်ထွေးလာတတ်ပါတယ် ။

ဖြေရှင်းသယောင်နဲ့ ပဋိပက္ခကို ပိုမိုရှုပ်ထွေးအောင် ပြုလုပ်နေခြင်း၊ ဒါမှမဟုတ် လုစ်လျူရှုထားခြင်းမျိုးတွေဟာ လူ့အဖွဲ့အစည်းအတွင်းဆုံးရှုံး နစ်နာမှုကို ဖြစ်စေတာမို့ မကိုင်စွဲသင့်ပါဘူး။ လူ့အဖွဲ့အစည်းရဲ့ကောင်းမွန်တဲ့ အကျိုးစီးပွားကို လိုလားတယ်ဆိုရင် ပဋိပက္ခမှန်သမျှကို မှန်မှန်ကန်ကန် ဖြေရှင်းကြဖို့ပါဘဲ။ ဘယ်ကာလမှာမဆို ပစ္စက္ခမှာတည်ရှိနေတဲ့ ပဋိပက္ခကို မှန်ကန်စွာဖြေရှင်းနိုင်ခြင်းမရှိခဲ့ကြလို့ ကျိုးပေါက်ထွက်ပေါ်လာတဲ့ အခြေအနေကြောင့်ရလာတဲ့ ပြောင်းလဲမှုမှာ ပေးဆပ်လိုက်ရတဲ့အရာ (ဆုံးရှုံးရမှု၊ စတေးရမှု) တွေဟာ မခန့်မှန်းနိုင်လောက်အောင် ကြီးကျယ်ပါတယ်။

ဒါတွေကို လူ့သမိုင်းရဲ့ခေတ်တွေ၊ စနစ်တွေ၊ ပြောင်းလဲခဲ့တဲ့ အဖြစ်အပျက်တွေအပေါ်မှာ တွက်ဆကြည့်ရင် သိနိုင်ပါတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းအတွင်းတိုးတက်မှုကို ရရှိခဲ့တယ်ဆိုသော်လည်း ပေးဆပ်ခဲ့ရတဲ့ အရင်းအနှီးဟာကြီးမားလွန်းလှပါတယ် (ထိုက်တန်ဆီလျော်တဲ့ရင်းနှီးပေးဆပ်မှုမျိုးထက်သာလွန်တဲ့ အခြေအနေမျိုးဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ကိစ္စမျိုးတော့ မဟုတ်ပါဘူး)။

ဒီတော့ရည်ရွယ်ချက်ကဘာလဲဆိုတာအရေးကြီးပါတယ်။ ပြောင်းလဲမှုကနေတိုးတက်မှုကိုလိုချင်သလား။ ဆုတ်ယုတ်ပျက်ပြားမှု ကိုလိုချင်သလားဆိုတာ ဆန်းစစ်ရပါတော့မယ်။ တကယ်တော့ လူ့အဖွဲ့အစည်းအတွက် ဘယ်လိုပြောင်းလဲမှုမျိုးကိုမဆို၊ တိုးတက်ခြင်းကိုသာ ရှေ့ရှုသင့်ပါတယ်။ ဖြေရှင်းမှုမမှန်ကန်တဲ့ အခြေအနေမျိုး မှာတောင် (လူ့အဖွဲ့အစည်း) ဟာ ဆုံးရှုံးနစ်နာမှုရှိနိုင်တယ်ဆိုရင် လုံးဝလုစ်လျူရှုထားခြင်းအားဖြင့်ဆိုရင်တော့ အလွန်ဆိုးဝါးတဲ့ ဆုံးရှုံးမှုမျိုးကိုသာ လက်ခံရမှာပါဘဲ၊ ဘာကြောင့်လည်းဆိုတော့ ဆန့်ကျင်ဘက်အခြေအနေဟာ အစွန်းနှစ်ဖက်ကိုရောက်သွားမှာမို့ပါဘဲ ။



ဒီနေရာမှာ အခြေခံအားဖြင့်တော့ ရည်ရွယ်ချက်ဟာ တူညီဖို့လိုအပ်ပါတယ်။ ပဋိပက္ခတစ်ရပ်ကို ဆုပ်ကိုင်ထားတဲ့ ဘက်နှစ်ဘက်ဟာ ဘယ်လို အကြောင်းအရာပေါ်မှာ ရပ်တည်လိုတဲ့ဆန္ဒသဘောထားလဲ၊ ဘာဖြစ်ဖို့ ရည်ရွယ်ချက် သလဲ။ ဘာကြောင့်လဲဆိုတော့ ရည်ရွယ်ချက်ဆိုတာဟာလည်း တူမယောင်နဲ့ကွဲနေတတ်တယ်၊ ဒီတော့ နှစ်ဦးနှစ်ဘက်ထားရှိတဲ့ ရည်ရွယ်ချက်ဟာ အဓိကကျနေပါတယ်။ ရည်ရွယ်ချက်ဟာ ကွဲပြားနေခဲ့ပြီဆိုရင်တော့ ဘယ်လိုနည်းနဲ့မှ စေ့စပ်ညှိနိုင်းလို့မရပါဘူး၊ ရည်ရွယ်ချက်ဟာ တူညီနေခဲ့မယ်ဆိုရင်တော့ ပြဿနာကိုဖြေရှင်းဖို့ အောင်မြင်နိုင်ပါတယ်။

ဒါကြောင့် နှစ်ဘက်စလုံးဟာ(လူ့အဖွဲ့အစည်းအတွင်း)ပဋိပက္ခတစ်ခုဖြစ်ပေါ်နေခဲ့ပြီဆိုရင် တိုးတက်မှုကိုရှေ့ရှုဖို့ ရည်ရွယ်ချက်(ဒါမှမဟုတ်) အနည်းဆုံး ပဋိပက္ခကိုပြီးပျောက်စေလိုခြင်း ရည်ရွယ်ချက်တော့ရှိဖို့လိုပါတယ်။ အဲဒီနောက် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် မည်ကဲ့သို့မျော်လင့်ချက်များတာရှိတယ်ဆိုတာကို ပွင့်လင်းစွာ ပြောဆိုညှိနိုင်းပြီးတဲ့နောက်မှာ ရည်ရွယ်ချက်ခြင်း တူညီနေကြပြီဆိုရင်တော့ လုပ်ဆောင်ကြရမှာက ပဋိပက္ခကိုဖြေရှင်းကြဖို့ပါဘဲ။ ပဋိပက္ခကိုပြေလည်ရှင်းလင်းအောင်ပြုလုပ်မယ်ဆိုရင် ပထမဆုံးအနေနဲ့ဖြစ်ပေါ်နေတဲ့ ပဋိပက္ခကိုဖြေရှင်းချင်တဲ့စိတ် ရှိရပါမယ်။ မရှိသေးရင်လည်း ရှိလာအောင်မွေးရပါမယ်။

ဘာကြောင့်လဲဆိုတော့ ဖြေရှင်းလိုစိတ်မရှိဘဲ ဖြေရှင်းမယ်ဆိုရင်တော့ ဆန့်ကျင်ဘက်စက်ဝိုင်းပတ် သံသရာအတွင်းမှာဘဲ လည်နေပါလိမ့်မယ်။ ဘယ်သောအခါမှ မပြီးဆုံး၊ မအောင်မြင်နိုင်ပါဘူး ။ ဒါကြောင့် ပဋိပက္ခ တစ်ရပ်ကို ဖြေရှင်းအောင်မြင်ချင်တယ်ဆိုရင် ပြဿနာကိုဖြေရှင်းလိုစိတ်ဟာ နံပါတ်တစ် အရေးအကြီးဆုံးအချက်ပါဘဲ။

ဒုတိယအနေနဲ့ကတော့  လက်တွေ့ဖြေရှင်းဆောင်ရွက်ခြင်းပါဘဲ။ ပဋိပက္ခတစ်ရပ်ကို ရှုမြင်သုံးသပ်ရာမှာ ကြည့်ရှုပုံ ကြည့်ရှုနည်းကွဲလို့ အမြင်



အမျိုးမျိုး ရှိနိုင်ပါတယ်။ သို့သော်ရည်ရွယ်ချက်ပန်းတိုင်(တကယ်လိုအပ်ချက်)ကို ပြန်လှည့်ကြည့်ပြီး ညှိနိုင်းနိုင်ပါတယ်။

တစ်ခါတရံ ရည်ရွယ်ချက်ခြင်းတူရင်တောင်မှ အမြင်၊ သဘောထားခံယူချက်တွေ မတူကွဲပြားနေခဲ့ရင် ရပ်တည်လုပ်ဆောင်ချက်တွေ ကွဲပြားလာလို့ ပဋိပက္ခဆိုတာ ဖြစ်ပေါ်လာလေ့ရှိပါတယ်။ ဒါပေမဲ့ဒီအခြေအနေမျိုးဟာ နည်းဗျူဟာအဆင့်မှာသာ ရှိနေလို့အရေးမကြီးပါဘူး၊ မဟာဗျူဟာ ကွဲပြားခြင်းမျိုးမဟုတ်လို့ ကွာဟမှုနည်းပါး သွားမှာဖြစ်ပါတယ်။

ဆိုလိုတာကတော့ ပဋိပက္ခကိုဖြေရှင်း အောင်မြင်လိုစိတ်နဲ့ ရည်ရွယ်ချက်တွေတူညီနေခဲ့ပြီဆိုရင် ကွဲပြားနေတဲ့ အမြင်တွေကို(အနီးစပ်ဆုံး) ထပ်တူကျအောင် ပြုပြင် လာနိုင်ပါလိမ့်မယ်။ ရည်ရွယ်ချက်ချင်းတူညီပြီး အမြင်ကွဲ နေမယ်ဆိုရင် ညှိနိုင်းရတာလွယ်ပါတယ်။ ရည်ရွယ်ချက်ကိုက ကွဲနေပြီဆိုရင်တော့ အမြင်ခြင်းတူဖို့ဆိုတာကလည်း ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။ ဒီတော့ ပဋိပက္ခဆိုတဲ့မီးဟာလည်း ငြိမ်းမှာမဟုတ်တော့ဘူး။ ရည်ရွယ်ချက်နဲ့ အမြင်ဆိုတာဟာလည်း အပြန်အလှန်တည်မှီနေပါတယ်။

တူညီတဲ့ရည်ရွယ်ချက်နဲ့ အမြင်ကနေ ပဋိပက္ခကိုဖြေရှင်းမဲ့သဘောတရားတွေ ထွက်ပေါ်လာပါလိမ့်မယ်။ ဒါပေမယ့် တစ်ခုသတိပြုရမှာတော့ ပဋိပက္ခကိုဖြေရှင်းရာမှာ သဘောတရားပိုင်းနဲ့ လက်တွေ့ပိုင်း ညီညွတ်မျှတစွာ ပေါင်းစပ်နိုင်ဖို့ လိုပါတယ်။ သဘောတရားနဲ့ လက်တွေ့နှစ်ပိုင်းလုံး အဟပ်တဲ့လို့ ဆောင်ရွက်သင့်တဲ့ကိစ္စ၊ ပြဖွယ်ရှိတဲ့ကိစ္စတွေကို လုပ်ဆောင်ပြီးကြတဲ့အခါ ရလဒ်တစ်ခု ထွက်ပေါ်လာမယ်။ ဒီရလဒ်ဟာ ပဋိပက္ခတစ်ခုလုံး ရှင်းလင်းသွားပြီလို့ မှတ်လို့မရသေးပါဘူး။

တတိယအဆင့်အနေနဲ့ ပဋိပက္ခကို ဖြေရှင်းလို့ရလာတဲ့အကျိုး၊ အပြစ်၊ လုပ်ဆောင်ချက်ရဲ့ ရလဒ်အခြေအနေကိုလည်း လက်ခံရဲရပါလိမ့်မယ်၊ လက်ခံရဲဖို့လည်းလိုပါတယ်။ ဘာကြောင့်လည်းဆိုတော့ ရှာဖွေဖော်ထုတ်လို့ ရလာတဲ့ အဖြေဟာ ဘယ်လိုအဖြေဘဲဖြစ်နေစေ(လူ့အဖွဲ့အစည်းအတွက် စစ်မှန်သောအကျိုးရလဒ်ရှိတယ်ဆိုရင် ပုဂ္ဂလိကဆန္ဒနဲ့ မကိုက်ညီပေမဲ့)၊ ပဋိပက္ခကိုအမှန်တကယ်ပြီးဆုံးပြေလည်စေချင်တဲ့စေတနာရှိတယ်ဆိုရင်တော့ (နှစ်ဘက်စလုံးဟာ) ဆိုးကျိုး၊ ကောင်းကျိုးအခြေအနေအားလုံးကို လက်ခံရဲရပါလိမ့်မယ်။

အကယ်၍ အဖက်ဖက်ကအခြေအနေရဲ့ တောင်းဆိုမှုနဲ့ မလျှော်ညီတဲ့ဆန္ဒကိုအခြေပြုပြီး အသာစီးရလိုမှုကိုသာ ဆုပ်ကိုင်ထားမယ် (သို့တည်း မဟုတ်)ဖြစ်သင့်တဲ့ နိမ့်ပါးမှုမျိုးကို ကြုံတွေ့ရလို့ ဒါကိုငြင်းဆန်နေရင်တော့

ဘယ်လိုနည်းနဲ့မှ အဆင်ပြေမယ် မဟုတ်ပေဘူး။ သတိပြုသင့်တာကတော့ လိုအင်ဆန္ဒနဲ့ ပစ္စက္ခအခြေအနေဟာ သဟဇာတဖြစ်ဖို့လိုပါလိမ့်မယ်။ လိုလားချက်များကို အပေးအယူ၊ အလျော့အတင်းနဲ့ တရားမျှတစွာ တောင်းဆိုပြီး ပဋိပက္ခ ဖြေရှင်းလိုတဲ့စိတ်ဆန္ဒကို အကောင်အထည်ဖော် ဆောင်ရွက်သင့်တယ်။

ဒါကြောင့် ဘယ်လိုအခြေအနေမျိုးမှာမဆို လူ့အဖွဲ့အစည်းမှာ ကြုံတွေ့ရင်ဆိုင်နေရတဲ့ ပဋိပက္ခကနေ တိုးတက်မှုကို ရှေ့ရှုတဲ့ စစ်မှန်သောပြေလည်မှုကို လိုချင်တယ်ဆိုရင် အရင်ဆုံး အဲဒီအခြေအနေကို ဖြေရှင်းပြေလည်ချင်စိတ် မွေးမြူဆုပ်ကိုင်ပြီး ဒီစိတ်ကိုအခြေခံကာ (ဖြစ်လိုတဲ့ရည်ရွယ်ချက်အတိုင်း) ဖြစ်ပေါ်နေတဲ့ ပဋိပက္ခရဲ့အခြေခံအကြောင်းတရားကို တည့်မတ်စွာ ရှာဖွေကြည့်ဖို့ လိုပါလိမ့်မယ်။ ဘက်ပေါင်းစုံက ရှုမြင်သုံးသပ်ပြီး ဆီလျှော်ညီညွတ်တဲ့ဖြေရှင်းမှုမျိုး (အကျိုးရလဒ်) တစ်ခုကို ရှာဖွေဖော်ထုတ်ကြရပါမယ်။ အဲဒီနောက်တော့ ရလာတဲ့အဖြေကို ရိုးသားရဲဝံ့စွာလက်ခံလိုက်ကြဖို့ပါဘဲ။

ဒါကြောင့် လူ့အဖွဲ့အစည်းအတွင်း ဘယ်လိုအခြေအနေ၊ အချိန်အခါမျိုးမှာမဆို ပဋိပက္ခတစ်ရပ်ကြုံလာတိုင်း (တူညီသောရည်ရွယ်ချက်များသာ ရှိသည်ဆိုပါက) ပဋိပက္ခကိုဖြေရှင်းလိုစိတ်၊ ပဋိပက္ခကိုဖြေရှင်းခြင်း၊ ဖြေရှင်း၍ ရလာသည့်အဖြေကို လက်ခံခြင်းဆိုတာတွေကို ပိုင်ပိုင်နိုင်နိုင် ထိတွေ့ဆုပ်ကိုင်နိုင်ဖို့ရာလိုအပ်လှပါတယ် ။ ဒါမှလည်း လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခတွေကနေ မူဆိုတဲ့ပြောင်းလဲခြင်းကိုရရှိနိုင်မှာပါ။ တိုးတက်ပဋိပက္ခ ဆိုတာကတော့ လူ့သမိုင်း (ကမ္ဘာမြေပေါ်၌ လူသားများရှင်သန်တည်ရှိနေသ၍)အမြဲဖြစ်ပေါ်နေဦးမှာပါဘဲ။ ဤသည်ကို ကျော်လွှားအောင်မြင်ရန်မှာ လူသားရဲ့အားမာန်နဲ့ အသိစိတ်ဓါတ်ပဲဖြစ်ပါတော့တယ်။



# De Facto State ဆိုတာ ဘယ်လိုမျိုးလဲ

Areng Pui

တိုးတက်ပြောင်းလဲလာတာနဲ့အမျှ လူတွေရဲ့ စိတ်နေသဘောထားတွေ၊ အတွေးအခေါ်တွေလည်း ပြောင်းလဲလာတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအသံ၊ အနိမ့်အမြင့်ကိုကြည့်ရင် ဖက်ဒရယ်ဆိုတဲ့ စနစ်သံကနေ နောက်ပိုင်း ဝ လူမျိုးတွေအနေနဲ့ ဝ ပြည်နယ်ကို ကွန်ဖက်ဒရေးရှင်းပြည်နယ်တစ်ခုအဖြစ် အင်အားကောင်းကောင်း တည်ဆောက်သွားနိုင်ကြတော့ တစ်ချို့ တိုင်းရင်းသားတွေကလည်း ကွန်ဖက်ဒရေးရှင်းကို အနိမ့်ဆုံးထားမျှော်မှန်းလာကြတာဖြစ်တယ်။

လက်တွေ့လက်ညှိုးထိုးပြောရရင် မြောက်ပိုင်းမဟာမိတ်အဖွဲ့တွေလို့ ပြောလို့ရပါတယ်။ သူတို့ရဲ့ နိုင်ငံရေးမျှော်မှန်းချက်ဟာ ကွန်ဖက် ဒရေးရှင်း ထက်မနိမ့်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြစ်တယ်။ ခုဆို TNLA, MNDAA, AA တို့ဆိုတာ သူတို့ နိုင်ငံရေးခရီး အတွက် အတော်လေးခရီးရောက်နေကြပြီလို့ ပြောလို့ရနေ ပြီဖြစ်တယ်။

အလားတူ နောက်ပိုင်း လူငယ်နိုင်ငံရေးခေါင်းဆောင်တစ်ချို့တွေရဲ့ နိုင်ငံရေးအာဂျင်တာတစ်ခု ထပ်တိုး ပြောကြဆိုတာကြတာတွေကို ကြားနေရတာဖြစ်တယ်။ အဲဒါက De facto State ဆိုတဲ့ဟာ ဖြစ်ပါ တယ်။ မြန်မာလိုတိုက်ရိုက်ဘာသာ ပြန်ရရင် သီးခြားလွတ်လပ်တဲ့ ပြည်နယ်၊ နိုင်ငံလို့ပဲ အနက်ဖွင့်ရ မယ်ထင်ပါတယ်။ အဲထက်ပိုကောင်းတဲ့၊သင့်တော်တဲ့အနက်ဖွင့် ဆိုချက်လည်း ရှိနိုင်ပါတယ်။ ကျွန်တော် တို့ De facto State ကိုသွားသင့်တယ်၊ တည်ထောင်သင့်တယ် အစရှိသည်ဖြင့်ပေါ့။

အဲသည်အတွက်ကြောင့် နိုင်ငံရေးနယ်ပယ်ထဲကို စပြီးလေ့လာနေကြတဲ့လူငယ်တွေ၊ စာဖတ်သူတွေအနေနဲ့ နိုင်ငံရေးစာပေတွေ၊ နိုင်ငံရေးစကားဝိုင်းတွေကို နားထောင်လေ့လာကြတဲ့အခါ အထောက်အကူဖြစ်စေရန်နှင့် လူငယ်နိုင်ငံရေးခေါင်းဆောင်များအနေနဲ့ နိုင်ငံရေးစနစ်ကို မဖော်ဆောင်ခင် စနစ်တကျစဉ်းစားနိုင်ရန် အဓိကရည်ရွယ်ပြီး၊ De facto State ဆိုတာဘာလဲ၊ ဘယ်နိုင်ငံတွေမှာ ကျင့်သုံးနေကြသလဲ၊ ဘာတွေကစိန်ခေါ်မှုအနေနဲ့ ရှိနေသလဲဆိုတာကို မိမိလေ့လာ မှတ်သားသလောက် ပြန်လည်မျှဝေရေးသားသွားမှာ ဖြစ်ပါတယ်။

## De Facto State ဆိုတာဘာလဲ


"de facto" ဟူသော ဝေါဟာရသည် လက်တင်စကားဖြစ်ပြီး "in fact" သို့မဟုတ် "in reality" ဟု အဓိပ္ပါယ်ရတာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေးအခင်းအကျင်းတစ်ခုတွေမှာ၊ ဥပဒေအရ နိုင်ငံတာကတရားဝင်အသိအမှတ်ပြုမှုမရှိ သို့တည်းမဟုတ် လက်တွေ့တရားဝင်အသိအမှတ်ပြုခြင်းမရှိသို့သော်လည်း လက်တွေ့တွင်အမှန်တကယ် တည်ရှိသော အခြေ အနေများ၊ အဖွဲ့အစည်းများဆိုတဲ့ အဓိပ္ပါယ်ဖြစ်ပါတယ်။

De Facto State တစ်ခုဖြစ်ဖို့ဆိုရင် လွတ်လပ်ရေးကြေညာတဲ့ နိုင်ငံတစ်နိုင်ငံနဲ့နည်းတူ အုပ်ချုပ်ခံပြည်သူလူ၊ အုပ်ချုပ်သူအစိုးရ၊ တိကျသတ်မှတ်ထားတဲ့ နယ်မြေအချုပ်အခြာအာဏာတွေရှိဖို့ လိုအပ်တာဖြစ်တယ်။ De facto State မှာ တစ်ခြားနိုင်ငံတစ်နိုင်ငံနဲ့ မတူတဲ့အချက်က နိုင်ငံတကာရဲ့ အသိမှတ်ပြုမှုအပိုင်းဖြစ်ပါတယ်။ De facto State အနေနဲ့ ရပ်တည်နေကြတဲ့ နိုင်ငံတွေကိုလေ့လာကြည့်ရင် နိုင်ငံတကာကသော်လည်းကောင်း၊ ကုလသမဂ္ဂကသော်လည်းကောင်း တရားဝင်နိုင်ငံတစ်ခုအနေနဲ့ လက်ခံအသိမှတ်ပြုတာမရှိတာကိုတွေ့ရမှာဖြစ်ပါတယ်။

နိုင်ငံအနည်းစုများကသာ မိမိတို့နိုင်ငံရဲ့အကျိုးအမြတ်အတွက် လက်ခံပေါင်းသင့်ဆက်ဆံ အသိမှတ်ပြုတဲ့အဆင့်သာသာရှိတာဖြစ်ပါတယ်။ အဲသည်တွက်ကြောင်း De facto state အနေနဲ့ ရပ်တည်နေကြတဲ့ နိုင်ငံတွေ အနေနဲ့ နိုင်ငံတကာ အသိမှတ်ပြုရေး နဲ့ ကုလသမဂ္ဂ မျက်နှာစာ ဝင်ဆံ့ရေးကို အမြဲကြိုးပမ်းနေကြတာဖြစ်ပါတယ်။ အဲသည်အပြင် သူတို့နိုင်ငံရဲ့ လုံခြုံရေး၊ စီးပွားရေးအတွက် အင်အားကြီးနိုင်ငံတွေရဲ့ အာကာအကွယ်၊ ဆက်နွယ်မှုကိုခိုင်ခိုင်မာမာတည်ဆောက်နေကြတာဖြစ်ပါတယ်။

De Facto State ရဲ့ အားသာချက်အနေနဲ့ နိုင်ငံတကာက တရားဝင်

အသိမှတ်ပြုမှုမရှိပေမယ့် နိုင်ငံတကာနဲ့ စီးပွားရေးအရ ဆက်ဆံတာမျိုးတွေ၊ ကုန်သွယ်အကျိုးတူ လုပ်နေတာမျိုးတွေကိုလုပ်ဆောင်နိုင်တာဖြစ်ပြီး မိမိတို့နိုင်ငံနဲ့ ပတ်သက်တဲ့အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့အတူ ငွေကြေး၊ အခွန်၊ နိုင်ငံတကာဆက်ဆံရေး အစရှိတဲ့ ကိစ္စအဝဝတွင်မှာ လုံးဝ၊ အပြည့်အဝ မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲခွင့် ရှိတာဖြစ်တယ်၊ ဘယ်နိုင်ငံရဲ့ ထိန်းချုပ်မှုကန့်သတ်ချက်မရှိဘဲ မိမိတို့ကံကြမ္မာကို မိမိတို့လွတ်လပ်စွာ ပုံဖော်ထုဆစ်ခွင့် ရရှိကြတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အာမခံချက်အပြည့်အဝနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရှိတဲ့ နိုင်ငံငယ်လေးလို့ဆိုရမှာဖြစ်တယ်။







## ဘယ်နိုင်ငံတွေက De Facto State အနေနဲ့ ကျင့်သုံးကြသလဲ

De facto State အနေနဲ့ ရပ်တည်နေကြတဲ့ နိုင်ငံတွေရဲ့ နောက်ခံသမိုင်းကိုလေ့လာရင် နိုင်ငံကြီးနိုင်ငံကနေ အကြောင်းအမျိုးမျိုးကြောင်း ခွဲထွက်ပြီး လွတ်လပ်တဲ့ နိုင်ငံအဖြစ်ကြေညာခဲ့ကြတဲ့ နိုင်ငံတွေဖြစ် ပါတယ်။ ဥပမာအနေနဲ့ ပြောရရင် Taiwan, Northern Cyprus နဲ့ Somaliland တို့လို နိုင်ငံငယ်လေးတွေလို့ ဆိုနိုင်ပါတယ်။ တစ်ခြားနိုင်ငံတွေလည်းရှိသေးတာဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေဟာ သီးခြားလွတ်လပ်တဲ့ နိုင်ငံတစ်ခုအနေနဲ့ ကြေညာခဲ့ကြပေမယ့် လက်ရှိအချိန်ထိ ကုလအဖွဲ့ဝင်နိုင်ငံတွေမဖြစ်ကြသေးသလို နိုင်ငံအနည်းစုရဲ့အသိမှတ်ပြုထောက်ခံချက်တွေသာရရှိကြပြီး De facto State အနေနဲ့ ရပ်တည်နေကြတဲ့ နိုင်ငံတွေဖြစ်ပါတယ်။

## De Facto State တွေရဲ့ စိန်ခေါ်မှုများ

De Facto State တွေဟာဆိုရင် နိုင်ငံတကာကနေအသိမှတ်ပြုမှုအားနည်းတဲ့အတွက် နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများကိုများစွာ ရင်ဆိုင်နေကြတာဖြစ်ပါတယ်။ အဲသည်အထဲကနေ ဘုံစိန်ခေါ်မှုတွေကို ပြောရရင် နိုင်ငံတကာဆက်ဆံရေး၊ စီးပွားကုန်သွယ်ရေးနှင့် လုံခြုံရေးနဲ့နိုင်ငံကာကွယ်ရေးအပိုင်းတွေ ဖြစ်ပါတယ်။ De facto State တွေဟာနိုင်ငံတကာက အသိပြုမှုမရှိဘဲ အနည်းစုနိုင်ငံများကသာ အသိအမှတ်ပြုတာဖြစ်တဲ့အတွက် နိုင်ငံတကာနဲ့ ပေါင်းသင့်ဆက်ဆံတဲ့အခါ နိုင်ငံတိုင်းနဲ့ ဆက်ဆံလို့မရဘဲ သူတို့ကို အသိမှတ်ပြုတဲ့ နိုင်ငံတွေနဲ့သာ ဆက်ဆံကြရတာဖြစ်ပြီး သူတို့ရဲ့အသံတွေကို နိုင်ငံတကာ စာမျက်နှာစာမှာ ဝင်ဆံ့နိုင်ဖို့ အခက်ခဲတွေရှိနေတာဖြစ်ပါတယ်။

ဒုတိယအချက်က စီးပွားရေးဖြစ်ပါတယ်၊ စီးပွားရေးကုန်သွယ်မှုတွေ ပြုလုပ်တဲ့အခါလည်း နိုင်ငံတကာဈေးကွက်မှာ ထိုးဖောက်ဖို့ အနည်းငယ်

အခက်ခဲ့တာ တွေ့ကြုံရတာဖြစ်ပါတယ်။ သူတို့ကိုလက်ခံပြီး အကျိုးတူ ပူးပေါင်းနိုင်မယ့် နိုင်ငံအနည်းစုများနဲ့သာ လက်တွဲနေရတာဖြစ်ပါတယ်။ အဲအတွက် သူတို့မှာစီးပွားရေးဆိုင်ရာ အကန့်အသတ်တွေများစွာ ကြုံနေကြရတာဖြစ်ပါတယ်။

နောက်ဆုံးအချက်က အဲဒီနိုင်ငံရဲ့ လုံခြုံရေးနဲ့ကာကွယ်ရေးကိစ္စဖြစ်ပါတယ်။ လုံခြုံရေးနဲ့နိုင်ငံ ကာကွယ် ရေး ကိစ္စနဲ့ပတ်သက်ပြီး အသိသာဆုံးနဲ့ အမြင်သာဆုံးပြောရရင် Taiwan နဲ့ တရုတ်ကြားက အငြင်း ပွားဖွယ် နိုင်ငံရေးပြဿနာဖြစ်ပါတယ်။ တရုတ်အနေနဲ့ Taiwan ကို မိမိတို့ရဲ့ပိုင်နက်တစ်ခုအနေနဲ့သာ ရှုမြင်လက်ခံထားပြီး အမြဲတမ်းလိုလို ခြိမ်းခြောက်မှုတွေပြုလုပ်နေတာဖြစ်ပါတယ်။

အလားသူပါပဲ De facto State တွေအနေနဲ့သူတို့ ခွဲထွက်ခဲ့ကြတဲ့ ပင်ရင်းနိုင်ငံကြီးတွေက သူတို့ရဲ့ နိုင်ငံအစိပ်အပိုင်း တစ်ခုလိုမှတ်ယူပြီး De facto State တွေရဲ့ လုံခြုံရေး၊ ကာကွယ်ရေးကိစ္စတွေမှာ အမြဲတမ်းလိုလို ခြိမ်းခြောက်နေကြတဲ့ စိန်ခေါ်မှုပြဿနာတွေကို ရင်ဆိုင်နေကြရတာဖြစ်ပါတယ်။ ဒီလိုစိန်ခေါ်မှုတွေ ကြောင့် De Facto State အနေနဲ့ လုံခြုံရေး အရေးကြုံလာရင် သူတို့နောက်ကနေ ကူညီပံ့ပိုးပေးနိုင်မယ့် နိုင်ငံကြီး တွေကို နောက်ခံထားဆက်ဆံကြရတာဖြစ်တယ်။

အဲသည်အတွက်ကြောင့် လူငယ်နိုင်ငံရေးခေါင်းဆောင်များအနေနဲ့ De facto State တစ်ခုကို ပုံဖော်တည် ဆောက် ကြမယ်ဆိုရင် ဒီလို ဖြစ်တန်ချေရှိတဲ့ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးကုန်သွယ်ရေး၊ နိုင်ငံတကာ ဆက်ဆံရေး၊ လုံခြုံရေးနဲ့ ကာကွယ်ရေးအစရှိတဲ့ စိန်ခေါ်မှုတွေ အတွက်ကြိုတင်ပြင်ဆင်ထားဖို့လိုအပ် တာဖြစ်ပြီး တစ်ခြား လိုအပ်တဲ့ အပိုင်းတွေ ကိုစနစ်တကျ ပြင်ဆင်စဉ်းစားကြဖို့လိုတာဖြစ်ပါတယ်။ မိမိအနေနဲ့ ဘယ်နိုင်ငံရေးစနစ်က ကောင်းတယ်၊ မကောင်းဘူး၊ ဘယ်လိုဖြစ်သင့်တယ် ဆိုတာထက် စနစ်တစ်ခုကို စဉ်းစားကြတဲ့အခါ တစ်ခုချင်းစီရဲ့ နောက်ခံအကြောင်းအရာ၊ နည်းနာ၊ လိုအပ်ချက်၊ အကျိုးဆက်များ ကိုအခြေခံပြီး စဉ်းစားကြဖို့လိုအပ်ကြောင့်ကို မီးမောင်းထိုးရေးသား ရခြင်းဖြစ်ပါတယ်။



# သွေးစည်းညီညွတ်ရေးနဲ့ ခြေခံပြဿနာ

ကျော်ကိုကို

ဒီကနေ့ နေရာအနှံ့မှာ တော်လှန်စစ်အရှိန်မြင့်ပြီး စစ်အာဏာရှင်စနစ်ရဲ့ ခံကတုတ်တွေ တခုပြီးတခု ဆုံးရှုံးနေတာကို တွေ့ရပါတယ်။ဒီတိုက်ပွဲအရှိန်နဲ့ တပြိုင်နက်တည်းမှာ သိမ်းပိုက်ရယူထားတဲ့ အခြေခံဒေသတွေမှာ တော်လှန်ရေးတပ်ဖွဲ့အချင်းချင်းကြား တိုက်ခိုက်ပစ်ခတ်သံတွေကိုလည်း ကြားလာရပါတယ်။

တော်လှန်ရေးတပ်ဖွဲ့တွေကြားမှာ မိမိတို့အမျိုးသားရေးအလံကို အပြိုင်လွှင့်ထူဖို့ ကြိုးပမ်းရင်း အခြေခံဒေသရဲ့ အာဏာကို အပြိုင်အဆိုင် အလုအယက် သိမ်းပိုက်လာကြတဲ့အတွက် ခုလိုပဋိပက္ခအသစ် ထပ်မံပေါ် ထွက်လာတာပါ။

သာမန်ကာလျှံကာ ခပ်တိမ်တိမ်တွေးရင်တော့ လူမျိုးရေးပဋိပက္ခတွေ၊ နယ်မြေလုပွဲတွေလို့ သုံးသပ်ကြပါလိမ့်မယ်။ တကယ့် အတွင်းကျကျ ပြဿနာကတော့ အုပ်ချုပ်ရေးအာဏာကို သူနိုင်ကိုယ်နိုင် အပြိုင်အဆိုင် ပိုင်ဆိုင်ခွင့်ရယူရေးလုပ်ကြတဲ့ အာဏာလွန်ဆွဲပွဲတွေပဲဖြစ်ပါတယ်။

၁၀၂၇ နဲ့ အတူ ရှမ်းမြောက်က တအာင်းတပ်မတော်နဲ့ သျှမ်းပြည်တိုးတက်ရေးပါတီ/ သျှမ်းပြည်တပ်မတော်ကြားမှာ ဖြစ်တဲ့ လက်နက်ကိုင်တိုက်ပွဲတွေဟာလည်း အထက်ပါ အာဏာပြဿနာကို ထင်ဟပ်ပြသနေပါတယ်။အလားတူ ချင်းညီနောင်တပ်ဖွဲ့နဲ့ အာရက္ခတပ်တော် ပူးပေါင်းအဖွဲ့က တဖက်၊ ချင်းလဲန်းကောင်စီနဲ့ ချင်းအမျိုးသား တပ်ဦးအဖွဲ့က တဖက်ဖြစ်နေ

တဲ့တိုက်ပွဲတွေကလည်း အခြေခံ ဒေသအာဏာ တည်ဆောက်ရေးပြဿနာ ပါပဲ။

ကျနော်တို့အနေနဲ့ သမိုင်းကို ကွင်းဆက်မပြတ်လေ့လာပြီး သင်ခန်းစာ ထုတ်ယူခဲ့တဲ့အခါ ယခင်ကလည်း အထက်ပါအာဏာပြဿနာကြောင့် လူမျိုးစု လက်နက်ကိုင်တွေနဲ့ တော်လှန်ရေးအင်အားစုတွေ အကြီးအကျယ်ရှုံးနိမ့်ခဲ့ဖူး တာကို တွေ့ရှိခဲ့ရပါတယ်။

၁၉၄၈ ခုနှစ်မှာဖြစ်ပွားခဲ့တဲ့ ဖဆပလ အာဏာရှင်တွေကို တော်လှန် တဲ့ လက်နက်ကိုင်တော်လှန်ရေးဟာ အပြီးသတ်မှာ မအောင်မြင်ဘဲ ကျရှုံးခဲ့ ရပါတယ်။

ထိုအချိန်က ကရင့်အမျိုးသားအဖွဲ့ချုပ်ဟာဆိုရင် အင်းစိန်၊ခဝဲခြံ၊ သမိုင်းလမ်းဆုံအထိ သိမ်းပိုက်ပြီးကာမှ ရန်ကုန်ကို အပြီးသတ်မသိမ်းနိုင်ဘဲ တပ်ပြန်ဆုတ်သွားခဲ့ရပါတယ်။

ကရင်တို့ရဲ့ အိပ်မက်ဖြစ်တဲ့ ကော်သူးလေပြည်တည်ထောင်ရေး ရည်မှန်းချက်ကို အခြားသော တော်လှန်ရေးအင်အားစုတွေက လက်မခံ၊ အားမပေးတဲ့အပြင် တချို့ဆို စစ်အုပ်စုနဲ့ပေါင်းပြီးတော့ KNU ကို ပြန်တိုက် ခဲ့တဲ့အထိ ပြဿနာဖြစ်ခဲ့တာပါ။

ကရင့်အမျိုးသားအာဏာ တည်ဆောက်ရေးကို ကျန်လူမျိုးစုတွေ ကလက်မခံသလို ဗမာအမျိုးသားအာဏာတည်ဆောက်ရေးကို ကရင်အပါ အဝင် ကျန်လူမျိုးစုများကလည်း နှစ်သက်သဘောကျကြမှာမဟုတ်ပါဘူး။

ယနေ့ ကျနော်တို့ဖြတ်သန်းနေတဲ့ တော်လှန်ရေးဟာ အဆင့်တွေများ သလိုဆက်သွယ်ချက်တွေလည်း ထွေပြားပါတယ်။ ရည်မှန်းချက်ပန်းတိုင် တွေ လည်း များနေပြီးတော့ တခုနဲ့တခုကြားမှာ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခတွေ လည်း အတော်ရှုပ်ရှုပ်ထွေးထွေး တည်ရှိနေပါတယ်။

ပသုံးလုံးဆိုတဲ့နည်းနဲ့ စစ်ဗျူရိုကရေစီ အခြေခံအာဏာကို တည် ဆောက်ဖို့ ကြိုးစားနေတာ အမှားကြီးမှားတယ်။ လူမျိုးပေါင်းစုံ ပြည်သူ့ညီညွတ်ရေး တပ်ပေါင်းစုအာဏာ တည်ဆောက်ရေးကသာ ပြည်သူတို့ရဲ့ ထွက်ရပ်လမ်း ဖြစ်ပါတယ်။

## အခြေခံဒေသအာဏာပြဿနာ

တော်လှန်ရေးအင်အားစုများကြားက အခြေခံဒေသအာဏာပြဿ နာ ရဲ့ မူလဇစ်မြစ်ကတော့ လူမျိုးရေးအလံအပြိုင်ထောင်ခြင်းပင်ဖြစ်တယ်။

ဆန့်ကျင်ဖက်အားဖြင့် လူမျိုးပေါင်းစုံ ညီညွတ်ရေးတပ်ပေါင်းစုအလံ

ကို အမြင့်မားဆုံးလွှင့်ထူကြဖို့ပဲဖြစ်တယ်။

NUG အမျိုးသားညီညွတ်ရေးအစိုးရကိုယ်တိုင်မှာလည်း ဒီအချက်နဲ့ ပတ်သက်လို့ နားလည်မှုတစုံတရာ ချို့ငဲ့နေသေးတာကို တွေ့ရတယ်။သက်သေကတော့ စစ်ကိုင်းတိုင်းအတွင်း အခြေခံဒေသတည်ထောင်ရေး အခက်အခဲ တနည်းအားဖြင့်ပြောရရင် အခြေခံဒေသ အာဏာပြဿနာအကျပ်အတည်းကို သူတို့ကိုယ်တိုင် ရင်ဆိုင်နေရတာဖြစ်တယ်။

ပသုံးလုံးဆိုတဲ့နည်းနဲ့ စစ်ဗျူရိုကရေစီအခြေခံအာဏာကို တည်ဆောက်ဖို့ ကြိုးစားနေတာ အမှားကြီးမှားတယ်။ လူမျိုးပေါင်းစုံ ပြည်သူ့ညီညွတ်ရေးတပ်ပေါင်းစုအာဏာ တည်ဆောက်ရေးကသာ ပြည်သူတို့ရဲ့ ထွက်ရပ်လမ်းဖြစ်ပါတယ်။

အခြေခံဒေသ အာဏာဟာ ဖက်ဆစ်ခုခံရေးနဲ့ ဒီမိုကရေစီရရှိရေးကို လိုလားတဲ့ ပြည်သူလူထုကြီးတရပ်လုံး ထောက်ခံအားပေးတဲ့အာဏာဖြစ်ကို ဖြစ်ရမယ်။အခု ကျနော်တို့ဆီမှာလို ကချင်အာဏာကို တအာင်းက မကျေလည်၊ တအာင်းအာဏာကို သျှမ်းက မကျေလည်၊ စစ်ကိုင်းဒေသခံအာဏာကို NLD လိုလားသူတွေက မကျေလည်နဲ့ သပွတ်အူလိုက်နေတဲ့ ပြဿနာဟာ ဖြိုချရေးတဖက်ကိုသာ အားပေးပြီး တည်ဆောက်ရေးဖက်ကို ခုခံနေတဲ့ အတွင်းပဋိပက္ခတွေဖြစ်ပေါ်လာစေပါတယ်။

ကျနော်တို့နိုင်ငံမှာ တစုံလုံးဆိုင်ရာ နိုင်ငံရေးအကျပ်အတည်းတွေ အများကြီးရှိတယ်ဆိုရင် လတ်တလောမှာ အဓိကကျတဲ့အကျပ်အတည်းကတော့ အခြေခံဒေသ အာဏာတည်ဆောက်ရေးအကျပ်အတည်းပဲဖြစ်တယ်။

ဒီအကျပ်အတည်းက တော်လှန်စစ်ကို တုံ့နှေးစေတယ်၊ ရှေ့မရောက်ပဲဖြစ်စေတယ်၊ အဆုံးစွန်မှာ ရန်သူစစ်အုပ်စုကို ပြင်ဆင်ချိန်ပေးသလိုဖြစ်တယ်၊ အသက်ရှုပေါက်ပေးသလိုဖြစ်နေတယ်။

တော်လှန်ရေးအင်အားစုကြားက ညီညွတ်ရေးပြိုကွဲချိန်ကို စစ်အုပ်စုက အခွင့်ကောင်းယူပြီး အသုံးချရင် ဗမာပြည်စစ်အုပ်စုသက်ဆိုးရှည်စေတယ်။ ပြည်သူတွေ စစ်ကျွန်ဘဝလွတ်မြောက်ရေး ညတာဟာပိုရှည်ပြီး တော်လှန်ရေးအိပ်မက်တွေဟာလည်း အိပ်မက်ဆိုးတွေအဖြစ်နဲ့ အမြဲခြောက်လှန့်နေတာကို ခံကြရပါလိမ့်မယ်။

## ဗျူရိုကရေစီကို ချိုးချ၊ ဒီမိုကရေစီ နိုးထ

အခြေခံဒေသအာဏာတည်ဆောက်ရေးဟာ ဒီမိုကရေစီနည်းလမ်းအတိုင်းသွားရမှာဖြစ်တယ်။ဒေသခံပြည်သူ ရွေးကောက်တင်မြှောက်တဲ့သူတွေနဲ့ အာဏာယန္တရားကို လည်ပတ်ရမယ်။

ဒီနေရာမှာ အာဏာသစ်ကို အလွန်အကျွံဒီမိုကရေစီနဲ့ တည်ဆောက်ရမယ်လို့ လေ့နံ့စားထစ်သမားတွေ ယူဆသလို အကောင်အထည်ဖော်လို့မရဘူး။

ရပ်ကျေးအုပ်ချုပ်ရေးကစပြီး ပြည်သူ့ညီညွတ်ရေးတပ်ပေါင်းစုကော်မတီတွေဖွဲ့စည်းရမယ်။ဒီလိုဖွဲ့စည်းရာမှာ နယ်မြေကိုသိမ်းပိုက်ထားတဲ့ တပ်ဖွဲ့ဘက်က သုံးချိုးတချိုး၊ ဒေသခံ လူထုကို ကိုယ်စားပြုတဲ့ နိုင်ငံရေးအဖွဲ့အစည်းဘက်က သုံးချိုးတချိုးနဲ့ အမြော်အမြင်ရှိတဲ့ ခေတ်ပညာတတ် လူငယ်တွေက သုံးချိုးတချိုး ပါဝင်ရမှာဖြစ်တယ်။

ရပ်ကျေးအုပ်ချုပ်ရေးကနေ တိုက်နယ်၊မြို့နယ်၊ခရိုင်၊ပြည်နယ်အုပ်ချုပ်ရေးအခြေခံအားလုံးမှာ ပြည်သူနဲ့ တော်လှန်ရေးသမားတွေ ပူးတွဲအုပ်ချုပ်တာက ပြဿနာကို အများကြီးပြေလည်စေမယ်လို့ ယုံကြည်တယ်။

လူမျိုးတမျိုးတည်းက လူမျိုးပေါင်းစုံအပေါ် အုပ်ချုပ်တဲ့အခါ ဘယ်လောက်ကောင်းအောင် ကြိုးစားနေတယ်လို့ပဲပြောပြော တကယ်လက်တွေ့မှာ ပြဿနာတက်မှာပဲ။ ဘာလို့လဲဆိုရင် မျက်ကန်းမျိုးချစ်ဝါဒကို ဝါဒဖြန့်ဖို့၊ စည်းရုံး၊ လှုံ့ဆော်ဖို့ လမ်းဖွင့်ပေးထားသလိုဖြစ်နေတယ်၊ တဖြေးဖြေးနဲ့ လူမျိုးကြီးဝါဒကို အုတ်မြစ်ချဖို့လည်း အခွင့်အရေးပေးလိုက်သလိုဖြစ်လာမယ်။

လူထုထဲက ရွေးကောက်တင်မြှောက်တဲ့နည်း၊ လူထုပါဝင်မှုကို အခိုင်အမာ အာမခံတဲ့နည်း၊ လူထုကကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်တဲ့နည်းတွေနဲ့ ပြည်သူ့ညီညွတ်ရေးတပ်ပေါင်းစုအာဏာကို မတည်ထောင်နိုင်ခဲ့ရင် ပြဿနာက တဒင်္ဂပဲပြေလည်မယ်။ ယင်းနေတဲ့အနာ မြုံနေတဲ့အနာတွေလို တငွေ့ငွေ့နဲ့ လှိုက်စားပြီး တဆစ်ဆစ်နဲ့ ကိုက်ခဲနာကျင်နေမှာပဲဖြစ်တယ်။

## တော်လှန်ရေးနည်းပရိယာယ်နဲ့ သွေးစည်းညီညွတ်ရေး

လက်ရှိတော်လှန်ရေးဟာ တန်ပြန်ထိုးစစ်ကာလအဆင့်ကိုရောက်နေ

ပြီဖြစ်တယ်။ သို့သော် ယတိပြတ်ထိုးစစ်၊ အဆုံးသတ်တိုက်ပွဲအဆင့်ကို ရောက်ပြီလို့ မဆိုနိုင်သေးဘူး။

စစ်အာဏာရှင်စနစ်ဟာ ယိုင်လဲတော့မယ့်အခြေအနေကိုဆိုက် ရောက်နေပြီလို့ ဘက်တဖက်က အကဲဖြတ်နိုင်ပေမယ့်လည်း အခြားဘက်တဖက်က ကြည့်ရင် စစ်အာဏာရှင်စနစ်က အားကောင်းကောင်းနဲ့ ခုခံကာကွယ်နေဆဲပဲဖြစ်တယ်။

နွေဦးတော်လှန်ရေးအင်အားစုတွေနဲ့ လူမျိုးစုလက်နက်ကိုင် အင်အားစုတွေက အားအကောင်းဆုံးအခြေအနေကို ရောက်ရှိနေပြီလို့ ဘက်တဖက်က အကဲဖြတ်လို့ရပေမယ့်လည်း အခြားဘက်တဖက်ကကြည့်ရင် လူမျိုးစုတွေနဲ့ နွေဦးတော်လှန်ရေးအင်အားစုတွေကြားမှာ မတည်ငြိမ်တဲ့ အချင်းချင်းအုပ်စုကွဲမှု၊ သွေးစည်းညီညွတ်မှု မခိုင်မာတဲ့ အခြေအနေတွေက ဆက်ပြီးရှိနေဆဲပဲဖြစ်တယ်။

ဒါကြောင့် တော်လှန်ရေးမှာရန်သူကို အထီးကျန်ဖြစ်စေပြီး ကျနော် တို့ဘက်ကတော့ ကြီးမားကျယ်ပြန့်တဲ့ ညီညွတ်ရေးတပ်ပေါင်းစုကို တည်ဆောက်ဖို့ လိုအပ်နေသေးတယ်။ဒါဟာ ရန်သူကို မိတ်ဆွေနည်းပါးစေပြီး ကျနော်တို့ဘက်မှာတော့ မိတ်ဆွေများများရှိရမယ်ဆိုတဲ့ နည်းပရိယာယ်လမ်းစဉ်တရပ်လည်းဖြစ်တယ်။

ကျနော်တို့ တော်လှန်ရေးအင်အားစုတွေဘက်က အမြင်ကျယ်ဖို့လိုတယ်။ ကျဉ်းမြောင်းတဲ့လူမျိုးရေးအမြင် ဇီးရွက်ကလေးတွေကွယ်လို့ တော်လှန်ရေးအောင်ပွဲဆိုတဲ့ မြင့်မိုရ်တောင်ကြီးကို မမြင်နိုင်လောက်အောင် မိုက်မဲလွန်းတဲ့ အဖြစ်မျိုးကို ရှောင်လွှဲရမယ်။

တော်လှန်ရေးအင်အားစုတိုင်းကို တိုက်တွန်းလိုတာက စစ်အာဏာရှင်စနစ်ရဲ့ ဗျူရိုကရက်အာဏာနေရာမှာ မိမိတို့ရဲ့တော်လှန်ရေးအာဏာသစ်ကို အစားထိုးဖို့ လိုကိုလိုအပ်ပါတယ်။

ဒီလိုအစားထိုးတဲ့နေရာမှာ ကျဉ်းမြောင်းတဲ့လူမျိုးရေးအမြင်တွေကို ပစ်ပယ်ပြီး ကျယ်ပြန့်တဲ့ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုအာဏာကို ဒီမိုကရေစီနည်းနဲ့ တည်ဆောက်ကြပါ။

အခုလောလောဆယ်မှာ ရန်သူ့ကိုချိန်ထားတဲ့ သေနတ်ပြောင်းဝတွေကို ပစ်မှတ်ကနေတချက်မှ မရွှေ့လိုက်ကြပါနဲ့။ ကိုယ့်အချင်းချင်း ပြန်ချိန်တာ

> စစ်အာဏာရှင်စနစ်ဟာ ယိုင်လဲတော့မယ် အခြေအနေကိုဆိုက် ရောက်နေပြီလို့ ဘက်တဖက်က အကဲဖြတ်နိုင်ပေမယ့်လည်း အခြားဘက်တဖက်ကကြည့်ရင် စစ်အာဏာရှင်စနစ်က အားကောင်းကောင်းနဲ့ ခုခံကာကွယ်နေဆဲပဲဖြစ်တယ်။

ပြန်ပစ်တာမျိုး လုံးဝ (လုံးဝ) မလုပ်ကြဖို့လည်း တောင်းဆိုချင်ပါတယ်။

အားကောင်းတဲ့ရန်သူကို မြင်းတစီး ဓားတလက်နဲ့ ဖွတ်တရွတ်တိုက် လို့မရပါဘူး။ ကိုယ့်ဘက်က မဟာမိတ် တွေအားလုံးလက်တွဲပြီး လက်နက် လူသူအများအပြားစုစည်းပြီးမှ အားနည်းတဲ့ရန်သူကို တစုတစည်းတည်း ဝိုင်း ပတ်ချေမှုန်းပစ်ရမှာဖြစ်တယ်။

အချုပ်အားဖြင့်ဆိုသော် အခြေခံဒေသအာဏာပြဿနာကို မှန်မှန် ကန်ကန်ဖြေရှင်းမှသာ တနိုင်ငံလုံးရဲ့ ပြဿနာဖြစ်တဲ့ စစ်အာဏာရှင်စနစ်ကို အပြတ်တိုက်နိုင်မယ်။ အဆိုပါအခြေခံဒေသ အာဏာပြဿနာကို ဖြေရှင်းတဲ့ အခါ လူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေးအလံကို အမြင့်မားဆုံးလွှင့်ထူပြီး ကျယ်ပြန့်တဲ့ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကို တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။




# စိတ်ခံစားချက် ဦးစားပေးမည်ဆိုလျှင်

ဗိုလ်ဖိုးမှီ (ယော)

"ရဲဘော်တို့..တော်လှန်ရေးလုပ်တယ်ဆိုတာ စိတ်ခံစားချက်ကို ဦးစားပေးလို့ မရဘူး။ စိတ်ခံစားချက်ကို ဦးစားပေးမယ်ဆိုရင် တော်လှန်ရေးဆိုတာ အလိုလိုနောက်ရောက်သွားတတ်တယ်။ ဒါကြောင့် တော်လှန်ရေးသည် ပထမ၊ တော်လှန်ရေးသည် ဒုတိယ၊ တော်လှန်ရေးသည် တတိယဦးစားပေး ဖြစ်နေရမယ်။"

ဒီစကားသည် ကျွန်တော်ထောက်ပို့လုပ်ပေးနေတဲ့ တပ်ဖွဲ့မှ ရဲဘော်တပ်ဖွဲ့ဝင်များကို အလျဉ်းသင့်တိုင်း ပြောကြားနေသော ဆုံးမစကားသို့မဟုတ် ဩဝါဒစကားဖြစ်သည်။ "တော်လှန်ရေးလုပ်တယ်ဆိုတာ စိတ်ရှည်သည်းခံတတ်ရမယ်"ဆိုတာကိုလည်း ရှေ့ကစီနီယာတော်လှန်ရေးအဘကြီးများက ဆုံတွေ့တိုင်း ပြောကြားလေ့ရှိကြသည်။ ကျွန်တော်တို့ လက်နက်ကိုင်ကြခြင်းသည် လက်ရှိနွေဦးတော်လှန်ရေးမှသာ လက်နက်ကို မြင်ဖူးကိုင်ဖူးကြခြင်းဖြစ်သည်။ မလွှဲသာမရှောင်သာ၍သာ ကိုင်ကြရခြင်းဖြစ်ပြီး လက်နက်နဲ့ယဉ်ပါးသူများ မဟုတ်ကြပေ။ တနည်းအားဖြင့် ပရော်ဖက်ရှင်နယ်များ(Professionals) မဟုတ်ကြပေ။ သင်ယူတတ်မြောက်ထားသော စစ်ပညာများသည်လည်း ပြည်သူ့စစ် (Militia) အဆင့်သာ ရှိကြသည်။ တချို့သောတော်လှန်ရေးလုပ်နေသူများ၊ အစုအဖွဲ့များသည် လက်နက်ကိုင်စွဲရခြင်း၊ လက်နက်၏စွမ်းအား(Gum Power)အပေါ်တွင် သာယာလာတာကိုလည်း တွေ့မြင်ရပြီး လက်နက် အားကိုးဖြင့် ပြည်သူလူထုအပေါ် အနိုင်ကျင့်

မှု၊ ဗိုလ်ကျမှု၊ အကြပ်ကိုင်မှု၊ ခြိမ်းခြောက်မှုများ ပြုလုပ်လာကြသည်ကို လည်း တွေ့မြင်နေရသည်။ ကောင်းတဲ့လက္ခဏာတော့ မဟုတ်ပေ။ တော်လှန်ရေး အရှိန်ရလာပြီး ရန်သူ့နယ်မြေကျဉ်းမြောင်းလာသည်နဲ့အမျှ အလားတူကိစ္စ ရပ်များ ပိုမိုများပြားလာကာ ပြည်သူလူထု အပေါ် သေနတ်ပြောင်းဝလှည့် လာခြင်း၊ တော်လှန်ရေးအဖွဲ့အစည်းအချင်းချင်းအပေါ် သေနတ်ပြောင်းဝ လှည့်လာခြင်းများ ရှိလာသည်ကိုလည်း စိတ်မကောင်းစွာတွေ့မြင်ရသည်။ တချို့နေရာများတွင် သေနတ် ပြောင်းဝလှည့်လာသည့်အဆင့်ကို ကျော် လွန်၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းများလည်း ရှိလာနေ ပြီဖြစ်သည်။ ထိုအခြေအနေများကို အချိန်မီထိန်းကျောင်းရန် အဖွဲ့အစည်း အသီးသီးမှ ခေါင်းဆောင်များ၊ ပြည်သူလူထုများတွင် တာဝန်ရှိသည်။

မူလကရှိနှင့်ပြီးသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အင်အားစုများ(EROs)မှလွဲ၍ နွေဦးတော်လှန်ရေးမှ ပေါက်ပေါက်လာသော လက်နက်ကိုင် အဖွဲ့အစည်းအများစုသည် နိုင်ငံရေး ရည်မှန်းချက် တနည်း ဆိုရသော် မူဝါဒ(Policy) ခိုင်ခိုင်မာမာချမှတ်ထားသည်ကို မတွေ့ရှိရပေ။ လက်လှမ်းမီသမျှ လေ့လာကြည့်ရာတွင် ၁။ စစ်အာဏာတော်လှန်ရေး ၂။ ဖက်ဒရယ်ဒီမိုကရေစီရရှိရေး ၃။ ပြည်တွင်းငြိမ်းချမ်းရေးစသည့် ရေပန်းစား နေသော မူဝါဒများချမှတ်ထားသည်ကို တွေ့ရသည်။ ကျွန်တော်လက်လှမ်းမီ သမျှ လေ့လာမိသောအဖွဲ့များထဲမှ ဥပမာအနေဖြင့် ယောနယ်အခြေစိုက် ယောဒေသပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(YPDF)တွင် တပ်ဖွဲ့ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲပြဋ္ဌာန်းထား ပြီး နိုင်ငံရေးရည်မှန်းချက်၊ မူဝါဒ၊ ဖွဲ့စည်းပုံ၊ လမ်းစဉ်များကို ရှင်းရှင်းလင်းလင်းရေးဖွဲ့ထားသည်ကို လေ့လာတွေ့ရှိရ သည်။ ပထမအနေဖြင့် အမည်နာမအားဖြင့် ပြောဆိုရပါမူ အဖွဲ့အစည်း အများစု၏ အင်္ဂလိပ်အမည်ရေးထိုးရာတွင် အပေါ်စတော်ပီအပ်စ်('s)ကိုသာ အသုံးပြုကြပြီး ၎င်းတို့တွင် အများနဲ့ မတူဘဲ အပ်စ်အပေါ်စတော်ပီ(S')ကို ရေးထားတာတွေ့ရသည်။ PDFတွင် People's Defense Forceလို့ ရေးကြ ပြီး ၎င်းတို့တွင် Yaws' People Defense Forceလို့ ရေးသားထားသည်။ ၎င်း တို့၏ဖွဲ့စည်းပုံ အခြေခံဥပဒေ အခြေခံမူများထဲတွင်

အခန်း(၂)နိုင်ငံရေးရည်မှန်းချက်၊ မူဝါဒ၊ လမ်းစဉ်နှင့် သစ္စာဓိဋ္ဌာန်
ပုဒ်မ(၆)

## (က) ယောဒေသပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (YPDF) ၏ နိုင်ငံရေးရည်မှန်းချက်

(၁)စစ်အာဏာရှင်စနစ် အမြစ်ဖြတ်တိုက်ထုတ်ရေး
(၂)ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး
(၃)အခြားတိုင်းရင်းသားများနည်းတူ ယောသူယောသားများ၏ ရပိုင်ခွင့်များ

တန်းတူညီမျှခွင့်ရရှိရေး
(၄)ယောလူမျိုးစုကို အခြေခံသောဖက်ဒရယ်ယူနစ်တစ်ခု ပေါ်ပေါက်ရေး။

## (ခ)မူဝါဒ

(၁) ယောဒေသပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (YPDF) ၏ မူဝါဒကို ဗဟို ဦး ဆောင်ကော်မတီက ချမှတ်ထားသော မူဝါဒများအတိုင်း လိုက်နာကျင့်သုံးမည်။

(၂) လူမျိုးကြီးဝါဒကို လက်မခံဘဲ အဖိနှိပ်ခံပြည်သူများဖက်က အစဉ်အမြဲရပ်တည်မည်။

(၃) မတူကွဲပြားမှုကိုလက်ခံပြီး တိုင်းရင်းသားအားလုံး တန်းတူညီမျှရေးကို အစဉ်အမြဲတန်ဖိုးထားမည်။

(၄) စစ်မှန်သောလွတ်လပ်မှုနှင့် တရားမျှတမှုအပါအဝင် အခြေခံလူအခွင့်အရေး စံတန်ဖိုးများကို လေးစားလိုက်နာမည်။

(၅) အာဏာရှင်စနစ်ကို လက်တွေ့ကျကျတွန်းလှန်တိုက်ထုတ်နေသော မည်သည့်တော်လှန်ရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်းများနဲ့မဆို မဟာမိတ်ဆက်ဆံရေးကို ထူထောင်သွားမည်။

(၆) ရည်ရွယ်ချက်၊ပန်းတိုင်တူညီကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ တပ်ပေါင်းစု တရပ်ထူထောင်သွားမည်။

(၇) ပြည်တွင်းငြိမ်းချမ်းရေးအတွက် မိမိတို့တတ်စွမ်းသမျှ ကြိုးပမ်းလုပ်ဆောင်သွားမည်။

## (ဂ)လမ်းစဉ်

လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျ ဖိနှိပ်အုပ်ချုပ်နေသော စစ်တပ်၊ စစ်အုပ်စုနှင့် စစ်ဗျူရို ကရက်အရင်းရှင်များကို အမြစ်ဖြတ်တွန်းလှန်တိုက်ထုတ်ရာတွင် နိုင်ငံရေးနည်းလမ်းတစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် လက်နက်ကိုင်တော်လှန်ရေးနည်းဖြင့်သာ အာဏာရှင်စနစ်အမြစ်ဖြတ်တွန်းလှန် တိုက်ထုတ်နိုင်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် မိမိတို့၏ ရည်မှန်းချက်များ ရရှိသည်အထိ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကိုသာ တစိုက်မတ်မတ်လုပ်ဆောင်သွားမည်။

## (ဃ)သစ္စာခံဋ္ဌာန်

(၁) ငါတို့သည် တိုင်းပြည်နှင့်ပြည်သူလူထု၊ ယောဒေသနှင့် ယောလူမျိုးတို့၏ အကျိုးကို အစဥ်အမြဲ ကာကွယ်စောင့်ရှောက်ပါမည်။

(၂) ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီရရှိသည်အထိ မိမိအသက်ကို ပဓာနမထားဘဲ ရဲဝံ့စွာတိုက်ပွဲဝင် သွားပါမည်။

(၃) ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်း ကျဆုံးခဲ့သော အာဇာနည်အပေါင်းအား အစဥ်အမြဲ သတိရလေးစားပါမည်။

(၄) ငါတို့သည် အဖွဲ့အစည်းအပေါ်၌သော်လည်းကောင်း၊ တော်လှန်ရေး အပေါ်၌သော်လည်းကောင်း ဘယ်သောအခါမှ သစ္စာမဖောက်ပါ။

(၅) ငါတို့သည် ရန်သူ့ထံ၌ ဘယ်သောအခါမှ လက်နက်မချပါ။

(င) ယောဒေသပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(YPDF) သည် ဒီမိုကရေစီဗဟို ဦးစီးစနစ် (Centralize Democracy)ကို ကျင့်သုံးသည်။ ဟု ရေးသားဖော်ပြ ထားသည်။ တစ်ဦးတည်းအမြင်ဖြင့် သုံးသပ်ရသော် ၎င်းတို့၏ ခေါင်းဆောင် ပိုင်းသည် ထိုက်သင့်သည့် နိုင်ငံရေးအတွေးအခေါ်ယူဆချက်၊ ခံယူချက်များရှိ သည်ဟု ဆိုနိုင်ပါသည်။

လက်ရှိဖြစ်ပေါ်လျက်ရှိသော နွေဦးတော်လှန်ရေးသည် နိုင်ငံရေး စနစ်မကောင်း၍ ဖြစ်လာခြင်း ဖြစ်သည်။ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်း၍မရသည့်အခြေအနေကြောင့် လက်နက်ကိုင်တော်လှန်ရေး (Armed Struggle) ပေါ်ပေါက်လာခြင်းဖြစ်သည်။ လက်နက်ကိုင်အဖွဲ့အစည်း များသည် နိုင်ငံရေးရည်မှန်းချက်ရှိရမည် ဖြစ်သည်။ နိုင်ငံရေးရည်မှန်းချက်မ ရှိပါက “ဆင်ကန်းတောတိုး” ဖြစ်နေမည် ဖြစ်သည်။ ဥပမာအားဖြင့် ကချင် လွတ်မြောက်ရေးတပ်မတော်(KIA)သည် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ၏ နိုင်ငံရေးရည်မှန်းချက်အပေါ် အခြေခံ၍ လှုပ်ရှားဆောင်ရွက်ကြ



ယောဒေသ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (YPDF)

ရသည်။ ထိုနည်းတူ မြောက်ပိုင်း မဟာမိတ်(၃)ဖွဲ့အပါအဝင် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EROs) သည် ၎င်းတို့၏ နိုင်ငံရေး ဦးဆောင်အဖွဲ့များ၏ လိုအပ်ချက်များအရ စစ်ရေးဖော်ဆောင်ကြရသည်။ နိုင်ငံရေးလိုအပ်ချက်များ ပြည့်မြောက်သွားချိန်တွင် သေနတ်သံများသည် လည်း အလိုလိုတိတ်ဆိတ်သွားစမြဲ ဖြစ်သည်။ ၎င်းအခြေအနေများနဲ့ပါတ် သက်၍ တရုတ်နိုင်ငံ၏ခေါင်းဆောင် မော်စီတုန်းက "စစ်ဆိုတာ နိုင်ငံရေး၏ အသက်။ စစ်ဆိုတာ ယေဘူယျအားဖြင့် နိုင်ငံရေးမဟုတ်ပေ။ နိုင်ငံရေးကို ထူးခြားတဲ့နည်းနဲ့ ဆက်လက် လုပ်ခြင်းဖြစ်တယ်။ နိုင်ငံရေးဟာ အဆင့် တစ်ခုခုထိ တိုးပွားလာပြီး မူလနည်းနဲ့ ရှေ့ကိုတိုးမသွားနိုင်တဲ့ အခါ နိုင်ငံရေး လမ်းကြောင်းပေါ်က အတားအဆီးတွေကို ဖယ်ရှားလိုတဲ့အခါ စစ်ဖြစ်ရ တယ်။ အတားအဆီးဖယ်ရှားပြီး နိုင်ငံရေးအထမြောက်တာနဲ့ စစ်လည်း အဆုံးသတ်သွားတယ်။ ရည်ရွယ်ချက်အောင်မြင်တဲ့အထိ စစ်ကိုတိုက်ရ တယ်။ ဒါကြောင့် နိုင်ငံရေးဟာ သွေးမထွက်တဲ့ စစ်ဖြစ်ပြီး စစ်ဆိုတာသွေး ထွက်တဲ့ နိုင်ငံရေးဖြစ်တယ်။ သေနတ်ကို မလိုလားရင် သေနတ်ကိုပဲကိုင်စွဲ ရမည်"ဟု စစ်နှင့်နိုင်ငံရေးဒွန်တွဲနေပုံကို ပြောဆိုခဲ့ဖူးသည်။

စစ်နှင့်နိုင်ငံရေးသည် လက်ဖဝါးနှင့် လက်ဖမိုးကဲ့သို့ တူသည်ဟုထင် ပါသည်။ ခွဲခြားထား၍မရသလို ဝင်ရောက်စွက်ဖက်၍လည်းမရပေ။ သူ့ အလုပ်နဲ့သူ လုပ်ကြရသည်။ ဥပမာ ပါးကိုရိုက်တာခြင်းတူပေမယ့် လက်ဝါး ဖြင့်ရိုက်မှသာ ပါးရိုက်တာလို့ခေါ်ရပြီး လက်ဖမိုးနဲ့ရိုက်တာကို လက်ဖှံရိုက် တာဟု သုံးကြသည်။ စစ်ရေး၊ နိုင်ငံရေးသည် မာယာ၊ ပရိယာယ်များလှ သည်။ လိမ္မာပါးနပ်ဖို့ လိုအပ်သည်။

ယခုရက်ပိုင်းအတွင်း "YDF ရဲဘော်နှစ်ဦးကို CAN မှဖမ်းဆီးသွား သည့်ကိစ္စ" သည် သတင်းစာမျက်နှာ များတွင် ဟိုးလေးတကျော်ဖြစ်ခဲ့သည်။ ရဲဘော်နှစ်ဦးဖမ်းဆီးခံရသည့်ကိစ္စနှင့်ပါတ်သက်၍ နှစ်ဖက်စစ်ရေး ပြင်ဆင် မှုများ ပြုလုပ်ခဲ့ကြသည်။ ခရီးသည်ကားများ၊ ကုန်ကားများ လမ်းပိတ်ဆို့ ခံခဲ့ကြရသည်မှာ တစ်ပါတ်ကျော်ကြာမြင့်ပြီဖြစ်သည်။ ကုန်ကားများတွင် ကြာရှည်အထားမခံသည့် ကုန်စိမ်းများ၊ အသား စားကြက်၊ ဥစားကြက်များ၊ ငါးများစသည့် ပုပ်ကုန်သိုးကုန်များလည်း ပါဝင်သည်ဟု တဆင့်စကားဖြင့် သိ ရပါသည်။ ပြည်သူရာနဲ့ချီ၍ ဒုက္ခရောက်ခဲ့ကြရသည်။ မည်သည့်အကြောင်းပြ ချက်ကြောင့် ရဲဘော်နှစ်ဦးကို ဖမ်းသနည်း။ မည်သည့်အကြောင်းပြချက် ကြောင့် လမ်းများပိတ်ခဲ့ရသနည်း။ နောက်ဆုံး ဒုက္ခရောက်တာ မည်သူတွေ နည်း။ ခေတ်အဆက် လက်နက်ကိုင်ပဋိပက္ခများ၏ ဆိုးကျိုးများကို ခံစားကြ ရသည့် မြေစာပင်များသည် ပြည်သူများသာဖြစ်သည်။ နှစ်ဖက်ခေါင်းဆောင် များ အမြော်အမြင် ရှိရန် လိုအပ်သည်။ တချို့ကိစ္စရပ်များသည် စားပွဲဝိုင်း

တွင်သာ ပြေလည်အောင် ဖြေရှင်းကြရမည်။ လက်နက်ကိုင်ထားတာကြောင့် လက်နက်နဲ့အရင်ဖြေရှင်းဖို့ ကြိုးစားကြခြင်းသည် မလိုလားအပ်သော ပြဿနာများကို ဖြစ်ပွားစေနိုင်သည်။ ယခုကိစ္စသည် နှစ်ဖက်စလုံးမှားသည်ဟု မပြောလိုသော်လည်း ဖြေရှင်းပုံသည် မှားယွင်းသည်ဟု မိမိတစ်ဦးတည်း အမြင်အရ ယူဆသည်။ ထိုအခြေအနေမှ ပြေလည် မသွားဘဲ ဆက်လက် တင်းမာမြင့်တက်လာပါက ဘာသာမတူ၊ လူမျိုးမတူသူတွေကြား လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ ဖြစ်ပွားလာနိုင်သည်။ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခမှသည် အလုံးစုံ ပျက်သုဉ်းရေးအထိ ဦးတည်သွားနိုင်သည်။ နောက်တစ်ချက်အနေဖြင့် အင်အားနည်းသူသည် အင်အား ကြီးသူကို ထိပ်တိုက် ရင်ဆိုင်မှုမျိုးမပြုလုပ်ဘဲ ရှောင်ရှားသင့်သည်။ ရန်သူစစ်ကောင်စီတပ်ကလွဲ၍ မိမိထက် အင်အားကြီးသူ၊ အတွေ့အကြုံရင့်သူများကို ဖက်ပြိုင်ရန်ဖြစ်မနေဘဲ မိမိရည်မှန်းချက်ပန်းတိုင် ရောက်အောင် အကူအညီများရယူကာ ပြေလည်သင့်မြတ်အောင် နေထိုင်သင့်သည်။ "ဖားတု၍ခရုခုန် အိုင်ပျက်ရုံသာရှိလိမ့်မည်"ဆိုသော မြန်မာစကားပုံတစ်ခုကဲ့သို့ပင်။

ခေါင်းဆောင်များသည် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စစ်ရေးအခြေအနေများ၊ ဖြစ်လာနိုင်သည့် နိုင်ငံရေး၊ စစ်ရေအခြေအနေများကို ဆင်ခြင်တုံတရားဖြင့် သုံးသပ်၍ အမြော်အမြင်ကြီးစွာဖြင့် ကိုင်တွယ် ဖြေရှင်းကြရန် လိုအပ်ပါသည်။ "မဆိုးတဲ့စစ်နှင့် မကောင်းတဲ့ငြိမ်းချမ်းရေးဆိုတာ မရှိ"ဟု ဘင်ဂျမင်ဖရန့် ကလင်း(B.J Franklin)က ပြောဆိုခဲ့သည်။ မတူကွဲပြားမှုတွေကြား ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ပြီး ပြဿနာအရပ်ရပ်ကို ငြိမ်းချမ်းစွာ ဖြေရှင်းကြရန် အရေးကြီးသည်။ ရှေ့တွင်ဖော်ပြခဲ့သလို နိုင်ငံရေး၊ စစ်ရေးသည် အင်မတန်မာယာပရိယာယ်များသည့်အလျောက် သိမ်မွေ့စွာ ကိုင်တွယ်တတ်ကြဖို့ လိုအပ် ပါသည်။ ပုဂ္ဂိုလ်ရေးခံစားချက်ကို ဦးစားပေး၍ မရပေ။ ပုဂ္ဂိုလ်ရေးခံစားချက်များ၊ စိတ်ခံစားချက်များကို ဦးစားပေးမည်ဆိုပါက ပြည်သူအတွက်အလုပ်အကျွေးပြုရန် လက်နက်ကိုင်ထားသူများသည် ပြည်သူကို ဒုက္ခပေးရာ ရောက်တတ်ပါသည်။ သမိုင်းတရားခံများ ဖြစ်သွားတတ်သည်ကို သတိချပ်သင့်သည်။ ကျွန်တော်တို့၏ အာဏာရှင်တော်လှန်ရေး မပြီးဆုံးသေးပါ။ စစ်တပ်၊ စစ်အုပ်စု၊ စစ်ဗျူရိုကရက်စသည့် စစ်သုံးစစ်ကို အပြီးသတ်ချေမှုန်းနိုင်ရေး ဦးစားပေးကြရဦးမည်ဖြစ်သည်။

ထို့ကြောင့် တော်လှန်ရေးလုပ်ဆောင်နေသောလူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်သည် မိမိတို့အပေါ်တွင်မူတည်နေသည်ဟု ခံယူကာ တော်လှန်ရေးအသိ၊ တော်လှန်ရေးသတိစုပေါင်းအားဖြင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နိုင်ပါစေကြောင်း ရည်ရွယ်လျက် မိမိ၏ထင်မြင်ယူဆချက် အတွေးအမြင်များကို ရေးသားတင်ပြလိုက်ရပါသည်။



# ဘက်ပြောင်းခြင်း

ဝင်းမျိုးသူ

ကမ္ဘာ့အာဏာရှင်တစ်ရာကျော်ကို လေ့လာပြီးရေးထားတဲ့ **Barbara Geddes** ရဲ့ **How Dictatorship Works** ဆိုတဲ့စာအုပ်ထဲမှာ အာဏာရှင်တွေရဲ့ အာဏာကို ခြိမ်းခြောက်စေတဲ့ အရာဟာ လူထုတော်လှန်ရေးထက် အာဏာရှင်စက်ဝန်း ထဲကပဲ သူ့ကိုပြန်ပြီးတော်လှန် ပုန်ကန်ဖယ်ရှားတာ ဖြစ်တယ်လို့ဆိုပါတယ်။ ဒီလို အာဏာရှင် ဘက်တော်သား တွေကပဲ ဘက်ပြောင်းပြီး အာဏာရှင်ကို ပြန်ဖယ်ရှားဖို့ကြိုးစားရတဲ့ အကြောင်းရင်းကလည်း ကိုယ်ကျိုးစီးပွါးက အဓိကပါပဲလို့ဆိုပြန်တယ်။

အာဏာရှင်နဲ့ အတူနေရလို့ ရတဲ့အကျိုးစီးပွါးထက် အာဏာရှင်ကို ဆန့် ကျင်တဲ့ဘက်ကို ပြောင်းလိုက်လို့ရမဲ့ အကျိုးစီးပွါးကများတယ်ဆိုရင် ဘက်ပြောင်းကြတယ်လို့ လေ့လာတွေ့ရှိကြပါတယ်။ ဝါဒစနစ်ကို လက်မခံနိုင်တော့လို့၊ တိုင်းပြည်နစ်နာပြီးမတိုးတက်လို့ တပ်မတော်ရဲ့ဂုဏ်သိက္ခာကြီးကို ပြန်လည်အဖတ်ဆယ်ဖို့ အစရှိတဲ့ အကြောင်းပြချက်က အပေါ်ယံပါပဲ ငါဘယ်ဖက်နေရင် သာမလဲဆိုတဲ့ အချက်ကပဲ ဘက်ပြောင်းခြင်း မပြောင်းခြင်းကို ဖြစ်စေတာပါ။

ဒီတော့ အာဏာရှင်ကိုတော်လှန်နေတဲ့အစုအဖွဲ့က အာဏာရှင်အတွင်းစည်းထဲက အဓိက ကျတဲ့သူတွေ ဘက်ပြောင်းခိုလှုံစေချင်ရင် ပိုသာတဲ့ အခွင့်အရေးကို ဘယ်လိုဖန်တီးပေးနိုင်မလဲဆိုတာကို စဉ်းစားဖို့လိုပါတယ်။

လက်ရှိစကစ အတွင်းလူတွေ ဘက်ပြောင်းဆန့်ကျင်ပြီး ထိပ်ပိုင်းတွေကို ဖယ်ရှားတဲ့အခင်းအကျင်း **Defection** ပေါ်လာနိုင်ခြေရှိတယ်လို့ ဝါရှင်တန်အခြေစိုက် အထင်ကရ **Think Tank** အဖွဲ့တခုဖြစ်တဲ့ **Stimson Center**

က အကြီးအကဲတယောက်က အစည်းအဝေးတခုမှာတွေ့စဉ် အဲ့လိုပြောလာတဲ့အခါ အတော်လေးအံ့အားသင့်သွားမိပါတယ်။ ဘယ်အချက်အလက်တွေအပေါ်မှာ အခြေခံပြီး ဒီကောက်ချက်ကိုစွဲလဲပေါ့၊ ဘယ်လောက်မှန်နိုင် သလဲကို ကိုယ့်ဘာသာ ပြန်တွေးကြည့်မိပါတယ်။

လက်ရှိ စကစထိပ်ပိုင်း တိုင်းမှူး၊ တပ်မမှူးတွေအကြားမှာ အပြောင်းအလဲတွေခဏခဏ လုပ်နေတာကို တွေ့နေရသလို ဒီထိပ်ပိုင်းရာထူးကို ပြောင်းလဲ ခန့်အပ်ခံရသူတွေကလည်း အသက်အရွယ်အားဖြင့် ၄၅ နှစ်ပတ်လည်တွေ ဖြစ်တာသတိထားမိတယ်။

သူတို့တွေဟာ ၈၈ အရေးအခင်းမှာ ကိုးနှစ်ဆယ်နှစ်သား သာသာ ရှိပါဦးမယ်၊ သူတို့တွေ ဆယ်တန်းအောင်လို့ ဒါမှမဟုတ်ဘွဲ့ရပြီးလို့ စစ်တက္ကသိုလ်တွေဆက်တက်ကြမဲ့ အရွယ်ရောက်တဲ့အခါ ဘယ်လိုစဉ်းစားပြီး တပ်ထဲ ဝင်တာလဲကို တွေးကြည့်မိတယ်။ ကျွန်တော်တို့ငယ်စဉ်အခါ ၁၉၇၀ ပတ်လည်လောက်မှာ ကျွန်တော့် အကိုနဲ့ သူငယ်ချင်းတွေ DSA ဖြေဖို့ ကြိုးစားနေစဉ်ကာလကို သွားသတိရမိတယ်။

တကယ့်ကိုပဲ အဲ့ဒီတုန်းက တိုင်းပြည်ကိုချစ်လို့ စစ်သားဆိုတဲ့ professional life ကို ကြိုက်လို့ ဝင်ဖို့အသဲအသန် ကြိုးစားကြတာ မှတ်မိနေတယ်။ အဲ့တုံးက တော်လှန်ရေးနေ့ ရန်ကုန်မြို့ မိုင်ဒါကွင်းကနေ စစ်ရေးပြချီတက်တဲ့ တပ်မတော်သားတွေကို တကယ့်ကို သောင်းသောင်းဖျ ကြိုဆိုဖို့နေရာလုပြီး အသဲအသန် ပန်းဆက်ကြတဲ့ အမတွေ၊ အဒေါ်တွေကို သွားသတိရမိတယ်။ ဒီတော့ လက်ရှိတိုင်းမှူး တပ်မှူးတွေ စစ်တက္ကသိုလ်တက်စဉ် ၂၀၀၀ ခုနှစ်ပတ်လည်တွေမှာ အခြေအနေတွေကအတူတူပဲလား၊ စစ်ထဲဝင်တဲ့သူတွေအများစုမှာ ရာထူးရာခံရလိုတာလဲ ပါသလို တိုင်းပြည်ချစ်စိတ်၊ စစ်သားဆိုတဲ့ professionalism ကို မြတ်နိုးလိုစိတ်တို့ဟာ ဆတူအချိုးညီနေတုံးပဲလား၊ ဒါမှမဟုတ် ရာထူးရာခံ ရရုံသာမက နေရာကောင်းဝွင်ကောင်းကောင်းမှာ အခွင့်အရေး ရလိုမှုတွေက ပိုကဲနေပြီးလား အစရှိသဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ နှိုင်းယှဉ်စဉ်းစားစရာ ဖြစ်လာပါတယ်။

ထို့အတူ ၂၀၀၀ ခုနှစ်လွန် တပ်မတော်အတွင်း စီမံခန့်ခွဲမှုတွေဟာ ဟိုးယခင်ကာလကလို စည်းစနစ်ကျနကောင်းမွန်သေးရဲ့လား စစ်တက္ကသိုလ်ပြီးလို့ စစ်သားဘဝ ဖြတ်သန်းရမဲ့ လုပ်ငန်းခွင်ဘဝမှာ ဒီတပ်မှူး တိုင်းမှူးတွေဟာဘယ်လို ဆက်လက်ပြီး သူတို့ရဲ့ career ကို ဖြတ်သန်းပြုစုပျိုးထောင်ခွင့်ရခဲ့သလည်းကိုပါ ဆက်စဉ်းစားမိတယ်။

ကြိမ်းသေတာတခုကတော့ ၂၀၀၀ ခုနှစ်နောက်ပိုင်း တိုက်ပွဲကြီး

တွေ မရှိသလောက်နည်းသွားပြီဖြစ်လို့ စစ်ရေးအတွေ့အကြုံနဲ့ စီမံခန့်ခွဲမှု စစ်သားဆိုတဲ့ စိတ်ဓာတ်ရေးရာ ကြံခိုင်မှုတို့ကို ဟိုတုန်းက စစ်သားတွေလို မှတ်ကျောက်တင်ခွင့်မရခဲ့တာတော့ အသေအချာပါပဲ။

နေ့စဉ်ရူပ ကြုံတွေ့နေရတဲ့ စစ်သား၊စစ်ဗိုလ်တွေရဲ့ စိတ်နေစိတ်ထား ပြုမူပုံတွေကို ကြည့်ပြီး လက်ရှိ စစ်သားတွေက ဘယ်လိုဆိုတာ လူထုက မြင်တဲ့အမြင်က အားလုံးသိပြီးသားမို့ အထူးအထွေရေးမနေတော့ပါဘူး။

ဒီလိုအခြေအနေမှာ ဘက်ပြောင်းမပြောင်းစဉ်းစားတဲ့အခါ စစ်သား စိတ်ဓာတ်ရှိလို့ တိုင်းပြည်ချစ်လို့ အစရှိတဲ့ ခံယူချက်တွေထက် ကိုယ်ကျိုးစီးပွါးသာမသာ ကိုစဉ်းစားတာကသာ အခရာဖြစ်မယ်ဆိုတာ ငြင်းမရတဲ့ အချက်ဖြစ်မယ်ထင်ပါတယ်။

၁၉၅၀ ခုနှစ်ပတ်လည်က ခံယူချက်ကြောင့် တပ်ရင်းအလိုက် ဘက်ပြောင်းခိုလှုံခဲ့တဲ့ဖြစ်စဉ်တွေတွေ့ရပေမဲ့ ၁၀၂၇ စစ်ဆင်ရေးကာလ မှာတော့ နောက်ဆုံးဘေးကြပ်နံကြပ်အခြေအနေကြတော့မှ ဘက်ပြောင်းခိုလှုံတာ တွေ့ရ ပါတယ်။

ဒီတော့ သာယာစီး တွေအတွက် မက်လောက်တဲ့ အကျိုးစီးပွါးအခွင့်လန်း ပေး နိုင်မနိုင်နဲ့ ဘေးကြပ်နံကြပ် အခြေအနေဖန်တီးနိုင်မှု ဒီနှစ်ခုနဲ့သာ ဘက်ပြောင်း ခိုလှုံမှု များလာမှာပါ။ ဒီနှစ်ခု မဖန်တီးနိုင်ရင် ဘက်ပြောင်း တယ်ဆိုတာ ရသေ့စိတ်ဖြေ ဝါဒဖြန့်ရုံသက်သက်ပဲရှိမှာပါ။

နောက်တခု သတိပြုစရာရှိတာက ဦးနေဝင်းလက်ထက် အုန်းကျော်မြင့်တို့ ဖြစ်ရပ်ပါ။ အုန်းကျော်မြင့်ဟာ သူတဦးတည်း ဆုံးဖြတ်လုပ်ကိုင်မှု အရဆိုရင် ဦးနေဝင်းကို လုပ်ကြံတာ အောင်မြင်ကောင်းအောင်မြင်မှာပါ။ သူက



ကျန်သူတွေနဲ့တိုင်ပင် အုပ်စုဖွဲ့ပြီး အစီအစဉ်လုပ်တဲ့အခါ ပေါက်ကြားသွားပြီး အရေးယူခံရတာပါ။

လက်ရှိမှာ တပ်ကို အဓိကကိုင်ထားရတဲ့ တိုင်းမှူး တပ်မမှူးရာထူး တွေဖုတ်ပူမီးတိုက် နင်ဆင်းငါတက် အပြောင်းအလဲတွေများနေတာပါ။

ဒါကြောင့် အသစ်ခန့်အပ်ခံရလို့ ပူပူနွေးနွေး ရာထူးရလာတဲ့ အရာရှိ တွေဟာ သူ့တပ်ကိုတောင်ကောင်းစွာ ဩဇာအာဏာမတည်ဆောက်နိုင် သေးတော့ မကျေနပ်ချက်တခုခုကြောင့် အထက်ကို ပြန်ပုန်ကန်ဖို့ရာ သူ့မှာ နောက်လိုက်အင်အားမစုဆောင်းနိုင်လောက်သေးပါဘူး၊ စုဆောင်းနိုင်တောင် မှ သူ့တစ်တပ်တည်းနဲ့မပြီးလို့ ကြံရာတူ အခြားမိတ်ဆွေသူငယ်ချင်းတစ်တပ် တည်းတွေကို စုရဦးမှာဖြစ်ပါတယ်။

မအလကိုယ်တိုင်က သူကာချုပ်ဖြစ်လာတဲ့အခါ ဩဇာအာဏာတည် ဆောက်ယူတာ လေးငါးနှစ်မကကြာပါတယ်။ ပူပူနွေးနွေး ရာထူးရလာသူထိပ် ပိုင်း လူငယ်ဗိုလ်ချုပ်တွေဟာ အဲ့လိုလုပ်ဖို့ကို အခွင့်အရေးရမှာကိုမဟုတ်ပါ။ ဒီ နေရာမှာ အငြိမ်းစားသွားပြီဖြစ်တဲ့ သူတို့ရဲ့ ဆရာဟောင်းတွေရဲ့ပယောဂ နဲ့ ကြံစည်လုပ်လေမလား တွေးစရာရှိပါတယ်။

အငြိမ်းစားတပ်မတော်အရာရှိကြီးတွေဟာလည်း လက်ရှိဖြစ်နေတာ ကို ကြိုက်တာမကြိုက်တာအသာထား စုဆောင်းရရှိထားတဲ့စည်းစိမ်ဥစ္စာနဲ့ ပဲ ဘေးထိုင်ဘုပြော အနေအထားနဲ့ပဲနေဖို့များပါတယ်။ ကာချုပ် မဖြစ်လိုက် ရလို့ မကျေမချမ်းဖြစ်နေတဲ့ ဦးမြင့်လှိုင်လိုလူကသာ ဟိုလိုလုပ်မယ် ဒီလိုလုပ် မယ် စိတ်ရှိမှာဖြစ်ပြီး သူလည်း ခုအခါဆွဲစိတာခံလိုက်ရလို့ တိုင်းပြည်ကြီး အတွက် တပ်မတော်သမိုင်းအတွက်ဆိုပြီး ရှေ့ထွက်ကြံစည်မဲ့ အငြိမ်းစားတွေ ရှိမယ်လို့လည်း မထင်မိပါဘူး။ သူတို့ကလည်း တပ်အတွင်းပိုင်းကမပါပဲ လုပ် လို့မရတော့ မုန့်လုံးစက္ကူကပ်ပါ။

(တရုတ်ကတော့ အငြိမ်းစားဗိုလ်ချုပ်တွေရဲ့ဩဇာနဲ့အားကို အသုံးပြု ပြီး လက်ရှိကာချုပ်ကို ဖယ်ရှားလို့ ရမလားဆိုပြီး ဗြောင်ကျကျကို နှပ် ကြောင်းပေးပြီးလုပ်ဆောင်နေပါတယ်။ မင်းတို့ တပ်ကို ပြန်ဦးဆောင်ရင် ငါ တို့ အသိအမှတ်ပြုမယ်၊ ထောက်ခံမယ်။ ကူညီမယ်ဆိုတဲ့ message တွေပေး ပြီး တပ်တွင်းခေါင်းဆောင်ပိုင်း ပြောင်းလဲမှု ငြင်ငြင်သာသာ လိုလိုချင်ချင်ပဲ ဖြစ်ဖြစ် အတင်းအကြပ်ဖယ်ရှားတာမျိုးပဲဖြစ်ဖြစ် သူတို့အလိုကျ ဖြစ်အောင် ခရက်ပိုင်းတွေမှာ ပိုလုပ်လာတာကိုတွေ့ရပါတယ်။ )

ဒါကြောင့် တပ်မတော်အောက်ပိုင်း နှင့်အလယ်အလတ်ပိုင်းတချို့သာ လက်ရှိဖြစ်နေတာတွေအပေါ်မကျေနပ်လို့ ခံယူချက်နဲ့ ဘက်ပြောင်းခိုလှုံတာတွေရှိမှာဖြစ်ပြီး တပ်လက်ကိုင်ထားတဲ့ ရာထူးကြီးစစ်ဗိုလ်ချုပ်တွေ ဘက်ပြောင်း အတွင်းစည်းက ပြန်ကန်တာမျိုးက ဘေးကြပ်နံကြပ်အခြေအနေမျိုး ကလွဲလို ပုံမှန်အခြေအနေမှာဖြစ်နိုင်ချေဟာ အလွန်တရာနည်းပါလိမ့်မယ်။

ရေနွေးပူထဲကဖား ဥပမာလိုပဲ ရေနွေးပူထဲကို ဖားတကောင်ပစ်ထည့်ရင် ချက်ခြင်းရုန်းထွက်မှာဖြစ်ပေမဲ့ တဖြေးဖြေးမသိမသာနွေးလာနေတဲ့ရေပိုးထဲကဖားက ယဉ်ပါးနေသလိုဖြစ်ပြီးရုန်းထွက်ဖို့မကြိုးစား၊ နောက်ဆုံး မခံမရပ်နိုင်လောက်အောင်ပူလာတဲ့အခါ ရုန်းထွက်ဖို့အားအင်လဲမရှိ စိတ်လဲမရှိတော့ ရေပူထဲပဲ အသေခံသွားတတ် ကြပါတယ်။ဒါက တပ်ရဲ့ လက်ရှိဖြစ်ပျက်နေတဲ့အခြေအနေနဲ့နီးစပ်တယ်လို့ထင်ပါတယ်။ ထိပ်ပိုင်းဗိုလ်ချုပ်တွေ အနေနဲ့လည်း အသတ်ခံရမှာနဲ့သေဒဏ်ကြားမှာလွန်ဆွဲနေတာပါ။ ပြန်မတိုက်ရင် စကစ ကသေဒဏ်ပေးတာခံရမယ်၊ မခံချင်စိတ်နဲ့ သေဒဏ်ပေးခံရမှာစိုးလို့ ဆက်တိုက်နေတဲ့အခါ အခြေအနေမကောင်းရင် တိုက်ပွဲမှာအသတ်ခံရမယ်။ ဒါကြောင့်လက်ငင်းကိစ္စလက်ငင်းရှင်း ကျန်တာတွေ နောင်ခါလာနောင်ခါ ဈေးမှုနဲ့ပဲ တတ်နိုင်သလောက်ခံတိုက်မယ်၊ ဘယ်လိုမှမဖြစ်နိုင်တော့မှ အညံ့ခံလိုက်မယ်။

လောလောလတ်လတ် မသေရင်ပြီးပြီဆိုတဲ့ သဘောပဲ ရှိပုံရပါတယ်။ တချိန်စကစ ကျဆုံးသွားလို့ ဒီမိုဘက်တော်သားတွေပေးတဲ့ အပြစ်က စကစ ပေးတဲ့အပြစ်လောက်ဆိုးမှာမဟုတ်လို့ တွက်ထားပုံ ရပါတယ်။ ရနိုင်သလောက်တော့ ရေနွေးပူထဲကဖားလိုပဲ ရေပူထဲဆက်နေကြဦးမှာပါ။ ကိုယ်ကျိုးစီးပွါးရှုထောင့်ကကြည့်ရင် စကစနဲ့တွဲလို့ရမဲ့ စီးပွါးရေးအကျိုးအမြတ်က ဒီမိုတွေပြောတဲ့ ဂုဏ်သိက္ခာထက် ပိုချိုနေတယ်မဟုတ်ပါလား။

သို့သော်လည်း အထက်က ဖိအားပေးတာက မတန်တဆဖြစ်လာလို့ မခံနိုင်ပဲ ရုတ်တရက်ပေါက်ကွဲပြီး တဦးတည်းသဘောနဲ့ ဖြစ်ချင်ရာဖြစ်ဆိုပြီး အထက်ကို လက်တုန့်ပြန်တာမျိုးကတော့ ရှိကောင်းရှိနိုင်ပါတယ်။ စနစ်တကျကြိုတင်စီစဉ်ပြီးအတွင်းပုန်ကန်တာမျိုးက မရှိနိုင်ဘူးလို့ထင်မိပါတယ်။

ဒါကြောင့် ဒီဖက်ရှင်းဆိုပြီး အော်နေတာတွေကလည်း တခါတလေမှာ **misleading** ဖြစ်နေသလားလို့ တွေးမိတယ်။ နိုင်လောက်မှ ပြောင်းလာမဲ့ သာယာစီးတွေကို မျှော်နေစရာအကြောင်းမရှိပါ။ ကိုယ့်လမ်းကိုယ်ဖောက်ဖို့ရာသာ အဓိကပါ။



# စစ်ဖက်ခေါင်းဆောင်ကောင်း

ရဲဘော်ယောလေး (YPDF)

“အာဏာမပါသော တရားမျှတမှုမှာ တန်ခိုးမဲ့၍ တရားမျှတမှုမဲ့သော အာဏာမှာ ကြမ်းကြုတ်၏။”
ပါစကယ် (AD – 300)

“အချို့သောပုဂ္ဂိုလ်များဟာ မွေးကတည်းက အထွဋ်အထိပ်ခေါင်းဆောင်များ ဖြစ်လာကြတယ်။ အချို့ကတော့ ယင်းအထွဋ်အထိပ်ခေါင်းဆောင်မှုကို ရအောင်ယူကြတယ်။ နောက်တစ်မျိုးဖြစ်တဲ့ အချို့ပုဂ္ဂိုလ်များအတွက်တော့ အထွဋ်အထိပ်ခေါင်းဆောင်မှု သရဖူကို ၎င်းတို့ခေါင်းပေါ်သို့ အပ်နှင်းခြင်း ခံကြရတယ်။” (ဝီလျံရှိတ်စပီးယား)

## ခေါင်းဆောင် သို့မဟုတ် ဦးစီး

ခေါင်းဆောင်ဆိုသည်မှာ တစ်ဦးထက်ပိုသော အစုအဖွဲ့ကို ဦးရွက် ဦးဆောင်ပြုရသူကို ဆိုလိုသည်။ ထိုအစုအဖွဲ့သည် ခေါင်းဆောင် သို့မဟုတ် ဦးဆောင်သူကို မူတည်၍ တိုးတက်မှု၊ ဆုတ်ယုတ်မှု စသည်တို့ကို ဖြစ်ပေါ်စေသည်။ ခေါင်းဆောင်အရည်အချင်း ရှိလျှင် ရှိသည့်အလျောက် တိုးတက်ပြီး ခေါင်းဆောင်အရည်အချင်း ညံ့ဖျင်းလျှင် ညံ့ဖျင်းသည့်အလျောက် ဆုတ်ယုတ်မှုများကိုပါ ကြုံတွေ့ရတတ်သည်။

ခေါင်းဆောင်သည် အစုအဖွဲ့တစ်ခုအတွက်တင်မက အစုအဖွဲ့

နဲ့သက်ဆိုင်သော ပတ်ဝန်းကျင်အတွက်ပါ များစွာအရေးပါလှသည်။ သာယာဝပြောသော ပတ်ဝန်းကျင်ကိုလိုချင်ပါက သာယာဝပြောအောင် စွမ်းဆောင်နိုင်စွမ်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသော ခေါင်းဆောင်မျိုးကို ရွေးကောက်တင်မြှောက်ကြရသည်။ ဆရာတင်ကြရသည်။

မြန်မာစကားတွင် ခေါင်းဆောင်ဟူသော အသုံးအနှုန်းကို အမျိုးမျိုး သုံးနှုန်းတတ်ကြသည်။ ဥသျှောင်၊ သမ္မတ၊ ဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူး၊ ဦးစီး၊ ဆရာ၊ တာဝန်ခံစသည်အားဖြင့် နေရာဒေသ၊ ဌာနအလိုက် အမျိုးမျိုး သုံးစွဲတတ်ကြသည်ကို တွေ့ရသည်။ မိသားစုတစ်ခုတည်းကိုပင် ကြည့်ပါ။ မိသားစုတွင် အိမ်ထောင့်တာဝန်အလုံးစုံကို တာဝန်ယူရသူ ရှိသည်။ မိသားစုအတွက် အဖေ၊ အမေ၊ အကိုကြီး၊ အမကြီး စသည်အားဖြင့် အုပ်ထိန်းသူများ မိသားစုတိုင်းတွင် ရှိသည်။ မိသားစုအတွက် အုပ်ထိန်းသူကို အိမ်ထောင်ဦးစီးဟု ခေါ်စမှတ် ပြုကြသည်။ အိမ်ထောင်ဦးစီးသည် မိသားစု စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ သာရေး နာရေးကအစ အိမ်ထောင်တစ်ခုလုံး၏ ကိစ္စအဝဝကို တာဝန်ယူ၍ ဖြေရှင်းပေးကြရသည်။

ယင်းတာဝန်များသည် အိမ်ထောင်ဦးစီးဆိုသည့် ရာထူးနဲ့လိုက် လျောညီထွေသော တာဝန်၊ ဝတ္တရားများပင် ဖြစ်သည်။ အဆိုပါ တာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်းမရှိလျှင် ပတ်ဝန်းကျင်၏ ကဲ့ရဲ့ ပြစ်တင်ခြင်း၊ ရှုံ့ချခြင်းများကို ခံရတတ်သည့်အပြင် မိသားစုတွင်း တိုးတက်ရေး၊ စည်းလုံးညီညွတ်မှု ပြိုကွဲခြင်းများကိုလည်း ကြုံတွေ့ရတတ်သည်။

အိမ်ထောင်ဦးစီးသည် မိသားစုတွင်း တာဝန်ဝတ္တရားများ ကျေပွန်စွာထမ်းဆောင်ခြင်းသည် ၎င်း၏ တာဝန်ဝတ္တရားဖြစ်သည့်အပြင် ၎င်း၏ အနေအထိုင်၊ အပြုအမူ၊ အပြောအဆို စသည့် ကိုယ်ကျင့်တရား ထိန်းသိမ်းရေးသည်လည်း အင်မတန်အရေးကြီးကြောင်းကို မှတ်ယူရမည်ဖြစ်ပေသည်။

ထို့ကြောင့် မည့်သည့်နေရာတွင် တာဝန်ယူရသည့် ခေါင်းဆောင်ပင်ဖြစ်စေ တာဝန်ဝတ္တရား ကျေပွန်ရုံမျှဖြင့် မပြီးသေးဘဲ ကိုယ်ကျင့်တရား ထိန်းသိမ်းရေးသည်လည်း ခေါင်းဆောင်များအတွက် အရေးကြီးသော အချက်အဖြစ် မှတ်ယူကြရမည် ဖြစ်သည်။

တာဝန်ဝတ္တရားကျေပွန်သည့်ခေါင်းဆောင်ကို လေးစားပုံနဲ့ကိုယ်ကျင့် တရားပါ ထိန်းသိမ်းတတ်သော ခေါင်းဆောင်ကို လေးစားယုံကြည်ပုံသည် များစွာ ကွာခြားလှပေသည်။ ဥပမာအားဖြင့် အသောက်အစားအပျော်အပါး လိုက်စားတတ်သော ခေါင်းဆောင်ကို လေးစားပုံနဲ့ ကိုယ်ကျင့်

သိက္ခာနဲ့ ပြည့်စုံသော ခေါင်းဆောင်ကို လေးစားတန်ဖိုးထားမှုခြင်း ကွာခြားပုံကို အထူးသတိထားသင့်သည်။

အသောက်အစား အပျော်အပါးလိုက်စားတတ်သော ခေါင်းဆောင်သည် တာဝန်ဝတ္တရား အလုံးစုံကျေပွန်ရန်မှာလည်း ခဲယဉ်းလှသည်။ တာဝန်ဝတ္တရားထက် အပျော်အပါး အသောက်အစားကိုသာ ဦးစားပေးနေသည့် တာဝန်ဝတ္တရားထမ်းဆောင်ရန် အချိန်များအလဟဿ ကုန်ဆုံးသွားတတ်သည်။

မိသားစုတာဝန်ထမ်းဆောင်နေသော အိမ်ထောင်ဦးစီးသည် ပတ်သက်ဆက်နွယ်မှု သဘောတရားအရ သွေးသားရင်းချာများ ဖြစ်သည်ဟု မှတ်ယူနိုင်သည်။ တပ်ဖွဲ့တစ်ခုတွင် တာဝန်ထမ်းဆောင်နေသော ခေါင်းဆောင် သို့မဟုတ် တပ်မှူး သို့မဟုတ် အကြပ်အဆင့်မှစ၍ ရာထူး၊ တာဝန်အဆင့်ဆင့် ယူထားသူများအားလုံးသည် မတူကွဲပြားသည့် နေရာဒေသအစုံ၊ အသွေးအရောင်အစုံ၊ ဘာသာစကားအစုံ၊ ကိုးကွယ်ယုံကြည်မှုအစုံ၊ လိင်စိတ်ခံယူမှုအစုံ၊ ပုံသဏ္ဍာန်အစုံကို စီမံခန့်ခွဲ အုပ်ချုပ်ရသည် ဖြစ်သောကြောင့် ပို၍ ခက်ခဲ ပင်ပန်းဆင်းရဲမည်မှာ မလွဲကေန်ပင် ဖြစ်သည်။

သို့သော် ခက်ခဲပင်ပန်းသည့်ကြားမှ အဆိုပါမတူကွဲပြားမှုအစုံကို ညီမျှအောင်၊ စည်းလုံးမှု မပြိုကွဲအောင် ကြပ်မတ်ထိန်းသိမ်းရမည့် တာဝန်လည်းရှိသည်။ စည်းလုံးမှု မပြိုကွဲအောင် ထိန်းသိမ်းကြပ်မတ်ရန်နည်းလမ်းမှာ သတ်မှတ်ပြဋ္ဌာန်းထားသော စည်းကမ်း၊ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ အကောင်အထည်ဖော်ခြင်းပင် ဖြစ်သည်။ မိမိအဖွဲ့အစည်း၏ သတ်မှတ်ပြဋ္ဌာန်းထားသော စည်းကမ်း၊ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို တန်ဖိုးမထား၊ မလေးစားလျှင် "အမှိုက်ကစ ပြဿမီးလောင်" ဖြစ်တတ်သည် ဟူသော စကားပုံကို သတိချပ်သင့်သည်။

အခြားစကားပုံတစ်ခုလည်း ရှိသေးသည်။ "ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားမှ နောက်နွားတသိုက် ဖြောင့်ဖြောင့်လိုက်မည်" ဟူသော စကားပုံသည်လည်း ခေါင်းဆောင်အပေါ်မှာ မူတည်၍ နောက်လိုက်ရဲဘော်များက လိုက်နာကျင့်ကြံကြသည်ဆိုသည်ကို နားလည်သဘောပေါက်ရန် လိုအပ်သည်။

တပ်ဖွဲ့ခေါင်းဆောင်များသည် အများလက်ခံထားသော အောက်ပါခေါင်းဆောင်မှု အင်္ဂါရပ် (၁၆) ရပ်ကို မပျက်မကွက် လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

(၁) ထိုးထွင်းကြံဆ လုပ်ဆောင်တတ်မှုနှင့် တီထွင်ဆောင်ရွက်တတ်မ ရှိရမည်။
(၂) ကွပ်ကဲမှုနှင့် ကြီးကြပ်မှုကောင်းရမည်။
(၃) ဗဟုသုတကြွယ်ဝပြီး လေ့လာလိုစိတ်ရှိရမည်။
(၄) အကျင့်စာရိတ္တ ကောင်းမွန်ရမည်။
(၅) စိတ်ဓာတ်ကောင်းရမည်။
(၆) သစ္စာရှိရမည်။
(၇) ခေါင်းဆောင်ကောင်းစိတ်ဓာတ်နှင့် မိဘသဖွယ် စိတ်ဓာတ်ရှိရမည်။
(၈) စည်းကမ်းအရာမှာ စံနမူနာပြ ဖြစ်ရမည်။
(၉) တပ်ဖွဲ့၏ကောင်းရာကောင်းကျိုးအတွက် အစဉ်ကြိုးပမ်းဆောင် ရွက်လိုစိတ် ရှိရမည်။
(၁၀) ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားမှု ရှိရမည်။
(၁၁) စိတ်ရင်းစေတနာကောင်းရမည်။
(၁၂) တညီတညွတ်တည်း စုပေါင်းဆောင်ရွက်လိုသည့် အဖွဲ့အစည်း စိတ်ဓာတ် ရှိရမည်။
(၁၃) သတ္တိ၊ ဇွတ္တိ ရှိရမည်။
(၁၄) မိမိခေါင်းဆောင်သည့် အဖွဲ့အစည်းအား အမြဲစည်းလုံးညွတ်မှုရှိ အောင် တည်ဆောက်နိုင်စွမ်းရှိရမည်။
(၁၅) အခွင့်အရေးနှင့် ယှဉ်လာပါက မိမိကအမြဲ အနစ်နာခံတတ်ရမည်။
(၁၆) အုပ်ချုပ်ရေးစွမ်းရည်၊ တိုက်ခိုက်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ လေ့ကျင့်ရေးစွမ်းရည် စသည့် စွမ်းရည်လေးရပ်နဲ့ ပြည့်စုံရမည်။

အထက်ပါအင်္ဂါရပ်များသည် မိမိတင်မက မိမိတပ်ဖွဲ့၊ မိမိ၏ ပြည်သူ လူထု၊ မိမိတော်လှန်ရေးအတွက်ပါ များစွာ အရေးပါလှပေသည်။

ခေတ်အဆက်ဆက် ပဒေသရာဇ်စနစ်မှသည် မျက်မှောက်ခေတ်အထိ လက်နက်ခဲယမ်း၊ စစ်နည်းဗျူဟာ၊ နည်းပညာ တိုးတက်ပြောင်းလဲလျက်ရှိ သည်။ သို့သော် မပြောင်းလဲဘဲ ရှိနေတာသည် စိတ်ဓာတ်ပင်ဖြစ်သည်။ ၎င်းစိတ်ဓာတ်ကြောင့်ပင် တိုက်ပွဲများအောင်မြင်ခြင်း၊ ကျရှုံးခြင်းတို့ကို အဆုံးအဖြတ်ပေးခြင်းဖြစ်သည်။

တော်လှန်ရေး၏ အနှစ်သာရသည် မိမိယုံကြည်ရာအပေါ် မည်သို့ သော အခက်အခဲပင်ရှိရှိ မဆုတ်မနစ် ရင်ဆိုင်ဖြတ်ကျော်ရဲသော စိတ်ဓာတ် ခိုင်ကြည်ခြင်းပင် ဖြစ်သည်။

တိုက်ပွဲတစ်ခုတွင် စိတ်ဓာတ်ပျက်ပြားနေသော ရဲဘော်တစ်ယောက်

ကြောင့် တပ်ဖွဲ့တစ်ခုလုံး ဖရိုဖရဲဖြစ်သွားနိုင်သည်။ စိတ်ဓာတ်ကျနေလျှင် စိတ်ဓာတ်မပြတ်သားလျှင် မတိုက်ခင်ကပင် တိုက်ပွဲတဝက်ရှုံးပြီးသား ဖြစ်သည်ကို နားလည်ကြရမည်။ နောင်ရိုးတိုက်ပွဲကို ဦးဆောင်ခဲ့သော စစ်သူကြီး ဘုရင့်နောင်၏ "ဘုရင့်နောင် ဖောက်ဖျက်" စိတ်ဓာတ်ကို အတုယူကြရမည်။ "ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်" ကြိုးစားကြရမည်။

အထက်တွင် ဖော်ပြခဲ့သလို မတူကွဲပြားမှုများဖြင့် စုဖွဲ့ထားရသော အစုအဖွဲ့ (ဝါ) တပ်ဖွဲ့အနေဖြင့် ဟန်ချက်ညီရန် (Harmony) ဖြစ်စေရန်မှာ စုပေါင်းခေါင်းဆောင်မှု (Collective Leadership) သည် အရေးပါပြီး စုဖွဲ့လုပ်ကိုင်တတ်မှု (Team Work) ဖြစ်ရန်မှာ အင်မတန် အရေးကြီးလှပေသည်။

အဘယ်ကြောင့်ဆိုသော် တစ်ဦးတစ်ယောက်ထဲဖြင့် တော်လှန်ရေးကို ဆင်နွှဲ၍ မရသောကြောင့်ပင်ဖြစ်သည်။ ဥပမာအားဖြင့် လက်ချောင်းကလေးများကို စုပေါင်းမှသာ လက်သီးဆုပ်ကို ဖန်တီးနိုင်သကဲ့သို့ပင် ဖြစ်သည်။ တစ်ဦးတစ်ယောက်ချင်းရှိပြီးသော စွမ်းရည်များကို စုပေါင်း၍ ထင်မှတ်မထားသော စွမ်းအင်များကို ဖန်တီးနိုင်ရမည်။

အဆိုပါ ထင်မှတ်မထားသော စွမ်းရည်များကို ဖန်တီးနိုင်ရေးအတွက် ဦးဆောင်သူတွင် စဉ်းစားတွေးခေါ်တတ်မှု၊ အမြော်အမြင်ရှိမှု၊ လေ့လာအားထုတ်မှုတို့သည် မရှိမဖြစ် လိုအပ်သည်။ ၎င်းဦးဆောင်သူ၏ အမြော်အမြင်ရှိမှု၊ စဉ်းစားတွေးခေါ်တတ်မှု၊ လေ့လာအားထုတ်မှုသည် တပ်ဖွဲ့တစ်ခု ရှင်သန်ရပ်တည်နိုင်ရေး၊ ရည်မှန်းချက်ပန်းတိုင် အကောင်အထည်ဖော်ရေးတို့အတွက် အကျိုးသက်ရောက်မှု များစွာ ရှိနေသောကြောင့်ပင် ဖြစ်သည်။ တပ်ဖွဲ့တစ်ခုထူထောင်ခြင်း၊ ဖျက်သိမ်းခြင်းသည် လွယ်ကူသော ကိစ္စရပ် ဖြစ်သည်။ သို့သော် တပ်ဖွဲ့ရှင်သန်ရပ်တည်ရေးကိစ္စမှာ ကြီးမားသော စိန်ခေါ်မှုဖြစ်သည်။

တိုက်ပွဲဟူသည် အစားထိုး၍မရသော အသက်များနဲ့ ရင်း၍ လုပ်ကိုင်ဆောင်ရွက်ကြရသော အလုပ်ဖြစ်သည်။ ထိုကဲ့သို့ အသက်ကိုရင်း၍ လုပ်ရသော အလုပ်ဖြစ်သည့်အတွက် တစ်ယောက်တစ်ပေါက်၊ ဦးနင်းပွဲ့ထောင် လုပ်ကြမည်ဆိုပါက အသက်များစွာ ဆုံးရှုံးသွားနိုင်သလို၊ မိမိ၏ ရည်မှန်းချက်ပန်းတိုင်များမှာလည်း ဘယ်သောအခါမျှ အကောင်အထည်ပေါ်လာမည် မဟုတ်ပေ။

စုဖွဲ့လုပ်ကိုင်တတ်မှု (Team Work) ကို မည်သည့် အစုအဖွဲ့မဆို အလွယ်တကူ တည်ဆောက်၍ မရနိုင်ပါ။ အချိန်ပေးပြီး အလေးထားဆောင်ရွက်ကြမှသာ ရရှိတတ်ကြသည်။ အခက်အခဲများ၊ စိန်ခေါ်မှုများ

မလွဲမသွေ ကြုံတွေ့ကြရမည်ဖြစ်သည်။ အတွေးအခေါ်၊ အယူအဆ၊ လာရာ၊ လားရာ မတူကြသူတွေကို တစ်စိတ်တစ်ဝမ်းထဲ စိတ်တူကိုယ်တူ သေဖော်ရှင်ဖက်များအဖြစ် အသွင်ပြောင်းရသည်မှာ ဦးဆောင်သူများအဖို့ ကြီးမားသည့်စိန်ခေါ်မှု ဖြစ်သည်။ စုဖွဲ့လုပ်ကိုင်တတ်မှု (Team Work) ကို အဝေးမှ တည်ဆောက်၍ မရပေ။

ဝါရင့် ကရင်တော်လှန်ရေးခေါင်းဆောင် ဖဒိုစောသမိန်ထွန်း၏ နွေဦးတော်လှန်ရေးအတွက် အကြံပြုချက်တွင် "တကယ့်ခေါင်းဆောင်ကောင်းတို့မည်သည်မှာ ရဲဘော်တွေနဲ့ တတန်းထဲနေပြီးမှ အဲဒီကနေ သူလည်း ဆင်းဆင်းရဲရဲ ဒုက္ခခံလုပ်၊ ရဲဘော်တွေလည်း ဆင်းဆင်းရဲရဲ ဒုက္ခခံလုပ်။ အဲဒီခေါင်းဆောင်မျိုးကို အောက်ခြေထုက ကြိုက်တာ၊ ချစ်တာ၊ လေးစားတာ။

အဝေးကနေပဲ လုပ်နေမယ်ဆိုရင် မရဘူးဗျ။ ဒီလိုပုံစံမျိုးနဲ့ တော်လှန်ရေး ဘယ်လိုသွားလုပ်မလဲ။ စစ်တိုက်တယ်ဆိုတာ သေတယ်ဗျ။ မသေရင်လည်း ခြေပြတ်၊ လက်ပြတ်ဖြစ်တယ်။ အဲဒီတော့ ဒီလိုမှ မလုပ်နိုင်ရင် မစွန့်စားနိုင်ရင်လည်း အစကတည်းက မလာပါနဲ့။ လက်ဝဲစကားနဲ့ပြောရရင် လူထုသာလျှင် သမိုင်းဖန်တီးသူတွေ ဖြစ်တယ်။

ခေါင်းဆောင်တွေဆိုတာက လူထု သမိုင်းဖန်တီးတဲ့နေရာမှာ ပါဝင်လုပ်ကိုင်တဲ့ ဇာတ်ရုပ်လေးတွေ ဖြစ်တယ်။ တကယ်ဖြစ်သင့်တာက အထက်ကနေ ချပေးတဲ့ ခေါင်းဆောင်မျိုး မဖြစ်သင့်ဘူး။ အထက်က ချပေးလိုက်တဲ့ခေါင်းဆောင်ဟာတကယ်လူထုနဲ့ ဆက်ဆံမှုကောင်းလား၊ အောက်ခြေရဲ့ ကြည်ညိုလေးစားမှု ခံရလား။ ချပေးလိုက်တဲ့ ခေါင်းဆောင်ရဲ့ အကျင့်စာရိတ္တက ဘယ်လိုလဲ။ ဒါတွေသိပ်အရေးကြီးတယ်။" လို့ အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ဖူးသည်။

တပ်ဖွဲ့ခေါင်းဆောင် သို့မဟုတ် တပ်မှူးကောင်းတစ်ယောက်တွင် အောက်ပါ ကိုယ်ပိုင်အရည်အချင်းများလည်း ရှိရန်လိုအပ်ပေသည်။

(၁) မိမိကိုယ်ကို မိမိထိန်းသိမ်းမှုနှင့် ယုံကြည်မှု
(၂) ခေါင်းဆောင်ရန် တင့်တယ်သော ကိုယ်ဟန်ရှိမှု
(၃) ခေါင်းဆောင်ရန် ဆန္ဒပြင်းပြမှု
(၄) သူရသတ္တိနှင့် သန္နိဋ္ဌာန်ချတတ်မှု
(၅) တွေးခေါ်မြော်မြင်တတ်မှု
(၆) မေတ္တာအစစ်အမှန်ထားနိုင်မှု
(၇) သမာဓိရှိမှုနှင့် ခိုင်မာပြတ်သားစွာ ဆုံးဖြတ်ပေးနိုင်မှု

(၈) အပြုသဘောအကောင်းမြင်ဝါဒ လက်ကိုင်ထားမှု
(၉) ကိုယ်ကျိုးစွန့်လွှတ်မှုနှင့် တာဝန်ကို ရိုသေလေးစားစွာ ထမ်းဆောင်တတ်မှု
(၁၀) ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် ရိုးသားဖြောင့်မတ်မှန်ကန်မှု
စသည်တို့သည် တပ်မှူးကောင်းများ၊ ခေါင်းဆောင်များအတွက် ကိုယ်တိုင်လိုက်နာ ကျင့်ကြံရန် လိုအပ်ပေသေးသည်။

ရဲဘော်တိုင်း၊ တပ်သားတိုင်းသည် ခေါင်းဆောင်များဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတစ်ပါးနဲ့မတူသော စွမ်းရည်များ၊ စိတ်ဓာတ်များကို ပိုင်ဆိုင်ထားကြသူများချည်း ဖြစ်နေသောကြောင့်ပင်။ ထိုစွမ်းရည်များ၊ စိတ်ဓာတ်များကို အသုံးချ၍ နောက်လိုက်စိတ် မမွေးဘဲ ခေါင်းဆောင်စိတ်မွေးမြူလုပ်ကိုင်ကြရန်သာ အရေးကြီးလှပေသည်။

ရဲဘော်တိုင်းအတွက် အရေးကြီးဆုံးအချက်မှာ ကိုယ်ချင်းစာနာစိတ်ပင် ဖြစ်သည်။ ကိုယ်ချင်းစာနာစိတ်ဖြင့် မိမိတို့၏ တက်လမ်းကို ရှေ့ရောက်စေရန် လုပ်ဆောင်တတ်ဖို့ လိုအပ်သည်။ ခေါင်းဆောင်ဟူသည် ပျင်းနေ၍ မရပေ။ ဝါသနာ၊ စေတနာ၊ အနစ်နာအပြင် စံနမူနာပြဖြစ်နေရန်အတွက်လည်း အမြဲကြိုးစားကြရမည်။ တနည်းအားဖြင့် မြင်ရုံဖြင့် ကြည်ညိုလေးစားဖွယ်ဖြစ်နေရမည်။

ခေါင်းဆောင်တစ်ယောက်အတွက် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ အသွားအလာ၊ ဝတ်စားဆင်ယင်မှု၊ အစားအသောက်၊ အလုပ်အကိုင် မှန်သမျှ လက်အောက်ငယ်သားများက နမူနာယူတတ်သည်ကို သတိပြုရမည်။ ဆောင်းခေါင်ကောင်းဖြစ်ရန် အရင်ဦးဆုံး နောက်လိုက်ကောင်းများ ဖြစ်ဖို့ များစွာအရေးကြီးလှသည်။ “ခေါင်းဆောင်ဆိုသည်မှာ တချိန်က နောက်လိုက်ပဲ” ဖြစ်သည်။

လူဆိုသည်မှာ မည်သည့်နေရာတွင် နေရစေကာမူ သင့်တင့်လျောက်ပတ်သည့် သာယာမှုမျိုးကိုသာ လိုလားကြသည်ချည်းဖြစ်သည်။ ရဲဘော်၊ တပ်သားများသည်လည်း လူထဲကလူသာဖြစ်သည့်အလျောက် ချိုသာမှု၊ ပျူငှာမှု၊ သာယာအေးချမ်းမှု၊ ညင်သာမှုမျိုးကိုသာ လိုချင်ကြတာ အဆန်းမဟုတ်ပေ။ တစ်ယောက်၏ အခက်အခဲကို တစ်ယောက်စာနာ နားလည်မှုဖြင့် ရှေ့ဆက်ကြရမည်ဖြစ်သည်။

သို့သော် လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့်အလျောက် တာဝန်နှင့်အမိန့်သည် အသက်တမျှ လေးစားတန်ဖိုးထားရန် လိုအပ်သည်ကိုလည်း

နားလည် သတိပြုရမည် ဖြစ်သည်။ ခေါင်းဆောင်ကောင်းတို့မည်သည် မိမိ လက်အောက်ငယ်သားများ၏ မိဘသဖွယ် သဘောထားသည့်အလျောက် မည်သည့် ခေါင်းဆောင်မျှ မိမိ၏ ရဲဘော် တပ်သားများကို အန္တရာယ်ကျ ရောက်စေမည့် ကိစ္စများကို ပြုမူမည် မဟုတ်ပေ။

ခေါင်းဆောင်သည် စစ်ရေးပိုင်းဦးဆောင်မှုနှင့် လူမှုရေးဦးဆောင်မှုကို တပြိုင်နက်တည်း ဆောင်ရွက်ကြရသည်။ လူမှုရေးပိုင်းဦးဆောင်မှုတွင် မိဘမှ သားသမီး၏ အခက်အခဲ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေး၊ အနစ်နာခံပေး သကဲ့သို့ ကူညီစောင့်ရှောက်ပေးရမည်ဖြစ်သည်။

စစ်ရေးပိုင်းဦးဆောင်မှုတွင် ပြတ်ပြတ်သားသား ခေါင်းဆောင်ရန်လို အပ်သည်။ မိမိက တိုက်ဆိုလျှင်တိုက်၊ ဆုတ်ဆိုလျှင်ဆုတ် ဆိုသော တိကျ ပြတ်သားသည့် ဦးဆောင်မှုမျိုးပေးရမည်ဖြစ်သည်။

အဆိုပါ အခြေအနေများကို မိမိကိုယ်တိုင်နားလည်ရန်နှင့် မိမိ လက်အောက်ငယ်သားများ နားလည်သဘောပေါက် ခံယူတတ်စေရန် အစဉ် အမြဲ လမ်းညွှန်ပြသပေးရမည် ဖြစ်သည်။ သို့မှသာ အပြန်အလှန် ယုံကြည် လေးစားမှု၊ အားကိုးမှု၊ တန်ဖိုးထားမှုများကို ခံစားကြရပေလိမ့်မည် ဖြစ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုသော် ခေါင်းဆောင်ကောင်းတင်မက နောက် လိုက်ကောင်းရှိရန်လည်း အရေးကြီးသည့် အလျောက် ခေါင်းဆောင်ကောင်း များ၏ နောက်တွင် နောက်လိုက်ကောင်းများ အမြဲရှိနေရန်အတွက် အစဉ် မွေးမြူ ပြုစုပျိုးထောင် ပေးကြရပေလိမ့်မည်။

အမြဲတမ်းခေါင်းဆောင် အဖြစ်နေလိုလျှင် အမြဲတမ်းခေါင်းဆောင် အသစ်များကို မွေးထုတ်ပေးရန် လိုအပ်သည်။ ယုံကြည်စိတ်ဖြင့် ရာထူး၊ တာဝန်များ လွှဲပြောင်းပေးကြရမည်။ လူတို့သည် အစဉ်အမြဲ တပါးသူ ခိုင်း တာကိုချည်း မလုပ်လိုကြ။ မိမိ၏ ထိုးထွင်းကြံဆမှုဖြင့် နည်းသစ်၊ လမ်းသစ် များ ဖောက်လိုကြသည့်အလျောက် နည်းသစ်၊ လမ်းသစ်များကို လက်တွေ့ ကျကျ အကောင်အထည်ဖော်နိုင်မည့် လုပ်ပိုင်ခွင့်များ ဖန်တီးပေးရမည်။

သို့မှသာ ခေါင်းဆောင်လုပ်ရသူကို စာနာတတ်မည်၊ တန်ဖိုးထားတတ် မည် ဖြစ်သည်။ မည်သည့်အရာမှ လွယ်လွယ်နဲ့ မရဆိုသည်ကို သဘောပေါက် နားလည်လိမ့်မည်ဖြစ်သည်။ အရှေ့တိုင်းသည် မင်းလောင်းမွှော်သည့်ဝါဒ သို့မဟုတ် ကယ်တင်ရှင်မျှော်သည့် ဝါဒ ထွန်းကားသည်။

မိမိကိုယ် ကျိုးစားအားထုတ်လိုစိတ် နည်းပါးကြသည်။ အဆိုပါ ကယ်တင်ရှင်မျှော်လင့်နေမှုများနဲ့ပတ်သက်၍ ပြောက်ကျားတော်လှန်ရေး ခေါင်းဆောင် အာနက်စတို ချေဂွေဗားရားက **"I'm not a liberator. Liberator does not exit. The people can liberate themselves."** လို့ ပြောဆိုခဲ့ဖူးသည်။ အဓိပ္ပါယ်မှာ "ငါက ကယ်တင်ရှင်မဟုတ်။ ကယ်တင်ရှင်ဆိုတာလည်း မရှိဘူး။ ကိုယ်တိုင်လွတ်မြောက်ဖို့ ကိုယ်တိုင် ကြိုးစားကြရမယ်။" ဟူ၍ ဖြစ်သည်။

လက်ရှိတော်လှန်ရေးသည် ကယ်တင်ရှင်ရှာနေ၍မရပေ။ ကိုယ့်အနာဂတ်အတွက် ကိုယ်တိုင်တိုက်ယူကြရပေလိမ့်မည်။ တော်လှန်ရေး အောင်မြင်ချိန်၊ မိမိလိုလားတောင့်တသော နိုင်ငံရေးစနစ်တစ်ခု ရရှိချိန်ထိ ခေါင်းဆောင်စိတ်အပြည့်ဖြင့် ပုဂ္ဂလခံစားချက်ကို ဦးစားမပေးဘဲ သမိုင်းပေးတာဝန်ကျေပွန်စွာ ထမ်းရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်းဖြင့်……။




ခေတ်အဆက်ဆက်မြန်မာနိုင်ငံရဲ့ သမိုင်းမှာ နိုင်ငံရေးပြဿနာကို ဘာသာရေးပြဿနာအဖြစ် ပြောင်းလဲ ပုံဖော်တတ်ကြတယ်။ ဒါကလည်း မြန်မာလူမျိုးတွေရဲ့ ဘာသာရေးသက်ဝင်ယုံကြည်မှုက အုပ်ချုပ်သူတွေ လွယ်လွယ်ကူကူအယုံသွင်းလို့ရတဲ့ အားနည်းချက်တစ်ခုလို ဖြစ်နေလို့ပါပဲ။ ၂၁ ရာစု ရောက်နေတဲ့ အချိန်မှာတောင် ဒီလိုအတွေးအခေါ်ကို လက်ကိုင်ထားပြီး တိုင်းပြည်အုပ်ချုပ် မင်းလုပ်ချင်နေတဲ့သူကရှိနေတုန်းပါပဲ။

အာဏာသိမ်းလိုက်တဲ့ အချိန်ကစပြီး မိမိကိုယ်ကို သာသနာပြုမင်းလို့ ခံယူထားတယ်။ တစ်ဖက်မှာ ဘုရားတည်ပြတယ်။ ထီးတင်ပြတယ်။ သာသနာကို လာဘ်လာဘ ဘုန်းကြီးတွေနဲ့ ပြုတယ်။ အမျိုး ဘာသာ သာသနာဆိုတဲ့ ခေါင်းစဉ်တပ်ပြီး ကိုယ်ကျိုးရှာ ဘုန်းကြီးတွေက ထောက်ခံကြတယ်။ ဒါကလည်း ၂၀၂၁ နေ့ဦးတော်လှန်ရေးမှာ စစ်ခေါင်းဆောင် မင်းအောင်လှိုင် အာဏာတည်မြဲရေးကို တစ်ထောင့်တစ်နေရာကနေ အထောက်အကူပြုနေတယ်။

မိမိကိုယ်ကို သာသနာပြုမင်းလို့ ကြွေးကြော်နေသူ၊ သာသနာပြုမင်းဖြစ်ချင်လွန်းလှတဲ့ စစ်ခေါင်းဆောင် မင်းအောင်လှိုင်ရဲ့ မျက်နှာဖုံးက ၂၀၂၄ ခုနှစ် ဇွန်လ ၁၉ ရက်နေ့မှာ သိသိသာသာကွာကျသွားခဲ့တော့ တယ်။ ဇွန်လ ၁၉ ရက်နေ့၊နံနက် ၁၀ နာရီခွဲ ဝန်းကျင်အချိန်ခန့်မှာ နိုင်ငံတော် သံဃမဟာနာယက ပဲခူးမြို့ ဝင်းနိမ္မိတာရုံ ဆရာတော်ကြီး ဘဒ္ဒန္တ မုနိန္ဒာဘိဝံသ နှင့် ရန်ကုန် ကံသုံးဆင့်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသတို့ လိုက်ပါစီးနင်းလာသောကားကို ငါးဇွန်းမြို့သာ လမ်းပိုင်းမှာ စစ်ကောင်စီတပ်သား များက ပစ်ခတ်ခဲ့

ကြတယ်။ ထိုပစ်ခတ်မှုကြောင့် ဝင်းနိမ္မိတာရုံ ဆရာတော်ကြီး ဘဒ္ဒန္တ မုနိန္ဒာဘိဝံသ က နေရာမှာတင် ပျံလွန်တော်မူခဲ့ရပါတယ်။

အဆိုပါပစ်ခတ်မှုကို စစ်ကောင်စီတပ်မှ ဝန်ခံခြင်းမရှိပဲ တော်လှန်ရေးတပ်ဖွဲ့များရဲ့ ပစ်ခတ်မှုကြောင့် ဆရာတော်ပျံလွန်တော်မူရတယ်လို့ အမျိုးမျိုးလိမ်ညာ ထုတ်ပြန်ကြေညာခဲ့တယ်။ စစ်ကောင်စီမှ အမျိုးမျိုးလိမ်ညာထုတ်ပြန်ခဲ့သော်လည်း ဖြစ်စဉ်တွင် ကိုယ်တိုင်ပါဝင်ခဲ့ပြီး အသက်ဘေးမှ လွတ်မြောက်ခဲ့တဲ့ ကံသုံးဆင့်ဆရာတော်မှ အများပြည်သူများအရှေ့တွင် စစ်ကောင်စီတပ်သားများမှ ပစ်ခတ်ခဲ့ကြောင်း ဖွင့်ဟမိန့်ကြားပါတော့တယ်။

“Faw ကားပေါ်ကနေ ၇ ချက် ၈ ချက်လောက် ပစ်ခတ်ခဲ့ပါတယ်။ ဘုရားတပည့်တော်ရဲ့ သင်္ကန်းတွေ သွေးအလိမ်းလိမ်း အကပ်ကပ်ဖြစ်နေပါတယ်။ ကားထဲကို ကြည့်လိုက်တဲ့အခါမှာ အရှင်ဘုရားတို့ရဲ့ ညီတော်နောင်တော်၊ ဒါကာ ဒါယိကာမတို့ရဲ့ ဝင်းနိမ္မိတာရုံ ဆရာတော်ဟာ ခေါင်းငိုက်စိုက်ပြီး အသက်မရှိတော့ပါဘူး ဘုရား ” လို့ မျက်မြင်ကြုံတွေ့ခဲ့ရတဲ့ အခြေအနေကို မိန့်ကြားပါတယ်။

“ခင်ဗျားတို့ ရက်စက်လှချည်လားဗျာ၊ ဘုန်းကြီးတွေကို ဒီလောက်အထိ ရက်စက်ရလား ”လို့ ပစ်ခတ်မှုဖြစ်တဲ့ နေရာမှာပင် စစ်ကောင်စီတပ်ဖွဲ့ဝင်တွေကို ကံသုံးဆင့်ဆရာတော်မှ မေးခွန်းထုတ်ခဲ့ပါတယ်။

“အရှင်ဘုရားတို့ကဗျာ ဘုန်းကြီးမှန်း မသိလို့ပါ၊ ကားတံခါးလည်း ပိတ်လာတော့ ရန်သူကားထင်လို့ ပစ်ပါတယ် ဘုရား”လို့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ ဝန်ခံခဲ့ကြောင်းကိုလည်း ဆရာတော်မှ ပြန်လည်ပြောပြခဲ့ပါတယ်။



ပဲခူးမြို့ ဝင်းနိမ္မိတာရုံ ဆရာတော် ဘဒ္ဒန္တ မုနိန္ဒာဘိဝံသရဲ့ ရုပ်ကလာပ်တော်

ဝင်းနိမ္မိတာရုံ ဆရာတော်ကြီး ဘဒ္ဒန္တ မုနိန္ဒာဘိဝံသ ဟာ ဝိနယာဓိက ပရိယတ္တိ ပထမကျော် နှင့် နိုင်ငံတော်အစိုးရ ပထမကျော် စသည့် ဘွဲ့များအပြင် ဘွဲ့ပေါင်း ၁၀ ခုကျော်ကိုလည်း ရရှိထားသော ဆရာတော်တစ်ပါးဖြစ်ပါတယ်။

ဒါ့အပြင် ဆရာတော်က နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပြီး စစ်ကောင်စီ၏ အာဏာသိမ်းမှုကို ရှုံ့ချကာ ပြည်သူများနှင့်အတူ ရပ်တည်ခဲ့တဲ့ ဆရာတော် တစ်ပါးလည်းဖြစ်ပါတယ်။ စစ်ကောင်စီ၏ ပစ်ခတ်မှုကြောင့် ဆရာတော်ကြီး ပျံလွန်တော်မူပြီးချိန်မှာ ရဟန်းသံဃာထုရဲ့ လှုပ်ရှား အုံကြွမှုကြီးလည်း သိသိသာသာ တိုးမြှင့်လာခဲ့တယ်။

ရဟန်းသံဃာထုရဲ့ လှုပ်ရှားအုံကြွမှုကို တွေ့ရတဲ့အခါမှာ မြန်မာ့သမိုင်းမှာ သာသနာဖျက်မင်းဆိုတဲ့ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တဲ့ နရသူ (ခေါ်)ကုလားကျမင်းကို ပြေးမြင်ယောင်မိတော့တယ်။ နရသူက အလောင်းစည်သူမင်းရဲ့ သားတော်ထဲက အငယ်တစ်ယောက်ဖြစ်တယ်။ အလောင်းစည်သူမင်းနာမကျန်းဖြစ်နေချိန်မှာ ဖခင်ကို အမြန်သေစေလိုတဲ့ ဆန္ဒနဲ့ ရွှေဂူကြီးဘုရားထဲ သွင်းကာစောင်၊ ခေါင်းအုံးတို့ဖြင့် ဖိညှပ်သတ်လိုက်တယ်။ ဖခင်နတ်ရွာစံတာကို သိပြီးချိန် သားတော်ကြီး မင်းရှင်စောက ပုဂံကို စစ်ချီလာခဲ့တော့တယ်။ နရသူလည်း အကိုဖြစ်သူကို ကြောက်လန့်ကာ ပွံ့သကူမထေရ်ထံချဉ်းကပ်ခဲ့တယ်။ ထို့နောက် နရသူက နောင်တော် မင်းရှင်စောမှာ စစ်သည်တော် အလုံးအရင်းနဲ့လာမယ့်အစား တစ်ဦးတည်းလာရောက်လျှင် နန်းတင်ပါမည်ဟု ပွံ့သကူမထေရ်ထံ သစ္စာဆိုခဲ့တယ်။ ထိုစကားကို ယုံကြည်တဲ့ မထေရ်လည်း မင်းရှင်စောထံ သွားရောက် အကျိုးအကြောင်းပြောပြပြီး နန်းတော်သို့ ခေါ်ဆောင်လာခဲ့တယ်။ ပွံ့သကူမထေရ်ဆိုတာ အရှင်အရဟံရဲ့နေရာကို ဆက်ခံတဲ့ မထေရ်ဖြစ်ပြီး ပုဂံတစ်ပြည်လုံးက ကိုးကွယ်ဆည်းကပ်ကြတယ်။

မင်းရှင်စောရောက်သော် နရသူလည်း ကတိအတိုင်း ထီးနန်းတင်ပေးခဲ့ကာ မင်းရှင်စော ဘုရင်ဖြစ်ပြီး တစ်ရက်ပင်မကြာခင်မှာ နရသူရဲ့ အကြံနဲ့ညစာတွင် အဆိပ်ခတ်လုပ်ကြံသတ်ဖြတ်ကာ ပုဂံထီးနန်းကို အဓမ္မ သိမ်းပိုက်ခဲ့တယ်။ သာသနာ့ဂိုဏ်းချုပ်ကြီး အရှင်ပွံ့သကူမထေရ်လည်း နရသူရဲ့ အပြုအမူကို ကန့်ကွက်ရှုံ့ချပြီး ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့တယ်။

“ဟဲ့ မင်းဆိုးမင်းညစ်၊ မင်းဟာ သံသရာမှာ ခံရဦးမယ့် မကောင်းမှုကိုမှ မကြောက်၊ လောကမှာ မင်းလောက်ပျက်တဲ့ မင်းမရှိတော့ဘူး”

နရသူကလည်း မျက်နှာပြောင်တိုက်တယ်။ ပွံ့သကူမထေရ်လည်း ကတိမတည်တဲ့ မင်းဆိုးမင်းညစ်ဆီမှာ မနေချင်တာကြောင့် သီဟိုဠ်ကို ပြန်

ကြွတော်မူတော့တယ်။ ဒီကိစ္စက သံဃာထုကြားမှာ အတော်လေး ရိုက်ခတ်သွားပြီး သာသနာပိုင်ဟာ သီဟိုဠ်ကို ကြွသွားတဲ့အခါ မြို့ရွာတွေမှာ သံဃာထုက မငြိမ်မသက် ဖြစ်လာတယ်။ သပိတ်မှောက်ကြ၊ ဆန္ဒပြကြတယ်။ ပြည်သူလူထုကလည်း ရဟန်းတွေဘက်ကပါတော့ အင်အား တော်တော်ကြီးတယ်။ ဒီတော့နရသူရဲ့ ထီးနန်းအတွက် အန္တရာယ်ကြီးတစ်ခုဖြစ်လာ တော့တယ်။

ထိုအချိန်မှာ အပျော်အပါးတွေ၊ ပွဲလမ်းသဘင်တွေလုပ်ပေးခြင်း နဲ့ အမျိုးသမီးတွေနဲ့ သွေးဆောင် ဖြားယောင်းခြင်းတို့ဖြင့် ရဟန်းတွေ လူထွက်အောင် ပြုလုပ်ခဲ့ကြတယ်။ သို့ပင်မဲ့လည်း လူထွက်တဲ့ရဟန်း အရေအတွက်မှာ နည်းပါးတဲ့အတွက်ကြောင့် နရသူက "လူထွက်မလား၊ အသေခံမလား"ဆိုတဲ့ အမိန့်တစ်ခုကို ထုတ်ပြန်ခဲ့တယ်။

ရဟန်းတွေကို တွေ့ရင်ဖမ်းတယ်။ ဖမ်းပြီးရင်လူထွက်ခိုင်းတယ်။ ထွက်ခိုင်းလို့ မရရင်သတ်ပစ်တာတွေ လုပ်ခဲ့တယ်။ တချို့ ရဟန်းတွေကလည်း အသတ်ပင် အသေခံပြီး လူမထွက်ခဲ့ကြဘူး။ တချို့ရဟန်းတွေ ကလည်း ထွက်ပြေးတိမ်းရှောင်သွားရင်း ပုဂံမှာ ရဟန်းသံဃာတွေ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ ရတယ်။ နရသူဟာ သူ့ထီးနန်းအတွက် ရဟန်းသံဃာတွေကို ခေါင်းဖြတ် သတ်ခဲ့တဲ့ မြန်မာ့ရာဇဝင်က ပထမဆုံး မင်းတစ်ပါးပါပဲ။ နရသူဟာ ကိုယ့်အာဏာတည်တံ့ရေးအတွက် ရဟန်းသံဃာပါမကျန် အပြတ်ရှင်းခဲ့တဲ့ အကုသိုလ်ကြောင့် သူ့ရဲ့ ဘဝနိဂုံးကလည်း မလှခဲ့ပါဘူး။

အခုချိန်မှာ ခေတ်သစ် နရသူလို့ တင်စားခေါ်ဝေါ်လို့ရတဲ့သူကတော့ အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်ပါပဲ။ စစ်ခေါင်းဆောင်ဟာ အာဏာစသိမ်းပြီးကတည်းက သူ့ကို ဆန့်ကျင် ကန့်ကွက်တဲ့ ရဟန်းသံဃာမှန်သမျှကို ဖမ်းဆီးချုပ်နှောင်ခဲ့တယ်။ ဒါ့အပြင် စစ်တပ်ရဲ့ ယုတ်မာရိုင်းစိုင်းမှုဟာ ကလေးသူငယ်က အစ ရဟန်းသံဃာပါမကျန်လအကုန် သတ်ဖြတ်ပစ်ခဲ့တယ်။ ဘုန်းကြီးကျောင်းတွေ အပေါ်ကို စစ်ကောင်စီတပ်ရဲ့ လက်နက်ကြီးကျလို့ ပျံလွန်တော်မူခဲ့တဲ့ ရဟန်းအရေအတွက်မှာလည်း မနည်းလှပေ။ ဒီရက်ပိုင်းထဲမှာပင် မြင်းခြံမြို့ ဆခမကျေးရွာကျောင်းဆရာတော်ကိုလည်း စစ်ကောင်စီတပ်က ထပ်မံသတ်ဖြတ်ခဲ့ ပြန်တယ်။ အလားတူပင် လွန်ခဲ့တဲ့ နှစ်ကနန်းနိမ်ကျေးရွာက ဘုန်းကြီးကျောင်းမှာ ဘုန်းကြီး ၃ ပါးနဲ့ အရပ်သားတချို့ကို စစ်ကောင်စီတပ်က သတ်ဖြတ်ခဲ့ပြီး တော်လှန်ရေးတပ်ဖွဲ့တွေ ပြုလုပ်တယ်လို့ ခေါင်းစဉ်တပ် စွပ်စွဲခဲ့ကြပြန်တယ်။

ဤကဲ့သို့ ရဟန်းသံဃာတွေကို အမျိုးမျိုးသတ်ဖြတ်နေသော်လည်း

စစ်ခေါင်းဆောင်ဟာ မိမိကိုယ်မိမိ သာသနာ ပြုမင်းဟု အမည်ခံထားဆဲပင် ဖြစ်တယ်။ စစ်ခေါင်းဆောင်၏ သာသနာပြုပုံမှာ နရသူရဲ့ ဓမ္မရံကြီး ဘုရားကို တည်သလို နေပြည်တော်မှာလည်း ထိုင်တော်မူဘုရားတစ်ဆူတည်ပြီး မိမိလိုလိုက် အကြိုက် ဆောင်မယ့် လာဘ်လာဘရှာ ဘုန်းကြီးတွေနဲ့သာ သာသနာပြုခြင်းဖြစ်တယ်။ နရသူ လက်ထက်မှာ သာသနာပိုင် မထေရ်က နရသူ၏ မကောင်းမှုကို လက်မခံနိုင်ကြောင်း ကန့်ကွက်ခဲ့ပင်မဲ့ စစ်ခေါင်းဆောင် မင်းအောင်လှိုင် လက်ထက်မှာတော့ မိမိကိုယ်ကို သောဠသမရွှေကျင် သာသနာပိုင်လို့ အမည်ခံထားတဲ့ သီတဂူဘုန်းကြီးကတော့ စစ်ခေါင်းဆောင်ရဲ့ မကောင်းမှုတွေ ကို မငြင်းဆန်နိုင်ခဲ့ပေ။

သီတဂူဘုန်းကြီးကတော့ စစ်အာဏာရှင် မင်းအောင်လှိုင်ရဲ့ အမှားကို သိမြင်ပါလျှက်နဲ့ မိမိ၏ လာဘ်လာဘ တစ်ခုတည်းအတွက် ဗုဒ္ဓရဲ့ အဆုံး အမနဲ့ မညီညွတ်သော တရားများကိုပါ ဟောပြောတော်မူလေတော့တယ်။

“မြတ်စွာဘုရားရှင်က အသက်အန္တရာယ် လုပ်ကြံခံရမည်ကို စိုးရိမ်ပြီး သံဃာတော် ၅၀၀ နဲ့ အမြဲတမ်းခြံရံ ကြွချီလှည့်လည်တော်မူသည်”ဟု အမှန်အမှား ပြောသင့်မပြောသင့် မစဉ်းစားပဲ မဟုတ်တမ်းတရားတွေ ပြောခဲ့ပြန်တယ်။

စစ်ခေါင်းဆောင်ရဲ့ အတုယောင် သာသနာပြုဘုရားကိုလည်း သူ့အလိုတော်ကျ မြှောက်ပင့်ပြီး **Smiling Buddha** လို့ အမည်တပ်ဟောပြောခဲ့တာလည်း ရှိပြန်တယ်။

ဗုဒ္ဓဘာသာရဲ့ အနှစ်သာရမှာ ဒါန၊ သီလ၊ ဘာဝနာဆိုတာကို အခြေခံထားပင်မဲ့ တရားဟောတိုင်း ဒါနကို ရှေ့တန်းတင်ပြီး သီလနဲ့ ဘာဝနာကို ထည့်မဟောခဲ့ကြ။ ဒါနကို အကြောင်းပြကာ “မရှိလို့ မလှူ မလှူလို့ မရှိ” ဟုဆိုတာ သူတောင်းစားခွက်ထဲက ပိုက်ဆံပါ အလှူခံပြီး ကားအကောင်းစားကြီးဝယ်စီးချင်တဲ့ ဘုန်းကြီးတွေက မြန်မာ့သာသနာမှာ အများအပြားပါပဲ။ သီတဂူဆိုသည်မှာလည်း ထိုဘုန်းကြီးထဲက ပထမတန်းစား လာဘ်လာဘဘုန်းကြီး တစ်ပါးဖြစ်၏။

သီတဂူဆိုတာ မိမိကိုယ်တိုင်က ခြင်ကိုက်တာကိုတောင် သည်းခံနိုင်ခြင်းမရှိပဲ၊ ဝင်းနိမ္မိတာရုံကျောင်း ဆရာတော်ကို စစ်ကောင်စီတပ်က သေနတ်နဲ့ ၇ ချက် ၈ ချက် ပစ်သတ်လိုက်တာကိုတော့ “သည်းခံပါ၊ ခွင့်လွှတ်ပါ၊ မေ့ပျောက်တော်မူပါ ”လို့ စစ်ခေါင်းဆောင် အလိုကျ ဟောပြောခဲ့ပြန်တယ်။

သီတဂူလောက်နဲ့ သာသနာပြုနေတဲ့ စစ်ခေါင်းဆောင်တို့အဖို့မှာလည်း ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသကို ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်စဉ်ကိုသာလျှင် မငြင်းသာ၍ ဝန်ခံခဲ့ရခြင်းဖြစ်တယ်။

စစ်ခေါင်းဆောင် မင်းအောင်လှိုင်၏ တောင်းပန်ချက်ထဲမှာ စစ်ကောင်စီဟာ မိမိအမှားကို မှားပါတယ်လို့ ဝန်ခံတောင်းပန်ခြင်းမျိုးမဟုတ်ဘဲ တစ်ဖက်ရဲ့ အမှားကြောင့် သူတို့က ဒီအမှားကို ကျူးလွန်ခဲ့ရကြောင်း ဆိုတာမျိုးနဲ့ မိမိရဲ့ အပြစ်ကို ဖုံးကွယ်ချင်တဲ့ သဘောနဲ့သာ တောင်းပန်ခဲ့ခြင်းဖြစ်တယ်။

မည်သို့ပင်ဆိုစေကာမူ စစ်ကောင်စီရဲ့ ယခုကျူးလွန်မှုကိုတော့ ရဟန်းသံဃာထုက ခွင့်လွှတ်မည်မဟုတ်ချေ။ ရဟန်းသံဃာတွေရဲ့ ပတ္တနိက္ကုဇ္ဇနကံဆောင်သပိတ်မှာလည်း တဖြည်းဖြည်း အင်အားကြီးထွားလာခဲ့ပြီး။ မင်းအောင်လှိုင်ရဲ့ စစ်ကောင်စီဟာ ရဟန်းတို့ရဲ့ ပတ္တနိက္ကုဇ္ဇနကံ ဆောင်သင့်တဲ့ အချက် ၈ ချက်လုံးနဲ့ ကိုက်ညီနေတာဖြစ်ပါတယ်။

ဆရာတော်၊ သံဃာတော်တွေရဲ့ ကံဆောင် သပိတ်က လက်ရှိ နွေဦးတော်လှန်ရေးအတွက် များစွာအထောက်အကူပြုဖြစ်လာနိုင်တယ်ဆိုတာကို တော်လှန်ရေးအင်အားစုတွေကလည်း ယုံကြည်လျှက်ရှိပါတယ်။ ပြည်သူလူထု လူတန်းစားတွေသာမက ရဟန်းသံဃာတွေပါ တညီတညွတ်တည်း ဆန့်ကျင် လာတဲ့ ခေတ်သစ် သာသနာဖျက်မင်းအောင်လှိုင် အတွက်ကတော့ နရသူကဲ့သို့ပင် မရှုမလှ သေခြင်းတရားတွေနဲ့ ရောက်တော့မယ့် နိဂုံးချုပ်မယ့် အချိန်ကို ပြည်သူတစ်ရပ်လုံးကလည်း မျှော်လင့်လျှက်ရှိနေပါပြီ။



ဝင်းနိမ္မိတာရုံဆရာတော်ကြီး ပျံလွန်မှု ခွင့်လွှတ်ဖို့ သီတဂူဆရာတော် တိုက်တွန်းနေစဉ်

zuf&,f&;&mu@

# အထွတ်အထိပ်အာဏာနှင့် နှစ်သွယ်ဖက်ဒရယ်စနစ်ကို လေ့လာခြင်း



**ဒေါက်တာပညာမွန်**
**အမှုဆောင်ဒါရိုက်တာ**
**တိုင်းရင်းသားလူမျိုးများရေးရာ စင်တာ**

**အထွတ်အထိပ်အာဏာ ⟨Supremacy Rules⟩ ဆိုတာဘာလဲ....**

အထွဋ်အထိပ်အာဏာနှင့် နှစ်သွယ်ဖက်ဒရယ်စနစ်တို့ရဲ့ သဘော သဘာဝကို ပြန်လည်တင်ပြပေးသွားပါမယ်။

ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲတဲ့ အခါမှာ အထွတ်အထိပ်အာဏာက အင်မတန်အရေးကြီးတယ်။ အထွတ်အထိပ်အာဏာကို ကျွန်တော်တို့ ဘယ်လိုနားလည်ရမလဲဆိုတော့ ဥပမာပြောရမယ်ဆိုရင် ပြည်နယ်ဥပဒေနဲ့ ပြည်ထောင်စုဥပဒေနှစ်ခုကြားမှာ ယှဉ်ပြိုင်လာမယ်ဆိုရင် ဒီဥပဒေနှစ်ရပ်က ဘယ်ဥပဒေကိုအနိုင်ရမလဲ၊ အဲဒါကအဓိကပဲ။

ဥပမာပြောရမယ်ဆိုရင် ဖက်ဒရယ်ပြည်ထောင်စုအစိုးရကလည်း ကားမောင်းတဲ့ (Speedlimit) ကို ဘယ်လောက်နှုန်းနဲ့ မောင်းရမလဲဆိုတဲ့ ဥပဒေပြုပိုင်ခွင့်ရှိတယ်။ ပြည်နယ်အစိုးရမှာလည်း အဲဒီဥပဒေပြုပိုင်ခွင့်ရှိတယ်။ အစိုးရ ၂ ရပ်စလုံးက အဲဒီကားမြန်နှုန်း (Speed Limit) ကို ဥပဒေပြုပိုင်ခွင့်ရှိတယ်။

ဆိုကြပါစို့ ဖက်ဒရယ်ပြည်ထောင်စုက သူ့ရဲ့လမ်းမကြီးမှာ ဥပမာ–ရန်ကုန်–မော်လမြိုင်လမ်းမကြီးမှာ ကားမောင်းနှုန်းက တစ်နာရီကို မိုင် ၆၀

နှုန်းပဲမောင်းရမယ်လို့ သတ်မှတ်ထားတယ်။

အဲဒီတော့ ကားမောင်းလာပြီး မော်လမြိုင်၊ မွန်ပြည်နယ်ကို ဝင်ရောက်လာပြီဆိုပါစို့၊ မွန်ပြည်နယ်မှာက မိုင် ၇၀ မောင်းလို့ ရတယ်။ မွန်ပြည်နယ်အစိုးရက အဲဒီလိုဥပဒေပြုထားတယ်။ ကျွန်တော်ကကားမောင်းလာပြီဆိုရင် မွန်ပြည်နယ်အစိုးရက သတ်မှတ်ထားတဲ့ တစ်နာရီကို မိုင် ၇၀ နှုန်းနဲ့ မောင်းမယ်၊ ဒါပေမယ့် ပြည်ထောင်စုရဲ့ ဥပဒေကတစ်နာရီကို မိုင် ၆၀ ပဲ သတ်မှတ်ထားတယ်။

ဒါကြောင့် ပြည်ထောင်စုရဲကလာဖမ်းမယ်ဆိုရင် ပြည်ထောင်စုရဲ့ဥပဒေကို ချိုးဖောက်တယ်ဆိုပြီး သူကိုင်တွယ်လို့ရတယ်။ ဒါပေမယ့် ကျွန်တော်ကငြင်းမယ်လေ။ ဒါကမဟုတ်ဘူး၊ ကျွန်တော်ကပြည်ထောင်စုဥပဒေကို မလိုက်နာပေမယ့် ပြည်နယ်ဥဒေကို လိုက်နာနေတယ်။ ဒါဆိုရင် အငြင်းပွား စရာဖြစ်သွားပြီ။ တရားရုံးကို ကျွန်တော်တို့ ရောက်သွားပြီ။ တရားရုံးက ဘာတွေကိုကြည့်လဲဆိုရင်တော့ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဖက်ဒရယ်ကွန်စတီကျူးရှင်းမှာ အထွင့်အထိပ်အာဏာကို ဘယ်အစိုးရကို ပေးထားသလဲ။

ဖက်ဒရယ်အစိုးရကို သူပေးထားမယ်ဆိုရင် ဒီလိုအငြင်းပွားစရာဖြစ်လာမယ်ဆိုရင် ဖက်ဒရယ်ဥပဒေက အမြဲတမ်းနိုင်တယ်။ နောက်ဆုံးဆုံးဖြတ်ချက်က ဖက်ဒရယ်ဥပဒေနဲ့ပဲ ဆုံးဖြတ်ပေးရမယ်။ အဲဒါက တကယ့်အထွင့်အထိပ်အာဏာပါပဲ။

ဒါပေမယ့် ကြွင်းကျန်အာဏာက ဘယ်အစိုးရကိုထားမလဲ။ ကျွန်တော်တို့ကများသောအားဖြင့် ပြည်နယ်အစိုးရမှာထားတယ်။ အထွင့်အထိပ်အာဏာလိုပဲ ကြွင်းကျန်အာဏာကို ဘယ်အစိုးရဆီမှာ ကျွန်တော်တို့ထားသလဲ။ အများအားဖြင့် လက်တွေ့အကျဆုံးက ဖက်ဒရယ်အစိုးရ ဆီမှာထားတယ်။ ဖက်ဒရယ်ရဲ့ အစိုးရ၊ ဖက်ဒရယ်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ထည့်ထားတယ်။ သူ့မှာ အထွတ်အထိပ် အာဏာရှိတာပေါ့။ ဒါကြီးကို ပြည်နယ်အာဏာမှာထားထားမယ်ဆိုရင် အခုနားက ပြဿနာမျိုးတွေ မရှိတော့ဘူး။ ဘာကြောင့်လဲဆိုရင် ကျွန်တော်က တစ်နာရီကို မိုင် ၇၀ မောင်းတယ်။ ပြည်နယ်ရဲ့အာဏာက ဖက်ဒရယ်ရဲ့ အာဏာပေါ်မှာရှိနေတယ်။ အဲဒါဆိုရင် ကျွန်တော်ကအပြစ်မရှိတော့ဘူးပေါ့။

အခုက အထွတ်အထိပ်အာဏာက ဖက်ဒရယ်အဆင့်ရဲ့ဥပဒေအောက်မှာ ရှိတဲ့အတွက်ကြောင့် ဖက်ဒရယ် ရဲ့ ကွန်စတီကျူးရှင်းအခြေခံ

ဥပဒေအောက်မှာ ထားထားတဲ့အတွက်ကြောင့် ဖက်ဒရယ်ဥပဒေက အမြဲတမ်းနိုင်နေတာပေါ့။ သူကပဲ အမြဲတမ်းဆုံးဖြတ်ပေးရမယ်။ အဲဒါက အထွတ်အထိပ်အာဏာပါပဲ။

နောက်တစ်ခုက ကျွန်တော်တို့ဖက်ဒရယ်ကွန်စတီကျူးရှင်း ရေးဆွဲတဲ့အခါမှာ သူကတော်တော်လေးကို အရေးကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မှာ ထပ်တူပြုအာဏာအများကြီးရှိတယ်။ အဲဒီထပ်တူပြုအာဏာက အမြဲတမ်းအငြင်းပွားစရာဖြစ်ကြတယ်။

အဲဒီအငြင်းပွားမှုတွေကို တရားရုံးက ဖြေရှင်းပေးနိုင်အောင် အထွတ်အထိပ်အာဏာက ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားရမယ်။ ဘယ်အစိုးရက အထွဋ်အထိပ်အာဏာကို ကိုင်တွယ်ရမလဲ၊ ဘယ်အစိုးရမှာက အာဏာရှိနေသလဲဆိုတာကိုပေါ့။ အဲဒါက အထွတ်အထိပ်အာဏာပါပဲ။

## နှစ်သွယ်ဖက်ဒရယ်စနစ် 〈Dual federalism〉 ဆိုတာဘာလဲ....

ဒီနေ့ခေတ်ရဲ့ ဖက်ဒရယ်စနစ်ကို ကျွန်တော်တို့ လေ့လာတဲ့ အခါမှာ နှစ်သွယ်ဖက်ဒရယ်စနစ် (Dual Federalism) တို့၊ ပူးပေါင်းဖက်ဒရယ်စနစ် ( Cooperative Federalism ) တို့ သိပ်မတွေ့ရဘူး။ ဒါက ဘာကြောင့်လဲ ဆိုတော့ သူက တကယ့်ဖက်ဒရယ်ရဲ့ Concert ကော၊ သီအိုရီကော မပါလာဘူး။ သူကဘာလဲဆိုတော့ သူကအခြေအနေ တစ်ခုနဲ့တစ်ခု အပြောင်းအလဲကြောင့် ဖြစ်လာတယ်။ ပထမက ကျွန်တော်ပြောသလိုပဲ၊ ဖက်ဒရယ်စနစ်က ဘာလဲဆိုတော့ အစိုးရနှစ်ရပ်ရှိရမယ်။ အဲဒီအစိုးရနှစ်ရပ်ကြားမှာ အာဏာခွဲဝေမှု ရှိထားရမယ်၊ ဒါကဖက်ဒရယ်ပဲ။

ဒါပေမယ့် Dual Federalism က အဲဒီကျွန်တော်တို့ခွဲဝေထားတဲ့ အာဏာတွေကို အစိုးရနှစ်ရပ်က ဘယ်လိုအကောင်အထည်ဖော်မလဲ။ သီးခြားအကောင်အထည်ဖော်မလား။ ပူးပေါင်းပြီးတော့ အကောင်အထည်ဖော်မလား။ အဲဒါကပဲ Dual Federalism နဲ့ Cooperative Federalism တို့ ပေါ်ပေါက်လာတယ်။

တခြားနိုင်ငံက ဒါတွေကို နားလည်ချင်မှနားလည်မယ်၊ ဥပမာ– အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ Federalism က Dual Federalism နဲ့ Cooperative Federalism တို့ ရှိချင်မှရှိမယ်။ ဒါပေမယ့် တခြား ဖက်ဒရယ်နိုင်ငံတွေမှာတော့ အဲဒီလိုအသုံးအနှုန်းတွေရှိလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ နိုင်ငံရေးအခြေအနေ၊ သူတို့ရဲ့သမိုင်းအရ၊ ဖက်ဒရယ်စနစ်ရဲ့ သမိုင်းအရ ပြောင်းလဲလာတဲ့ အခြေအနေ ပေါ်မှာ မူတည်ပြီးတော့ Dual Federalism နဲ့ Cooperative Federalism တို့ ဖြစ်ပေါ်လာတယ်။

အခုကျွန်တော်တင်ပြမယ့် နှစ်သွယ်ဖက်ဒရယ်စနစ်က အမေရိကန် (US) နိုင်ငံရဲ့ ဖက်ဒရယ်စနစ်ကိုပဲ ဥပမာပေးပြီးတင်ပြချင်ပါတယ်။ အမေရိကန် (US) က ဖက်ဒရယ်နိုင်ငံစတင်ထူထောင်တဲ့အခါမှာပေါ့၊ ဘယ်ဖက်ဒရယ် နိုင်ငံပဲဖြစ်ဖြစ် စတင်ထူထောင်တဲ့အခါမှာ အစိုးရ ၂ ရပ်က အမြဲတမ်း အပြိုင်အဆိုင် ဖြစ်တယ်။

ဒါက ငါတို့ပြည်ထောင်စု အစိုးရအာဏာ၊ ဒါကပြည်နယ်အစိုးရအာဏာဆိုပြီးတော့ပေါ့။ လုပ်ပိုင်ခွင့်တွေက သူတို့ကအမြဲတမ်း ပြိုင်ဆိုင်ကြတယ်။ ပြည်နယ်ရဲ့အာဏာကို ပြည်ထောင်စုက လာပြီးတော့ မစွက်ဖက်နဲ့၊ ပြည်ထောင်စု အာဏာကို ပြည်နယ်ကလာပြီးတော့ မစွက်ဖက်နဲ့ပေါ့။ ဒါပေမယ့် ဒီဖက်ဒရယ်စနစ်က ကြာလာတဲ့အခါကြတော့ နိုင်ငံရေးအခက်အခဲ၊ စီးပွားရေးပဲဖြစ်ဖြစ် နိုင်ငံရေးပဲဖြစ်ဖြစ် အကြပ်အတည်း ဖြစ်လာပြီဆိုရင် Dual Federalism ကနေ Cooperative Federalism ဖြစ်လာတယ်။ အမေရိကန် (US) က အဲဒီလို ဖြစ်လာတယ်။

အမေရိကန်(US) မှာဆိုရင် သူတို့က ၁၇၈၇ ခုနှစ်ကနေ ၁၉၃၀အထိ နှစ်သွယ် ဖက်ဒရယ်စနစ် (Dual Federalism) ရဲ့ ကာလဖြစ်တယ်။ သူတို့က အဲဒီလိုသတ်မှတ်ထားတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကာလက ပြည်နယ်အစိုးရနဲ့ ဖက်ဒရယ်အစိုးရက အမြဲတမ်းပြိုင်ဆိုင်ကြတယ်။ သူတို့ရထားတဲ့ အာဏာကိုလည်း သူတို့အကောင်အထည်ဖော်တယ်။ သိပ်ပြီးတော့ ပူးပေါင်းမှုမရှိဘူး။ ဒါကြောင့်ပဲ Dual Federalism ဆိုတဲ့ စကားလုံးအသုံးအနှုန်း ထွက်လာ တာပေါ့။

နောက်တော့ ၁၉၃၀ မှာ အမေရိကန် (US) က တကယ့်ကို အဆိုးဆုံး စီးပွားရေးကျဆင်းမှုကာလပေါ့။ ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်ကြားကာလမှာ သူတို့နိုင်ငံကစီးပွားရေး တော်တော်လေး ကျဆင်းလာတယ်။ ကျဆင်းလာတဲ့အခါကြတော့ ဖက်ဒရယ်အစိုးရက ကိုင်တွယ်ရမယ်၊ ဒီတစ်နိုင်ငံလုံးရဲ့ စီးပွားရေးတိုးတက် ဖို့ပေါ့။

ဖက်ဒရယ်အစိုးရက ကိုင်တွယ်ရတဲ့အခါကြတော့ ဖက်ဒရယ်အစိုးရရဲ့ ဦးဆောင်မှုကို ပြည်နယ် အစိုးရက ပူးပေါင်းပါဝင်လာတယ်။ အဲဒီလို ပူးပေါင်းပါဝင်လာတဲ့အခါကြတော့ Cooperative Federalism လို့ သုံးနှုန်းလာကြတယ်။
၁၉၃၀ ခုနှစ်ကနေ ၁၉၇၀ ခုနှစ်အထိ အမေရိကန်(US)က Cooperative Federalism ပေါ့၊ Cooperative Federalism လို့ ဘာကြောင့်သူတို့က အဲဒီလို သတ်မှတ်လိုက်သလဲဆိုတော့ စီးပွားရေးကျဆင်းလာပြီး ငွေကြေးဖောင်းပွမှု

တွေဖြစ်လာတော့ ဖက်ဒရယ်အစိုးရက စီးပွားရေးတိုးတက်ဖို့အတွက် **New Deal program** (စီးပွားပျက်ကပ်ကြီးမှ ကယ်တင်ရန်အစီအစဉ်) ကို ဦးဆောင်ပြီးတော့ အကောင်အထည်ဖော်တယ်။

အဲဒီ **New Deal program** ( စီးပွားပျက်ကပ်ကြီးမှ ကယ်တင်ရန် အစီအစဉ်) က ဘာလဲဆိုရင် သူတို့ရဲ့ ကျန်းမာရေး၊ ပညာရေးစတဲ့ ကဏ္ဍအစုံကို အမေရိကန်နိုင်ငံမှာ တိုးတက်အောင် ဖက်ဒရယ်အစိုးရက စလုပ်ပြီးတော့ ပြည်နယ်အစိုးရကလည်း ပါဝင်ပူးပေါင်းပြီးတော့ အကောင်အထည်ဖော်တယ်။

ဒါကြောင့်ပဲ သူတို့က **Cooperative Federalism** လို့ခေါ်တယ်၊ အမြဲတမ်း ရှိနေတာမျိုးတော့ မဟုတ်ဘူး။ ဒါကအခြေအနေအရ၊ အခက်အခက် အကြပ်အတည်းကြုံလာတဲ့အခါမှာ ပြည်နယ်တွေကလည်း ဖက်ဒရယ်အစိုးရနဲ့ပူးပေါင်းမှသာ ကျွန်တော်တို့အကောင်အထည်ဖော်လို့ရမယ်။ ပြည်နယ်အတွက်လည်း စီးပွားရေးတိုးတက်မယ်။

ပြည်နယ်တွေလည်း တိုးတက်မယ်ပေါ့။ ဖက်ဒရယ်အစိုးရကလည်း အလားတူပဲ၊ ပြည်နယ်တွေက ပူးပေါင်းလာမှသာ ဒီ **New Deal program** (စီးပွားပျက်ကပ်ကြီးမှ ကယ်တင်ရန် အစီအစဉ်) ဒီမူဝါဒ၊ ဒီကိစ္စ တစ်ခုချင်းစီကို အကောင်အထည်ဖော်လို့ရမှာဆိုတဲ့အခါကြတော့ သူတို့ပူးပေါင်းပြီး အကောင် အထည် ဖော်ကြတယ်။ အဲဒီလို ပူးပေါင်းပြီးအကောင်အထည်ဖော်တဲ့အခါကြတော့ **Cooperative Federalism** ဖြစ်လာတာပေါ့။

ကျွန်တော်တို့နိုင်ငံလည်း အလားတူပါပဲ၊ အကယ်၍ ကျွန်တော်တို့နိုင်ငံက ဖက်ဒရယ်နိုင်ငံဖြစ်လာမယ် ဆိုရင် ကျွန်တော့်အမြင်မှာကတော့ ပထမနှစ် ၂၀၊ ၃၀မှာကတော့ နှစ်သွယ်ဖက်ဒရယ်စနစ် (**Dual Federalism**) ဖြစ်လာနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒါကကျွန်တော်တို့ရထားတဲ့ လုပ်ပိုင်ခွင့်၊ ပြည်ထောင်စုကလာပြီးတော့ ဝင်ရောက်မစွက်ဖက်နဲ့။ ပြည်ထောင်စုကလည်း အလားတူပဲ။

နောက်ကြာလာတဲ့အခါကြတော့ အစိုးရ ၂ ရပ်ကလည်း ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်လာမယ်။ အကြပ်အတည်း တစ်ခုခုကို ကျွန်တော်တို့ ကြုံတွေ့တဲ့အခါ ဒီအစိုးရ ၂ ရပ်ကြားမှာ ပူးပေါင်း ဆောင်ရွက်မှု ပိုအားကောင်း လာမယ်။ အဲဒီအခါမှာတော့ **Cooperative Federalism** ဘက်ကို ရွှေ့ပြောင်းလာနိုင်တယ်။ အဲဒါက နှစ်သွယ်ဖက်ဒရယ်စနစ်နဲ့ ပူးပေါင်းဖက်ဒရယ်စနစ်ပါပဲ။

## wkifpf&ifom;a&;&mu@



# အင်းတိုင်းရင်းသား လူမျိုးများရဲ့ ရိုးရာငွေထည်လုပ်ငန်း

အယ်ဒီတာအဖွဲ့

အင်းတိုင်းရင်းသားလူမျိုးများသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသတွင် အများဆုံးနေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားလူမျိုးများဖြစ်သည်။ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့တို့တွင်လည်း နေထိုင်ကြသည်။ ညောင်ရွှေမြို့အနီးရှိ အင်းလေးကန်သည် မိုးညှင်းခရိုင်ရှိ အင်းတော်ကြီးကန်ပြီးနောက် မြန်မာနိုင်ငံ၏ ဒုတိယမြောက် အကြီးဆုံးကန်ဖြစ်သည်။ တောင်နှင့်မြောက် တန်းလျက်ရှိသော တောင်တန်းကြီး(၂)ခုကြားတွင် ခွက်ဝင်နေသော ညောင်ရွှေချိုင့်ဝှမ်းကြီး၏ အလယ် အနက်ရှိုင်းဆုံးအပိုင်း၌ တည်ရှိသည်။

လောပိတတွင်ရှိသော (တစ်ချိန်က အရှေ့တောင်အာရှတွင် အကြီးဆုံးဖြစ်ခဲ့ဖူးသည့်) ရေအားလျှပ်စစ် ဓာတ်ထုတ်လုပ်ရေးစက်ရုံ အတွက် အဓိကကျသော ရေအရင်းအမြစ် သဘာဝလှောင်ကန်လည်း ဖြစ်သည်။ အင်းလေးရေပြင်ပေါ်တွင် ရွာကြီး၊ ရွာငယ်များ ဖွဲ့စည်းထားသည်။ တစ်နေရာမှ တစ်နေရာသို့ လှေများ၊ စက်လှေများဖြင့် သွားလာကြသည်။ လှေကို ခြေဖြင့်

လှော်ခတ်သည်။ အင်းလေးဒေသ သာလေးရွာရှိ ဖောင်တော်ဦးဘုရားသည် တန်ခိုးကြီးဘုရားအဖြစ် ထင်ရှားကျော်ကြားသည်။

အင်းတိုင်းရင်းသားများသည် စိုက်ပျိုးရေးလုပ်ငန်းနဲ့ ငါးဖမ်းခြင်း၊ မွေးမြူရေး၊ စက်လှေမောင်းနှင်ခြင်း၊ ချည်ထည်ရက်လုပ်ခြင်း၊ ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြသော်လည်း ငွေထည် လက်မှု လုပ်ငန်း၊ မုန့်ကြွပ်၊ ပဲခွေ၊ ပဲလှော်စသည့် ရိုးရာစားသောက်ကုန် လုပ်ငန်းများ လုပ်ကိုင်ကြသည့် ဒေသခံ များလည်း အများအပြားရှိနေသည်။ အဆိုပါလုပ်ငန်းများအနက် ငွေပန်းထိမ်ထုတ်ကုန် အလှဆင်ပစ္စည်းများ သည် ကမ္ဘာကျော်လှ၏။

ငွေထည်လက်မှုလုပ်ငန်းများကို အင်းလေးဒေသ၊ ဟဲယာရွာမ ကျေးရွာနေ အင်းတိုင်းရင်းသားများက လုပ်ကိုင်ကြပြီး ရိုးရာလက်မှုငွေပန်း တိမ်လုပ်ငန်းကို အဓိကလုပ်ကိုင်သည့် အင်းလေးကန်တွင်းရှိ ဟဲယာရွာမ ကျေးရွာအုပ်စုတွင် ၂၀၁၄ သန်းခေါင်စာရင်းအရ ကျား ၂၄၉၉ ဦး၊ မ ၂၀၂၉ ဦး၊ လူဦးရေ စုစုပေါင်း ၄၅၂၈ ဦး နေထိုင်ကြောင်း အများစုမှာ ဘိုးစဉ်ဘောင်ဆက် ငွေပန်းတိမ် လုပ်ငန်းကိုသာ လုပ်ကိုင်ကြောင်း သိရသည်။

၎င်းတို့ပြုလုပ်ထားသည့် ငွေထည်ပစ္စည်းများကို ဖောင်တောင်ဦး ဘုရား၊ ညောင်ရွှေမြို့ ပေါ်တွင် အဓိကထားရောင်းချကြသလို တောင်ကြီး အပါအဝင် ရှမ်းပြည်နယ်အတွင်းရှိ နေရာအနှံ့အပြားသို့ တင်ပို့ရောင်းချလျက်ရှိ သည်။ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးထံကိုလည်း တင်ပို့ရောင်းချ လျက်ရှိကြောင်း ဒေသခံများက ရှင်းပြသည်။ ဟဲယာရွာမကျေးရွာတွင် ငွေ ဖလား၊ ငွေအုပ်၊ ဆွမ်းတော်အုပ်၊ ဆွမ်းတော်ခွက်၊ ဘုရားသောက်တော်ရေခွက်၊ လက်ဝတ်တန်ဆာ၊ စက်လှေပန်ကာ၊ အမှတ်တရလက်ဆောင်ပစ္စည်းများကို အဓိကထားပြုလုပ်ကြကြောင်း သိရပါသည်။

## ငွေထည်ပစ္စည်းထုတ်လုပ်ပုံအဆင့်ဆင့်

ငွေထည်ပစ္စည်းထုတ်လုပ်ရန်အတွက် ကုန်ကြမ်းများကို ရှမ်းပြည် နယ်တောင်ပိုင်းဒေသအနှံ့အပြားရှိ မြို့ပေါ်နှင့် ကျေးလက်တောရွာများထံသို့ လိုက်လံဝယ်ယူပြီးနောက် ရေဖြင့် ဆေးကြောသန့်စင်ပြီးနောက် မှာယူသည့် အသုံး အဆောင်စွည်းများအလိုက် ပုံဖော်ကာ ထုဆစ်ထုတ်လုပ်ခြင်းဖြစ် ပါသည်။ ဥပမာ–ငွေဖလားပြုလုပ်မည်ဆိုပါက ပြုလုပ်မည့် ငွေထည်ပစ္စည်း အလေးချိန်အလိုက် သံဖို(ဖားဖို၊ ပန်ကာဖို)နှင့် မီးအပူပေး၍ အရည်ကျို ပြီး ပုံစံခွက်ထဲလောင်းထည့်ရပါသည်။ ထွက်လာသော ငွေချောင်း များကို

လိုချင်သောအရွယ်အစား အထူအပါးရအောင် အပြားကြိတ်စက်ဖြင့် ကြိတ်ယူရပါသည်။ ရရှိလာသော အပြားကို (၅)ကြိမ်မျှ မီးဖုတ်လိုက်၊ တူဖြင့်ထုလိုက်နှင့် မတ်ခွက်ပုံစံဖြစ်လာအောင် ပြုလုပ်ရပါသည်။ ၎င်းမတ်ခွက်ပုံစံကို ဖလားဖြစ်လာအောင် တူ၊ ပေတို့ကို အသုံးပြု၍ အုံထုတ်(ပုံပြင်) ရပါသည်။ ဖလားပုံရလာပါက ပန်းဖလားလိုလျှင် ပန်းထု၍ရရှိလာသည့် ဖလားကို စက်နှင့်ချောပြီးလျှင် ပန်းဖလားကို ရရှိပါသည်။

ထိုမှတစ်ဆင့် ကနုတ်ပန်းဖော်ရာတွင် အဖြူထည်ပြုလုပ်ပြီး အထည်များကို ပန်းဖော်ခြင်း၊ ဇာတ်ကြီးဆယ်ဘွဲ့ဇာတ်လမ်းများ ထုလုပ်ပါက သုံးလေးမီးခန့်ချိတ်သွင်းခြင်း၊ ပုံစံအမျိုးမျိုးဖြင့် အနုစိတ်ပုံဖော်ခြင်းများ ပြုလုပ်ရပါသည်။ ထိုအခါမှသာ ဝင်းလက်တောက်ပြောင်သော ငွေထည်ပစ္စည်း များကို ရရှိပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းနေ ဒေသခံတိုင်းရင်းသားများသည် ငွေဖလား၊ ငွေကွမ်းအစ်၊ ငွေထုံးဗူးစသည့် ငွေထည်အသုံးအဆောင်များကို ဝယ်ယူထားလေ့ရှိကြသည်။ သို့သော် ထိုငွေထည်ပစ္စည်းများကို နေ့စဉ် အသုံးမပြုဘဲ ပွဲလမ်းသဘင်၊ အလှူ မင်္ဂလာအခမ်းအနားများ၌သာ အသုံးချတတ်ကြသည်။

ငွေထည်လုပ်ငန်းတွင် ငွေထည်ပစ္စည်းများကို အရုပ်များ၊ ပန်းခက်ပန်းနွယ်များဖြင့် ရုပ်လုံးဖော်ကာ ထွင်းလုပ်ထား ခြင်းသည် ငွေထည်လုပ်ငန်း၏ အသက်ဟု ဆိုရမည်ဖြစ်ပြီး ပန်းခက်ပန်းနွယ်၊ ဇာတ်နိပါတ်ရုပ်ပုံများကို ပစ္စည်းအလိုက် ထုလုပ်ထားတတ်၏။ အများအားဖြင့် ငွေဖလားကြီးများ၌ ဇာတ်ကြီးဆယ်ဖွဲ့မှ အခန်းများ၊ ငါးရာ့ငါးဆယ်နိပါတ်တော်လာ ရုပ်ပုံများ၊ ၁၂ ရာသီစက် အမှတ်အသားများ၊ ပန်းပုံ များကို သရုပ်ဖော်ကာ ရုပ်ကြွများအဖြစ် ထုလုပ်ထားတတ်သည်။ ငွေထည်လုပ်ငန်းတွင် ပညာရှင်၏ ပညာစွမ်း၊ လက်ရာစွမ်းကို ဆုံးဖြတ်ရာ၌ ငွေထည်ပစ္စည်း၏ ပုံပန်းသရုပ်ဖော်ထားသော ပန်းခက်ပန်းနွယ် ရုပ်ပုံများကို အနုစိတ်နိုင်နင်းခြင်း၊ သရုပ်ပေါ်အောင်





ဖော်နိုင်ခြင်းနှင့် ရုပ်လုံးဖော်နိုင်ခြင်းတို့ကိုကြည့်၍ ဆုံးဖြတ်တတ်ကြသည်။ ထို့ကြောင့် ရှေးအခါက ငွေဖလားကြီးတွင် ပတ်လည်အပြည့်မျှ ပန်းခက်ပန်းနွယ်၊ ခြူး ကနုတ်၊ ယိုးဒယားပန်းများ၊ ရုပ်လုံးများဖြင့် လက်စွမ်းပြ ထားတတ်သည်။ တစ်ခါတစ်ရံ ငွေဖလားကြီး၏အပေါ်ပိုင်းတွင် သဇင်ခွေ၊ ကုလားပန်း၊ ခြူးတက်များကို ပေါင်းစပ်လျက် အလယ်ပိုင်း၌ ဇာတ်နိပါတ်လာ ရုပ်ပုံများကို သရုပ်ဖော်၍ ဖလား၏ အောက်ခြေတွင် မှော်ရွက်များဖြင့် လက်စွမ်းပြတတ်၏။

ယင်းသို့ သရုပ်ဖော်ရာတွင် ပညာရှင်၏ ဉာဏ်စွမ်း၊ လက်စွမ်းအလိုက် တစ်ဦးနှင့်တစ်ဦး တစ်ခုနှင့်တစ်ခု မတူ၊ ထူးခြားချက်များ ရှိတတ်သည်။ ထိုငွေထည်လုပ်ငန်းမှာ များစွာ စိတ်ဝင်စားဖွယ် ကောင်းလှ၏။ ငွေထည်ပစ္စည်း များလုပ်ရာတွင် လုပ်မည့်ပစ္စည်းအတန်းအစားအလိုက် ဘော်ခေါ်မည့် အကောင်းဆုံးငွေ ၉၉ ဒသမ ၅၊ ၉၄ ဒသမ ၅၊ ၈၉ ဒသမ ၅ စသည့် ရာခိုင်နှုန်းပါရှိသည့် ငွေများတွင် ကြေးနီအကောင်းစား အနည်းငယ်ထည့်၍ လုပ်ကိုင်တတ် ကြသည်။ ဘော်ချည်းသက်သက်ဖြင့် ပြုလုပ်သော ငွေထည်များမှာ အလွန်ပျော့ပျောင်းသဖြင့် သုံးစွဲရာတွင် အထိ အခိုက်မခံတတ်ချေ။ ထို့ကြောင့် သုံးစွဲရာ၌ ခိုင်ခံ့ရန် ကြေးနီထည့်ရခြင်းဖြစ်ပါသည်။

ငွေပန်းတိမ်လုပ်ငန်းလုပ်ကိုင်မည့် ဟဲယာရွာမနေ အင်းတိုင်းရင်းသားများသည် ငွေထည်ပစ္စည်းများကို ကျင်လည်စွာ လုပ်နိုင်ရန် ၂ နှစ်မှ ၃ နှစ်အထိ သင်ကြားရသည်။ ထိုအဖြူထည်ပစ္စည်းကို ပန်း၊ အရုပ်များထုလုပ်ရန် ပန်းထုဆရာလက်သို့ အပ်ရ၏။ ပန်းထုဆရာမှာလည်း ကျင်လည်စွာ တတ်မြောက်

ရန် ၃ နှစ်မှ ၅ နှစ်အထိ အားထုတ်သင်ကြားရသည်။

ယခင် ကိုဗစ်မဖြစ်ပွားမီ ကာလက ငွေတစ်ကျပ်သားလျှင် ကျပ်သောင်းနှစ်ထောင် ဝန်းကျင်သာရှိပြီး ကမ္ဘာလှည့် ခရီးသွားများ ကြိုက်နှစ်သက်မှုများသည့် ဒီဇိုင်းထည်များကို နေအိမ်တွင်ပင် ပြုလုပ်၍ အမှတ်တရ အရောင်းဆိုင်များသို့ ပြန်သွင်းကြောင်း လက်မှုလုပ်ငန်းဖြစ်၍ လက်ရာကောင်းပြီး အနုစိပ်ပါက လက်ခ ပိုရကြောင်း ဆိုင်များက အော်ဒါမှာပါကလည်း လက်ခပိုရကြောင်း၊ လုပ်ကိုင်သူတစ်ဦးအနေဖြင့် ပျှမ်းမျှ တစ်ရက်လျှင် ကျပ်တစ်သောင်းခွဲမှ နှစ်သောင်းကျပ်ဝန်းကျင် ဝင်ငွေရရှိခဲ့ပါသည်။

သို့သော် အစဉ်အမြဲ ခရီးသွားဧည့်သည်များဖြင့် စည်ကားနေလေ့ရှိသည့် အင်းလေးကန်သည် ကိုဗစ်ကပ်ရောဂါ ကြောင့် တိတ်ဆိတ်ခဲ့ရသလိုအင်းလေးဒေသသည် စစ်အာဏာသိမ်းပြီး ၃နှစ်ကျော် ကာလအတွင်း အခြေအနေ ပိုမိုဆိုးဝါးလာနေပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများကို အဓိကထားမှီခိုနေရသည့် ငွေပန်းတိမ်လုပ်ငန်းလုပ်ကိုင် ကြသူ အများစုကလည်း လုပ်ငန်းရပ်နားထားရသည်မှာ ၄နှစ်ကျော်ကြာမြင့်နေပြီဖြစ်သည်။ ဆက်လက်လုပ်ကိုင် နေကြသူအနည်းစုကလည်း ရိုးရာအမွေအနှစ်ဖြစ်သည့် ငွေဖလား၊ ငွေအုပ်၊ ဆွမ်းတော်အုပ်၊ ဆွမ်းတော်ခွက်၊ ဘုရားသောက်တော်ရေခွက်၊ စက်လှေပန်ကာ၊ အမှတ်တရလက်ဆောင်ပစ္စည်းများထက် နားကပ်၊ နားကွင်း၊ နားဆွဲ၊ လက်စွပ်၊ လက်ကောက်၊ ဟန်းချိန်း၊ ဆွဲကြိုးစသည့် လက်ဝတ်တန်ဆာများ ပြုလုပ်ရောင်းချခြင်းကိုသာ အဓိကအားထားလုပ်ကိုင်နေရ၏။

စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲ ပြည်တွင်းမငြိမ်သက်မှုများကြောင့် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသွားများ လာရောက်လည်ပတ်မှုအဆမတန်လျော့နည်းသွားပြီဖြစ်သလို အင်းတိုင်းရင်းသားများအနေဖြင့် ငွေပန်းတိမ်လုပ်ငန်း တစ်ခုတည်းဖြင့်သာ ရပ်တည်ရန်မလွယ်ကူတော့သဖြင့် အခြားသောလုပ်ငန်းများကို ပြောင်းရွှေ့လုပ်ကိုင်နေရပြီဖြစ်သလို လက်မှုလုပ်ငန်းပြန်လည်နလန်ထူရန် မလွယ်ကူတော့သဖြင့် ရိုးရာအမွေအနှစ်ပျောက်ကွယ်မည့်အရေးကို စိုးရိမ်နေရပြီဖြစ်ပါသည်။



t ifwmAsL;u@



# ပအိုဝ်းဒေသ ခြေအနေပေါ် မေးမြန်းချက်

ပအိုဝ်းလူငယ်အစည်းအရုံး (PYO) ဥက္ကဌ နန်းကြည်လေးနဲ့ တွေ့ဆုံခြင်း

**အယ်ဒီတာအဖွဲ့**

**(၁) ပအိုဝ်းအမျိုးသား ဖက်ဒရယ်ကောင်စီ(PNFC)ရဲ့ နိုင်ငံရေးခြေလှမ်းနှင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုက ပအိုဝ်းလူထုတစ်ခုလုံးကို သက်ရောက်မှု ဘယ်လောက်ထိရှိပါသလဲ။**

PNFC ကိုဘေးကနေကြည့်ပြီးတော့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ ပအိုဝ်းလူထု၊ လူငယ်တွေအတွက် အခုလိုမျိုး အာဏာရှင်စနစ်ကိုတော်လှန်တဲ့အချိန်၊ တိုင်းရင်းသားလူငယ်တွေရဲ့ ဒီလိုမျိုးအဖွဲ့ ပေါ်လာတာက ဝမ်းသာစရာလည်းကောင်းတယ်။ လူငယ်တော်တော်များများကလည်း ကြိုဆိုနေကြပါ တယ်။ ကျွန်တော်တို့အပါအဝင် ကြိုဆိုကြတာပေါ့။ တစ်ခုတော့ရှိတာပေါ့၊ အင်အားအနေနဲ့ ကြည့်ရမယ်ဆိုရင် တခြားသောတိုင်းရင်းသားညီအစ်ကိုမောင်နှမတွေလောက်တော့ အင်အားတော့ မများနေဘူး ပေါ့လေနော်။ သူတို့ရဲ့ ရည်ရွယ်ချက်တွေ၊ ပန်းတိုင်တွေ၊ ဥပမာ–သူတို့ပြောတဲ့ ပအိုဝ်းပြည်နယ်ပေါ်ထွန်း ရေးဟာဆိုရင်လည်း ပအိုဝ်းလူထုအများစုက လိုချင်နေတဲ့အရာဖြစ်တယ်။ ဘယ်တော့မှ ရနိုင်မယ်၊ မရနိုင်ဘူးဆိုတာကတော့ ကျွန်တော့်အနေနဲ့ကလည်း မပြောတတ်ပါဘူး။ အဲဒီလိုအခြေအနေလေးတော့ ရှိတယ်ပေါ့လေ။

နောက်တစ်ခုကတော့ ပြောရမယ်ဆိုရင်တော့ အခုတော်လှန်ရေး ကာလမှာ ပအိုဝ်းလူငယ်တွေအနေနဲ့ လည်း တခြားသောလူမျိုးတွေလိုမျိုး ဒီလို People Defense Forceဆိုတာ ရှိသင့်တယ်ဆိုတာက သူတို့ကြောင့်မလို့ လည်း လူသိလာတာဖြစ်တယ်။ သူတို့ကိုယ်တိုင်ကလည်း ထဲထဲဝင်ဝင်မြေပြင် မှာလည်း တိုက်ခိုက်နေကြတဲ့ ရဲဘော်တွေလည်းဖြစ်တယ်။ အဲဒီအတွက်က လည်း ကျွန်တော်တို့အတွက် ဂုဏ်ယူစရာလည်းဖြစ်တယ်၊ ဂုဏ်လည်း ဂုဏ် ယူပါတယ်။ အားလည်း အားပေးပါတယ်။ ပအိုဝ်းထဲမှာက အဖွဲ့တွေက များ တာဖြစ်တဲ့အတွက် ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင်တော့ နောက်ပိုင်းကြ ရင်တော့ ဒီလိုနိုင်ငံရေးလမ်းကြောင်းတွေ၊ နိုင်ငံရေးရပ်တည်ချက်တွေက မ လွဲချော်သွားဖို့ မျှော်လင့်မိတာပေါ့လေ။ PNFC နဲ့ပါတ်သက်မယ်ဆိုရင် လူငယ် တစ်ယောက်အမြင်နဲ့ပြောရမယ်ဆိုရင် အဲဒီလောက်လေးပဲ ပြောပြချင်ပါ တယ်။

တကယ်လို့ထဲထဲဝင်ဝင်ပြောရမယ်ဆိုရင်တော့ သူတို့အကြောင်းကို အသေးစိတ်သိချင်တယ်ဆိုရင်တော့ သူတို့ကိုတိုက်ရိုက်ဆက်သွယ်မေးမြန်း တာက ပိုအဆင်ပြေလိမ့်မယ်ထင်ပါတယ်။

**(၂) ပအိုဝ်းအမျိုးသား ဖက်ဒရယ်ကောင်စီ (PNFC) ရဲ့ အစိုးရအဆင့် ပုံဖော် ပြင်ဆင်ချက်များထဲက ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင်ကြီး ၃ ရပ်က ဘယ်အဆင့်ထိ ရောက်နေပြီလဲ။ တဘက်က စစ်ရေး ဖော်ဆောင်မှု ကဏ္ဍအပေါ် PYO အနေနဲ့ ဘယ်လိုရှုမြင် သုံးသပ်မိပါသလဲ။**

အခုနားက ဆရာပြောတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး က တော်တော်လေး ခရီးရောက် နေပြီလို့တော့ မြေပြင်အခြေအနေအရ မရှု မြင်မိဘူး၊ ကြားလည်းမကြားမိပါဘူး။ သူတို့ကြိုးစားနေတာ တော့ သိတယ် ပေါ့လေ။ အခြေအနေတစ်ရပ်ဖြစ်လာအောင်အထိ သူတို့ကြိုးစားနေတယ် ဆို တာကတော့ သိပါတယ်။ ဥပမာနှိုင်းယှဉ်ရမယ်ဆိုရင် ကရင်နီပြည်နယ်လိုမျိုး လောက်အထိတော့ မရောက်နိုင်သေးဘူး ပေါ့။ ရောက်ဖို့ကလည်း ကျွန်တော် တို့ပအိုဝ်းလူမျိုးတွေအတွက် တော်တော်လေးကြိုးစားယူရမယ့် အခြေအနေ မှာရှိတယ်ပေါ့လေ။ တခြားသောလူမျိုးတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ပ အိုဝ်းလူမျိုးထဲမှာက တော်တော်လေးကို ပိုရှုပ်ထွေးတယ်။ သိတဲ့အတိုင်းပဲ၊ မြေပြင်မှာက လက်ရှိမှာ စစ်အာဏာရှင်ကို တော်လှန်နေတဲ့ အသိုင်းအဝိုင်းက လည်း တစ်ရပ်ရှိတယ်။ ပအိုဝ်း CBO၊ CSO အသိုင်းအဝိုင်းကလည်း တစ်ရပ် ရှိတယ်။

နောက်တစ်ခုက စစ်အာဏာရှင်ဘက်မှာပဲ ရပ်တည်နေကြတဲ့ အဖွဲ့




တွေကလည်း ရှိနေတော့ နည်းနည်းတော့ ခက်မယ်ပေါ့။ မြေပြင်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ၊ ဥပဒေပြုရေး၊ တရားစီရင်ရေး မဏ္ဍိုင်တွေလုပ်ဖို့ဆိုတာက သူများဒေသတွေက တစ်နှစ်နဲ့လုပ်ရမယ့်ကိစ္စတွေဆိုရင် ကျွန်တော်တို့ ပအိုဝ်းတွေက ၄၊ ၅နှစ်လောက်လုပ်ရမှာ။ အဲဒီလိုကြိုးစားရမယ့် အလားအလာဖြစ်နေတယ်။ ဒီလောက်ပဲ ပြောချင်ပါတယ်။

**(၃) ပအိုဝ်းလူငယ်များအနေဖြင့် စစ်ကောင်စီ၏ စစ်မှုထမ်းဥပဒေကိုဆန့်ကျင်ပြီး PNFC နှင့်လာရောက်ပူးပေါင်းဖို့ ဖိတ်ခေါ်ထားပါတယ်။ ပအိုဝ်းလူငယ်တွေက ဘယ်လောက်ထိ သွားရောက်ပူးပေါင်းနိုင်မယ်လို့ ထင်ပါသလဲ။**

ကျွန်တော်က အမြဲတမ်းလိုလို PNFC ကလူတွေနဲ့ အချိတ်အဆက်ရှိနေတာမျိုးလည်း မဟုတ်ဘူး။ ဒါပေမယ့် သူတို့ရဲ့လှုပ်ရှားမှုအခြေအနေလေးတွေကိုတော့ သိထားသင့်သလောက် သိထားတာမျိုးတော့ရှိပါတယ်။ ဆရာမေးတဲ့မေးခွန်းနဲ့ပါတ်သက်ပြီးတော့ ကျွန်တော့်အမြင်ကိုပြောရမယ်ဆိုရင်တော့ အခုပအိုဝ်းလူငယ်တွေက အခြမ်းတွေက အများကြီးကွဲနေတယ်။ အဲဒီလိုဆိုတော့ အစောနားက ပြောသလို စစ်ကောင်စီကို ကူပြီးတော့ပူးပေါင်းနေတဲ့ PNO ဆိုတာရှိတယ်။ သူတို့ဖက်ကို လုံးဝမျက်စိပိတ်၊ နားပိတ်ပြီးတော့ သူတို့သဘောဆန္ဒအလျောက်ပါနေတဲ့ လူငယ်တွေကလည်း မနည်းဘူးပေါ့



Senior General Min Aung Hlaing receives Patron of Pa-O National Organization (PNO) Transformed People's Militia Group U Aung Hkam Hti, holds talks about regional development

နေ့သ်။ တော်တော်လေးများပါတယ်။ နောက်တစ်ခုက ပအိုဝ်းလူမျိုးတွေရဲ့ နေထိုင်ဖြတ်သန်းမှုနဲ့ ပင်ကိုယ် စိတ်ထားက အမြဲတမ်းငြိမ်းငြိမ်းချမ်းချမ်း လေးနချင်ကြတယ်။ ဘယ်သူနဲ့ဘယ်သူကမှ တိုက်ခိုက်တာ မကောင်းဘူး၊ အခြေအနေက ဘယ်လိုကြီးဖြစ်နေပါစေ ငါတို့ဒေသ၊ ငါတို့လူမျိုး ငြိမ်းချမ်းရင် လုံလောက်တယ်ဆိုပြီး အတွေးကို အကျယ်ကြီးမတွေးတော့ဘူး။ ငြိမ်းချမ်း ရေးကို အရမ်းလိုလားပြီးတော့ ဘာသာရေးကို အရမ်းကိုင်းရှိုင်းတဲ့အုပ်စု ရှိ နေပြန်တယ်။

အဲဒီလိုပဲ စစ်ကောင်စီကို မလိုလားဘဲ စစ်ကောင်စီရဲ့ အာဏာသိမ်းမှု ကို မလိုလားဘဲနဲ့ အာဏာရှင်ကို ပြန်ပြီးတော့ ခုခံတော်လှန်နေတဲ့ အုပ်စုတွေ ကလည်း ရှိနေတယ်။ အဲဒီအုပ်စုထဲမှာဆိုရင် စိတ်ဆန္ဒကသာ အာဏာရှင်ကို တော်လှန်ချင် တယ်။ အာဏာရှင်မရှိတော့ရင် ကောင်းမယ်၊ ရရာလက်နက်နဲ့ တော်လှန်ရမယ်ဆိုတဲ့ဟာမျိုးကတော့ စိတ်ထဲမှာ အများစုရှိကြတယ်။ မြေပြင် လက်တွေ့အခြေအနေမှာ ကတော့ ကိုယ်တိုင်ကလည်း ရွာတွေဖက်မှာနေ တဲ့သူဆိုတော့ သိတာပေါ့လေ။ ဥပမာ–စားဝတ်နေရေး၊ ပညာရေး၊ မိသားစု ကျန်းမာရေး ကလည်း မရှိမဖြစ်အရမ်းကိုအရေးကြီးတဲ့ လိုအပ်ချက်တွေဖြစ် နေတော့ လူငယ်အများစုက အဲဒီဖက်ကို အရမ်းတွေဦးစားပေးရတဲ့အခါကြ တော့ အစောနားကပြောသလို PNFC ထဲကို သွားပြီးတော့ ထဲထဲဝင်ဝင်၊ သက် စွန့်ဆံဖျားသွားပြီးတော့ တာဝန်နဲ့ကိုယ်ဖိရင်ဖိသွားပေးရတဲ့ လူငယ်တွေအနေ နဲ့ကတော့ နည်းကောင်းနည်းပါတယ်။ တခြားသောဒေသကလူငယ်တွေနဲ့ ယှဉ်ရင် နည်းပါတယ်။ ဒါကတော့ မြေပြင်အခြေအနေဖြစ်တယ်၊ နည်းတယ်

ဆိုပေမယ့် တော်လှန်ရေးနဲ့ ဘယ်လိုနေရာမျိုးမှာ ကျွန်တော်တို့ကကူညီပံ့ပိုးနေသလဲဆိုရင် အခုနားကပြောတဲ့ ရရာနည်းနဲ့ ငွေရှာရတယ်။ ပြည်ပထွက်ပြီး ငွေရှာဖို့သွားကြတယ်။ အဲဒီလိုရောက်ရှိကုန်တော့ သူတို့ရရှိလာတဲ့ ဝင်ငွေထဲကနေပြီး ဖွဲ့ပြီးတော့မှ ပအိုဝ်းတွေရဲ့နိုင်ငံရေးမှာ၊ အာဏာရှင်တော်လှန်ရေးမှာ ပြန်လှူပေးနေကြတဲ့ ကိစ္စတွေရှိတယ်။ အများစုကတော့ အဲဒီနည်းလမ်းတွေနဲ့ ပါဝင်နေကြပါတယ်။

**(၄)ပအိုဝ်းဒေသမှာ တိုက်ပွဲတွေစတင်ဖြစ်ပွားခဲ့တဲ့အချိန်ကနေ လက်ရှိအချိန်ထိ ဒေသခံတွေအပေါ် ပဋိပက္ခအကျိုးသက်ရောက်မှု ကြီးမားခဲ့သလဲ။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ကဏ္ဍတွေ အခြေခံလူမှုဘဝများကို ဘယ်လောက်အတိုင်းအတာအထိ ထိခိုက်မှု ဖြစ်ခဲ့လဲ။**

မြေပြင်ကလက်ရှိအခြေအနေကိုပြောရမယ်ဆိုရင်တော့ အခုနားကပြောသလိုပဲ ဘယ်နေရာမှာမဆို တိုက်ပွဲဖြစ်ရင် ပြည်သူလူထုတွေ ဆုံးရှုံးမှုဖြစ်ရင်တော့ မကောင်းဘူးပေါ့လေ။ ဒါပေမယ့် တဖက်က ပြန်ကြည့်မယ်ဆိုရင်လည်း ဒါကငြိမ်းချမ်းရေး၊ တရားမျှတရေးကိုရဖို့အတွက် တိုက်ပွဲဝင်နေရတာ ဖြစ်တယ်။ အခုပအိုဝ်းလူငယ်တွေက ဒီတိုက်ပွဲမှာပါဝင်ပြီးတော့ တိုက်ပွဲဝင်နေတာကလည်း ကောင်းတဲ့ ကိစ္စရပ်တစ်ခုလို့ မြင်မိပါတယ်။

ဘာဖြစ်လို့ အဲဒီလိုပြောရသလဲဆိုရင် ပုံမှန်အားဖြင့် ကျွန်တော်တို့ပအိုဝ်း လူမျိုးတွေက ဘာသာရေးကိုင်းရှိုင်းတယ်၊ ရိုးရာဓလေ့ထုံးစံနဲ့ ပွဲလမ်းသဘင်တွေကလည်း များတယ်။ အာဏာမသိမ်းခင်ကလည်း ဒီပွဲလမ်းသဘင်တွေကို ပြုလုပ်နေကြတယ်။ အာဏာသိမ်းပြီးတော့လည်းပဲ သူတို့ကအာဏာရှင်တွေကို တော်လှန်နေပေမယ့် တချို့နေရာတွေမှာကြတော့ ရိုးရာပွဲလမ်းသဘင်တွေ ဆက်လက်ကျင်းပနေတာမျိုးရှိတော့ တခြားသောဒေသတွေ၊ တခြားသောတိုင်းရင်းသားဒေသတွေ လူမျိုးတွေကတော့ ပအိုဝ်း



တွေကို အထင်လွဲကြတာမျိုးတွေ ကျွန်တော်တို့ခဏခဏခံရတယ်။ ငါတို့တွေ သေပွဲဝင်နေတဲ့အချိန်၊ ငါတို့တွေမျက်ရည်ကျနေတဲ့အချိန်မှာ ပအိုဝ်းဒေသမှာ က ဗုံမောင်းသံတညံညံနဲ့ ပွဲလမ်းသဘင်တွေ ကျင်းပနိုင်နေသေးပါလားဆိုပြီး တော့ အထင်လွဲမှုတွေ ခံရတယ်။

ဒီတိုက်ပွဲဖော်ဆောင်တာကြောင့်မလို့ အဲဒီလိုအထင်လွဲခံရမှုကလည်း လျော့ကျသွားမယ်လို့ ကျွန်တော် ထင်ပါတယ်။ နောက်တစ်ခုအနေနဲ့ ပအိုဝ်း လူမျိုးတွေက အာဏာရှင်ကိုတော်လှန်တဲ့အချိန်၊ တိုက်ပွဲဝင်နေတဲ့အချိန်မှာ ပါဝင်နေပါလားဆိုတဲ့ အရာတွေကို လူသိလာတာပေါ့။ ဒါကတော့ အမြတ် တစ်ခုပါပဲ။ နောက်ပြီး တိုက်ပွဲဖြစ်တော့ ကျွန်တော်တို့ဆီမှာက ဆုံးရှုံးမှုတွေ ကတော့ အများကြီး ဖြစ်တာပေါ့။ ကျွန်တော်ပြောချင်တာက တခြားနေရာ မှာပဲဖြစ်တာမဟုတ်ဘူးလို့ မသိသေးတဲ့လူတွေကို အသိပေးချင်တယ်။ ဆီဆိုင် မှာဆိုရင်လည်း မြို့လုံးကျွတ်နီးပါးကို ပျက်စီးဆုံးရှုံးသွားတာ ရှိတယ်။ အဲဒီ အတွက် ပအိုဝ်းတွေက ဘယ်တုန်းကစစ်ဘေးရှောင်ရှိဖူးလို့လဲဆိုတဲ့ ပြီးခဲ့တဲ့ ခေတ်အဆက်ဆက် ကတည်းက မေးခံရတဲ့မေးခွန်းတွေရှိတယ်။ ပအိုဝ်းလူမျိုး တွေက ခေတ်အဆက်ကတည်းက အာဏာရှင်ကို တော်လှန်ခဲ့တဲ့အပြင် စစ် ဘေးရှောင်ရတာရှိပါတယ်ပေါ့။ ရွာလုံးကျွတ်မီးရှို့ခံရတာ ရှိသလို ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်ရတာ ရှိခဲ့ပါတယ်၊ အခုလည်း ဆက်ရှိနေပါတယ်။ အဲဒါ လေးလည်း အသိပေးချင်ပါတယ်။ တခြားဒေသတွေမှာလိုပဲ မီးလောင်တာ တွေ၊ ပြည်သူတွေအသတ်ခံရတာတွေ၊ ကိစ္စတုံးလက်စဖျောက်ခံရတဲ့ လူငယ် တွေလည်း အများကြီးရှိပါတယ်။

နောက်တစ်ခုက အခုပုံမှန်စစ်ဘေးရှောင်တွေလည်း ရှိလာနေတဲ့ အခြေအနေမှာ ကျွန်တော်တို့က လူသားချင်းစာနာမှုလုပ်ငန်းတွေအတွက် အခက်အခဲပေါင်း၊ အတားအဆီးပေါင်းမြောက်များစွာ ရှိတယ်။ အဲဒီအတွက် ကျွန်တော်တို့သက်စွန့်ဆံဖျားနဲ့လုပ်ရတယ်။ Security ကို Riskယူပြီးတော့မှ လူသားချင်း စာနာထောက်ထားမှုအကူအညီတွေကို ပေးနေရတယ်။

နောက်ဆုံးကုန်ကုန်ပြောရမယ်ဆိုရင် ကျွန်တော်တို့ကိုဘယ်လောက် တောင် ခြိမ်းခြောက်သလဲဆိုရင် ဥပမာ–ပအိုဝ်းအများစုနေထိုင်တဲ့ တောင် ကြီးမြို့တို့၊ ဟိုပုံးမြို့တို့မှာဆိုရင် စစ်ဘေးရှောင်လာရင် မကူညီရဘူး။ အိမ် မှာ လက်မခံထားရဘူးဆိုပြီးတော့ အမိန့်အာဏာနဲ့ အမိန့်ပေးတာမျိုးတွေ ရှိ တယ်။ ရှိတဲ့အချိန်မှာလည်း အရမ်းကြောက်တဲ့ လူတွေကလည်း လူ့သဘာ ဝက ကြောက်တတ်တယ်လေ၊ ကြောက်အောင်လည်း သူတို့က မြေပြင်မှာ တကယ်သတ်ဖြတ်တာတို့၊ လက်စတုံးဖျောက်ပစ်တာတို့ ရှိတော့ ကြောက်တဲ့ သူတွေကလည်း လက်မခံရဲကြဘူး။ လက်မခံရတဲ့ကြသူတွေကိုလည်း တချို့

က ပြစ်တင်ရှုံ့ချတာမျိုးရှိတယ်။ တချို့ကြတော့ လက်ခံပါတယ်။

နောက်တစ်ခုက စစ်ဘေးရှောင်နေတဲ့အချိန်မှာ ကိုယ့်ကိုတိုင် စစ်ရှောင်ရတဲ့အပြင် ဆီဆိုင်မြို့နယ်မှာ စစ်မက်မဖြစ်ပွားခင်ကဆိုရင် ကယားပြည်နယ်ကရှောင်လာတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကို စစ်ရှောင်အဖြစ်လက်ခံတယ်။ လက်မခံပါနဲ့တားဆီးနေတဲ့ကြားက အခက်အခဲမျိုးစုံကြားက ကျွန်တော်တို့လက်ခံနိုင်အောင် ကြိုးစားကြတယ်။ ပအိုဝ်းလူမျိုးတွေကလည်း ကြိုးစားပြီးတော့မှ အကူအညီတွေ၊ အထောက်အပံ့တွေကို အပြည့်အစုံအလုံအလောက်မဟုတ်ရင်တောင်မှ တတ်နိုင် သလောက်ကျွန်တော်တို့ပေးနိုင်အောင် ကြိုးစားလုပ်ကိုင်ကြတာတွေရှိပါတယ်။ အခုချိန်ထိလည်း လုပ်နေကြပါတယ်။ ကယားဖြစ်နေလို့၊ ပအိုဝ်းဖြစ်နေလို့ဆိုပြီး ခွဲခြားဆက်ဆံတာမျိုးတွေ မရှိပါဘူး။ တဖက်မှာကတော့ အဲဒီလိုမျိုးအချင်းချင်းကြားထဲမှာ ဘာသာရေးပဋိပက္ခ၊ လူမျိုးရေးပဋိပက္ခတွေ ဖြစ်အောင်တော့ ဖန်တီးနေတဲ့အုပ်စုရှိတယ်။ အဲဒီအုပ်စုတွေကတော့ ဘယ်သူတွေလဲဆိုရင် ရှင်းပါတယ်၊ ခေတ်အဆက်ဆက်ကတည်းက လုပ်လာတဲ့ စစ်အုပ်စုအာဏာရှင်တွေပဲ ဖြစ်ပါတယ်။

အခုဆိုရင်လည်း တိုက်ပွဲတွေက ခဏလေးတော့ ရပ်သွားပေမယ့် တချို့သောစစ်ဘေးရှောင်ရတဲ့ ပြည်သူ လူထုတွေကတော့ မဝံ့မရဲဖြစ်နေကြတယ်။ ဘာဖြစ်တာလဲဆိုတော့ နောက်တစ်ကျော့တိုက်ပွဲပြန်ဖြစ်လာ မလား၊ အာဏာရှင်စနစ်က မချုပ်ငြိမ်းသေးဘူးဆိုတော့ တိုက်ပွဲတွေ ပြန်ဖြစ်လာနိုင်မလားဆိုပြီး စဉ်းစားပြီးတော့ မပြန်ရဲကြသေးဘူး။ တစ်ခုရှိတာက တချို့တွေကတော့ ကိုယ့်နေရာဒေသမှမပြန်ရင် သူများနေရာမှာ စစ်ရှောင်နေရတာ နေထိုင်စားသောက်ဖို့ ရေရှည်ဘယ်လိုရပ်တည်ရမှာလဲဆိုပြီးတော့ အခက်အခဲမျိုးစုံ၊ စိတ်ပိုင်းဆိုင်ရာအခက်အခဲမျိုးစုံကြောင့် ကြောက်ကြောက်လန့်လန့်နဲ့



Pa-O National Army

ပြန်သွားရတာ မျိုးရှိပါတယ်။ အဲဒီလိုအခက်အခဲတွေ ရင်ဆိုင်ရတယ်။ အခု မြေပြင်မှာဆိုရင် ဘယ်ဖက်ကထောင်ထားမှန်း မသိတဲ့ မြေမြှုပ်မိုင်းတွေ၊ စစ်ကောင်စီက လေယာဉ်နဲ့လာပြီးတော့ ကြဲချတဲ့ဗုံးတွေ၊ မြေပြင်ကနေထုတဲ့ လက်နက်ကြီးနဲ့ ကျည်ဆံတွေက မကွဲဘဲနဲ့ မြေပြင်ရပ်ကွက်တွေ၊ ကျေးရွာတွေထဲအထိ၊ နေအိမ်တွေအထဲ အထိ ကျနေတာတွေရှိတယ်။ အဲဒီတော့ အဲဒီဟာတွေကို မိုင်းအသိပညာပေးတာတွေ၊ အသိပညာတွေ မရှိဘဲနဲ့ ပြန်ပြီးတော့သန့်ရှင်းရေးပြန်လုပ်တာတို့၊ အိမ်ပြန်တဲ့အချိန်မှာ နင်းမိတာတို့၊ ထိကိုင်မိပြီးတော့မှ ပေါက်ကွဲသွားတဲ့ ကိစ္စရပ်တွေ လက်ရှိမှာ ကျွန်တော်တို့ ကြုံတွေ့နေရတယ်။

နောက်ပြီးတော့ စားနပ်ရိက္ခာမလုံလောက်ဘူး၊ သောက်သုံးရေတွေ မလုံလောက်ဘူး။ ကလေးတွေရဲ့ ပညာရေးတွေဆိုလည်း တော်တော်လေးကို ခက်ခဲပြီးတော့ စိတ်အနှောင့်အယှက်ဖြစ်ပြီးတော့ စိတ်ပိုင်း ဆိုင်ရာအရမ်းထိခိုက်ရတဲ့ကိစ္စရပ်မျိုးတွေရှိတယ်။ ကျောင်းဖွင့်မယ်ဆိုရင် ကလေးတွေအတွက် စိတ်ပိုင်းဆိုင်ရာခွန်အားအများကြီးပြန်ယူရမယ့်ကိစ္စတွေ ရှိတယ်။ ကျောင်းအဆောက်အအုံတွေကို လေယာဉ်နဲ့ဗုံးကြဲတာ၊ လက်နက်ကြီးနဲ့ထုတာတို့ရှိတယ်။ အဲဒီရဲ့ကြောက်စိတ်တွေကရှိနေတော့ ကျောင်းပဲသွားရမှာလား၊ မသွားရဘူးလား၊ တခြားမြို့ရွာတွေမှာကော စစ်ရှောင်အဖြစ်နဲ့ ကျောင်းနေမယ် ဆိုရင် အဆင်ပြေပါ့မလားဆိုတဲ့ စိုးရိမ်ချက်မျိုးစုံတွေ ကြုံနေရတယ်။ တချို့ကျောင်းနေအရွယ်ကလေးတွေဆိုရင် ဒီစစ်ကြောင့်မလို့ ကျောင်းမနေတော့ဘဲ ကျောင်းထွက်လိုက် ရတဲ့ ကိစ္စမျိုးတွေရှိတယ်။ မိဘတွေကလည်း ဒီလိုမျိုးတိုက်ပွဲတစ်ခေါက်ဖြစ်လာခဲ့မယ်ဆိုရင် ငါတို့ရဲ့ မျိုးဆက်သစ်တွေက ပညာတွေလည်း သင်ရဖို့အခွင့်အရေးတွေလည်း ရှိလာမှာမဟုတ်ဘူး။ စည်းစိမ်တွေကလည်း ဆုံးရှုံးမယ်၊ ငါတို့ကလေးတွေကလည်း အသက်ပေး



တိုက်ပွဲဒဏ်ခံခဲ့ရသည့် ဆီဆိုင်မြို့

ရမယ်ပေါ့၊ စစ်ပွဲသေနတ်သံတွေကြားထဲမှာ သေရမယ်ဆိုတဲ့ကြောက်စိတ်နဲ့ ရွာတွေဖက်မှာ ကလေးတွေအုပ်စုလိုက်စုပြီးတော့ ရန်ကုန်တို့၊ ဧရာဝတီတိုင်းတို့လို ဗမာဒေသတွေဖက်ကို ကားကြီးတွေနဲ့ ပို့လိုက်ကြတယ်။ အဲဒီမြင်ကွင်းဟာဆိုရင် အရမ်းကြီးဝမ်းနည်းစရာကောင်းတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘရင်ခွင်မှာ နေရမယ့်အရွယ်က မိဘရင်ခွင်မှာ မနေရဘူး။ ဟိုမှာသွားပြီးတော့ ဘယ်လိုဒုက္ခဆင်းရဲခံရမလဲ မသိဘူးပေါ့နော်။ အဲဒီလို ကိစ္စမျိုးတွေလည်း ရှိပါတယ်၊ ဒီလောက်အထိပဲ ဖြေပါရစေ။

**(၅)ဆိုက်ခေါင်ဘက်နဲ့ တောင်ကြီးမြို့နယ်အတွင်း ရောက်ရှိနေတဲ့ ဆီဆိုင်နဲ့ ကရင်နီတိုက်ပွဲ ရှောင်တွေကြားထဲမှာ ဘာသာရေးခွဲခြားမှုတွေကြုံတွေ့နေရတယ်လို့ ဆိုကြပါတယ်။ အဲဒီအပေါ်မှာ ဆရာရဲ့ အမြင်သဘောထားလေး သိပါရစေ။**

အဲဒါကတော့ အရမ်းကြီးရှင်းပါတယ်။ အာဏာရှင်တွေကတော့ ခေတ်အဆက်ဆက်ကတည်းက တိုင်းရင်းသားတွေကို အဲဒီလိုမျိုးပဲလုပ်နေကြဖြစ်တယ်။ မနိုင်တော့ရင် သူတို့ထုတ်သုံးမယ့်အကွက်က အဲဒါပဲရှိတယ်။ တိုင်းရင်းသားအချင်းချင်းရန်ဖြစ်အောင်၊ အထင်လွဲအောင်တမင်သက်သက်ကို လုပ်တာပေါ့လေ။ ဥပမာပြောရမယ်ဆိုရင် အခုဆီဆိုင်၊ ပင်လောင်းနဲ့ ဟိုပုံးတို့မှာ စစ်မြေပြင်ဖြစ်နေရတဲ့ ကိစ္စရပ်မှာ တိုက်နေတာကတော့ စစ်ကောင်စီနဲ့ အပေါင်းအပါတွေက တဖက်တိုက်နေကြတာ ဖြစ်မယ်။ နောက်တဖက်ကတော့ ကယားပြည်နယ်မှာရှိတဲ့ ကျွန်တော်တို့ရဲဘော် KNDFနဲ့ ညီအစ်ကိုမောင်နှမရဲဘော်တွေပါမယ်။ ပအိုဝ်း PDF ရဲဘော်လေးတွေ ပါမယ်။ ခမ်းကောင်နဲ့ ခမ်းဒွမ်ဆိုပြီး နှစ်ဖွဲ့ပေါ့။ ခမ်းကောင်ဆိုတာက တောင်ပေါ်ဖက်က ပအိုဝ်းတွေဖြစ်တယ်၊ ခမ်းဒွမ်ဆိုတာကသထုံတို့၊ ကရင် ပြည်နယ်တို့မှာရှိတဲ့ ပအိုဝ်းလူငယ်လေးတွေဖြစ်တယ်။ သူတို့ကလည်း ပါလာတယ်ပေါ့လေ။ အဲဒီလိုပါလာတာဖြစ်တဲ့အတွက် သူတို့အချင်းချင်းအထင်လွဲအောင်လုပ်ဖို့က ဒီလိုပဲလုပ်တော့တယ်လေ။ ဟိုးအရင်ခေတ်အဆက်ဆက်က ခေါင်းဆောင်တွေလက်ထက်ကတည်းက ဒီလိုပဲလုပ်ခဲ့တယ်လေ။ ဒီဘာသာရေးကို အခြေခံပြီးတော့မှ ခရစ်ယာန်တွေအများစုနေထိုင်ကြတဲ့နေရာတွေမှာဆိုရင်လည်း ခရစ်ယာန်ဘုရားကျောင်းတွေကို သူတို့သွားဖြိုတယ်။ သွားဖြိုတဲ့အထဲမှာက စစ်ကောင်စီပါတယ်၊ စစ်ကောင်စီရဲ့ အပေါင်းအပါတွေပါတယ်။ PNOလို့ခေါ်တဲ့ ပအိုဝ်းပြည်သူ့စစ်တွေလည်း အကူအညီ ပါတယ်။ အဲဒီတော့ ပအိုဝ်းတွေက ကယားတွေရဲ့ ဘာသာရေးအဆောက်အအုံတွေကို ဖျက်ဆီးတယ် ဆိုတာမျိုး မြေပြင်မှာဝါဒဖြန့်တယ်။ ဒီပအိုဝ်းဒေသမှာ စစ်ဖြစ်တဲ့အချိန်မှာလည်း ကယားဖက်က PDF တွေက ငါတို့ပအိုဝ်းဒေသကိုလာပြီးတော့ နယ်မြေလာကျူးကျော်တယ်၊ ပအိုဝ်းတွေရဲ့ ဘာသာရေးအဆောက်အအုံတွေကို လာဖျက်ဆီးတယ်။

အဖျက်ဆီးခံရတယ်ဆိုတာမျိုး မြေပြင်မှာဝါဒဖြန့်တယ်။ ပြည်သူလူထုကဖြန့်တာမဟုတ်ဘဲနဲ့ အာဏာလိုချင်တဲ့သူတွေကပဲ ဒီလိုမျိုးစကားတွေ ပြောဆိုပြီး ဝါဒဖြန့်တယ်။

နောက်တစ်ခုက ဒီပအိုဝ်းဒေသမှာဆိုရင် ဆီဆိုင်နဲ့ ကယားဒေသက နယ်စပ်လည်းဖြစ်တယ်။ ကယားပြည်နယ်ထဲမှာဆိုရင်လည်း ပအိုဝ်းတွေနေကြတဲ့ ရွာလည်းရှိတယ်၊ ဒီဖက်ကပအိုဝ်းဒေသမှာဆိုရင်လည်း ကယားတွေနေကြတဲ့ ရွာတွေလည်းရှိတယ်။ အဲဒီတော့ ဒီပအိုဝ်းဒေသမှာ နေကြတဲ့ ကယားလူမျိုးတွေဆိုရင်လည်း အကြောင်းကိစ္စမခိုင်လုံဘဲနဲ့ ကယားလူမျိုးဖြစ်နေလို့ဆိုပြီး သက်သက်မဲ့ အပြစ်မရှိအပြစ်ရှာပြီးဖမ်းတယ်။ စကားတွေနဲ့စော်ကားတယ်။ အဲဒီလိုအချိန်ကြရင် တကယ့်အောက်ခြေ မြေပြင်က လူတန်းစားတွေက သိပ်ပြီးတော့အကြောင်းမသိတဲ့လူတွေကဆိုရင် သိပ်ပြီးတော့ မစဉ်းစားမတွေးတတ်တဲ့သူတွေဆိုရင် သူတို့ပြောတဲ့အတိုင်းထင်ကြမှာပဲလေ။ အဲဒီလိုဖြစ်အောင်ကို တကယ် ဖန်တီးနေတာ။ ကယားပြည်နယ်ဖက်ကလာတဲ့စစ်ရှောင်တွေကိုလည်း ဆီဆိုင်မှာ လက်မခံနဲ့လို့ ပြောတာကလည်း အာဏာရှင်နဲ့ အပေါင်းအပါတသိုက်ကပဲဖြစ်တယ်။ အဲဒီဟာဆိုရင်လည်း ဘယ်လိုပဲပြောပြော အဲဒီစကားတွေကိုကြားရတဲ့ ကယားညီအစ်ကိုမောင်နှမ တသိုက်ကဝမ်းနည်း စရာလည်းဖြစ်သွားစေနိုင်သလို စိတ်ထဲမှာနာကျည်းစရာလည်း ဖြစ်ချင်ဖြစ်သွား နိုင်တယ်လေ။ အကြောင်းကိစ္စကိုခိုင်ခိုင်လုံလုံမသိခဲ့ရင် အဲဒီလိုလည်းဖြစ်ချင်ဖြစ်သွားနိုင်တယ်လေ။ လူ့သဘာဝ သဘောတရားအရကတော့ အထင်လွဲစရာတွေက ထိပ်ဆုံးကဖြစ်ချင်လည်း ဖြစ်နေနိုင်တာပဲလေ။ စစ်ကောင်စီကတော့ ကျွန်တော်တို့တိုင်းရင်းသားတွေရဲ့ အဲဒီအားနည်းချက်ကို ချုပ်ကိုင်ပြီးတော့မှ အဲဒီလမ်းစဉ်အတိုင်း လုပ်နေဆဲပဲဖြစ်တယ်လို့ ပြောချင်တယ်။ တစ်ခုရှိတာက အဲဒီလမ်းစဉ်ကို မလိုက်တော့ဘဲနဲ့ ခေတ်ရေစီးကြောင်းအရ၊ အမြင်ပွင့်လင်းလာမှုအရ အထင်မလွဲတဲ့ အုပ်စုလည်းရှိသလို အစောနားကပြောသလို အထင်လွဲကြတဲ့သူတွေလည်း ရှိတာပေါ့။

**(၆) လက်ရှိပအိုဝ်းဒေသ၊ နှစ်ဘက်တိုက်ပွဲတွေကြောင့် ဟိုပုံး၊ ဆီဆိုင်မြို့နယ်နဲ့ ဆက်စပ်နေရာတွေမှာ တိုက်ပွဲ ရှောင်ပြည်သူ အရေအတွက် ဘယ်လောက်ရှိပြီလဲ။ တဘက်က ဒီပဋိပက္ခတွေကြောင့် ပအိုဝ်း လူထုတွေကြားမှာ ဘယ်လိုသက်ရောက်မှု ရှိလာနိုင်ပါသလဲ။ (PNO နဲ့ PNLO) အဖွဲ့အစည်း ၂ခုကလည်း အားကောင်းစွာနဲ့ ရပ်တည်လှုပ်ရှားနိုင်နေကြတာ တွေ့ရပါတယ်။**

ဒီမေးခွန်းကိုဖြေရမယ်ဆိုရင် ပထမဆုံးအနေနဲ့ ကျွန်တော်တို့ပအိုဝ်းလူမျိုးတွေကတော့ လူကြီးလူငယ် အားလုံး စည်းစည်းလုံးလုံးရှိနေဖို့လိုတယ်။ ကိုယ်သွားနေတဲ့ရည်မှန်းချက်ပန်းတိုင်က ဘယ်လိုနည်းလမ်း နဲ့ပဲ သွားသွား

ပန်းတိုင်ကတူနေဖို့လိုတယ်။ အချင်းချင်းရန်ဖြစ်နေတဲ့ ကိစ္စရပ်တွေကလည်း နည်းနိုင်သမျှ နည်းအောင်လုပ်ဖို့လိုတယ်။ အဓိကအရေးကြီးဆုံးက ကိုယ့်လူမျိုးအတွက်၊ ကိုယ့်တိုင်းပြည်အတွက် အလုပ်လုပ်နေတဲ့ ဘယ်အဖွဲ့အစည်းမဆို နိုင်ငံရေးရပ်တည်ချက်ခိုင်မာဖို့ လိုတယ်။ ဟိုဖက်ကို ယိုင်းလိုက်၊ ဒီဖက်ကိုယိုင်းလိုက်နဲ့ သာပေါင်းညာစားဆိုတာမျိုးတွေ လုံးဝမရှိဖို့လိုပါတယ်။ ဒါကတော့ အရိုးရှင်းဆုံးနဲ့ အဓိကကျတဲ့အချက်လို့ သုံးသပ်ရှုမြင်မိပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့လူငယ်တွေအနေနဲ့ ကျွန်တော်တို့ထက် အများကြီးခြေလှမ်းသာနေတဲ့ တခြားသောတိုင်းရင်းသားရဲဘော်ညီအစ်ကိုမောင်နှမတွေကို ကြည့်ပြီးတော့ စုစုစည်းစည်းနဲ့ လုပ်ကိုင်နိုင်ဖို့ အများကြီးလိုအပ်သလို အရမ်းလည်းအရေးကြီးပါတယ်။

> **ကျွန်တော်တို့လူငယ်တွေအနေနဲ့ ကျွန်တော်တို့ထက် အများကြီးခြေလှမ်းသာနေတဲ့ တခြားသောတိုင်းရင်းသား ရဲဘော်ညီအစ်ကိုမောင်နှမတွေကို ကြည့်ပြီးတော့ စုစုစည်းစည်းနဲ့ လုပ်ကိုင်နိုင်ဖို့ အများကြီးလိုအပ်သလို အရမ်းလည်းအရေးကြီးပါတယ်။**



# မြန်မာ့စစ်တပ်ရဲ့ ဖွဲ့စည်းပုံ၊ အဆင့်ဆင့်စုဖွဲ့မှု နိုင်ငံရေး စုဖွဲ့မှုတပ်အင်းအားမျှခြေတို့နဲ့ ပတ်သက်ပြီး မေးမြန်းချက်

## CDM တပ်ကြပ်ကြီး ဟန်လျန်ပြန်းနဲ့ တွေ့ဆုံခြင်း

**အယ်ဒီတာအဖွဲ့**

**CDM** ဝင်လာသူ ဒုတပ်ကြပ်ကြီး ဟန်လျန်ပြန်းဟာ ချင်းပြည်နယ်၊ ဟားခါးမြို့အခြေစိုက် နမခဒုတိုင်းမှူးရုံးမှ အဓိက အမှုတွဲကိုင် စာရေးအနေနဲ့ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။

**မြန်မာစစ်တပ်ရဲ့ အုပ်ချုပ်ရေးဘက်မှာ နှစ်ပေါင်းအတော်ကြာ ဆရာက တာဝန်ထမ်းဆောင်ခဲ့သူဆိုတော့ စစ်တပ်ရဲ့ ဖွဲ့စည်းပုံ အကြောင်းကိုလည်း နည်းနည်းရှင်းပြပေးပါအုံး။ ဗဟိုကနေ အောက်ခြေတိုင်း အဆင့်ထိ အဆင့်ဆင့် ကွပ်ကဲစုဖွဲ့မှု၊ အပြင် နိုင်ငံရေးဆိုင်ရာ စုဖွဲ့မှုနဲ့ တပ်ဂုအင်အားမျှခြေက ဘယ်လောက်ရှိနိုင်သလဲ။ ဒီအပေါ်မှာ ပြည်သူလူထုတွေ နားလည် နိုင်အောင် ရှင်းပြပေးပါဦး။**

စစ်တပ်ဆိုရင် လက်ရှိမြန်မာ့တပ်မတော်ကို စတင်ဖွဲ့စည်းတဲ့အချိန်ကနေစပြီး ပြောစေချင်တယ်။ နားလည်ရ လွယ်အောင် မြန်မာ့တပ်မတော်လို့ခေါ်နေခဲ့ပေမယ့် မြန်မာစစ်တပ်ကို ပထမဦးဆုံး ဗိုလ်ချုပ်အောင်ဆန်းတို့က BIA ဆိုပြီးဖွဲ့စည်းခဲ့တာဖြစ်တယ်။ ဂျပန်ခေတ်ရောက်တော့ BDF ဖြစ်လာတယ်။ ဂျပန်ခေတ်မှာ တော်လှန်ရင်းနဲ့ လုပ်လာခဲ့ပေမယ့် ဂျပန်တို့ကို အဓိကတော်လှန်ခဲ့တာက တပ်မတော်ကမဟုတ်ခဲ့ပါဘူး။ ပြည်သူလူထုကနေ တော်လှန်ရင်းနဲ့ အဲဒီတော်လှန်ရေးတပ်တွေနဲ့ပူးပေါင်းပြီးတော့ မျိုးချစ်တပ်သားတွေနဲ့ မိခင်တပ်သားတွေ ပူးပေါင်းပြီးတော့မှ ဗမာ့မျိုးချစ်တပ်မတော်ဖြစ်လာ

တယ်။ လွတ်လပ်ရေးရတော့မယ်ဆိုရင် ဂန္ဒီစာချုပ်အရ အိန္ဒိယ၊ မြန်မာတွေကို စစ်တပ်ဖွဲ့စည်းပုံကို အင်္ဂလန်ကိုနေရာချပေးတယ်။

အဲဒီလိုချပေးလိုက်လို့ ဗမာ့တပ်မတော်ကို ပြင်ဆင်ဖွဲ့စည်းတယ်။ အဲဒါကြောင့် မျိုးချစ်တပ်မတော်ကို ဖျက်သိမ်းပြီးတော့ ဗမာ့တပ်မတော်ကိုဖွဲ့စည်းလိုက်တယ်။ အင်းစိန်တိုက်ပွဲ၊ ကရင်နဲ့တိုက်ပွဲဖြစ်ပြီးနောက်မှာ ချင်းတပ်တွေကို ဗမာ့တပ်မတော်ကနေဖျက်သိမ်းလိုက်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် နင်တို့ကိုယ့်ဟာကိုယ်နေရင် ကချင်တွေရဲ့ရန်၊ ကရင်တွေရဲ့ရန်ကနေ ကင်းလွတ်နိုင်မှာမဟုတ်တဲ့အတွက် ငါတို့နဲ့ပူးပေါင်းဆိုပြီး ချင်းတပ်က တပ်ရင်းတစ်ရင်းစီတိုင်းမှာ ဗမာစစ်သား ၂ယောက်၊ ၃ယောက်လောက်ကို ဖြန့်ကျက်လိုက်ပြီးတော့မှ မြန်မာ့ တပ်မတော်လို့ ကြေညာလိုက်တာ။ အဲဒီလိုဖွဲ့စည်းလိုက်ရင်းနဲ့ ဖွဲ့စည်းပုံကိုသူတို့က ဘယ်လိုသွားလဲဆိုတော့ ကညဖ၇၀ဖွဲ့စည်းပုံဆိုတာရှိတယ်။  ပြီးရင် အကြံပြုဖွဲ့စည်းပုံဆိုတာ ရှိတယ်။ အကြံပြုဖွဲ့စည်းပုံအရ တပ်ရင်းတစ်ရင်းမှာ ဥပမာအနေနဲ့ အင်အား ၂၀၀ ရှိတယ်ဆိုရင် ဘယ်လိုမျိုးစနစ်နဲ့လုပ်ရမလဲဆိုတဲ့ ဖွဲ့စည်းပုံရှိတယ်။ အကြံပြုဖွဲ့စည်းပုံမှာ တပ်ခွဲတစ်ခွဲကို အင်အား ၇၀ နဲ့လုပ်မယ်ဆိုရင် တပ်ရင်းတစ်ရင်းမှာ အင်အား ဘယ်လောက်ရှိရမယ်ဆိုတဲ့ ဖွဲ့စည်းပုံတွေရှိပါတယ်။

အဲဒီလိုမျိုးစုဖွဲ့ရင်းနဲ့  ခြေလျင်ခြေမြန်စုဖွဲ့မှု၊  ပြီးရင်အဲဒီခြေလျင်ခြေမြန်တပ်ရင်းတွေအပြင် ဝန်ထမ်းတပ်တွေ၊ လက်ရုံးတပ်တွေနဲ့ ကွပ်ကဲမှုဌာနချုပ်ဆို ရှိရတယ်။ အဲဒါမျိုးတွေကြ ဘယ်လိုချိတ်ဆက်သလဲဆိုရင် ဥပမာ–လက်ရုံးတပ်တွေရဲ့ လုပ်ငန်းကဏ္ဍအပေါ်မှာမူတည်ပြီး သူတို့မှာ ကွပ်ကဲမှုဌာနဆိုတာ ရှိကြတယ်။ ထောက်ပို့ တပ်ဆိုရင် ထောက်ပို့ရဲ့ကွပ်ကဲမှုဌာနလို့ခေါ်တယ်၊ တပ်က တပ်မတော်ထောက်ပံ့ပို့ဆောင်ရေးတပ်ဌာနချုပ်ပေ့ါ။ အဲဒီလိုတွေရှိတယ်၊ ထို့အတူပဲ ခြေလျင်ခြေမြန်တွေအကုန်လုံးစုဖွဲ့ထားတဲ့ ကွပ်ကဲမှုက ကစထလို့ခေါ်တယ်။ အထူးစစ်ဆင်ရေးအဖွဲ့မှူးရုံးဆိုပြီး သွားတယ်၊ အဲဒီလိုကနေ ခြေလျင်ခြေမြန်တပ်တွေအပြင် ကစထရဲ့ လက်အောက်မှာ ဘာတွေရှိသေးလဲဆိုရင် ကကမတွေရှိတယ်။ ပြီးရင်မြေပြင်မှာ အုပ်ချုပ်မှုအနေနဲ့ တော်တော် များများက ခြေလျင်နဲ့ခြေမြန်ဘာတွေကွဲပြားမှုရှိကြလဲဆိုရင် ခြေလျင်ခြေမြန်ဆိုတာ စစ်တပ်ရဲ့ဖွဲ့စည်းပုံတစ်ခုက တစ်ခုပဲရှိသေးတယ်။

သို့သော် တာဝန်ထမ်းဆောင်မှုက မတူဘူး။ ခြေလျင်ဆိုတာက အဓိကနယ်မြေလုံခြုံရေးအရ တာဝန်ထမ်း ဆောင်ရတယ်။ ခြေမြန်တွေဆိုတာက အဓိကချေမှုန်းရေးတွေ လုပ်ရတယ်။ နယ်မြေရှင်းလင်းမှုတွေလုပ်ရတယ်။ အဓိကတိုက်စစ်တွေဆင်ရတယ်။ ဒါကခြေမြန်တပ်ရင်းတွေပေ့ါ၊ ခြေလျင်ဆိုတာက အဓိကကတော့ စခန်းတွေထိုင်ရတယ်။ ရှေ့တန်းစခန်းဆိုရင် ဘယ်

စခန်းပဲဖြစ်ဖြစ် အမြဲတမ်းခြေလျင်ကပဲ ထိုင်နေရတယ်။ အဲဒီလို နယ်မြေလုံခြုံရေးတွေကို အဓိကလုပ်ရတယ်၊ နယ်မြေစိုးမိုးရေးနဲ့ နယ်မြေချေမှုန်းရေးတွေက ခြေမြန်တပ်မတွေက လုပ်ရတယ်။ ဒါပေမယ့် ကွပ်ကဲမှုမတူဘူး၊ ခြေမြန်တပ်မတွေကြ တပ်ရင်း၁၀ရင်းကို တပ်မတစ်ခုလုပ်တယ်၊ ခြေလျင်တွေကြရင် တပ်ရင်း၃ရင်းကို တစ်ဗျူဟာဖြစ်သွားတယ်။ ၃ရင်းကို တစ်ဗျူဟာဖြစ်ပြီး ၃ဗျူဟာကို တပ်မတစ်ခုဖြစ်သွားပြန်တယ်။ ဒါပေမယ့် ခြေမြန်တပ်မတွေမှာ အဲဒီလိုမျိုး ဗျူဟာမှူးမရှိပြန်ဘူး။ တပ်မစနစ်နဲ့ပဲ အုပ်ချုပ်သွားပြန်တယ်။

သူတို့မှာဗျူဟာမှူးရှိခဲ့ရင်လည်း စစ်ရေးအရဗျူဟာကိုရေးဆွဲတဲ့ အဖွဲ့ကော်မတီတွေပဲရှိတယ်၊ ဗျူဟာအဖွဲ့တွေပဲ ရှိတယ်။ ဘယ်လိုပြောရမလဲဆိုရင် မဟာဗျူဟာရေးဆွဲတဲ့ အဖွဲ့တွေပေါ့။ သူတို့မှာ တပ်မတွေရဲ့အထက်မှာ တိုင်းစစ်ဌာနတိုက်ရိုက်ရှိတယ်။ ခြေလျင်တွေကြရင် မတူပြန်ဘူး၊ လက်နက်ကိုင်စစ်တိုက်ရတဲ့ ခြေလျင်တွေထဲမှာ ၃ရင်းကို တစ်ဗျူဟာ၊ အဲဒီဗျူဟာက ကွပ်ကဲတယ်။ အဲဒီဗျူဟာတွေရဲ့အထက်မှာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်ဆိုတဲ့ ဒကစတွေရှိတယ်။ အဲဒီဒကစတွေကနေတဆင့် တိုင်းကိုသွားကြတယ်။

တော်လှန်ရေးရဲဘော်တချို့က စစ်တပ်ရဲ့ဖွဲ့စည်းပုံအရ စစ်တပ်ကို တပ်တွင်းပုန်ကန်မှုဘယ်လိုဖြစ်လာအောင် စည်းရုံးရမလဲလို့ပြောကြတယ်။ အဲဒါက မဖြစ်နိုင်ဘူး။ ဥပမာ–သူ့ဗျူဟာကိုပုန်ကန်ခဲ့ရင် ဒကစက ရှိသေးတယ်။ ဒကစကို ပုန်ကန်မယ်ဆိုရင်လည်း တိုင်းစစ်ဌာနချုပ်က ရှိသေးတယ်။ ဘယ်လိုမှ သူတို့ရှုန်းထွက်လို့ မရပါဘူး။

ပြီးတော့ တစ်မြို့မှာ တစ်တပ်ပဲထားတယ်ဆိုတာ ရှားတယ်၊ နည်းတယ်။ အဲဒါတွေက အဓိကက ခြေလျင်တွေပဲ ထားတယ်။ အဲဒီလိုမှမဟုတ်



ရှိတယ်။ ဥပမာ–အထိုင်တပ်ဆိုတာက ထောက်ပို့တို့၊ GEတပ်တို့၊ လက်နက်ပြု ပြင်ရေးတပ်တို့၊ ယာဉ်သိုလှောင်ရေးတပ်တို့ အစရှိတဲ့တပ်တွေကို ပူးတွဲပြီး တစ်မြို့တည်းမှာ ထားတယ်။ တပ်ရင်းတစ်ရင်းက ပုန်ကန်ရင် ဘေးနားမှာ သူ့ကို ထိန်းပေးဖို့က တပ်ရင်းတစ်ရင်းရှိတယ်။ စစ်တပ်ရဲ့စုဖွဲ့မှုက အခုချိန်ထိ ခြေလျင်ခြေမြန်ပေါင်းရင် ၅၂၂ရင်း ရှိတယ်။ ပြီးရင် တပ်တွေအားလုံးကို ကွပ်ကဲ ရတဲ့ ကွပ်ကဲမှုဌာနဆိုတာ ရှိတယ်။ အဲဒီကွပ်ကဲမှုဌာနက ၉၃ဌာနရှိတယ်။ စစ်တိုက်တာမဟုတ်တဲ့ လုံးဝအထိုင်တပ်က ၆၈၅ခုရှိတယ်။ တပ်ရင်းပေ့ါ၊ ပြီး ရင် လေတပ်က တစ်နိုင်ငံလုံးမှာ တပ်ရင်း ၂၀ရှိတယ်။ ရေတပ်က ၆၄တပ်ရင်း ရှိတယ်။ အကုန်လုံးပေါင်းရင် ၁၈၄၃တပ်ရင်းရှိတယ်။

အကုန်လုံးက ကွပ်ကဲမှုတွေက ဘယ်လိုသွားလဲဆိုတော့ လေတပ်ဆို ရင် လေတပ်ချုပ်ရှိတယ်၊ ရေတပ်ဆိုရင် ရေတပ်ချုပ်ရှိတယ်။ ဒါပေမယ့် ရေ၊ လေမဟုတ်တဲ့ ကွပ်ကဲမှု၊ အထိုင်တပ်တွေနဲ့ ခြေလျင်ခြေမြန်တပ်တွေကတော့ ကြည်းတပ်လို့ ခေါ်တယ်။ အဲဒီကြည်းတပ်ရဲ့ ကြည်းတပ်မှူးက အကုန်လုံးရဲ့ တပ်မှူးဖြစ်သွားတယ်။ စစ်တပ်ရဲ့ သွားနေတဲ့ဖွဲ့စည်းပုံစံစနစ်ပေ့ါနော်။ မင်း အောင်လှိုင်က ကြည်းတပ်က တပ်မှူး၊ တပ်မှူးတွေရဲ့ ဦးစီးချုပ်ဖြစ်တယ်။ သို့သော် စစ်တပ်တစ်ခုလုံးရဲ့ ဦးစီးချုပ်လည်း ဖြစ်တယ်။ ရေတပ်နဲ့ လေတပ် က စစ်ဦးစီးချုပ်တွေက ကာကွယ်ရေး စစ်ဦးစီးချုပ်အဖြစ် နောက်နောင်မှာ ဖြစ်ခွင့်ရှိလားဆိုတော့ ဖြစ်နိုင်ခြေနည်းတယ်။ အဓိကက ကြည်းတပ်ကပဲ ဖြစ် တယ်။ ဘာကြောင့်လဲဆိုတော့ တိုက်ပွဲအတွေ့အကြုံကပဲ အမှတ်ပေးသွား တယ်။ စစ်မြေပြင်အုပ်ချုပ်မှု၊ စစ်မြေပြင်အရည်အချင်းစတဲ့ ဒီဂရီတွေနဲ့ပဲ သွား ကြတာ။ စာပေဘွဲ့တွေနဲ့ပဲ သွားတာမဟုတ်ဘူး။

အဲဒီလိုသွားကြတော့ စစ်တပ်တစ်ခုက ဥပမာ–နိုင်ငံရေးမပါခဲ့ ရင် လက်ရှိမှာသေချာတယ်၊ ကျွန်တော်တို့အလုပ်က မရှိဘူး။ သို့သော် တောက်လျှောက်ပြည်တွင်းစစ်တွေဖြစ်တယ်။ ပြည်တွင်းစစတွေဖြစ်လာတဲ့ အခါကြတော့ ပြည်တွင်းစစ်အမည်ခံရင်းနဲ့ နိုင်ငံရေးကိုဆုပ်ကိုင်လာကြတယ်။ ပြီးတော့ ပြည်တွင်းစစ်ဖြစ်အောင်၊ နိုင်ငံရေး ဆုပ်ကိုင်လို့ရအောင် စစ်တပ်ကပဲ ဖန်တီးလာခဲ့တာ။ တိုင်းရင်းသားတွေရဲ့ အလိုဆန္ဒကို မပေးဘူး၊ မပြည့်မြောက် လုပ်တာကလည်း သူတို့ပဲ။ ပြီးတော့မှ ပြဿနာဖြစ်တော့မှ သူတို့ကပဲ ပွကြီး လုပ်တာပေ့ါ။ အဲဒါရောနှောပြီးတော့ သူတို့က သူတို့ရဲ့ဖွဲ့စည်းပုံကို စုဖွဲ့ထား တယ်။ ပြီးတော့ စစ်တပ်ရဲ့ ဖွဲ့စည်းပုံမှာ ဒီဟာကတော့ ဖွဲ့စည်းပုံရဲ့ သဘော ပေ့ါ။

ပြီးရင် မြန်မာစစ်တပ်ရဲ့ စုဖွဲ့မှုပေ့ါ၊ သူတို့ရဲ့ စုဖွဲ့မှုက ဘယ်လိုလုပ်လဲဆို ရင် ဥပမာ–ချင်းပြည်နယ်မှာ သူတို့က စစ်အင်အားဖြည့်မယ်ဆိုရင် လက်ရှိချင်း ပြည်မှာရှိတာက တောင်ပိုင်းမှာဆိုရင် တပ်မတွေရှိတယ်၊ မြောက်ပိုင်း ဖြစ်

တဲ့ ဟားခါး၊ ဖလမ်း၊ တီးတိန်တို့မှာဆိုရင် ခြေလျင်တပ်ရင်းတွေရှိတယ်။ မတူပီကွပ်ကဲမှုအောက်မှာကြတော့ ခြေလျင်တွေမဟုတ်ဘူး၊ တပ်မဖြစ်သွားပြန်တယ်။ အဲဒီလိုမျိုး တစ်ပြည်နယ်မှာ ခြေလျင်နဲ့ခြေမြန်ကို ရောနှောပြီး ထားထားတယ်။ အဲဒီကြားထဲမှာ ကွပ်ကဲမှုဌာနချုပ်တွေရှိတယ်၊ ချင်းပြည်နယ်ကို ဘယ်လိုကွပ်ကဲလာလဲဆိုရင် ဒီဖက်မှာဆိုရင် ဒကစ၊ ဟိုဖက်မှာဆိုရင် ကျောက်ထို့။ အဲဒီလိုမျိုးနဲ့ ကွပ်ကဲမှုဌာနကို စုဖွဲ့ထားတယ်။ တစ်ခုခု ဖြစ်လာပြီဆိုရင် အဲဒီစုဖွဲ့မှုဌာနရဲ့ ဌာနအင်အားအရပဲ ဖြည့်ကြတယ်။ လိုအပ်ရင် အထိုင်တပ်က တပ်သားတွေကို လက်နကပေးပြီးတော့ ရှေ့တန်းတက်ရတယ်။

သူတို့ရဲ့ လူအင်အားစုဖွဲ့မှုက ပြည့်နေရင် အရန်အင်အားအနေနဲ့ ဘယ်လိုစုဖွဲ့ထားလဲဆိုရင် ဥပမာ–တပ်ရင်းတစ်ရင်းမှာ ခြေလျင်၊ ခြေမြန်ဆိုရင် အင်အား ၂၀၀ပြည့်နေဖို့ဆိုတာ မလွယ်ဘူးလေ။ အရင်တုန်းက ကျွန်တော်တို့ဦးလေးတွေခေတ်တုန်းက စစ်တပ်ထဲမှာ ကျွန်တော့်ရဲ့ စစ်သား၊ စစ်ဗိုလ်တွေ ရှိဖူးတယ်။ သူတို့ခေတ်တုန်းကဆိုရင် တပ်ရင်းတစ်ရင်းမှာ ခြေလျင်၊ ခြေမြန်မှာဆိုရင် အင်အား ၈၀၀လောက်ရှိဖူးတယ်။ ဦးသန်းရွှေမတိုင်ခင်ကပေါ့နော်၊ အင်းစိန်တိုက်ပွဲခေတ်ကာလတုန်းကဆိုရင် တပ်ရင်းတစ်ရင်းကို အင်အား ၈၀၀လောက်ရှိတယ်။ လက်ရှိမှာတော့ အဲဒီလိုမဟုတ်တော့ဘူး။ အဲဒီတုန်းက ခြေလျင်ခြေမြန်တပ်ရင်းက တပ်ရင်း ၂၀၀ကျော်လောက်ပဲရှိတယ်။ ဒါပေမယ့် အခုကြတော့ ၅၀၀ကျော်ဖြစ်သွားပြီ။ ကာကွယ်ရေးဦးစီးချုပ်ရဲ့ ရာထူးကို ဗိုလ်ချုပ်ကြီးမဟုတ်တော့ဘဲနဲ့ ဗိုလ်ချုပ်မှူးကြီးဆိုပြီး ရာထူးတိုးလိုက်တဲ့အချိန်မှာ ဖွဲ့စည်းပုံက ဖြန့်ပလိုက်တာ။



အဲဒီလိုချဲ့လိုက်တဲ့အချိန်မှာ တပ်ရင်းတွေရဲ့ ဖွဲ့စည်းပုံက မပြည့်တော့ဘူး။ မပြည့်တော့ဘဲ ရှိတဲ့အင်အားနဲ့ပဲ ဖွဲ့စည်းလိုက်တဲ့အခါကြတော့ တပ်ရင်းတစ်ရင်းမှာ ၂၀၀လောက်ပဲ ဖြစ်သွားတယ်။ ပျှမ်းမျှအားဖြင့် တချို့အထိုင်တပ် တွေမှာ တပ်ရင်းတစ်ရင်းရဲ့ အင်အားက

၃၀၀၊ ၄၀၀ထိရှိတဲ့တပ်တွေလည်း ရှိပါတယ်။ ဒါပေမယ့် ခြေလျင်၊ ခြေမြန်မှာ ကြတော့ အင်အား ၂၀၀ပြည့်တဲ့တပ်ရင်းတွေဆိုတာ ရှားပါတယ်။ တပ်ရင်း ၁၀၀မှာဆိုရင် တစ်ရင်းတောင် မရှိပါဘူး။ ဒါပေမယ့် ဒီတော်လှန်ရေးနောက်ပိုင်း မှာတော့ အင်အားတော်တော်တိုးလာတယ်။ အာဏာသိမ်းပြီး တော့မှ စစ်တပ် ရဲ့သင်တန်းတွေကို ဘယ်သူမှသွားမတက်တော့ဘူး။။ ဆန္ဒပြလို့ ပစ်ခတ်ပြီး တစ်နိုင်ငံ လုံးရှုန်းရင်း ဆန်ခတ်ဖြစ်နေတဲ့အချိန်မှာ အကုန်လုံးကို ဖမ်းပြီး တပ် ထဲမဝင်ရင် ထောင်ချမယ်။ ဒီလိုနဲ့ပဲ လူငယ်တွေကို အတင်းအဓမ္မ စစ်တပ်ထဲ သွင်းတယ်။

အခုလက်ရှိ ကျွန်တော့်ဆီမှာ CDMလုပ်တဲ့ရဲဘော်တွေဆိုရင်လည်း သူတို့အနေနဲ့ အဲဒီလိုကြုံခဲ့ရပြီး ပြန်မထွက်ပြေးနိုင်ဘဲနဲ့ တပ်ထဲလိုက်ရတော့ CDMလုပ်လာကြတာတွေ။ အဲဒီလိုလုပ်ရင်းနဲ့ တပ်ရင်းတစ်ရင်းကို အင်အား ၂၀၀ပြည့်အောင် သူတို့ဖြည့်လာတယ်။ အဓိကတော့ ဆန္ဒပြတဲ့သူတွေကို ဖမ်းပြီးတော့ ပြန်ထွက်ခွင့် မပေးတော့တာပေ့ါ။ မိန်းကလေးဆိုရင် ရဲမေ တာဝန်ထမ်းဆောင်ခိုင်းတယ်။ အဲဒါတွေကြောင့်ပဲ တော်လှန်ရေး အင်အား က တော်တော်ထိခိုက်သွားတယ်။ ဆန္ဒပြတုန်းက အလုံးအရင်းနဲ့၊ တကယ့် တော်လှန်ရေးလက်နက် ကိုင်လာကြတော့မှ အကုန်လုံးပျောက်ကုန်တယ်။ ဒါ တွေကြကတော့ သူတို့ရဲ့ဖိနှိပ်မှုစနစ်အပေါ်မှာ ခံရတဲ့အတွက် လက်ရှိမှာတော့ စစ်ကောင်စီတပ်ရဲ့ တပ်ရင်းတွေကို အင်အားပျှမ်းမျှ ၂၀၀အနေနဲ့တွက်လို့ရ တယ်။ ခြေလျင်၊ ခြေမြန်ကို ၂၀၀နဲ့တွက်လိုက်ရင် အနည်းဆုံးတော့ ၂သိန်းခွဲ နဲ့ ၃သိန်းကြားရှိတယ်။ ဒါက တိုက်ခိုက်ရေး အင်အားပေ့ါ။

အပြင်မှာကတော့ CDMလုပ်လာတဲ့ စစ်ဗိုလ်၊ စစ်သားတချို့အနေနဲ့ ဝေဖန်မှုတွေရှိပါတယ်။ အဲဒီလောက် မရှိဘူးပေ့ါ။ တကယ်အင်အားကတော့ သူတို့အမြဲကစားတယ်။ တစ်နှစ်ကို သူတို့က အင်အားအတိုးနှုန်းက တစ်သိန်း လုပ်ထားတယ်ဆိုရင် ဆုံးရှုံးမှုအင်အားက အနည်းဆုံးတော့ ၅၀၀၀၀လောက် ရှိတယ်။ အဲဒီလိုသူတို့က လုပ်ထားတယ်။ ပြီးရင် ကျွန်တော်တို့တော်လှန်ရေး လုပ်တဲ့အချိန်မှာ စစ်သားတိုက်ခိုက်ရေးအင်အားတစ်ခုတည်းပဲ ကြည့်လို့မရ ဘူး။ အဓိကက သူတို့ရဲ့အရန်အင်အားကို ကြည့်ရမှာ။ သူတို့ရဲ့စုဖွဲ့မှုအရ အရန် အင်အားက သူတို့ရဲတွေ၊ စစ်သားတွေရဲ့ မိန်းမတွေ၊ စစ်သားသားသမီးတွေ ပေ့ါ။ စစ်သားတစ်ဦးရဲ့ မိသားစုဝင်တွေအားလုံးကို စစ်တပ်က တပ်တွင်းထဲ မှာပဲထားတာဆိုတော့ အဲဒီတပ်ရဲ့ လုံခြုံရေးကို သူတို့ကပဲတာဝန်ထမ်းဆောင် ရမယ်။ အဲဒါကြောင့် စစ်တပ်တစ်တပ်ရဲ့အင်အားကိုကြည့်မယ်ဆိုရင် စစ်သား အင်အားကိုပဲကြည့်လို့မရတော့ဘူး။

ဒ့ါအပြင် လက်ရှိသူတို့ရဲ့ထိန်းချုပ်မှုနယ်မြေမှာဆိုလို့ရှိရင် ဘာ

တွေသွားကြည့်ရမလဲဆိုတော့ မီးသတ်တွေ၊ ကြက်ခြေနီတွေ၊ ဝန်ထမ်း ဌာနကာကွယ်ရေးအောက်က ဝန်ထမ်းတွေပေ့ါ။ ဒါကသူတို့အတွက် အရန် အင်အားစု တွေပဲ။ ပြီးတော့ လက်ရှိအချိန်မှာ စစ်ကိုင်းတိုင်းဖက်မှာဆိုရင် ပြည်သူ့စစ်သင်တန်းတွေ စနေပြီလေ။ ဒီဟာတွေကို ကျွန်တော်တို့က ခုခံ ကာကွယ်ဖို့လိုတယ်။ သူတို့ရဲ့အရန်အင်အားစုဖွဲ့မှုတွေကို ချေမှုန်းနိုင်မှ စစ် ရေးက ကျွန်တော်တို့က ဦးထောင်လာနိုင်မှာ။ အဲဒီလိုမဟုတ်ဘဲနဲ့ စစ်တပ်က အင်အားတစ်သိန်းလောက်ပဲရှိပါတယ်၊ ကျွန်တော်တို့က အင်အား ၂သိန်းနဲ့ပြန် တိုက်ရင်နိုင်ပါတယ်ဆိုတာလောက်နဲ့ ဘာမှမရပါဘူး။ အဲဒါကြောင့် လက်ရှိ တော်လှန်ရေးအင်အားအစုအဖွဲ့တွေအားလုံးကိုလည်း ချင်း၊ ကချင်၊ ရှမ်းပေ့ါ၊ ကျွန်တော်တို့ကို အဓိကအနေနဲ့ ရှမ်းကိုသင်ခန်းစာယူပြီးတော့ ဒီလိုမဖြစ် အောင် သင်ခန်းစာယူရမှာပေ့ါနော်။ ကချင်နဲ့ကရင်ဆိုရင် တော်ပါ သေးတယ်၊ လူမျိုးနွယ်စုနဲ့ ဘာသာစကားနည်းတော့လေ။ ကျွန်တော်တို့ချင်းမှာဆိုရင် ဘာသာစကား အများကြီး ရှိတယ်။ တစ်နယ်နဲ့တစ်နယ် ဘာသာစကားမတူ ကြဘူး။ ဒီလိုအခြေအနေမှာ အမျိုးသားရေးကြောင့် စစ်တပ်ရဲ့ စုဖွဲ့မှုအင်အား နဲ့ တော်လှန်ရေးကိုယ့်အင်အားစုတွေကို ပျက်ပြားစေနိုင်တဲ့အရာတွေ အများ ကြီးဖြစ်ပေါ်စေတယ်။ လူမျိုးတစ်မျိုးအနေနဲ့သွားလိုက်မယ်၊ ကိုယ့်အမျိုးသား ရေးအင်အားတစ်ခုတည်းအနေနဲ့ပဲ သွားလိုက်မယ်ဆိုရင် အဲဒါက သွားပြီ။ စစ်တပ်အတွက် လက်နက်ဖြစ်သွားမှာ၊ တော်လှန်စရာမလိုဘဲနဲ့ကို ကိုယ့်ကို ကိုယ်က သူတို့အတွက် လက်နက်ဖြစ်နေမှာ။

စစ်တပ်ရဲ့လက်ရှိအုပ်ချုပ်မှုစနစ်က ရာထူးအပြောင်းအလဲတွေကို ပြောမယ်ဆိုရင် စစ်တပ်မှာပုံမှန်အားဖြင့် တာဝန်ထမ်းဆောင်နေတဲ့အချိန်ဆို တပ်ခွဲမှူးအနေနဲ့ တပ်ခွဲမှူးဆိုတာက ၃ပွင့်နဲ့စတာပေ့ါ။ ၃ပွင့်ဆိုရင် အနည်းဆုံး အနေနဲ့ ဒေသတစ်ခုမှာ ၂နှစ်ပဲတာဝန်ထမ်းဆောင်ရတယ်၊ ၂နှစ်ပြည့်သွားရင် တော့ လျှောက်လို့ရတယ်။ ဒါပေမယ့် တချို့က ၅နှစ်ထားတာရှိတယ်၊ ၆နှစ် ထားတာရှိတယ်။ အဲဒါက သူတို့ကိုရာထူးပရိုမိုးရှင်းလို့ပြောရမလား၊ မေဂျာ အပြောင်းအလဲအတွက် ရာထူးနေရာအလွတ်တွေအပေါ်မူတည်ပြီးတော့ နှစ် ကြာကြတယ်။ အဲဒီလိုမျိုး နှစ်ကြာနေတဲ့အချိန်မှာ ရာထူးအပြောင်းအလဲ က အချိန်မရွေးပြောင်းလဲနေရတယ်။ ပြောင်းလဲနေတဲ့အထဲမှာ လက်ရှိ ချင်းပြည်နယ်မှာဆိုရင် အမှတ်၂၆၈ ကျွန်တော်နေခဲ့တဲ့တပ်ပေ့ါ။ ကျွန်တော် နေခဲ့တဲ့အချိန်မှာ လူဟောင်း တွေဘယ်သူမှမရှိတော့ဘူး။ နောက်တန်းမှူး တစ်ယောက်ပဲကျန်တော့တယ်၊ လူတွေကိုအကုန်ပြောင်းလဲလိုက် တယ်။ ဘာကြောင့်လဲဆိုရင် ဒီဒေသမှာတာဝန်ထမ်းဆောင်နေရင်းနဲ့ ဒေသခံပြည် သူတွေနဲ့လည်း ရင်းနှီးလာတယ်။ လူမှုရေးအရလည်း ခင်တွယ်လာတယ်။ ဒီလိုဖြစ်လာတော့ ဥပမာ-ဒီဒေသကလူတွေကို အကြမ်းဖက်ရတော့မယ်လို့ အထက်ကအမိန့်ပေးလိုက်မယ်ဆိုရင် သူတို့ကလူကိုခင်နေတော့ မလုပ်ရဲ

ဘူးလေ။ လူဆိုတာ ဘယ်သူမဆို လူမှုအရေးဆိုတာ ပါလာတာပဲ၊ စစ်သား မှာလည်း လူမှုရေးဆိုတာရှိတယ်လေ။ ဒီလိုအခြေအနေတွေကြောင့် ဒီလို မျိုးမဖြစ်လာအောင်၊ အမိန့်ဖီဆန်မှုတွေမဖြစ်လာအောင် ရာထူးကိုခဏခဏ ပြောင်းလဲပေးရတယ်။

အဲဒီလိုပြောင်းလဲပေးရင်းနဲ့ ဘယ်လိုဖြစ်လာလဲဆိုရင် လက်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံးမှာ ပြဿနာတွေက ဘာဖြစ်လာလဲဆိုရင် စစ်တပ် က ကာကွယ်ရေးဦးစီးချုပ်ရုံးအမိန့်နဲ့ ပေးထားတာမဟုတ်ဘူး။ အမိန့်ကို စီစဉ် တာက။ တစ်ဖက်မှာဘာရှိသလဲဆိုရင် ပါတီရှိတယ်၊ တပ်မတော်စည်းရုံးရေး ကော်မတီဆိုတဲ့ ပါတီရှိတယ်။ ဒီပါတီက NLD ပါတီဖြစ်ပေါ်လာပြီးနောက်ပိုင်း ၂၀၀၈ဖွဲ့စည်းပုံအရ စုဖွဲ့လာတဲ့ ပါတီဖြစ်တယ်။ စစ်တပ်မှာက နိုင်ငံရေး ကော်မတီ ရှိတယ်။ စစ်တပ်ရဲ့ FLOWအတိုင်း ရာထူးအရအုပ်ချုပ်လာတဲ့ FLOW၊ အမိန့်နဲ့ စီးဆင်းမှု။ ဒီဖက်မှာ နိုင်ငံရေး လှုပ်ရှားမှုစီးဆင်းမှုက သပ်သပ် ရှိတယ်။ အဲဒီတပ်မတော်စည်းရုံးရေးကော်မတီရဲ့ ဥက္ကဋ္ဌက မင်းအောင်လှိုင် ပါပဲ။ ဒါပေမယ့် ဥက္ကဋ္ဌက ငါဘာလုပ်မယ်လို့အမိန့်ပေးလို့မရဘူး၊ ကော်မတီ အတွင်းမှာ ဆွေးနွေးတိုင်ပင်ရတယ်။ ကော်မတီဝင်တွေရဲ့ ဆုံးဖြတ်ချက်အရ ပဲ သွားရတယ်။

အခုလက်ရှိအာဏာသိမ်းတာကလည်း အဲဒီလိုပဲ၊ မင်းအောင်လှိုင်က ငါအာဏာသိမ်းမယ်လို့ အမိန့်ပေးတာ မဟုတ်ဘူး။ အဲဒီပါတီမှာ လက်ရှိတပ် က၂၅ရာခိုင်နှုန်းယူထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက အဆင့်ဆင့် ကနေ နိုင်ငံရေးအဆင့်ဆင့်ဖြစ်တည်မှုကို စုဖွဲ့ထားတဲ့ပါတီတွေ စစ်တပ်မှာ



ရှိတယ်။ အဲဒီပါတီအစုအဖွဲ့၊ နိုင်ငံရေးအစည်းအရုံးကနေပြီးတော့ စစ်ရေးအင်အားကိုသုံးပြီးတော့ စစ်ရေးအင်အားနဲ့ပဲ မြန်မာနိုင်ငံကို ကစားထားတာ။ အဲဒီလိုကစားထားတာဖြစ်တဲ့အတွက် ဘယ်သမ္မတက ဘယ်လောက်ပဲတော်တော်၊ ဘာဘ်သမ္မတပဲ တက်လာတက်လာ စစ်တပ်ရဲ့ ဒီစနစ်ရှိနေသရွေ့မြန်မာနိုင်ငံမှာ စစ်အုပ်ချုပ်မှုလက်အောက်ကနေ မလွတ်နိုင်ဘူး။ ဒီဖွဲ့စည်းပုံကို ပြည်သူတွေကို ကျွန်တော်တို့ နားလည်စေချင်တယ်။ ဒီဖွဲ့စည်းပုံကိုဖြုတ်ချချင်တယ်ဆိုရင်တော့ စစ်တပ်ရဲ့ယန္တရားကို ကျွန်တော်တို့နယ်မြေတွေမှာ လုံးဝလည်ပတ်ခွင့်မပေးဖို့လိုတယ်။ ဒီအစိုးရယန္တရားကို ဘယ်လိုမှလည်ပတ်ခွင့်မပေးမှသာ စစ်တပ်ရဲ့ဖွဲ့စည်းပုံစနစ်က ပျက်မှာ။ အဲဒါပျက်မှပဲ ကျွန်တော်တို့လိုချင်တဲ့ ဖွဲ့စည်းပုံဒီမိုကရေစီစနစ်က ရလာမှာဖြစ်တယ်။

အဲဒီပါတီမှာ ကြံ့ခိုင်ရေးပါတီကိုပြောတာမဟုတ်ဘူးနော်၊ စစ်တပ်ရဲ့ပါတီကိုပြောတာပါ။ ကျွန်တော်ဆိုရင် အဲဒီပါတီမှာ တပ်ရင်းအဆင့်ဆင့်ရဲ့ကော်မတီမှာ တာဝန်ခံအနေနဲ့ နေခဲ့တယ်။ အဲဒီတော့ တပ်မတော် အဆင့်ဆင့်ရဲ့ကော်မတီရှိတယ်၊ သူ့အောက်မှာ တိုင်းအဆင့်ဆင့်ကော်မတီတွေရှိတယ်။ သူ့အောက်မှာ တပ်ရင်းအဆင့်ဆင့်ကော်မတီဆိုတာ ရှိတယ်။ အခုတပ်ရင်းတွေမှာ အမိန့်လာလို့ရှိရင် တပ်ရင်းစည်းရုံးရေး ကော်မတီမှာလာတဲ့အမိန့်ကြတော့ မင်းအောင်လှိုင်အမိန့်၊ ကာကွယ်ရေးဦးစီးချုပ်အမိန့်ဆိုပြီး တစ်ခုမှမပါဘူး။ တပ်မတော်စည်းရုံးရေးကော်မတီရဲ့ ဆုံးဖြတ်ချက်အရလို့ပဲ လာတာ။ အဲဒီလိုနိုင်ငံရေးဆုံးဖြတ်ချက်ဆိုတာပဲ တောက်လျှောက်လာဖြစ်တယ်။ ပြီးရင် သီးခြားတပ်မတော်ရဲ့ အုပ်ချုပ်မှုအရ လာတဲ့ဟာကြတော့ ကာကွယ်ရေးကြည်းဘယ်လောက်ဘယ်လောက်၊ ပြီးရင် မင်းအောင်လှိုင်အမိန့် အဲဒါမျိုးလာတာ။ ဒါကြတော့ စစ်တပ်ရဲ့ အမိန့်။ စစ်တပ်နဲ့ နိုင်ငံရေးအဲဒီလို နှစ်မျိုးနဲ့သွားနေကြတာဆိုတော့ ဒီနိုင်ငံမှာ စီးပွားရေးကောအားလုံးကို စစ်တပ်က ထိန်းချုပ်ထားတယ်။

NLDလက်ထက်ရောက်လာတော့ သူတို့ရဲ့စီးပွားရေးနဲ့ စစ်တပ်ရဲ့နိုင်ငံရေးဘတ်ဂျက်တွေကို ထောက်ပံ့ရတဲ့ ကုမ္ပဏီအကုန်လုံးတွေကို NLDက အခွန်ဆောင်ခိုင်းပြီလေ။ မင်းမဲ့စရိုက်လိုဖြစ်နေတဲ့ဟာတွေ အကုန်လုံးကို အခွန်ကောက်လာတယ်၊ စစ်ဆေးမှုတွေလုပ်လာတဲ့အခါကြတော့ စစ်တပ်က အများကြီးထိခိုက်တယ်။ ဒါကြောင့်မလို့ မခံမရပ်နိုင်ဖြစ်လာတော့ အာဏာသိမ်းလိုက်ရတာပေါ့၊ တခြားအကြောင်းအရင်းတွေလည်း အများကြီးရှိပါတယ်။ စစ်တပ်ရဲ့စုဖွဲ့မှုထဲမှာမှ သူတို့ရဲ့ အမိန့်သွားပုံသွားနည်းက ဒီလိုကွာခြားတယ်။ ကျွန်တော်က တပ်ကြပ်ကြီးစာရေးဆိုပေမယ့် တပ်ကြပ်ကြီးစာရေးဆိုတာက တပ်မတော်ရာထူးခန့်ချုပ်ရုံးက တိုက်ရိုက်ခန့်တဲ့ အဆင့်တွေ၊ တပ်ကြပ်ကြီးဆိုတာက အဆင့်၅ဆင့်ရှိတယ်။ ရိုးရိုးတပ်ကြပ်ကြီးက ပညာသင်

ဂရုမှာမပါဘူး၊ တပ်ရင်းမှူးကဖြုတ်ထုတ်ိုက်လို့ရတယ်။ ကျွန်တော်တို့ ပညာသည်ဂရုမှာက တပ်ကြပ်ကြီးဂရု ၅ခုရှိတယ်။ နည်းပညာတပ်ကြပ်ကြီး၊ တပ်ကြပ်ကြီးသူနာပြု၊ တပ်ကြပ်ကြီးသားဖွား၊ တပ်ကြပ်ကြီးလက်နက်ပြင်၊ တပ်ကြပ်ကြီးစာရေးရှိတယ်။ အဲဒါကြတော့ ကွပ်ကဲမှုက တပ်မတော်ရာထူး ခန့်ချုပ်ရုံးက တိုက်ရိုက်ခန့်တာပါ။ လက်ရှိတပ်ရင်းတွေ၊ တိုင်းမှူးတွေကနေ ရာထူးပေးမယ်၊ မပေးဘူးဆိုပြီး လုပ်လို့မရဘူး။

ဖွဲ့စည်းပုံက မတူကြဘူး၊ တပ်ရင်းမှာ နှစ်ပွင့်တွေ၊ သုံးပွင့်တွေ အများကြီးရှိတယ်။ အဲဒီလိုရှိပေမယ့် သူတို့က ကျွန်တော့်ကို အမိန့်ပေးလို့မရဘူး။ မူလအမိန့်တွေ၊ မူလတာဝန်တွေရှိတယ်။ အဲဒီလိုဆိုတော့ တပ်ရင်းတစ်ရင်းမှာ တပ်ရင်းမှူးတစ်ယောက်ကပဲ အမိန့်ပေးလို့ရမယ်ဆိုတာမျိုးက စစ်တပ်မှာမရှိဘူး။ အဲဒီလိုသွားတဲ့အခါကြတော့ စစ်တပ်မှာ ကျွန်တော်အများကြီး အားကျစရာတွေ၊ အတုခိုးစရာတွေရှိတယ်။ စုဖွဲ့မှုကောင်းတွေ၊ ကျစ်လစ်တာတွေ၊ သူတို့အချင်းချင်း ကြားထဲမှာလည်း တာဝန်မတူပေမယ့် အကုန်လုံးက စည်းစည်းလုံးလုံးပဲ။ တပ်ရင်းတစ်ရင်းထဲ မှာပဲရှိတဲ့သူတွေက အကုန်လုံးက အမိန့်နာခံကြပေမယ့် အကုန်လုံးကို တစ်ယောက်ထဲရဲ့အမိန့်နဲ့ပဲ အလုပ်မပေးဘူးပေါ့နော်။





# ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ခြေလှမ်းသစ်တွေကို ဘယ်လိုလှမ်းကြမလဲ...

ဆလိုင်းကစ်(ပ်)
ဖက်ဒရယ်ရေးရာနှင့်
ပင်လုံသမိုင်းကြောင်း ဆိုင်ရာ
ကျွမ်းကျင်သူ

## ၁။ ပထမဆုံးအနေနဲ့ မြန်မာပြည်အတွက် ဖက်ဒရယ်ပြည်ထောင်စုသစ် တည်ဆောက်ရေးက ဘယ်လောက် ထိ အရေးကြီးသလဲ။

ကျွန်တော့်အမြင်မှာတော့ လွတ်လပ်ရေးမယူခင် တစ်နှစ်လောက် အလိုမှာကတည်းက ကျွန်တော်တို့ တိုင်းရင်းသား ခေါင်းဆောင်တွေနဲ့ ဗမာ နိုင်ငံရေးခေါင်းဆောင်တွေ ဆွေးနွေးပြီးတော့ ပြည်ထောင်စု ထူထောင်ဖို့ ကိုပဲ ကျွန်တော်တို့ ဦးတည်လာခဲ့တာပဲ။ ပြည်ထောင်စုနိုင်ငံကိုထူထောင်ဖို့ ဦးတည်ရင်းနဲ့ ကျွန်တော်တို့ရဲ့ အိပ်မက်တွေပေ့ါလေ၊ အင်မတန်မှ ကြီးကျယ် ခမ်းနားတဲ့၊ စည်းလုံးတဲ့၊ ငြိမ်းချမ်းတဲ့၊ တိုးတက်တဲ့ ပြည်ထောင်စုနိုင်ငံတော် ကြီးတစ်ခု တည်ဆောက်မယ်ဆိုပြီးတော့ အိပ်မက်မက်ခဲ့ကြ ပြီးတော့ အဲဒီအိပ်မက်တွေအကုန်လုံးကို ရိုက်ချိုးခံခဲ့ရတယ်။ ရိုက်ချိုးခံခဲ့ရပြီးတော့ ပြည်တွင်းစစ်တွေ ဖြစ်တယ်၊ ဒါကလည်း အားလုံးက သိပြီးသားပါ။

ဒီနေ့၊ ဒီအချိန်ထိ ဘယ်လောက်ထိဆိုးဝါးသွားသလဲဆိုရင် နှစ် ပေါင်း ၇၀ အတွင်းမှာ အဆင့်ဆင့်၊ အဆင့်ဆင့် ပြောင်းလဲသွားတယ်ဆိုပေ မယ့် တိုင်းပြည်က တိုးတက်ပြောင်းလဲသွားတာ၊ မြှင့်တက်ပြောင်းလဲသွား တာ မဟုတ်ဘဲနဲ့ အောက်ကိုထိုးကျသွားတာပါ။ ဖက်ဒရယ်ကိုမထူထောင် နိုင်ခဲ့တဲ့အတွက် တော်တော်ကို စုတ်စုတ်ပြတ်ပြတ်ဖြစ်သွားတာ။ ဖက်ဒရယ် အိပ်မက်တွေကို ရိုက်ချိုးခံခဲ့ရတဲ့အတွက် ဘယ်လောက်အထိ ဖြစ်သွားပြီ လဲဆိုတော့ ကျွန်တော်တို့နိုင်ငံက ကျရှုံးနိုင်ငံဖြစ်တော့မယ်၊ ဖြစ်တော့မယ် လို့လည်း တချို့က ပြောတယ်။ အဲဒီတော့ ဒီကျရှုံးနိုင်ငံမဖြစ်အောင် ဘယ်လို လုပ်မလဲ၊ ဒါကိုဘယ်လိုကယ်တင်ရမလဲဆိုတာက တာဝန် တစ်ခုပေ့ါ။ ဒါကို ကယ်တင်ဖို့ကလည်း အရင်နှစ်ပေါင်း ၇၀တုန်းကလုပ်သလို လူမျိုးကြီးဝါဒနဲ့၊ ပဒေသရာဇ်စနစ်နဲ့၊ ရှေးဟောင်းအတွေးအခေါ်တွေနဲ့ လုပ်လာကြတာကိုး။

ဖက်ဒရယ်ပြည်ထောင်စုအတွေးအခေါ်၊ ဒီမိုကရေစီအတွေးအခေါ် လုံးဝကိုမရှိဘူး။ ဘဝရှင် မင်းတရား လက်ထက် ကနေ ဝန်ကြီးချုပ်ဦးနု လက်ထက်အထိ တိုင်းရင်းသားနယ်ပယ်တွေကို ကိုလိုနီနယ်ပယ်အဖြစ် အုပ်ချုပ်မယ်ဆိုတာက ဒါက သူတို့ရဲ့အိပ်မက်ပဲ။ ဒါပေမယ့် ဒါကိုဖုံးကွယ်တဲ့ အနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နာမည်ကို သုံးတယ်၊ ပြည်ထောင်စုဆိုတဲ့ စကားလုံးကို တွင်တွင်သုံးတယ်။ အဲဒီလိုတိုင်းပြည်ကို လိမ်ညာပြီးတော့မှ အုပ်ချုပ်လာခဲ့ကြတာ၊ အဲဒီကနေပြီးတော့မှ အာဏာရှင်တွေ တက်လာတော့ လည်း မထူးဘူး။ အဲဒီလိုကနေ ဒီနေ့ဒီအခြေအနေကို ရောက်လာတာပဲဖြစ် တယ်။ အသေးစိပ်တွေကတော့ ပြောမနေချင်တော့ဘူး။

ဒီအခြေအနေကိုရောက်လာတဲ့အခါကြတော့ အားလုံးကတော့ ဒီ အခြေအနေကနေ လွတ်မြောက်ချင်တယ်။ မလွတ်မြောက်ချင်တဲ့သူကတော့

တစ်ယောက်မှမရှိဘူး။ ဗမာပြည်လူထု ကကော၊ တိုင်းရင်းသားတွေကကော ရုန်းထွက်ချင်တယ်။ ရုန်းထွက်ဖို့က ဘာလိုသလဲဆိုတော့လည်း အားလုံးက သိပြီးသွားကြပြီ။

ဒီမိုကရေစီနိုင်ငံထူထောင်ရေးဆိုတာ ဒီခေတ်၊ ဒီကာလမှာ အကျယ်လောင်ဆုံးပဲ။ အရင်တုန်းက ဒီလောက်ထိ ကျယ်ကျယ်လောင်လောင် မရှိခဲ့ဘူး။ ဖက်ဒရယ်ဆိုတာ ပြောလို့တောင်မရဘူး၊ ဒီမိုကရေစီဆိုတာ ဘာမှန်းတောင် နားမလည်ဘူး။ လွတ်လပ်ရေးရကတည်းက၊ ဦးနုခေတ်ကတည်းက ဖက်ဒရယ်လည်း ပျက်သုဉ်းခဲ့တယ်၊ ဒီမိုကရေစီလည်း ပျက်သုဉ်းခဲ့တယ်။ တိုင်းပြည်ကိုပြန်လည်ပြီးတော့ ကယ်တင်ဖို့၊ ကျရှုံးနိုင်ငံမဖြစ်ဖို့နဲ့ ကျရှုံးနိုင်ငံတောင်မဟုတ်ဘဲ ပျောက်ဆုံးနိုင်ငံတောင်ဖြစ်နေတဲ့ အခြေအနေမှာ ဒီဖက်ဒရယ်ပြန်လည်ထူထောင်ဖို့၊ မြန်မာနိုင်ငံက လူသားအသီးသီးကို ကမ္ဘာက လူတွေက အသိအမှတ်ပြုလက်ခံဖို့လုပ်ရမယ်၊ ဒါက အင်မတန်မှ အရေးကြီးတယ်။ အဲဒီလိုလုပ်ဖို့က အရင်အတိုင်းပဲ ရှေးဟောင်းပဒေသရာဇ် အတွေးအခေါ်၊ ပြည်တွင်းကိုလိုနီစနစ်ကို တည်ထောင်မယ်ဆိုတဲ့ အတွေးအခေါ်တွေနဲ့ သွားနေလို့ကတော့ ကျွန်တော်တို့ အဝီစိထဲကို ရောက်သွားမှာဖြစ်တယ်။ ကျွန်တော်တို့ ပျက်စီးသွားမှာဖြစ်တယ်။

အဲဒါကြောင့် ဒီအချိန်မှာ ကျွန်တော်တို့ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ပြန်လည်ဆုပ်ကိုင်ပြီးတော့ အားလုံးအတူတကွ ပြန်လည်ထူထောင်မှုဖြစ်မယ်ဆိုတာက အရေးကြီးဆုံးသော တာဝန်တရပ်ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ အလေးအနက်ပြောချင်ပါတယ်။

## ၂။ မြန်မာပြည်အတွက် ဖက်ဒရယ် ပြည်ထောင်စုသစ် တည်ဆောက်ရေးခရီး ဘယ်အဆင့်ရောက် နေပြီလဲ။

မြန်မာပြည်ထောင်စုတစ်ခုလုံးအတိုင်းအတာနဲ့ အဖြေတစ်ခုတည်း ထုတ်ဖို့ရာက နည်းနည်းခက်တယ်။ တစ်နယ်နဲ့ တစ်နယ်ကလည်း နည်းနည်းကွာသွားတယ်။ နောက်ပြီးတော့ အတွေ့အကြုံတွေ၊ ဖြတ်သန်းမှုတွေ အပေါ်မှာလည်း နည်းနည်းမူတည်တယ်။ ခေါင်းဆောင်မှုအပိုင်းမှာလည်း လိုတယ်။ လူငယ်ပိုင်းရဲ့ လှုပ်ရှားမှုက အားကောင်း မောင်းသန် ဘယ်လောက်ရှိသလဲဆိုတဲ့ အပေါ်မှာလည်း အများကြီးမူတည်တယ်။ ကျွန်တော့်အနေနဲ့ဘာဘောဘူယျပဲ ပြောရမယ်ဆိုရင် လူငယ်ခေါင်းဆောင်တွေကပဲ ဦးဆောင်နေတဲ့ ဒေသတွေမှာ ဆိုရင်တော့ လှုပ်ရှားမှုက တော်တော်လေးတော့ အရှိန်အဟုန်ပြင်းတယ်။ စည်းလုံးမှုကိုလည်း တည်ဆောက်နိုင်ကြတယ်။ ခေါင်းဆောင်

ပီပီသသနဲ့ သူတို့ရဲ့တာဝန်ကို သူတို့ထမ်းဆောင်နိုင်တယ်။ လမ်းလည်း ပြနိုင်တယ်၊ မျှော်လင့်ချက်တွေလည်း ပေးနိုင်တယ်။ တပြိုင်တည်းမှာပဲ နည်းနည်းလေးခေတ်နောက်ကျသွားတဲ့ လူကြီးပိုင်းတွေ၊ သိပ်ပြီးတော့ စာမဖတ်တဲ့ ဗဟုသုတနည်းတဲ့သူတွေ ဦးဆောင်နေတဲ့ ဒေသတွေမှာကြတော့ စည်းလုံးမှုတွေ ပျက်ပြားတယ်။ မျှော်လင့်ချက်တွေပျောက်ဆုံးတယ်၊ ပြည်သူတွေ လည်း စိတ်ညစ်ရတယ်။ အဲဒီနေရာတွေမှာတော့ လူငယ်နဲ့လူကြီးကလည်း ပြဿနာဖြစ်ကြတယ်။ အင်မတန်မှ စိတ်ညစ်စရာတွေ တွေ့ရတယ်။

အဲဒါကြောင့် လူကြီးပိုင်းထဲမှာ သိပ်ပြီးတော့ အသက်ကြီးသွားတဲ့ သူတွေကို နေရာပေးဖို့လိုတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆတယ်။ လူငယ်ပိုင်းကလည်း နေရာယူနိုင်ဖို့လိုတယ်။ အဲဒီအချိန်ကြမှပဲ ကျွန်တော်တို့က အားလုံးကိုခြုံပြီးတော့မှ ပြောလို့ရမှာပါ။ ဒီအချိန်မှာ ကျွန်တော်မြင်တာကတော့ ပြည်နယ်တွေခြားပြီးတော့ ကိုယ့်ဟာနဲ့ကိုယ်လုပ်နေရတာရှိသလို တဆက်တည်းမှာပဲ လူမျိုးစုတွေ၊ စည်းဘောင်တွေထည့်မတွက်ဘဲနဲ့ လူငယ်တွေအနေနဲ့ကလည်း ဖက်ဒရယ်အယူအဆတွေကို ဖလှယ်ပြီးတော့ လုပ်ရှားမှုတစ်ခုခုလုပ်မယ်ဆိုရင် ပိုကောင်းမယ်။ ဒါမှလည်း ဆရာတို့မေးတဲ့ မေးခွန်းဖြစ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ဖက်ဒရယ်နိုင်ငံ တည်ဆောက်ရေးအဆင့်က ဘယ်အဆင့်ထိရောက်နေပြီလဲဆိုတာ တစ်ခုလုံးခြုံပြီးတော့ ပြောလို့လွယ်သွားမယ် ထင်ပါတယ်။လူငယ်တွေရဲ့အတွေးအခေါ်နဲ့ လူကြီးတွေရဲ့ အတွေးအခေါ်ကလည်း ညှိဖို့နှိုင်းဖို့လိုအပ်တဲ့ဟာတွေ ရှိတယ်။

**၃။ လက်ရှိ မြန်မာ့ဖက်ဒရယ် တည်ဆောက်ရေးချဉ်းကပ်မှုမှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်း (EROs) အင်အားစုတွေကတော့ Bottom-Up Federalism လို့ခေါ်တဲ့ ပြည်နယ်အခြေခံကနေ စဉ်းစားချက်ကို ဦးတည်ပြီး Coming Together federalism ကို တွန်းကြတယ်။ ဒါပေမယ့် ဒီမိုကရေစီ အင်အားစုတွေနဲ့ လေ့လာသူ တချို့ ဘက်ကတော့ Bottom-Up Federalism ဟာ ဖက်ဒရယ် ပြည်ထောင်စုကို ဦးတည်ရာ ကနေ ဘော်လကန် နိုက်ဖေးရှင်း (တိုင်းပြည်အစိတ်စိတ် အမွှာမွှာ ) ဖြစ်စေမယ့် အလားအလာကို ကူးပြောင်းသွားမလားဆိုတဲ့ စိုးရိမ်မှုကို ပြောလာကြပါတယ်။ holding together federalism ကို စဉ်းစားဖို့ ပြောလာကြ ပါတယ်။**

Bottom-Up Federalism ကိုချဉ်းကပ်တဲ့အခါမှာ သတိပြုစရာတွေနဲ့ လူထုပါဝင်မှုတွေကို ပိုမိုအားကောင်း စေဖို့ ဘယ်လိုခြေလှမ်းမျိုးကို ပြင်ဆင် ဆောင်ရွက်သင့်သလဲ။

ကျနော်အရင်တုန်းကလည်း ပြောဖူးပါတယ် Bottom-Up Federalism ကို

ကြောက်နေတဲ့ လူတွေရှိနေတယ်ဆိုတာ ဒါကတော့ သာမန်ပြည်သူထဲက နေလူတွေကြောက်နေတယ်ဆိုတော့ ကြောက်စရာမလိုပါဘူးလို့ ပြောချင်ပါတယ်။ ပြည်သူအချင်းချင်းကြားမှာ **Bottom-Up Federalism** ကို ထူထောင်မယ်ဆိုလို့ရှိရင်တောင် ဘာမှကြောက် စရာမရှိဘူး။ ဘော်လကန် နိုက်ဖေးရှင်း ဖြစ်စရာအကြောင်းလည်းမရှိဘူး။

ဒါပေမဲ့ ကျနော်တို့ အိမ်နီးနားချင်းနိုင်ငံ တွေက တခုမှကောင်းတာမဟုတ်ဘူး။ ဝင်စွက်ဖက်လာပြီးတော့ ကျနော်တို့ကို ခွဲမယ်၊ သူတို့ရဲ့ ကိုယ်ကျိုးစီးပွားတွေ အတွက် အမျိုးမျိုးစည်းရုံးသိမ်းသွင်းပြီး ဖွဲ့သွားမယ်ဆိုလို့ ရှိရင်တော့ ဘော်လကန် နိုက်ဖေးရှင်း ဖြစ်ကောင်းဖြစ်လာ နိုင်တယ်။ ဒါပေမဲ့ ကိုယ့်အချင်းချင်း စည်းစည်းလုံးလုံးနဲ့ ခိုင်မာတဲ့ အတွေးခေါ်နဲ့ ယုံယုံကြည်ကြည်တည်ဆောက် လက်တွဲနိုင်မယ်ဆိုလို့ ရှိရင်တော့ **Bottom-Up Federalism** က ဘာမှ ကြောက် စရာမလိုပါဘူး။

ဒါပေမဲ့ ဒီမိုကရေစီအင်အားစုတစ်ချို့ကဆိုတဲ့အဟာကျတော့ မေးခွန်းထုတ်စရာဖြစ်လာတယ်။ ဘာလို့ရှိရင် ဒီမိုကရေစီအင်အားစုက **Bottom-Up Federalism** ကို ကြောက်နေတယ်ဆိုတော့၊ ဒီမိုကရေစီဆိုတာကိုက ပြည်သူအခြေပြုဖြစ်တယ် **Bottom-Up** ဆိုတာကိုကလည်း ပြည်သူအခြေပြုဖြစ်တယ်။ ပြည်သူအခြေပြုပြီး တော့ ဖက်ဒရယ်ကိုထူထောင် လိုက်လို့ရှိရင် ဒီမိုကရေစီပြတ်သုဉ်းသွားသလိုဖြစ်နေတယ်ဆိုလို့ရှိရင် အဲ့ဒီ ဒီမိုကရေစီ အင်အားစုဆိုသူတွေက ဒီမိုကရေစီဆိုတာကိုရော တကယ်နားလည်သလားလို့၊ ယုံရောယုံသလားပေါ့နော်။

ဒီမိုကရေစီအင်အားစု စစ်စစ် မှန်မှန်ဟုတ်ရောဟုတ်ရဲ့လားပေါ့။ ကျနော်တို့က ဖက်ဒရယ်လုပ်လိုက်ရင် ကွဲသွားမယ် ဖက်ဒရယ်ဆိုတာ ခွဲထွက်ရေးမူဖြစ်တယ်လို့ နှစ်ပေါင်းများစွာ ဂျင်းမိထားပြီးတော့ ဗမာညီအစ်ကိုတွေ ဘယ်တော့မှ စည်းရုံးလို့မရတဲ့အတွက် စစ်အာဏာရှင်သက်ဆိုးရှည် အမြစ်တွယ်နေတဲ့အတွက် ဒီနေ့အထိ ဆွဲထုတ်ဖို့ အတော်ခက်နေတာဖြစ်တယ်။ ဒါပေမဲ့ ဗမာညီအစ်ကိုတွေကိုလည်း မင်းတို့မသိလို့ဆိုပြီး လက်ညှိုးထိုးနေရမဲ့ အချိန်မဟုတ်တော့ဘူး။ ဒီနေ့အချိန် မှာက အားလုံးပူပေါင်းပြီး အနာဂါတ်ကိုပဲ ဦးတည်သွားကြဖို့ အချိန်ရောက်ပါပြီ။

**၄။ အိမ်နီးချင်းနိုင်ငံတွေရဲ့ အခန်းကဏ္ဍကို ပြန်ကြည့်မယ်ဆိုရင် အနီးစပ်ဆုံး သာဓက ကတော့ လူအများ မျှော်လင့်ချက်ကြီးခဲ့တဲ့ ၁၀၂၇ စစ်ဆင်ရေးဟာလည်း အိမ်နီးချင်းနိုင်ငံတွေရဲ့ ဖိအားပေးမှုကြောင့် တိုက်ပွဲရပ်စဲပြီးတော့ စစ်ကောင်စီနဲ့ တွေ့ဆုံရေး ဦးတည်သွားတယ်၊ နောက် လွတ်မြောက်ဒေသ**

**တချို့လည်းထွက်ပေါ်လာခဲ့တယ်။ ဒါပေမယ့် ဖက်ဒရယ် တည်ဆောက်ရေး အတွက် နိုင်မာတဲ့ လမ်းကြောင်းမှန်ပေါ် ရောက်မလာစေနိုင်သလို ဖြစ်နေ တယ်။ ဒါကကော် ဖက်ဒရယ် တည်ဆောက်ရေး အတွက် ဘယ်လိုထည့်သွင်း စဉ်းစား သင့်ပါသလဲ။**

၁ဝ၂၇ စစ်ဆင်ရေးကတော့ လူတွေကို တကယ်ပဲ ရင်သပ်ရှုမောဖွယ် ဖြစ်ရပါတယ်။ တစ်ပြည်လုံးရဲ့ အားရကျေနပ် ကြသလို ကမ္ဘာ့အမြင်မှာပါ တ ခါထဲပြောင်းလဲသွားစေတယ်။ တော်လှန်ရေးကနိုင်တော့မယ်ဆိုတာ အထိ ပေါ့။ ဒါပေမဲ့ ရှတ်တရက်ကြီး ရှမ်းမြောက်တချို့နယ်တွေကို သိမ်းပြီးတဲ့ နောက်ပိုင်းမှာ တရုတ်ကဝင်ပြီးတော့ ညှိလိုက်တဲ့ အချိန် ငြိမ်းသွားတဲ့အခါ ကျတော့ တော်တော်လည်း တအံ့တဩလည်းဖြစ်သလို စိတ်ဓါတ်ကျမှုတွေ လည်းရှိကြတယ်။

ကြည့်လိုက်လို့ရှိရင် မြောက်ပိုင်းညီနောင် သုံးဖွဲ့ပေါ့ အဲ့ထဲမှာ PDF မန္တလေးတို့လည်း ပါတာပေါ့။ အရေးကြီးတာက ညီနောင်သုံးဖွဲ့ပေါ့။ သူ တို့ထဲက ကိုးကန့်ကိုတော့ သပ်သပ်စဉ်းစားလို့ရတယ် ကိုးကန့်က တရုတ် စကားပြော တရုတ်ရဲ့လွှမ်းမိုးမှုကို တော်တော်များားခံရတယ်လို့တော့ ကျန် အဖွဲ့တွေထက်စာရင် ပိုပြီးတော့ တရုတ်ရဲ့ဩဇာလွှမ်းမိုးမှုရှိမယ်လို့ထင် တယ်။ ဒါပေမဲ့ တအာင်းနဲ့ရခိုင်ကတော့ နည်းနည်းကွာသွားတယ်။ ကျနော် တို့နဲ့ တစ်သားထဲပိုဖြစ်တာပေါ့လေ။

ဆိုတော့ ရခိုင်မှာဆက်ပြီးတိုက်နေတယ်။ ရခိုင်ဆိုတာလည်း ညီနောင်သုံးဖွဲ့ပဲလေ၊ သူ့ရည်မှန်းချက်က ရခိုင်ပြည် တစ်ခုလုံးသိမ်းမဲ့ပုံရှိ တယ်လေ။ အစ ပိုင်းတွေမှာဆိုရင် ရခိုင်ပြည်ကတိုက်ပွဲတွေကို ကြေညာ တိုင်း ကြေညာတိုင်း မြောက်ပိုင်းညီနောင်သုံးဖွဲ့ရဲ့ နာမည်နဲ့ ကြေညာသေး တယ် နောက်ပိုင်းကြမှ AA အနေနဲ့ သီးသန့်ပြန်ကြေညာ တာရှိတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ရခိုင်မှာ သီးခြားလက္ခဏာရှိတယ်။

တအာင်းမှာ လည်း သီးခြားလက္ခဏာရှိတယ် ဒီနေ့ပြန်ပြီး စကစ နဲ့ စစ်ပြန်ဖြစ်နေပြီလေ။ စစ်ကောင်စီကလည်း သူ့ရဲ့အကျင့်အတိုင်း အာဏာရှင် တွေက ငြိမ်းချမ်းရေးကို ဘယ်တော့ကမှ ပီပီပြင်ပြင်လုပ်ခဲ့တာမရှိခဲ့ဘူး။

ကျနော်တို့က ဘယ်တုန်းကမှမယုံခဲ့ဘူး။ ၁၉၆၂ ခုနှစ် အာဏာသိမ်း ပြီးကတည်းက တစ်သက်လုံးမယုံခဲ့ဘူး။ သူတို့ရဲ့ငြိမ်းချမ်းရေး ဆိုတာက ပြန်ပြန်ပစ်ကြတာပဲ အခုလည်း ရှမ်းမြောက်မှာ တရုတ်ရဲ့ ကမကထနဲ့ အပစ် ရပ်စဲတယ်ဆိုပေမဲ့ စစ်ကောင်စီက ပြန်ပြန်ချိုးဖောက်ပြီးတော့ ပြန်ပစ်ခတ်

ကြတာပဲ။

အဲ့တော့ ဒီနှစ်ဖွဲ့ကတော့ ဆက်ထလိမ့်မယ်လို့ တော့ ထင်တယ်။ သို့သော်လည်းပဲ ရခိုင်ပိုင်းကိုတော့ နည်းနည်းစဉ်းစားရခက်တယ်။ ရခိုင်က တောက်လျှောက် တော့ ပြောနေတာပဲ ဆက်လက်တိုက်ပွဲဝင်မယ်။ သူတို့ရဲ့ ရက္ခိုတလမ်းစဉ်ကို ဆက်လက်အကောင်အထည် ဖော်မယ်။ ပြည်ထောင်စု ထဲမှာ Confederation ထက်မနိမ့်တဲ့အဆင့် လိုချင်တယ်လို့ပြောတယ်။ ဒီဟာကို ရအောင်တော့ ကျနော်တို့အားလုံးနဲ့ ပေါင်းပြီးတော့ ဆက်လက်တိုက်ပွဲဆင်နွှဲမယ်လို့တော့ကျနော်ထင်ပါတယ်။

**၁၀၂၇ စစ်ဆင်ရေးကတော့ လူတွေကိုတကယ်ပဲ ရင်သပ်ရှုမောဖွယ်ဖြစ်ရပါတယ်။ တစ်ပြည်လုံးရဲ့ အားရကျေနပ်ကြသလို ကမ္ဘာ့အမြင်မှာပါ တခါထဲပြောင်းလဲသွားစေတယ်။ တော်လှန်ရေးကနိုင်တော့မယ်ဆိုတာ အထိပေါ့။ ဒါပေမဲ့ ရုတ်တရက်ကြီး ရှမ်းမြောက်တချို့နယ်တွေကို သိမ်းပြီးတဲ့နောက်ပိုင်းမှာ တရုတ်ကဝင်ပြီးတော့ ညှိလိုက်တဲ့အချိန် ငြိမ်းသွားတဲ့အခါကျတော့ တော်တော်လည်း တအံ့တသြလည်းဖြစ်သလို စိတ်ဓါတ်ကျမှုတွေလည်းရှိကြတယ်။**




**Naw Zember Paw**
**Founder**
**Food Not Bombs**
**Kawthoolei**

# ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ခြေလှမ်းသစ်တွေကို ဘယ်လိုလှမ်းကြမလဲ...

## ၁။ မြန်မာပြည်အတွက် ဖက်ဒရယ်ပြည်ထောင်စုသစ် တည်ဆောက်ရေးက ဘယ်လောက် ထိ အရေးကြီးတယ်လို့ မြင်သလဲ။

ကျွန်မအတွက်ကတော့ မြန်မာနိုင်ငံအတွက် ဖက်ဒရယ်ပြည်ထောင်စုသစ်တည်ဆောက်ဖို့ကတော့ အခြေခံနိုင်ငံရေး ပြောင်းလဲမှုအတွက် အလွန်အရေးကြီးပါတယ်။ ဌာနေလူမျိုးစုတိုင်းရင်းသားတွေအတွက်လည်း အရေးကြီးပါတယ်။ တန်းတူညီမျှပြီးတော့မှ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ရတဲ့၊ တရားမျှတတဲ့ ဖက်ဒရယ်နိုင်ငံတော် အသစ်တည် ဆောက်ဖို့ရန်အတွက်က ကျွန်မတို့နိုင်ငံမှာ တကယ်ပဲပေါ်ပေါက်ဖို့လိုအပ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ စစ်အာဏာရှင်ကြောင့်မလို့ နိုင်ငံတော်ကြီး တစ်စစီပြိုလဲပြီးတော့မှ လူကို လူလိုတန်ဖိုးထားခြင်းတွေ ပျောက်ဆုံးနေတဲ့ နိုင်ငံကြီးမှာ ကျွန်မတို့ပြန်ပြီးတော့မှ တည်ဆောက်ရမယ့်အရာက ဖက်ဒရယ်ကိုအခြေခံတဲ့၊ ဖက်ဒရယ်ဒီမိုကရေစီကို အခြေခံတဲ့ဖက်ဒရယ်နိုင်ငံတော် အသစ်ကြီးပေါ်ပေါက်လာဖို့ လိုအပ်တယ်လို့ မြင်ပါတယ်။

ဒါကလည်း လူကိုလူလိုတန်ဖိုးထားခြင်းဆိုတဲ့အရာတွေကို ပြန်ပြီးတော့မှ ထွန်းကားလာဖို့လည်း လိုတယ်။ ဖက်ဒရယ်ဒီမိုကရေစီရဲ့နိုင်ငံမှာပဲ ဖက်ဒရယ်ရဲ့ကျင့်စဉ်တွေနဲ့အတူ တိုင်းပြည်ကိုပြန်ပြီးတော့မှ တည်ဆောက်ဖို့ ဖက်ဒရယ်စနစ်ကလိုအပ်တယ်လို့ ကျွန်မအနေနဲ့ မြင်ပါတယ်။

ဒါကလည်း လူကိုလူလိုတန်ဖိုးထားခြင်းဆိုတဲ့အရာတွေကို ပြန်ပြီးတော့မှ ထွန်းကားလာဖို့လည်းလိုတယ်။ ဖက်ဒရယ်ဒီမိုကရေစီရဲ့နိုင်ငံမှာပဲ ဖက်ဒရယ်ရဲ့ကျင့်စဉ်တွေနဲ့အတူ တိုင်းပြည်ကိုပြန်ပြီးတော့မှ တည်ဆောက်ဖို့ ဖက်ဒရယ်စနစ်ကလိုအပ်တယ်လို့ ကျွန်မအနေနဲ့ မြင်ပါတယ်။

## ၂။ မြန်မာပြည်အတွက် ဖက်ဒရယ်ပြည်ထောင်စုသစ် တည်ဆောက်ရေး ခရီး ဘယ်အဆင့်ရောက်နေပြီလဲ

လက်ရှိအချိန်မှာ ဖက်ဒရယ်တည်ဆောက်ရေးက ဘယ်အတိုင်းတာအထိ ရှိနေပြီလဲလို့ ကြည့်တဲ့အချိန်မှာ ကျွန်မတို့ဌာနေတိုင်းရင်းသားလူမျိုးစုတွေရဲ့ လူမျိုးစုတစ်စုချင်းရဲ့ အခြေခံကျကျတည်ဆောက်နေတဲ့ အပေါ်မှာ ကျွန်မတို့ မီးမောင်းထိုးကြည့်ဖို့လိုမှာဖြစ်ပါတယ်။ ဖက်ဒရယ်ကို အခြေခံပြီးတော့ သွားနေတာဖြစ်တယ်။ ဒါကြောင့်မလို့ ဌာနေတိုင်းရင်းသားလူမျိုးတစ်စုစီရဲ့ တည်ဆောက်နေမှု၊ ခိုင်မာမှု၊ နိုင်ငံရေးအပေါ်မှာ နိုးကြားမှု၊ တက်ကြွမှု၊ နားလည်သဘောပေါက်မှုနဲ့ သူတို့ဒေသတွေကို သူတို့ဘယ်လောက်အထိ

အခိုင်အမာအုပ်ချုပ်နေပြီလဲ၊ စီမံခန့်ခွဲနိုင်ပြီလဲ၊ လူ့အခွင့်အရေးတွေကိုလည်း ဘယ်လောက်ထိရနေပြီလဲ။

နောက်ပြီးတော့မှ လူကိုလူလိုတန်ဖိုးထားခြင်းတွေ၊ လူ့ဂုဏ်သိက္ခာနဲ့ လူ့စံနှုန်းတွေကို တန်ဖိုးထားခြင်းတွေ ဘယ်လောက်အတိုင်းအတာအထိ ရှိနေပြီလဲဆိုတဲ့အပေါ်မှာ မူတည်ပြီးတော့မှ ကျွန်မတို့တိုင်းတာနိုင်မှာဖြစ်တယ်။ ဒါကြောင့်မလို့ အဲဒီအရာတွေကိုကြည့်ခြင်းအားဖြင့် ကျွန်မတို့တိုင်းရင်းသားမြန်မာပြည်ကို ပြန်ပြီးတော့မှ တည်ဆောက်ဖို့ပြင်ဆင်နေတဲ့အခြေခံကျသော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံရဲ့ အနေအထားကတော့ ဘက်အထိရှိနေပြီလဲဆိုတာကိုတော့ ကျွန်မတို့ကပြန်ပြီးတော့မှ တိုင်းတာရမှာဖြစ်တယ်။ လက်တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မလို့ အဲဒီအရာကိုကြည့်ခြင်းအားဖြင့် ကျွန်မတို့မြန်မာနိုင်ငံမှာ ဘယ်အတိုင်းအတာအထိ ဖက်ဒရယ်ရဲ့ အခြေခံတွေကို တည်ဆောက်ပြီးပြီလဲဆိုတာရယ်၊ ဘယ်လောက်ထိအခြေခံကျကျလုပ်ဆောင်နေပြီလဲဆိုတာက ဒေသန္တရအစိုးရတွေ၊ ဒေသန္တရအုပ်ချုပ်မှုစနစ်တွေ ဘယ်လောက်ထိသူတို့ အခိုင်အမာတည်ဆောက်ထားပြီးလဲ ဆိုတဲ့အရာတွေပေါ်မှာ မူတည်ပြီးတော့မှပဲ ဒီနေ့ကျွန်မတို့ကြုံတွေ့နေရတဲ့အရာတွေ၊ မြန်မာပြည်ကို ပြန်ပြီးတော့မှ တည်ဆောက်ဖို့ပြင်ဆင်နေတဲ့အရာတွေ၊ အခြေခံကျသော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံရဲ့ အနေအထားဟာ ဘယ်အတိုင်းအတာအထိရှိနေပြီလဲဆိုတာ ကျွန်မတို့ပြန်ပြီးတော့မှ တိုင်းတာရမှာဖြစ်တယ်။

## ၃။ လက်ရှိကာလအထိ ဖက်ဒရယ်ပြည်ထောင်စုအိမ်မက်ကို အကောင်အထည်မဖော်နိုင်သေးသည့် အဓိက အကြောင်းရင်းတွေက ဘာလဲ။

လက်ရှိကာလအထိ ဖက်ဒရယ်ပြည်ထောင်စုအိမ်မက်ကို အကောင်အထည်မဖော်နိုင်သေးတဲ့အဓိက အကြောင်း အရင်းက နိုင်ငံရေးအယူဝါဒဆွဲဖြစ်တဲ့ လူမျိုးကြီးဝါဒနဲ့ လူမျိုးသုဉ်းသတ်ဖြတ်လိုတဲ့ လူကိုလူလိုတန်ဖိုးမထားမလေးစားခြင်းတွေကြောင့်ဖြစ်တယ်။ နိုင်ငံရေးအရ တန်းတူအခွင့် အရေးမပေးချင်ဘူး။

နိုင်လိုင်မင်းထက်ပြုမူတွေ ကြီးမားနေတယ်။ သူတစ်ပါးနယ်ကို ကျူးကျော်အုပ်ချုပ်လိုတဲ့ ဝါဒဆိုးတွေ ရှိနေသေးတယ်။ လက်ဝါးကြီးအုပ်ပြီး အုပ်စိုးလိုတဲ့ အတ္တစိတ်တွေ၊ ပြည်သူ့ကောင်းကျိုးမကြည့်ရှုဘဲနဲ့ နိုင်ငံရေး တစ်ယူတန် အတ္တတွေကြောင့် ပြည်သူ လူထုကို အကျိုးပြုမဲ့ နိုင်ငံရေးစနစ်တစ်ခုတည်ဆောက်ဖို့ နှောင့်နှေးနေတာ ဖြစ်တယ်။

တကယ်ပဲ ဖက်ဒရယ်စနစ်ရဲ့ ကောင်းမွန်တဲ့အရာတွေ ပြည်သူထဲမှာ တည်ဆောက်နိုင်ဖို့ရန်အတွက်က ပြည်သူကို အကျိုးပြုနိုင် ခြင်းဆိုတဲ့အရာတွေကိုထည့်ပြီးစဉ်းစားမှုတွေ အားနည်းနေသေးတဲ့ အတွက်တွေကြောင့်လို့ သုံးသပ်မိပါတယ်။

**၄။ တဘက်က ဖက်ဒရယ်တည်ဆောက်ရေးပြောနေကြပေမယ့် တချို့ သောတိုင်းရင်းသား လက်နက် ကိုင် အင်အားစုတွေက ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်အတွက် ရသလောက်တိုက်ယူပြီး အုပ်ချုပ်ရေးနယ် မြေ တိုးချဲ့မယ် ကိုယ့်ခြံ စည်းရိုးကို လုံအောင်ကာဖို့ ကြိုးစားနေကြတယ်။ ဒီတော့ လူထုအများစု မျှော်မှန်းနေကြတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို အမှန် တကယ် ဦးတည်နိုင်ပါ့မလား။**

ကျမတို့နိုင်ငံကို အခြေခံကျသော ဖက်ဒရယ်စနစ်နဲ့တည်ဆောက် မှာသာ ကိုယ့်စည်းကိုယ့်ဝန်းလည်း လုံလုံခြုံခြုံ အုပ်ချုပ်နိုင်မှာဖြစ်ပါတယ်။ အခြေခံကျသော Federalism မှာလည်း ဒီမိုကရေစီရဲ့ သဘောတရားတွေ နည်းနာတွေကို တည်ဆောက်ထားဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

ဒီအရာတွေမရှိဘဲနဲ့ ကိုယ့်ရဲ့မြေနေရာအတိုင်း တွေကို ရေရှည် တည်တံ့အောင် အုပ်ချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ကျမတို့လိုနေတာက အမှန်တကယ် အခြေခံကျ သော Bottom–Up Federalism ကို လက်တွေ့ကျ ကျ တည်ဆောက်နိုင်မှသာလျှင် ကိုယ့်ရဲ့ဒေသ ကိုယ့်ရဲ့နယ်မြေ တွေကို ကိုယ် ကိုယ်တိုင်ကနေ လွှမ်းမိုးအုပ်ချုပ်မှုကို အပြည့်အဝရနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျမတို့ တည်ဆောက်နေတဲ့ Federalism က အခြေခံကျသော ဖက်ဒရယ်ရဲ့ နည်းနာတွေဟုတ်သလား၊ အခြေခံကျသော Federalism ရဲ့ စနစ်ရော သေသေချာချာတည်ဆောက်နိုင်ပြီလားပေါ့ ဒီအရာ တွေကို တည်ဆောက်ဖို့ နေရာဒေသ မှာရှိနေတဲ့ ပြည်သူတွေ၊ အုပ်ချုပ်သူ တွေ နောက်ပြီး ဒီနေရာမှာရှိနေတဲ့ နိုင်ငံရေးပိုင်း ဆိုင်ရာ၊ စစ်ဖက်ပိုင်းဆိုင်ရာ တွေမှာရှိနေတဲ့ လူတွေရဲ့ နိုင်ငံရေးအသိပညာကြွယ်ဝမှုနဲ့ သူတို့ရဲ့ တကယ့် လက်တွေ့ ကျကျလုပ်ဆောင်နိုင်မှု အနေအထားက ဘယ်အတိုင်းအတာထိ ရှိနေပြီးလဲဆိုတာတွေက အဓိက မူတည်တယ်။ သူတို့ရဲ့ အတွေးအခေါ် ပိုင်း ဆိုင်ရာ အမှန်တကယ်ပဲ တိုးတက်ပြောင်းလဲလာပြီလား။

တကယ်ပဲ ဒီမိုကရေစီစနစ်ထဲကိုသွားနိုင်ဖို့အတွေးအခေါ်တွေရော ပြည်သူတွေနဲ့ အုပ်ချုပ်သူတွေထဲမှာ တကယ်တည်ဆောက်နိုင်ပြီလား ပေါ့။ ဒီအရာတွေပေါ် မှာမူတည်ပြီးတော့ပဲ ကိုယ့်ရဲ့ဘောင်တွေကို ဘယ်

**ဖက်ဒရယ်ဒီမိုကရေစီလို့ ပြောလို့ရှိရင် ကျမတို့ တစ်ဦးတစ်ယောက်ချင်းဆီကရော ကိုယ်ကိုယ်တိုင်က ကိုယ့်နိုင်ငံရဲ့ ဖက်ဒရယ်စနစ်တခုဖြစ်လာအောင် လူသားဆန်တဲ့ လူသားတစ်ယောက် ဖြစ်လာအောင် ဘယ်အတိုင်းအတာထိ အသက်ရှင်နေပြီလဲပေါ့။**

အတိုင်းအတာထိ လုံလုံခြုံခြုံနဲ့ အုပ်ချုပ်နိုင်မလဲ၊ စီမံခန့်ခွဲနိုင်မလဲ၊ အာဏာလွှမ်းမိုးမှုရှိနိုင်မလဲဆိုတာကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

**၅။ အုပ်ချုပ်ရေးနယ်မြေတိုးချဲ့မှုကြောင့် နောက်ဆက်တွဲ နယ်မြေအရ ထိစပ်နေတဲ့ EROs/ EAOs တို့ အင်အားစု အချင်းချင်း တွေကြားမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ပတ်သက်ပြီး ပွတ်တိုက်မှုဖြစ်လာရင် ဖက်ဒရယ်တည် ဆောက်ရေးကို ဘယ်လိုထိခိုက်နိုင်မလဲ။ ကြားကာလ (ဖက်ဒရယ် ကိုသွားနေတဲ့ကာလ)မှာ ပွတ်တိုက်မှုကို ဘယ်လို ရှောင်ရှားသင့်သလဲ။ ဘယ်လို ယန္တရားတွေကို ခိုင်မာအောင် တည်ဆောက်သင့်သလဲ။**

အချင်းချင်းကြားမှာ ပွတ်တိုက်မှုတွေဖြစ်ပွားနိုင်လားဆိုတော့ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ တစ်စုနဲ့ တစ်စုကြားမှာ ဘယ်လောက်အတိုင်းအတာထိ လေးစားအသိအမှတ်ပြုမှု ရှိတယ်ဆိုတဲ့ အပေါ်မှာ မူတည် မှာဖြစ်တယ်။ ကျမတို့လူသားအချင်းချင်း ဘယ်လောက်ထိ လေးစားယုံကြည်မှုရှိသလဲ ဘယ်အတိုင်းအတာထိ တရားမျှတမှုကို ဖော်ဆောင်နိုင်ကြသလဲဆိုတဲ့ အပေါ်မှာမူတည်ပြီးတော့မှာပဲ ပွတ်တိုက်မှုတွေကို ဖြေရှင်းသွားလို့ ရမှာဖြစ်ပါတယ်။

နောက်တခုက ဖက်ဒရယ်ဒီမိုကရေစီလို့ ပြောလို့ရှိရင် ကျမတို့ တစ်ဦးတစ်ယောက်ချင်းဆီကရော ကိုယ်ကိုယ်တိုင်က ကိုယ့်နိုင်ငံရဲ့ ဖက်ဒရယ်စနစ်တခုဖြစ်လာအောင် လူသားဆန်တဲ့ လူသားတစ်ယောက် ဖြစ်လာ အောင် ဘယ်အတိုင်းအတာထိ အသက်ရှင်နေပြီလဲပေါ့။ ဘယ်အတိုင်းအတာထိ လူ့စံတန်ဖိုးလူ့ဂုဏ်သိက္ခာနဲ့ အသက်ရှင်တဲ့ လူတစ်ယောက်ဖြစ်သလဲဆိုတဲ့အပေါ်မှာပဲ ဖက်ဒရယ်ရဲ့ အခြေခံနဲ့သွားမှာဖြစ်တဲ့အတွက်ကြောင့် တစ်ယောက်ချင်းဆီက အခိုင်အမာတည်ဆောက်သွားမယ် ဆိုလို့ရှိရင် ဒီပွတ် တိုက်မှုတွေကို ဖြေရှင်းနိုင်မှာဖြစ်တယ်လို့ ယူဆပါတယ်။




နိုင်ဗညားမွန်
ဒါရိုက်တာ
မွန်ပြည်ဖွံ့ဖြိုးရေးစင်တာ

# ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ခြေလှမ်းသစ်တွေကို ဘယ်လိုလှမ်းကြမလဲ...

## ၁။ မြန်မာပြည်အတွက် ဖက်ဒရယ် ပြည်ထောင်စုသစ် တည်ဆောက်ရေးက ဘယ်လောက်ထိ အရေးကြီးသလဲ။ မှတ်ချက်စကားနဲ့ စပြီး ဆွေးနွေးစေချင်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံအတွက် ဖက်ဒရယ်တည်ဆောက်ရေးက တကယ်အရေးကြီးတယ်။ အခုမှမဟုတ်ပါဘူး၊ လွတ်လပ်ရေးရပြီးတဲ့အချိန် ကတည်းက ဒီနိုင်ငံကိုဖက်ဒရယ် တည်ဆောက်ရေး အတွက် ၁၉၄၇မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေက သဘောတူ လက်မှတ် ရေးထိုးခဲ့တယ်။ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ တိုင်းရင်းသား အားလုံးအတူယှဉ်တွဲနေထိုင်ဖို့ဆိုတဲ့ မျိုးစေ့ကို ချခဲ့တယ်လို့ ပြောလို့ရတယ်။ သို့သော် ကျွန်တော်တို့အားလုံးမျှော်မှန်းတဲ့မြန်မာနိုင်ငံက ဖက်ဒရယ် အိပ်မက် ကတော့ အခုထိအကောင်အထည် မဖော်နိုင်သေးဘူး။ ဗိုလ်ချုပ်အောင်ဆန်း နဲ့ တိုင်းရင်းသား ခေါင်းဆောင်တွေချမှတ်ခဲ့တဲ့ ဖက်ဒရယ်အိပ်မက်ကိုပေါ့။

အဲဒီရဲ့အကျိုးဆက်အဖြစ် ကျွန်တော်တို့နိုင်ငံမှာတန်းတူရေးပြဿနာ တွေကနေ အစပြုလာတဲ့ ပြည်တွင်း စစ်မီးတွေ၊ ခွဲခြားဆက်ဆံမှုပြဿနာတွေ ဆက်တိုက်ကြုံခဲ့ရတယ်။ ပြည်တွင်းစစ်မီး ပြဿနာ တွေကြောင့် ကျွန်တော် တို့နိုင်ငံက စစ်အာဏာရှင်ရဲ့စနစ်အောက်မှာ နေခဲ့ရတယ်။ အဓိကကတော့ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ လူမျိုးစုအားလုံးအတူတကွယှဉ်တွဲနေထိုင်နိုင်တဲ့ ဖက်ဒရယ်စနစ်ကို မတည်ဆောက်နိုင်ခဲ့တဲ့ အတွက် အခုလို အနေအထားမျိုး ဖြစ်ခဲ့ရတာပေ့ါ။ ဒါကြောင့်မလို့ ဒီဖက်ဒရယ်တည်ဆောက်ရေးက ကျွန်တော် တို့တိုင်းပြည်အတွက် မနေ့ကလည်း အရေးကြီးသလို ဒီနေ့အတွက်လည်း အရေးကြီးပါတယ်။ ဒါကို ပဏာမအနေနဲ့ ကျွန်တော်ပြောချင်ပါတယ်။

## ၂။ လက်ရှိကာလအထိ ဖက်ဒရယ်ပြည်ထောင်စုအိမ်မက်ကို အကောင်အထည် မဖော်နိုင်သေးသည့် အဓိက အကြောင်းရင်းတွေက ဘာလဲ။

ကျွန်တော်ထင်တာကတော့ အတွေးအခေါ်ဆိုင်ရာပြဿနာက အဓိကကျမယ်လို့ ထင်ပါတယ်။ အဲဒီအတွေးအခေါ်ဆိုင်ရာပြဿနာက နိုင်ငံရေး စနစ်ဆိုင်ရာပြဿနာကို ပေါ်ပေါက်စေတယ်။ အဲဒီနိုင်ငံရေးစနစ် ဆိုင်ရာပြဿနာကနေ ဖွဲ့စည်းပုံဆိုင်ရာ ပြဿနာကို ပေါ်ပေါက်စေတယ်လို့ ကျွန်တော်နားလည်တယ်။

အတွေးအခေါ်ဆိုင်ရာပြဿနာလို့ ကျွန်တော်တို့ ပြောတဲ့အခါမှာ ခေတ်အဆက်ဆက်မှာ ဖက်ဒရယ်ပြည်ထောင်စုကိုတည်ဆောက်မယ်လို့ ပြောကြတယ်ပေါ့နော်၊ အရင်က ၁၉၆၂ခုနှစ် ဦးနေဝင်းလက်ထက်မှာ ဖက်

ဒရယ်ဆိုတဲ့စကားတောင် ပြောလို့မရဘူးပေါ့နော်။ ဖက်ဒရယ်က တိုင်းပြည် ပြိုကွဲတယ်ဆိုတဲ့ အတွေးအခေါ်တွေ၊ အထူးသဖြင့် စစ်တပ်က အဲဒီလိုအမြင် လွှမ်းမိုးတဲ့ အတွေးအခေါ်၊ အယူအဆရှိတဲ့အပေါ်မှာ ဖက်ဒရယ်တည်ဆောက် ရေးကို လှုပ်ရှားတဲ့ တိုင်းရင်းသား ခေါင်းဆောင်တွေက ဖက်ဒရယ်ဆိုတဲ့ စကားလုံးတောင်ပြောခွင့်မရတဲ့အထိ အတွေးအခေါ်၊ အယူအဆအလွဲအမှား တွေက အဲဒီလို အနေအထား မျိုးအထိဖြစ်နေတယ်။

ဒါကဗိုလ်ချုပ်အောင်ဆန်းလက်ထက်က ချခဲ့တဲ့မျိုးစေ့တွေဆိုပေ မယ့်တိုင်းပြည်ကို အစဉ်အဆက် အုပ်ချုပ်နေတဲ့ ဗမာလူမျိုးပိုင်းထဲမှာ ဒီဖက် ဒရယ်ဆိုင်ရင်အယူအဆက တော်တော်လေးကို လွဲမှားတဲ့ အယူအဆဖြစ်နေ တယ်။

အခုက ဒီအတွေးအခေါ်အယူအဆပြဿနာမှာကြတော့ ကျွန်တော်တို့ တိုင်းရင်းသားအများစုတွေမှာ သုံးနေကြတဲ့ ဒီလူမျိုးကြီးဝါဒသွပ်သွင်းတဲ့ ပုံစံ တွေဖြစ်နေတာပေ့ါ။ အဲဒီအယူအဆတွေမှာကြတော့ တိုင်းရင်းသားတွေကို တန်းတူအခွင့်အရေးပေးဖို့ဆိုတဲ့ အယူအဆတွေအပေါ်မှာ အခြေခံပြီးတော့မှ ဒီနိုင်ငံရေးစနစ်ကို တည်ဆောက်တဲ့ ပုံစံမျိုးဖြစ်မှာပေ့ါနော်။ အဲဒီလို အခုနား ကပြောတဲ့ ဖက်ဒရယ်ဆို တာက အတူယှဉ်တွဲနေထိုင်ရေးဆိုတဲ့ မတူ ညီတဲ့ အင်အားစုတွေကြားထဲမှာ အတူသွားလို့ရတယ်။

အဲဒီအယူအဆက ဦးနေဝင်းလက်ထက်ကတည်းကနေ အခုချိန် ထိ ပြည်မမှာရှိတဲ့ ဗမာအင်အားစုတွေ ကြားထဲမှာ ရှိနေတုန်းပဲ။ အဲဒီလိုပဲ ကျွန်တော်နားလည်တယ်။ ဗမာအင်အားစုတွေအပြင် တခြားအင်အားစုတွေ မှာလည်း အဲဒီလိုအယူအဆရှိနေတုန်းပဲလို့ ကျွန်တော်ယုံကြည်တယ်။

စစ်တပ်အပြင် တခြားအင်အားစုတွေကြားထဲမှာ ဒီအယူအဆက ရှိ နေတုန်းပဲလို့ ကျွန်တော်ယူဆတယ်။ ဒါကို ကျွန်တော်ဘာကြောင့်ပြောလဲဆို တော့ သူတို့ပြောတဲ့ ဒီအယူအဆထဲမှာ တိုင်းရင်းသားတွေရဲ့ တန်းတူအခွင့် အရေးကို အပေါ်ကနေချပေးလိုက်တဲ့ဗဟိုချုပ်ကိုင်မှုပုံစံမျိုးပြောဆိုနေတာက တကယ့် အယူအဆရေးရာ အတွေးအခေါ်ပြဿနာကိုဖြစ်စေတဲ့ အဓိက အကြောင်းအရာဖြစ်တယ်လို့ ကျွန်တော့် အနေနဲ့ ပြောချင်တယ်။ အယူအဆ ရေးရာအတွေးအခေါ်ပြဿနာက တကယ့်နိုင်ငံရေးစနစ်ထဲကို ရောက်သွားတဲ့ အခါကြတော့ အာဏာတွေက ဗဟိုချုပ်ကိုင်ထားတဲ့လူရဲ့ လက်ထဲကိုရောက် သွားတာပေ့ါ။ အဲဒီစနစ်ကနေ ဖွဲ့စည်းပုံအခြေခံဆိုင်ရာစနစ်ထဲရောက်သွား တယ်။

ဒါကြောင့် ကျွန်တော်နားလည်တာက နံပါတ်တစ်အချက်သည် တကယ့်အယူအဆရေးရာ အတွေးအခေါ် ပြဿနာ ဖြစ်တယ်။ အယူအဆရေးရာ အတွေးအခေါ်ပြဿနာက တကယ့် System ဆိုင်ရာပြဿနာကို ရောက်သွားတယ်။ အဲဒီSystem ပြဿနာကနေ အဲဒါကိုအကောင်အထည်ဖော်တဲ့ ဖွဲ့စည်းပုံဆိုင်ရာ ပြဿနာကိုဖြစ်ပေါ်စေတယ်လို့ ကျွန်တော်နားလည်ပါတယ်။

**၃။ လက်ရှိ မြန်မာ့ဖက်ဒရယ် တည်ဆောက်ရေးချဉ်းကပ်မှုမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်း (EROs) အင်အားစုတွေကတော့ Bottom–Up Federalism လို့ခေါ်တဲ့ ပြည်နယ်အခြေခံကနေ စဉ်းစားချက်ကို ဦးတည်ပြီး Coming Together federalism ကို တွန်းကြတယ်။ ဒါပေမယ့် ဒီမိုကရေစီအင်အားစုတွေနဲ့ လေ့လာသူ တချို့ ဘက်ကတော့ Bottom–Up Federalism ဟာ ဖက်ဒရယ် ပြည်ထောင်စုကို ဦးတည်ရာ ကနေ ဘော်လကန် နိုင်ငံကဲ့သို့ (တိုင်းပြည်အစိတ်စိတ် အမွှာမွှာ ) ဖြစ်စေမယ့် အလားအလာကို ကူးပြောင်းသွားမလားဆိုတဲ့ စိုးရိမ်မှုကို ပြောလာကြပါတယ်။ holding together federalism ကို စဉ်းစားဖို့ ပြောလာကြ ပါတယ်။**

Bottom–Up Federalism ကိုချဉ်းကပ်တဲ့အခါမှာ သတိပြုစရာတွေနဲ့ လူထုပါဝင်မှုတွေကို ပိုမိုအားကောင်းစေဖို့ ဘယ်လိုခြေလှမ်းမျိုးကို ပြင်ဆင်ဆောင်ရွက်သင့်သလဲ။

ဖက်ဒရယ်လို့ပြောတဲ့အခါမှာ သူ့ရဲ့ဖြစ်ပေါ်လာတဲ့ ပုံစံက နှစ်မျိုးရှိတယ်လို့ မြင်ရတယ်ပေါ့လေ၊ တစ်ချို့ကတော့ သုံးမျိုးပေါ့နော် ကျနော်တို့ အလွယ်တန်းပြောရလို့ရှိရင် Coming together နဲ့ Holding together model မျိုးပေါ့နော်။ ဒါကိုပြန်ကြည့်လို့ရှိရင် Coming together ရဲ့ ဖြစ်ပေါ်လာတဲ့ ဖြစ်စဉ်က နဂိုရှိနေပြီးသား နိုင်ငံဒေသတွေကို အခြေနေတခုအောက်မှာ (ဥပမာ ပြည်ပရန်ကိုကာကွယ်ရန်) နိုင်ငံတခုအနေနဲ့ လာရောက်ပူးပေါင်းပြီးတော့ အတူတကွတည်ဆောက်တာကို Coming together လို့ ပြောကြတယ်။ Holding together ပြောတဲ့အခါကြတော့ နိုင်ငံကအရင်ဖြစ်တည်လာတယ်။

နိုင်ငံဖြစ်တည်လာတဲ့ပေါ်မှာ အုပ်ချုပ်ရေးယန္တရားကို ပိုမိုတက်ရောက်စေတာပဲ ဖြစ်ဖြစ်၊ ရှိနေတဲ့ပဋိပက္ခကို ဖြေရှင်းတာပဲဖြစ်ဖြစ်ပေါ့ ပြည်နယ်ယူနစ်တွေကို ပြန်ခွဲပေးတဲ့သဘောပေါ့လေ။ နဂိုချုပ်ကိုင်ထားပြီးသားကို ပြန်ချပေးလိုက်တဲ့ ပုံစံမျိုး ဒါကကျနော်နားလည်းတဲ့ ပုံစံမျိုးပေါ့လေ။ တချို့နိုင်ငံတွေ ကြတော့ Coming together နဲ့ Holding together နှစ်ခုကို ရောစပ်တဲ့ ပုံစံမျိုးလည်း ရှိကောင်းရှိနိုင်ပါတယ်။ ဥပမာ ကနေဒါနိုင်ငံလိုမျိုးပေါ့နော်။

ဒါပေမဲ့ Holding together ပဲပြောပြော Coming together ပဲဆိုဆို အဓိက ကျနော်နားလည်တဲ့ ဖက်ဒရယ်ရဲ့ အနှစ်သာရက ပြည်ထောင်စုနဲ့ ယူနစ်ကြား ထဲမှာ အာဏာကိုခွဲဝေပြီးတော့ အုပ်ချုပ်တဲ့စနစ်ဖြစ်တယ်။

အဲ့သလို အာဏာခွဲဝေတဲ့ဖွဲ့စည်းပုံအခြေခံဥဒေပုံစံက Holding together မှာလည်း ရှိတယ်။ Coming together မှာလည်းရှိတယ်။ ဒါပေမဲ့ တူတော့မတူဘူးပေါ့လေ။ အချို့နိုင်ငံတွေမှာကြတော့ Coming together မှာ က ပြည်နယ် Constitution ရှိတဲ့အခါ ပြည်နယ်တွေရဲ့ အခြေခံတာဖြစ်တယ်။

ကျနော်တို့ နိုင်ငံအနေနဲ့ ပြန်ကြည့်တဲ့အခါမှာ အဲ့ဒီနှစ်ခုက ဘယ်ဟာ မှမဖြစ်လာသေးဘူး။ ကျနော်တို့နိုင်ငံမှာကတော့ ဗဟိုချုပ်ကိုင်မှုစနစ်ကို နည်း နည်းသာသာလျော့ချတဲ့ အခြေအနေမှာပဲရှိတယ်။ ဘယ်ဖက်ဒရယ်ပုံစံနဲ့မှ မညီတဲ့ အနေအထားဖြစ်နေတယ်။ နောင်ကောင်အထည်ဖော်မဲ့ ပုံစံမျိုးမှာ က ဘယ်လိုသွားကြမလဲဆိုတာက သက်ဆိုင် တဲ့အင်အားစုတွေက သေခြာ ဆွေးနွေးရမယ်လို့ ထင်တယ်။ Coming together ဆိုဆို Holding together ပဲ ပြောပြော အဓိကက Power sharing ကို Constitution အရ ဘယ်လို အာဏာခွဲဝေမလဲဆိုတာက အကွရာကျတယ် လို့မြင်ပါတယ်။

နောက်တခုက Bottom-Up Federalism လို့ ပြောတဲ့ အခါတော့ coming together ပုံစံနဲ့ နီးနွယ် နေတယ်လို့ နားလည်လို့ရတယ်ပေါ့လေ။ ဒါပေမဲ့ တစ်ချို့တိုင်းရင်းသား ခေါင်းဆောင်တွေပြောတာက ပြည်နယ် အားကောင်းတဲ့ ပြည်ထောင်စုပုံစံမျိုးနဲ့သွားမယ်ဆိုတာပေါ့လေ။

ဒီမှာ ကျနော်နားလည်တာက ဖက်ဒရယ်ပြည် ထောင်စု ကိုသွားမယ် ဆိုလို့ရှိရင် ဖက်ဒရယ် သက်သက်နဲ့တော့ သွားလို့မရဘူးလို့ ကျနော်ထင် တယ်။ ဖက်ဒရယ် ပြည်ထောင်စုရဲ့ ဖြစ်ပေါ် တိုးတက်မှုက ဒီမိုကရေစီ ဖြစ် ပေါ်တိုးတက်မှုနဲ့ ဆက်စပ်ချိတ်ဆက်နေတဲ့ အနေအထားမျိုး ဖြစ်တယ်။ ဒီမို ကရေစီမရှိဘဲနဲ့ ဖက်ဒရယ်က ဘယ်လိုမှ ဖြစ်ပေါ်လာ နိုင်စရာမရှိဘူး။ ဒီမိုက ရေစီမရှိတဲ့ ဖက်ဒရယ် ပုံစံမျိုးက အာဏာရှင်စနစ်ကို တစ်နည်းတစ်ဖုံပြန်ပြီး ရောက်သွားတဲ့ အနေအထားမျိုးဖြစ်သွားနိုင်တယ်။

> “ကျနော်တို့နိုင်ငံမှာကတော့ ဗဟိုချုပ်ကိုင်မှုစနစ်ကို နည်းနည်းသာသာလျော့ချတဲ့ အခြေအနေမှာ ပဲရှိတယ်။ ဘယ်ဖက်ဒရယ်ပုံစံနဲ့မှ မညီတဲ့ အနေအထားဖြစ်နေတယ်။ နောင်အကောင်အထည်ဖော်မဲ့ ပုံစံမျိုးမှာက ဘယ်လိုသွားကြမလဲဆိုတာက သက်ဆိုင်တဲ့အင်အားစုတွေက သေခြာဆွေးနွေးရမယ်လို့ ထင်တာယ်”

**၄။ အိမ်နီးချင်းနိုင်ငံတွေရဲ့ အခန်းကဏ္ဍကို ပြန်ကြည့်မယ်ဆိုရင် အနီးစပ်ဆုံး သာဓက ကတော့ လူအများ မျှော်လင့်ချက်ကြီးခဲ့တဲ့ ၁၀၂၇ စစ်ဆင်ရေးဟာ လည်း အိမ်နီးချင်းနိုင်ငံတွေရဲ့ ဖိအားပေးမှုကြောင့် တိုက်ပွဲရပ်စဲပြီးတော့ စစ် ကောင်စီနဲ့ တွေ့ဆုံရေး ဦးတည်သွားတယ်၊ နောက် လွတ်မြောက်ဒေသ တချို့ လည်းထွက်ပေါ်လာခဲ့တယ်။ ဒါပေမယ့် ဖက်ဒရယ် တည်ဆောက်ရေးအတွက်**

**ခိုင်မာတဲ့ လမ်းကြောင်းမှန်ပေါ် ရောက်မလာစေနိုင်သလို ဖြစ်နေတယ်။ ဒါကကော် ဖက်ဒရယ် တည်ဆောက်ရေး အတွက် ဘယ်လိုထည့်သွင်း စဉ်းစားသင့်ပါသလဲ။**

ဘယ်နိုင်ငံဖြစ်ဖြစ် သူတို့နိုင်ငံရဲ့ နိုင်ငံရေးပေါ်လစီကို ချမှတ်တဲ့အခါမှာ သူတို့နိုင်ငံရဲ့ အကျိုးစီးပွား၊ သူတို့နိုင်ငံ လုံခြုံရေးအတွက်ကြည့်ပြီးတော့ ချမှတ်ခဲ့တာပေါ့လေ၊ ဒါကတော့နိုင်ငံတိုင်းပါပဲ။ ဆိုတော့ ကျနော်တို့နိုင်ငံဘေးမှာရှိတဲ့ တရုတ်၊ အိန္ဒိယနဲ့ ထိုင်းနိုင်ငံပဲဖြစ်ဖြစ် ဒီအယူအဆပေါ်မှာပဲချမှတ်တာတွေ့ရတယ်။ သူတို့ရဲ့ နယ်စပ်အနီးမှာ တိုက်ပွဲဖြစ်တဲ့အနေအထားမျိုး လုံးဝမလိုလားတဲ့ပုံစံမျိုးဖြစ်နေတယ်။

ဒါကသူတို့နိုင်ငံရဲ့ လုံခြုံရေးနဲ့ တိုက်ရိုက်ဆက်စပ်တဲ့အချက်ဖြစ်တယ်။ အနိမ့်ဆုံးအဆင့် နယ်စပ်မှာတိုက်ပွဲဖြစ်ရင် စစ်ဘေးဒုက္ခသည်တွေ သူတို့ နိုင်ငံကို ရောက်လာတာကို သိပ်ပြီးတော့ မလိုလားတဲ့သဘောပေါ့။ အခုဒီ ၁၀၂၇ စစ်ဆင်ရေးဟာလည်း တရုတ်ရဲ့ နယ်စပ် ဘေးမှာဖြစ်တဲ့ဟာကြတော့ သူတို့ရဲ့ နယ်စပ်လုံခြုံရေးအခြေခံ အကြောင်းပြပြီးတော့ အပစ်ရပ်စဲရေး နှစ်ဖက်စလုံး ကို ဖိအားပေးတဲ့ အနေအထားမျိုးဖြစ်တယ်။

ဒီအပေါ်မှာလည်း ဟိုင်ဂင်သဘောတူညီချက်ထွက်လာ ခဲ့တယ်။ ကျနော့်အမြင်ကတော့ တချို့နေရာတွေမှာ သူတို့နဲ့ဆက်စပ်ကောင်း ဆက်စပ်နိုင်ပေမဲ့လည်း ဖက်ဒရယ်တည် ဆောက်ရေးမှာက ကျနော်တို့အရေးသာဖြစ်တယ်။ ကျနော်တို့အရေးကိုတော့ ကျနော်တို့ကိုယ်တိုင်ပဲ စဉ်းစားဆုံးဖြတ်သင့်တယ်လို့ ကျနော်ထင်တယ်။ ကျနော်တို့ စစ်ပွဲရပ်စဲတိုင်း ရပ်စဲတိုင်း တကယ်တမ်းအကျိုးအမြတ်ရသွား တာက စကစ ဖြစ်တယ်။

သူကတစ်နေရာရပ်ပြီးရင် တစ်နေရာကို ထိုးစစ်ဆင်တဲ့ပုံစံမျိုးပေါ့။ ဥပမာတွေလည်း အများကြီးရှိခဲ့သလို မနေ့တနေ့က ရှမ်းမြောက်မှာအပစ်ရပ်ပြီး သူ့စစ်တပ်တွေကို ကရင်နီဖက်ကိုရွှေ့လိုက် အဲ့လိုအနေ အထားမျိုး ရှိတယ်။ ဒီအပေါ်မှာလည်း တိုင်းရင်းသားတော်လှန်ရေးအင်အားစု အားလုံးက နာလည်ပြီး သားလို့ ကျနော်ထင်ပါတယ်။ အခြေနေအကြောင်းကြောင်းကြောင့် ဖိအားပေးဖို့ အောက်မှာ အနည်းနဲ့အမျှတော့ ကျနော်တို့ တော်လှန်ရေးအပေါ်မှာ တက်ရောက်မှုတွေတော့ရှိပါတယ်။



စိုင်းကျော်စောဟန်
သျှမ်းကျောင်းသားသမဂ္ဂ

# ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ခြေလှမ်းသစ်တွေကို ဘယ်လိုလှမ်းကြမလဲ...

## ၁။ ပထမဆုံးအနေနဲ့ မြန်မာပြည်အတွက် ဖက်ဒရယ်ပြည်ထောင်စုသစ် တည်ဆောက်ရေးက ဘယ်လောက် ထိ အရေးကြီးသလဲ။

ဖက်ဒရယ်ဆိုတာက ကျွန်တော်တို့နိုင်ငံရေးခေါင်းဆောင်၊ တော်လှန်ရေးခေါင်းဆောင်တွေအားလုံးက လိုလားချင်တဲ့ ပန်းတိုင်ဖြစ်ချင်မှလည်း ဖြစ်မယ်။ ဖက်ဒရယ်ထက်ကိုပိုပြီးတော့ ပြည်ထောင်တွေ ပေါင်းစည်းချင်တာလည်း ဖြစ်ကောင်းဖြစ်မယ်ပေ့ါ။ ဒါက အခုလက်ရှိအနေအထားမှာပေ့ါလေ။ အကုန်လုံးကလည်း ဖက်ဒရယ်ပြောနေကြတာပေ့ါ။ ဒါပေမယ့် ဖက်ဒရယ်စနစ်ကို ထူထောင်ခဲ့ကြတဲ့ နိုင်ငံတွေရှိတယ်၊ ဒါမှမဟုတ် ဖက်ဒရယ်နဲ့ အလားတူသွားခဲ့တဲ့နိုင်ငံတွေလည်းရှိတယ်။ ဒီနိုင်ငံတွေထဲက တချို့နိုင်ငံတွေမှာဆိုရင် ပြည်တွင်းစစ်တွေ ပြန်ဖြစ်ကြတာရှိတယ်။ လက်ရှိမှာဆိုရင်လည်း ပြည်တွင်းစစ်တွေဖြစ်နေတဲ့နိုင်ငံတွေရှိတယ်။ နိုင်ငံရေးပဋိပက္ခပေါင်းစုံဖြစ်နေတဲ့နိုင်ငံတွေလည်းရှိတယ်။ ခွဲထွက်ပြီးတော့ နိုင်ငံအသစ်ပြန်ထူထောင်သွားတဲ့ နိုင်ငံတွေလည်းရှိတယ်။

ဒါကဘာလဲဆိုရင် ကျွန်တော်တို့ဖက်ဒရယ်နိုင်ငံကို တကယ်သွားကြမယ်ဆိုရင် သူတို့ဘာကြောင့် ဒီလိုသွားကြလဲ ဆိုတဲ့ဟာကို အတုယူရမယ့် သင်ခန်းစာတွေရှိတယ်။ နောက်တစ်ခုက ကျွန်တော်တို့ နိုင်ငံက သူများနိုင်ငံတွေနဲ့ မတူတာက လူမျိုးတော်တော်စုံတယ်၊ ဘာသာပေါင်းစုံကို ကိုးကွယ်တဲ့ နိုင်ငံဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးကတည်းက ဘာဖြစ်သလဲဆိုရင် လူမျိုးရေး ပဋိပက္ခတွေ၊ ဘာသာရေးပဋိပက္ခတွေ ဆက်တိုက်ဖြစ်တယ်။ တကယ်လို့ ကျွန်တော်တို့သာ ဖက်ဒရယ် စနစ်ကို ကျင့်သုံးနိုင်မယ်ဆိုရင် လူထုဘဝက ပဋိပက္ခတွေကို လျှော့ချဖို့ သင့်လျော်တဲ့ အဖြေတစ်ခုထွက်လာလိမ့်မယ်။

နောက်တစ်ခုက ဖက်ဒရယ်စနစ်ကို ကျွန်တော်တို့သွားမယ်ဆိုရင် သူများနိုင်ငံရဲ့ ဖက်ဒရယ်လမ်းကြောင်းအပေါ် သွားနေတဲ့ပုံစံတူကို ကျွန်တော်တို့ကူးချရမယ့်ပုံစံထက် ငါတို့နိုင်ငံနဲ့ဘယ်လိုကိုက်ညီမလဲဆိုတဲ့ ဖက်ဒရယ်စနစ်ကို ကျွန်တော်တို့တည်ဆောက်ဖို့လိုတယ်။ နောက်တစ်ခု အနေနဲ့ ကျွန်တော်တို့တိုင်းပြည်က ဘယ်လိုဖြစ်နေသလဲဆိုရင် လူအများစုကသာ အမှန်၊ လူအများစုကသာ ဒီမိုကရေစီဆိုတဲ့ ပုံစံမျိုးဖြစ်နေတယ်။ နောင်တချိန် ကျွန်တော်တို့သွားရမယ့်စနစ်မျိုးက လူအများစုရဲ့ဆန္ဒ၊ လူအများစုရဲ့ရွေးချယ်မှုကိုလည်း ကျွန်တော်တို့ လေးစားပြီးတော့မှ လူအနည်းစုရဲ့ သဘောထားဆန္ဒကိုလည်း အလေးထားတဲ့စနစ်မျိုးကိုလည်း ကျွန်တော်တို့ သွားမယ့် ဖက်ဒရယ် စနစ်မှာတည်ဆောက်ဖို့လိုမယ်။

နောက်တစ်ခုကဘာလဲဆိုရင် ဖက်ဒရယ်စနစ်ကတော့ တည်ဆောက်မယ်၊ တည်ဆောက်နေဆဲ ကာလဆိုရင် အခက်အခဲ၊ စိန်ခေါ်မှုတွေကတော့

တည်ရှိနေမယ်။ ဖက်ဒရယ်ကို မလိုလားတဲ့ သူတွေကတော့ ရှိရင်ရှိမယ်။ ဒီအတွက်ကတော့ ဖက်ဒရယ်ဆိုတဲ့စကားက ခါးရင်လည်းခါးနေမှာပဲ။ ဒါပေမယ့် လူအုပ်စုဝါဒတွေက ကျွန်တော်တို့နိုင်ငံမှာ အရမ်းအားကောင်းတယ်။ ပြီးတော့ ဒီအင်အား ဝါဒတွေအရမ်းအားကောင်းတဲ့ ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်းများစွာဖြစ်နေတဲ့ ဒီပဋိပက္ခတွေ၊ ဒီရောဂါဝေဒနာတွေကို ကုစားဖို့ဆိုရင်၊ နောက်တစ်ခုက တန်းတူညီမျှရေးနဲ့ အတူယှဉ်တွဲနေထိုင်ဖို့ဆိုရင် ဒီဖက်ဒရယ်ဆိုတဲ့ ဆေးခါးကြီးကို သောက်ကိုသောက်မှရမယ်။ ဒီဖက်ဒရယ်ဆိုတဲ့ ပြည်ထောင်စုကြီးကို ကျွန်တော်တို့ မလွဲမသွေတည်ဆောက်မှကို ရကိုရမှဖြစ်မယ်လို့ ကျွန်တော်မြင်ပါတယ်။

## ၂။ လက်ရှိကာလအထိ ဖက်ဒရယ်ပြည်ထောင်စုအိမ်မက်ကို အကောင်အထည်မဖော်နိုင်သေးသည့် အဓိက အကြောင်း ရင်းတွေက ဘာလဲ။

ဖက်ဒရယ်ပြဿနာက ကျနော်တို့ လူမျိုးစုတွေနဲ့ပဲသက်ဆိုင်တဲ့ ပြဿနာမဟုတ်ဘူး နိုင်ငံသားအားလုံးနဲ့ သက်ဆိုင် တဲ့ ပြဿနာဖြစ်တယ်။ ကျနော်တို့တိုင်းပြည်မှာ လူဦးရေ ၇၀ ရာခိုင်နှုန်းက ဗမာလူမျိုး ဖြစ်နေတယ်။ ပြီးရင် ခေတ်အဆက်ဆက်ဒီဖက်ဒရယ်တည်ဆောက်ရေးဆိုတာ ဗမာမဟုတ်တဲ့ အခြားတိုင်းရင်း သားတွေနဲ့ပဲ သက်ဆိုင် တယ်လို့ ယူဆကြတယ်။ လက်ရှိကာလမှာ ဗမာအမျိုးသားတွေလည်း ဖက်ဒရယ်ဆိုတာကို ပြောဆိုလာကြပါပြီ။ ဒါပေမဲ့ ပြောဆိုတဲ့ လူတွေဟာ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းထဲကနေ ပါဝင်လာတဲ့ ရာခိုင်နှုန်းက ဘယ်လောက်မှ မရှိဘူး။ အဓိက ကျနော်တို့ဖက်ဒရယ်သွားဖို့ဆိုလို့ရှိရင် သူတို့ရဲ့အားလည်းပါမှရဖြစ်တယ်။

ကျနော်အနေနဲ့ ဒီအကြောင်းအရာထဲမှာ ဆွေးနွေးဖို့ အကြောင်းအရာ ငါးခုလောက်ရှိပါတယ်။ အဓိကက အချင်းချင်း ယုံကြည်မှုမရှိ ပြည်မတောင်တန်းဆိုတာကို တစ်ပိုင်းထား ကျနော်တို့ လူမျိုးစုတွေကြားမှာလည်း ဖြစ်နေတယ်။ လူမျိုးတူကြားမှာ လည်းဖြစ်နေတယ်။ နောက်ပြီး အင်အားကြီးတဲ့သူတွေက အင်အားနည်းတဲ့သူတွေကို အနိုင်ကျင့် ဗိုလ်ကျမှုက အစဉ်အဆက်ဖြစ်နေတယ်။ နောက် လူမျိုးကြီး ဝါဒဘာညာရှိမယ်။ ပြင်းထန်တဲ့ အမျိုးသားရေးဝါဒ ကျင့်သုံးတာ တွေရှိမယ်၊ ကျင့်သုံးတယ်ဆိုတာကို လူထုအတိုင်းအဝိုင်းထဲက ရာခိုင်နှုန်းဘယ်လောက်လောက် ကျင့်သုံးနေလဲဆို တာနဲ့ သတ်မှတ်ရမှာဖြစ်တယ်။

နောက်ပြီးရင် အင်အားကြီးတဲ့သူက အင်အားနည်းတဲ့သူကို အနိုင်ကျင့်တာဟာ ကျနော်တို့ အသက်အရွယ်ကြီးမှ ဖြစ်လာတာမဟုတ်ဘူး ကျနော်တို့ အခြေခံစာသင်ကျောင်းက စပြီး ဖြစ်ခဲ့တဲ့ ပြဿနာလို့ ကျနော်တို့ ပြောလို့ရတယ်။ ဆိုကြပါစို့ ဘာသာစကားမတူတဲ့ ကလေးတစ်ယောက်ရှိ

မယ်၊ အဲ့ဒီမှာ လူအများစုဖြစ်နေတဲ့လူတွေက ဒီကလေးကို အနိုင်ကျင့်မယ်။ ပြီးရင် အင်အားကြီးတဲ့သူတွေမှာ သိစိတ်မသိစိတ် ထဲမှာ အင်အားနည်းတဲ့သူတွေကို ငါတို့ သူတို့ကို ဖိထားရမယ်ဆိုတဲ့ အတွေးအခေါ်ရှိတယ်။ နည်းတဲ့ သူကလည်း ငါတို့လည်းမခံဘူး ငါတို့လည်းတွန်းလှန်ရမယ်ဆိုတဲ့ အတွေးအခေါ်ရှိလာတယ်။ ဒါပေမဲ့ ဒီမတူညီ နှစ်ဦးကြားက ပြဿနာတွေကို ယုံကြည်မှု ဘယ်လိုတည်ဆောက်ကြမလဲဆိုတဲ့ဖက်ကို သွားတာက နည်းနေကြ သေးတယ်။

ကျနော်တို့ ဖက်ဒရယ်လို့ပြောကြမယ်၊ နိုင်ငံရေးမူဝါဒတွေပြောကြမယ်၊ ပြောတဲ့လူတွေကသာ ပြောကြတာ အခြေခံ လူထုက နားမလည်ဘူး။ ဘာလို့ဆို လူမျိုးစုဒေသတွေမှာ ဖက်ဒရယ်ကို အဆက်ဆက်ပြောခဲ့ကြတယ်။ မြို့မှာရှိတဲ့ ပညာတတ်လူတွေကို မေးကြည့်လိုက်လို့ရှိရင် ဖက်ဒရယ်ဆိုတာ စေ့စေ့ငှငှ သိကြတာမရှိဘူး။ အခြေခံ လူထုကို လွှမ်းခြုံနိုင်မှု အားနည်းနေတယ်လို့ ပြောလို့ရတယ်။

ကျနော်တို့နိုင်ငံရဲ့ ပြဿနာကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ကျော်ကတည်းက ခေါင်းဆောင်ကြီးတွေက ဖြေရှင်းဖို့ ကြိုးစားခဲ့ကြတယ်။ ဒါက တိုင်းပြည်ကို ဖက်ဒရယ်စနစ်နဲ့ သွားမယ်ဆိုပြီးတော့ပေါ့။ ဒါပေမဲ့ ဘယ်လိုဖြစ်လဲဆိုတော့ တိုင်းပြည်ရဲ့ အဓိက အာဏာကိုယူထားတဲ့ ဗမာအမျိုး သားခေါင်းဆောင်အများစုက အာဏာခွဲဝေပေးဖို့ကို သူတို့ကြောက်နေကြတဲ့အခါ ဖက်ဒရယ်ကို သူတို့အနေနဲ့ ပြိုကွဲမှုဆိုတဲ့ ခေါင်းစဉ်သတ်ခဲ့ကြတယ်။

နောက် ဦးနေဝင်းက အာဏာသိမ်းခဲ့တယ် ဒီအာဏာသိမ်းမှု ကိုလည်း ဗမာလူမျိုးအများစုက ထောက်ခံခဲ့ကြတာဗျ။ အဲ့သလိုထောက်ခံခဲ့ကြပြီး လူထုတွေကိုယ်တိုင်က ကန့်ကွက်ရကောင်း မှန်းမသိကြဘူး။ မကန့် ကွက်ခဲ့ဘူးပေါ့။ ဒါကကျနော်တို့ လူထုတွေကို စည်းရုံးနိုင်မှု အားနည်းတာ၊ ဆိုကြပါစို့ ကျနော်တို့ရဲ့ ကိုယ့်တိုင်းရင်းသား လူထုရှိမယ်၊ ကိုယ့်ပြည် နယ်လူထုရှိမယ်၊ ဖက်ဒရယ်ဆိုတာဘာ ဖက်ဒရယ်ရလို့ရှိရင် ကျနော်တို့ တိုင်းပြည်ဘယ်လိုရှိမယ် ဒါတွေကို ပြောပြရမယ်။

နောက် ဗမာပြည်သူလူထုတွေကိုလည်းပြောရမှာ ငါတို့ဖက်ဒရယ်ရလို့ရှိရင် ငါတို့တိုင်းပြည်ကဘယ်လိုဖြစ်မယ်၊ ငါတို့အတူငြိမ်းငြိမ်းချမ်းချမ်း နေနိုင်မယ်။ ဒါတွေကို ကျနော်တို့မစည်းရုံးနိုင်ခဲ့ဘူး။ နောက်တခုက အာဏာပြဿနာ ကျနော်တို့ တောင်တန်းပြည်မ ပူးပေါင်းပြီး လွတ်လပ်ရေးယူခဲ့ကြတယ်ဆိုတာ အလုံးအသိပဲ။ ဒါပေမဲ့ ဗမာခေါင်းဆောင်အဆက်ဆက်က ကျနော်တို့ တိုင်းရင်းသား ခေါင်းဆောင်တွေအပေါ် တန်းတူရည်တူ ဆက်ဆံတယ်ဆို ဘယ်တော့အခါမှ မရှိခဲ့ဘူး။ သူတို့အတွေးမှာက အသုံးချခံသာသာပဲ။ ဒါကလွတ်လပ် ရေးရပြီးမှလည်းမဟုတ်ဘူး။ လွတ်လပ်ရေးမခင်ကလည်း

အတူတူပဲ။

ကျနော်တို့နဲ့ အနီးစပ်ဆုံး NLD အစိုးရလက်ထပ်မှာလည်း လူနည်းစု တန်းတူအခွင့်အရေးကို သူတို့မလေးစားခဲ့ဘူး။ သူတို့ပြောတဲ့စကားရှိတယ် မင်းတို့ ဖက်ဒရယ်လိုချင်လား ဖက်ဒရယ်လိုချင်ရင် ငါတို့အောက်ဝင်၊ ငါတို့ကို မဲပေး ဒါမျိုးတွေက မဖြစ်သင့်ဘူး။ ဒါက အင်အားကြီးတဲ့သူက အင်အားနည်းတဲ့သူကို ဖိနှိပ်လိုက်တာဖြစ်တယ်။

**၃။ တဘက်က ဖက်ဒရယ်တည်ဆောက်ရေးပြောနေကြပေမယ့် တချို့သော တိုင်းရင်းသား လက်နက်ကိုင် အင်အား စုတွေက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ရသလောက်တိုက်ယူပြီး အုပ်ချုပ် ရေးနယ်မြေတိုးချဲ့မယ် ကိုယ့်ခြံ စည်းရိုးကို လုံအောင်ကာဖို့ ကြိုးစားနေကြတယ်။ ဒီတော့ လူထု အများစုမျှော်မှန်းနေကြတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို အမှန် တကယ် ဦးတည်နိုင်ပါ့မလား။**

လက်ရှိကာလကတော့ တစ်နိုင်ငံလုံးရဲ့ တော်လှန်ရေးကာလမို့လို့ နယ်မြေတိုးချဲ့မှုတွေကတော့ ရှိမှာပဲ စစ်ဖက် မြေပြင်အသာစီးရယူမှုက အဓိက ဖြစ်တယ်။ တော်လှန်ရေးတပ်ဖွဲ့တွေရဲ့ သဘောသဘာဝက ပြည်သူလူထုတွေ သဘောတူလားမတူလား လူထုဆန္ဒက နောက်မှပဲ၊ အဖွဲ့အစည်းရဲ့ လုံခြုံမှုကိုသူတို့ကရှေ့တန်းတင်ထားတာရှိ တယ်။ လက်ရှိလူမျိုးစုတော်လှန်ရေး တပ်တွေရဲ့ စစ်အုပ်ချုပ်မှုအရ ဒေသအနေအထားပေါ်မူတည်ပြီးတော့လည်း ဖက်ဒရယ်တည်ဆောက်မှုမရဘူးလားဆိုပြီး ဆွေးနွေးလို့ရှိရင် ဖြစ်ရင်လည်း ဖြစ်လာနိုင်တယ်။ ဒါပေမဲ့ အောက်ခြေ လူထု ဒါမှမဟုတ် အခြားသော လူမျိုးစုတွေက ကန့်ကွက်မယ်၊ ပြန်လည်တော်လှန်မှုဖြစ်မယ်ဆိုလို့ရှိရင်တော့ ကျနော်တို့လိုချင်တဲ့ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တခုတော့ မဖြစ်နိုင်ဘူးပေါ့။

ပြီးနောက်တခုက ကျနော်တို့ ပြည်နယ်တွေမှာပဲ စစ်အုပ်ချုပ်ရေး နယ်မြေတွေ တိုးချဲ့ကြတာ မဟုတ်ဘူး။ ပြည်မမှာလည်း ဖြစ်ပျက် နေတာတွေ အများကြီးကြားသိရပါတယ် ဒါက တစ်ပိုင်းပေါ့။ ကျနော်တို့ စစ်အာဏာရှင်လည်း ပြုတ်ကျပြီးရင် ကျနော်တို့ ဒီတပ်တွေကို ဘယ်လိုလုပ်ကြမလဲ ဒီ တပ်သားတွေကို အရပ်သား အဖြစ်အသွင်ပြောင်းခွင့်ပေးမှာလား၊ လျှော့ချခွင့်ပြုမှာလား။

နောက်တခုက အဲ့ဒီတပ်တွေအနေနဲ့ကရော သူတို့ရဲ့ နယ်မြေမှာ လူထုအုပ်ချုပ်ရေးစနစ်ကို ခွင့်ပြုမှာလားပေါ့။ လက်ရှိမှာတော့ အပြိုင်အဆိုင်ပဲ စစ်အုပ်ချုပ်နယ်မြေတွေ တိုးချဲ့ကြ တိုက်ကြတာပဲ။ ဒီအတွက် ကြောင့် ပွတ်တိုက်မှုတွေရှိလာကြမှာပဲ။ ဒါကအဓိကပြဿနာမဟုတ်ဘူး။ အဓိက ပြဿနာကတော့ အဲ့ဒီအုပ်ချုပ်ရေးနယ်မြေမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုသွားတဲ့အခါမှာ တခြားသော မတူညီ တဲ့ လူမျိုးစုတွေရှိမယ်၊ လူမျိုးစုငယ်တွေ ရှိ

မယ်။ ဒီလူမျိုးစုငယ်တွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုရော အသိအမှတ်ပြုကြ မလားပေါ့။ သူတို့ရဲ့ရပိုင်ခွင့်ကိုရော အသိမှတ်ပြုကြမလား။

နောက်ထပ်တစ်ခုက စစ်ဖက်အုပ်ချုပ်မှုမဟုတ်ဘဲနဲ့ အရပ်သား နိုင်ငံရေးမူဘောင်၊ အခြားသော မတူညီတဲ့ လူမျိုးစုတွေ၊ အခြားအရပ်ဖက် အဖွဲ့အစည်းတွေကိုရော ရပ်တည်ဖွဲ့စည်းခွင့်ပေးမှာလား၊ နောက်ပြီး သူတို့က စစ်အုပ်ချုပ် ရေးနဲ့ပဲနေမှာလား သူတို့မှာ စစ်အုပ်ချုပ်ရေးကနေ နိုင်ငံရေး အုပ်ချုပ်မှုပုံစံပြောင်းဖို့ ဆန္ဒရောရှိလားပေါ့။ နောက်ပြီး သူတို့က အတူ တန်းတူယှဉ်တွဲနေထိုင်ဖို့ ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ဖို့ ဆန္ဒရှိလား ဒါက အရေးကြီးတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ သူတို့ကလည်း လူထုဆန္ဒကိုလေးစားတယ် လူထုဆန္ဒနဲ့တော်လှန်ရေး တပ်ဖွဲ့တွေရဲ့ အတွေးပေါင်းစပ်မယ်ဆိုရင်တော့ ဖက်ဒရယ်ပြည်ထောင်စုဖြစ်လာနိုင်ပါတယ်။

**၄။ တဘက်က ဖက်ဒရယ်တည်ဆောက်ရေးပြောနေကြပေမယ့် တချို့သောတိုင်းရင်းသား လက်နက် ကိုင် အင်အားစုတွေက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ရသလောက်တိုက်ယူပြီး အုပ်ချုပ်ရေးနယ် မြေတိုးချဲ့မယ် ကိုယ့်ခြံ စည်းရိုးကို လုံအောင်ကာဖို့ ကြိုးစားနေကြတယ်။ ဒီတော့ လူထုအများစု မျှော်မှန်းနေကြတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို အမှန် တကယ် ဦးတည်နိုင်ပါ့မလား။**

လက်ရှိအနေအထားက တိုင်းရင်းသားတော်လှန်ရေးအင်အားစုတွေဖက်ကရော၊ ပြည်သူ့တော် လှန်ရေးတပ် PDF တွေဖက်ကရော ထိုးစစ်ဆင်ပြီးတော့ နယ်မြေတွေကျယ်ပြန့်လာတော့ သူတို့ထိန်းချုပ် ထားတဲ့ နယ်မြေတွေမှာ အုပ်ချုပ်ရေးတော့ မဖြစ်မနေချရတဲ့ အနေအထားဖြစ်တယ်ပေါ့လေ။ ဘာလို့ဆိုရင် နယ်မြေရလာတဲ့အခါတော့ လူထုဝန်ဆောင်မှုတွေ လုပ်ငန်းတွေချပေးရ အကောင်အထည်ဖော်ရတာတွေရှိတယ်ပေါ့။

သို့သော်ဒီနေရာမှာ ကျနော်တစ်ခု အလေးပေးပြီးတော့ ပြောချင်တာကကျနော်တို့ သွားချင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုဟာ စစ်အာဏာရှင် စနစ်မကျရှုံးဘဲနဲ့တော့ ကျနော်တို့ အကောင်အထည်ဖော်လို့ မရဘူး။ သူတို့နယ်မြေကို ထိန်းထားနိုင်သည်ထား တစ်နိုင်ငံလုံးစစ်အာဏာရှင်စနစ်ကို အမြစ်မဖြုတ်နိုင် လို့ရှိရင် စစ်အာဏာရှင်ပြန်အားကောင်းလာရင် အခုထိန်းထား၊ သိမ်းထားတဲ့ နယ်မြေအားလုံးက ပြန်ပြီးထိုးစစ်ဆင် ကျေမွအောင်ပျက်စီးအောင် အမှဲ့ချွေမှဲ့အနေ အထားမျိုးရောက်လာမယ်။

အဲ့လိုအနေအထားမျိုးမှာ အခုထိန်းထားသိမ်းထားတဲ့ နယ်မြေသေးသေး ကွက်ကွက်လေးမှာ ခဏတဖြုတ်ဖက်ဒရယ်နဲ့ဒီမိုကရေစီစနစ်တည်ဆောက်လို့ရရင်ရမယ်၊ ရေရှည်မှာကတော့ ဘယ်လိုမှရမှာ မဟုတ်ပါဘူး။ အဲ့ကြောင့်အဓိကအချက်က စစ်အာဏာရှင်စနစ်ကို ဒီနိုင်ငံကနေကျဆုံးအောင် အမြစ်ဖြတ်တိုက်ဖို့ က အဓိကဖြစ်ပါတယ်။ နေပြည်တော်မှာ စကစ ၊

တိုင်းရင်းသားနယ်မြေတွေမှာ သူ့နည်းသူ့ဟန်နဲ့ အုပ်ချုပ်ရေး ထူထောင်မယ်ဆိုရင်တောင် တစ်နေ့တစ်ချိန်မှာတော့ စစ်အာဏာရှင် စနစ်က ပြန်ပြီးတော့ ခေါင်းထောင်လာမယ်။

အဲ့ချိန်ကျရင် အခုရထားတဲ့ ဒေသမှာလည်း ဘာမှဆက်ပြီးတော့ ထိန်းသိမ်းထားနိုင်မဲ့ အနေအထားမရှိဘူး။ နောက်တခုက အခုလို အုပ်ချုပ်ရေးတည်ဆောက်နေတဲ့အချိန် ကျနော်တို့ တိုင်းရင်းသားတွေ အချင်းချင်းကြားမှာ ပွတ်တိုက်မှုတွေ ရှိကောင်းရှိနိုင်ပါတယ်။ အချို့နေရာတွေမှာလည်း ရှိလာနေတယ်လို့ ကြားလည်းကြားနေရတယ် လေ။ ကျနော်တို့က ဖက်ဒရယ်ကို လူထုပါဝင်မှုအားကောင်းတဲ့ အုပ်ချုပ်ရေးပုံစံနဲ့ အကောင်အထည်ဖော်တဲ့ အခါ ဒီနယ်မြေဆိုင်ရာပြဿနာက လူထုရဲ့သဘောထားကို အခြေခံပြီးတော့ ဖြေရှင်းရမယ်။ အဲ့လိုပုံစံမဟုတ်ဘဲနဲ့ အားကောင်းတဲ့ သူကများများသိမ်း ငါတို့အုပ်ချုပ်ပုံချမယ်ဆိုရင်တော့ စစ်အာဏာရှင်စနစ်နဲ့ကို သိပ်ပြီးမထူးခြားဘူးပေါ့။

**၅။ နွေဦးတော်လှန်ရေးနှင့်အတူ ဖက်ဒရယ်တည်ဆောက်ရေးအတွက် လူမှုသဟဇာတဖြစ်မှု အားကောင်းလာ အောင်ဘယ်လိုလုပ်ဆောင်ကြမလဲ။ အဖွဲ့အစည်းတဖွဲ့နဲ့ တဖွဲ့ သော်လည်းကောင်း တဦးနဲ့တဦးၾင်း ယုံကြည်မှု ဘယ်လိုတည်ဆောက်ကြမလဲ။**

ကျနော်တို့ ဒီတော်လှန်ရေးကာလမှာ နိုင်ငံရေးအဖွဲ့အစည်းတွေကြားမှာဖြစ်ဖြစ် တော်လှန်ရေး အဖွဲ့အစည်းကြားမှာဖြစ်ဖြစ် မတူညီမှုတွေရှိကြမယ်။ ပွတ်တိုက်မှုတွေရှိကြမယ်။ ဒါပေမဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခုကောနောင်ကော တည်ဆောက်ကြမယ်ဆိုရင် ကျနော်တို့ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ကြား အုပ်စုတစ်စုနဲ့တစ်ကြားမှာ တွေ့ဆုံဆွေးနွေးမှုတွေ ကျနော်တို့ လုပ်ဖို့မယ်။

ဆွေးနွေးပွဲတစ်ခုမှာ အဖြေမထွက်ဘူး ဆိုရင် နောက်ထပ်ဆွေးနွေးပွဲ တစ်ခုထပ်ရှိဖို့လိုတယ်။ အမြဲတမ်းကျနော်တို့စကားပြောနေဖို့လိုတယ်။ စကားမပြောဘဲနဲ့တော့ တစ်ယောက်ရင်ထဲ မှာဖြစ်နေတာကို တစ်ယောက်က သိနိုင်မှာမဟုတ်ဘူး။ ဆွေးနွေးပွဲတွေရှိမှ ရင်းနှီးမှုတွေရှိလာမယ်။ ရင်းနှီးမှုတွေရှိမှ ကျနော်တို့ရဲ့ ယုံကြည်မှုတွေတည်ဆောက်နိုင်မယ်။

နောက်တစ်ခု ကျနော်တို့ ဘယ်ကစတည်ဆောက်မလဲဆိုရင် စာသင်ကျောင်းကနေစပြီး တည်ဆောက် ရမယ်။ လက်ရှိမှာ တော်လှန်ရေးဒေသက စာသင်ကျောင်းတွေ ဖွင့်နေတာ ရှိတယ်။ ဒီစာသင်ကျောင်းတွေမှာ မတူညီတဲ့ လူမျိုးစုံတွေရှိကြမှာပဲ တစ်ယောက်ရဲ့ယဉ်ကျေးမှုကို တစ်ယောက်က နားလည်အောင် တန်ဖိုးထားတတ်အောင် သင်ကြားပေးဖို့လိုတယ်။

ကျနော်တို့တိုင်းပြည်ရဲ့ ပညာရေးစနစ်ကိုကြည့် လိုက်လို့ရှိရင် လူမျိုးတစ်ခု ဘာသာတစ်ခု ထဲကို အခြေပြုပြီးသင်ခဲ့ရတယ်။ အဲ့ဒီတော့ တစ်ခြား

လူမျိုးတွေရဲ့ အကြောင်းကို နားမလည်တဲ့အခါမှာ တိုင်းပြည်မှာဖြစ်လာခဲ့တဲ့ ပဋိပက္ခတွေထဲက အကြောင်းအရင်းခံ တစ်ရပ်ထဲမှာလည်းပါတယ်။

ကျနော်တို့ လက်ရှိပညာရေးစနစ်သစ်ကို သွားမယ်ဆိုလို့ရှိရင် မတူညီတဲ့လူမျိုးစုတွေရှိခဲ့ တယ်ဆိုလို့ရှိရင် တခြားလူမျိုးစုတွေရဲ့ ဘာသာစကားတွေကို ထည့်သွင်းသင်ကြားပြီး မတူညီတဲ့ယာဉ်ကျေးမှုတွေကို အချင်းချင်းဖလှယ်ကြရပါမယ်။ နောက်ပြီးတော့ လူကြီးပိုင်းတွေအနေနဲ့လည်း ပုံမှန်တွေ့ဆုံနေဖို့ လိုတယ်။ တွေ့ဆုံဆွေးနွေးမှသာ သူတို့အဖွဲ့ရဲ့ လမ်းစဉ်ကဒီလိုရှိတယ်၊ နိုင်ငံရေးအဖွဲ့အစည်းတွေ ဆိုလို့ရှိရင်လည်း သူတို့ရဲ့မူဝါဒကအဲ့လိုရှိရင် ကျနော်တို့ရဲ့ မူဝါဒကဒီလိုရှိတယ် မတူညီတာတွေကို ကျနော်တို့ ညှိလုပ်ကြမယ်ပေ့ါ။

**ဒီတော်လှန်ရေးကာလမှာ နိုင်ငံရေးအဖွဲ့အစည်းတွေကြားမှာဖြစ်ဖြစ် တော်လှန်ရေးအဖွဲ့အစည်းကြားမှာဖြစ်ဖြစ်မတူညီမှုတွေရှိကြမယ်။ ပွတ်တိုက်မှုတွေရှိကြမယ်။ ဒါပေမဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခုရောနောင်ရော တည်ဆောက်ကြမယ်ဆိုရင် ကျနော်တို့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ကြား အုပ်စုတစ်စုနဲ့တစ်ကြားမှာ တွေ့ဆုံဆွေးနွေးမှုတွေ ကျနော်တို့လုပ်ဖို့မယ်။**



# ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးမြအေး

## တွေ့ဆုံခြင်း

အယ်ဒီတာ့အဖွဲ့

မေး။ ။ကနေ့ လူထုတော်လှန်ရေးရဲ့ တောင်းဆိုချက်ကြီးဖြစ်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးဆိုတဲ့ ခရီးကို လက်ရှိအခင်းအကျင်းနဲ့ ဆက်စပ်ကြည့်ရင် ဘယ်လိုမြင်ပါသလဲ။ ဖက်ဒရယ်တည်ဆောက်ရေး ခရီးက လမ်းကြောင်း မှန်ပေါ်ရောက်နေပြီလား။ ဘာတွေကို ကျော်ဖြတ်ဖို့ လိုအပ်နေပါသေးသလဲ။

ဖြေ။ ။အားလုံးက အနာဂါတ်ဖက်ဒရယ်ပြည်ထောင်စုကြီးကို ဘယ်လိုတည်ဆောက်မလဲဆိုတဲ့ ပန်းတိုင်တစ်ခုတော့ရှိရမှာပေါ့။ ဥပမာ စစ်တပ်နဲ့ ကြံ့ခိုင်ရေးပါတီက ၂၀၀၈ ဖွဲ့စည်းပုံကို ကိုင်ထားတယ်၊ ဒါကို ကျနော်တို့က သွားပြောလို့မရဘူး ကိုင်ထားရင်ကိုင်ထားပါစေ ဒါသူ့အယူအဆလေ။ ကျနော်တို့ဆီမှာ တိုင်းရင်းသား အားလုံးပါဝင်တဲ့ ဖက်ဒရယ်ဆိုင်ရာ အနာဂါတ် ပြည်ထောင်စု ရည်မှန်းချက်တစ်ခုရှိရင်တော့ ကောင်းတာပေါ့။ ဒါပေမဲ့ လက်တွေ့မှာ အရမ်းခက်လိမ့်မယ်။ ဘာဖြစ်လို့ခက်မလဲဆိုရင်တော့ ကျနော်တို့ နိုင်ငံရဲ့ ပထဝီနိုင်ငံရေးကိုလည်း ထည့်သွင်းစဉ်းစားရမယ်။

နောက်ပြီး အိမ်နီးချင်းနိုင်ငံတွေရဲ့ အနေအထားတွေရော အကုန်လုံး ထည့်စဉ်းစားရမယ်။ ဥပမာပြောရရင် မြန်မာနိုင်ငံတောင်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ သဘောထားနဲ့ မြန်မာနိုင်ငံမြောက်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ သဘောထား၊ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက် မယ်ဆိုတဲ့နေရာမှာ

တော့ တူတယ်။ ဒါပေမဲ့ ဘယ်လိုတည်ဆောက်မလဲ ဆိုတဲ့နေရာမှာ ပြဿနာရှိတယ်။ ဥပမာ ကျနော်တို့ မြန်မာနိုင်ငံကြီးကို ပြည်နယ် ဘယ်နှစ်ခုနဲ့သွားမလဲဆိုတာ ကျနော့်အထင်တော့ အသေဆုပ်ကိုင်လို့တော့မရဘူး။ ပြည်နယ်သစ်ဆိုင်ရာ ကိစ္စတွေလည်းရှိမယ်။ ဒါတွေကိုလည်း ကျနော်တို့က လက်ခံပြီးစဉ်းစားရမယ်၊ ဆွေးနွေးရမယ်၊ ညှိနှိုင်းရမှာ ဖြစ်တဲ့အတွက် ဖက်ဒရယ်ဆိုင်ရာ သဘောတူညီချက် ယေဘူယျဆန်တဲ့ဟာတော့ ရှိဖို့လိုတယ်။ ရှိလည်းရှိပါတယ်။

မြန်မာနိုင်ငံကို ဖက်ဒရယ်နိုင်ငံထူထောင်မယ်ဆိုတာ။ ဒါပေမဲ့ အားလုံးကြေလည်တဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ပြီပဲထား ပွင့်ပွင့်လင်းလင်းပြောရရင် တရုတ်နိုင်ငံနဲ့ နီးတဲ့ဖက်မှာ တရုတ်ပုံစံအုပ်ချုပ်မယ်။ ထိုင်းနိုင်ငံနဲ့နီးတဲ့ဖက် ထိုင်းနိုင်ငံပုံစံအုပ်ချုပ်မယ်။ အိန္ဒိယဖက်နီးရင် အိန္ဒိယပုံစံအုပ်ချုပ်မယ်။ ဘင်္ဂါလားဒေ့ခ်ျနဲ့ နီးရင် ဘင်္ဂါလားဒေ့ရှ်ပုံစံအုပ်ချုပ်မယ်ဆိုရင် အဆင်မပြေနိုင်ဘူးဗျ။

အဲဒါကြောင့် ဖက်ဒရယ်တစ်ခုတည်းနဲ့တော့မဖြစ်ဘူး ဒီမိုကရေစီဆိုတဲ့စံနှုန်းတွေ၊ လူ့အခွင့်အရေးစံနှုန်းတွေပါဖို့လိုမယ်။ နိုင်ငံတစ်ခုတည်ဆောက်တယ်ဆိုတာ အပြောလွယ်သလောက် အလုပ်မှာတအားခက်ပါတယ်။ သဘောထားမကြေလည်မှုတွေက အရမ်းနက်ရှိုင်းတာလည်းပါသလို သံတယတွေ တအားများတဲ့အခြေအနေ ပြဿနာဖြစ်နေတယ်။ ပြဿနာဖြစ်မှတော့ ပြဿနာကို ဖြေရှင်းတဲ့ နည်းလမ်းပေါင်းစုံကိုလည်း စဉ်းစားရမယ်။ မဟုတ်ဘဲနဲ့ နေလုံ့ဒါးထိ အယူဆနေမယ်ဆိုရင်တော့ ဘယ်လိုမှ အဆင်ပြေနိုင်မှာမဟုတ်ဘူး။

**မေး။ ။ လက်ရှိကာလအထိ ဖက်ဒရယ်ပြည်ထောင်စုအိမ်မက်ကို အကောင်အထည်မဖော်နိုင်သေးသည့် အဓိက အကြောင်းရင်းတွေကဘာလဲ။**

- ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြဿနာလား
- နိုင်ငံရေး စနစ်ဆိုင်ရာ ပြဿနာလား
- အတွေးအခေါ်ဆိုင်ရာ ပြဿနာလား
- အဓိက အကြောင်းအရင်းကဘာလဲ

ဖြေ။ ။ ကျနော့်အမြင်ကို ပြောရမယ်ဆိုရင်တော့ ကျနော်တို့အားလုံးက လိုအပ်ချက်တွေနဲ့ လူတွေဗျ။ နောက်တခု ဒီကနေ့တိုင်းပြည်က လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအကုန်ကျသွားတယ်။ ကျသွားလို့ တဖက်ဖက်က တက်နေလားဆိုလည်း အဲ့လိုလည်းမဟုတ်ဘူး။ ကျနော်တို့နိုင်ငံရဲ့ သဘာဝကိုက အားလုံးစဉ်းစားမှသာလျှင် အတွေးအခေါ် ရလဒ်ကောင်းထွက်လာမှာလေ။

နောက်ပြီး မတူညီမှုတွေပေါ်မှာ ဘယ်လောက်ထိ သည်းရင်းခံနိုင်မလဲဆိုတဲ့ပေါ်မှာလည်း အရေးကြီးတယ်။ အဲ့တော့ ဘာကြောင့်တင့်နေတာလဲဆိုရင် အဓိကတော့ ကျနော်တို့က အမှောင်ခေတ်ထဲက ကြီးပြင်းလာခဲ့တာလည်း ပါသလို၊ ကျနော်တို့ဆီမှာ ပြဿနာကဘာလဲဆိုတော့ တကယ်တန်းကျတော့ ကျနော်တို့နိုင်ငံက ကိုလိုနီနိုင်ငံကြီးဖြစ်တော့မယ်တို့ဘာတို့ညာတို့ အဲ့လိုသစေတအား ကြောက်တာဗျ။ ဒါကြောက်ရမှာပါ။ မကြောက်ရဘူးမဟုတ်ဘူး။ ဒါပေမဲ့ မရှိတဲ့သစေကို မွေးပြီးတော့ ကိုယ့်ဟာကိုယ်ကြောက်နေရင် သိပ်အဓိပ္ပါယ်မရှိဘူးဗျ။

အဲ့တော့ တိုင်းရင်းသားတွေရဲ့ လွတ်လပ်ခွင့်ကို ကျနော်တို့ စဉ်းစားတဲ့အခါမှာ တိုင်းရင်းသားတွေနဲ့ တန်းတူရည်တူ ပေါင်းဖက်ပြီး ပြည်ထောင်စုကြီးကို ငါတို့အတူတူ ဘယ်လိုတည်ဆောက်မလဲဆိုတဲ့ ရှုဒေါင့်ကနေပဲချဉ်းကပ်ရမှာ။ အစ်ကိုကြီးပုံစံနဲ့တော့ စဉ်းစားလို့မရဘူးဗျ။ နိုင်ငံရဲ့ သဘာဝကိုက လိုအပ်တဲ့၊ ကျနော်တို့လိုချင်တဲ့နေရာကိုရောက်ဖို့ ဝိုင်းပြီးစဉ်းစား ဝိုင်းလုပ်မှရောက်လိမ့်မယ်လို့ ကျနော် မြင်တယ်။ ဒီနေရာမှာတော့ တစ်ယောက်ရဲ့ စဉ်းစားချက်က တစ်ယောက်ရဲ့ စဉ်းစားချက်နဲ့ မတူညီမှုတွေ ရှိတယ်။ ဒါပေမဲ့ ဒီမတူညီမှုတွေကို အားအဖြစ်ပဲ သဘောထားပြီး သွားရလိမ့်မယ်လို့ ကျနော်ကတော့ ယူဆပါတယ်။ မတူညီမှုတွေကို ရန်ဖက်အဖြစ်သွားပြီး တွေးထည့်လိုက်ရင် ပြဿနာရှိလာနိုင်တယ်။ အခုဖြစ်တဲ့ ပြဿနာကလည်း တာပဲ။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကတော့ နိုင်ငံရေးစနစ်ပေါ်မှာမူတည်တယ်။ ဘယ်နိုင်ငံရေးစနစ်နဲ့သွားမလဲဆိုရင် ဥပမာ ဖက်ဒရယ်စနစ်နဲ့သွားမယ်ဆိုရင် ဖက်ဒရယ်စစ်စစ်တည်ဆောက်မှရမယ်။ ဒီမိုကရေစီစံနှုန်းတွေကိုလည်း လက်ခံရမယ်။ လက်ခံရမယ်ဆိုတာက ဘက်အသီးသီးကလက်ခံရမှာနော။ တစ်ဖွဲ့ထဲက လက်ခံလို့မရဘူး။ တစ်အုပ်စုထဲကိုပဲ လက်ခံခိုင်းလို့လည်း မရဘူး။ အကုန်လုံးလက်ခံရမှာ အဲ့ဒါမှ ဖက်ဒရယ်ဒီမိုကရေစီဖြစ်မှာ အဲ့ဒါနဲ့ ကိုက်ညီတဲ့ Constitution ကိုရေးဆွဲ အဖြေရှာရမှာပေါ့ဗျာ။ ကျနော်ထင်တယ် တော်တော်တော့ခက်ပါတယ်။ ကျနော်တို့လည်း ပြောသာပြောနေတာ လုပ်မယ်ဆိုရင် ကျနော်ရိုးသားစွာပြောတာ အရမ်းခက်ပါတယ်။ မြန်မာနိုင်ငံအရေးက ရှုပ်တယ်ဗျ။

မေး။ ။ဒီမိုကရေစီအရေးလှုပ်ရှားသူ အင်အားစုတွေနဲ့ ဖက်ဒရယ်အရေးလှုပ်ရှားခဲ့ကြတဲ့ အင်အားစုတွေ ကြား ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် စုံမှတ်ရှိတယ်ဆိုရင် ပိုအား ကောင်းတဲ့ ပေါင်းစပ်မှုမျိုး ဖြစ်လာ အောင် ဘယ်လိုပုံဖော်သင့်သလဲ။

**မြန်မာနိုင်ငံကို ဖက်ဒရယ်နိုင်ငံထူထောင်မယ်ဆိုတာ။ ဒါပေမဲ့ အား လုံးကြေလည်တဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ပြီပဲထား ပွင့်ပွင့် လင်းလင်းပြောရရင် တရုတ်နိုင်ငံနဲ့ နီးတဲ့ ဖက်မှာ တရုတ်ပုံစံအုပ်ချုပ်မယ်။ ထိုင်းနိုင်ငံနဲ့နီးတဲ့ဖက် ထိုင်းနိုင်ငံပုံစံအုပ်ချုပ်မယ်။ အိန္ဒိယဖက်နီးရင် အိန္ဒိယပုံစံအုပ်ချုပ်မယ်။ ဘင်္ဂါလားဒေ့ခ်နဲ့ နီးရင် ဘင်္ဂါလားဒေ့ရှ်ပုံစံအုပ်ချုပ်မယ်ဆိုရင် အဆင်မပြေနိုင်ဘူးဗျ**

ဖြေ။ ။ ကျနော်တို့ ရည်မှန်းချက်တွေလည်းတူနေပြီ။ ကျနော်တို့ ခံယူထားမှုတွေလည်း တူညီနေပြီဆိုရင် သိပ်အခက်အခဲတော့မရှိပါဘူး။ ဒါပေမဲ့ အနုစိတ်တွေမှာတော့ စကားပြောလိမ့်မယ်။ ဥပမာအားဖြင့် တအာင်းပလောင် အနေနဲ့က ပြည်နယ်လိုချင်တယ်လေ၊ UWSA "ဝ" ကလည်း ပြည်နယ်လိုချင်တယ်။ အဲ့ဒါတွေကို ကျနော်တို့က ပြည်မကနေထိုင်ပြီးတော့ ပေးလိုက်ကွာ၊ ယူလိုက်ကွာလို့ လုပ်ခွင့်မရှိဘူး။ ရှမ်းတိုင်းရင်းသားတွေနဲ့ ညှိနှိုင်းပြီးမှသွားရမယ်။

ပြည်နယ်သစ်တွေပေးသင့်ပေးထိုက်တဲ့ အရည်အချင်းသတ်မှတ်ချက်တွေက ကျနော်တို့ အားလုံးဝိုင်းစုံညီပြီးတော့ ပြောရမယ်၊ ဆိုရမယ်၊ ချမှတ်ရမယ်။ နယ်မြေပိုင်းခြားမှုတွေရော အများကြီး ကျယ်ပြန့်တယ်ဗျ။ ပွင့်ပွင့်လင်းလင်းပြောရရင် အဲ့ဒါမီးခဲပေါ်တက်ထိုင်ရမဲ့အလုပ်ဗျ။ ဒါကအရမ်းသဘောထားရင့်ကျက်မှုတွေ သည်းခံမှုတွေနဲ့ သွားရမယ်။ အချိန်တော့ယူရလိမ့်မယ်။

ကျနော်တို့က ဖက်ဒရယ်ပြည်ထောင်စုကို ပြည်နယ်တွေနဲ့ တည်ဆောက်မယ်။ ယူနစ်ကို ကျနော်တို့မပြောဘူး။ ယူနစ်ကတော့ အားလုံးကြေလည်ပြီးတော့မှ သွားရမယ် ၁၅ လည်းဖြစ်ချင်ဖြစ်မယ် ၂၀ လည်းဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ သွားတဲ့အခါမှာ အခုရှိနေတဲ့ ပြည်နယ်တွေ အတွင်းကနေမှ Bottom-Up ပုံစံကို အသုံးပြုရမယ်။ ပြီးတော့ အမျိုးသားပြည်နယ် သတ်မှတ်ချက်တွေ၊ ပြည်ထောင်စုနယ်မြေ သတ်မှတ်ချက်တွေ အများကြီးဗျ၊ ဒီကိစ္စကနက်လည်းနက်ရှိုင်းတယ်။

နောက်တခုက ဖက်ဒရယ်ပိုင်းဆိုင်ရာ ပညာရှင်တွေရှိတယ်။ အဲ့ဒီပညာရှင်တွေရဲ့ အကြံဉာဏ်တွေကိုလည်း အများကြီးယူရမယ်။ နိုင်ငံတကာဖက်ဒရယ်စနစ်ကိုလည်း ကျနော်တို့နဲ့ကိုက်ညီတဲ့ဟာတွေယူရမယ်။

awmfvSsfvli , ft oHk;u@




# ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ခြေလှမ်းသစ်တွေကို ဘယ်လိုလှမ်းကြမလဲ...

**အယ်ဒီတာအဖွဲ့**

Tr May
ကရင်နီပြည်နယ်
ပညာရေးပိုင်းဆိုင်ရာ တက်ကြွလှုပ်ရှားသူ

**၁။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ခြေလှမ်းသစ်တွေကို လှမ်းဖို့ ဘယ်အရာတွေက အခြေခံကျ တယ်လို့ထင်ပါသလဲ။ ဘယ်လိုအရာတွေက စိန်ခေါ်မှု အဟန့်အတားဖြစ်နေပါလဲ။**

ပညာရေး၊ ကျန်းမာရေး၊ စီးပွါးရေး၊ နိုင်ငံတကာဝင်ဆံနိုင်ရေးနဲ့ ဒေသတွင်း အချင်းချင်း လေးစားမှုနှင့် အတူ တရားမျှတခြင်းနှင့် တန်းတူညီမျှခြင်း၊ သာတူညီမျှခြင်းများသည် ဖက်ဒရယ်နိုင်ငံသစ်အတွက် အခြေခံလိုအပ်ချက်ပင် ဖြစ်ပါသည်။ လူမျိုးကြီးဝါဒနှင့် အာဏာရှင်ဆန်ခြင်း၊ တရားဥပဒေမစိုးမိုးခြင်း၊ ပညာရေးရေချိန်နိမ့်ပါးခြင်း၊ ရှေးရိုးစွဲခြင်း နှင့် နိုင်ငံတကာချိတ်ဆက်မှုအားနည်းခြင်းတို့သည် အဟန့်အတားကို ဖြစ်စေပါသည်။

**၂။ နွေဦးတော်လှန်ရေးနှင့်အတူ ဖက်ဒရယ်တည်ဆောက်ရေးအတွက် လူမှုသဟဇာတဖြစ်မှု အားကောင်း လာ အောင် ဘယ်လိုလုပ်ဆောင်ကြမလဲ။ ယုံကြည်မှု၊ ဘုံတူညီသော အတွေး အခေါ် များကို ဘယ်လိုတည်ဆောက်ကြမလဲ။**

အားလုံးပါဝင်ပူးပေါင်းမှု၊ အချင်းချင်းလေးစားမှု၊ ရိုင်းပင်းကူညီမှု နှင့်အတူ ကြီးသူရိုသေ ငယ်သူသနား ရှယ်တူလေးစားခြင်းများ သည် သဟဇာတဖြစ်မှုအားကောင်းလာနိုင်ပါသည်။ လေးစားမှု၊ အသိအမှတ် ပြုမှု၊ အတူတကွပါဝင်မှုနှင့် အကူအညီပေးခြင်းများဖြင့် တည်ဆောက်နိုင်ပါသည်။

**၃။ ဖက်ဒရယ်တည်ဆောက်ရေးကို ဦးတည်သွားနေတဲ့ ကြားကာလမှာ လူမျိုးပေါင်းစုံ တိုင်းရင်းသား လူမျိုးစုတွေ အနေနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့် ပုံဖော်တဲ့အခါ ဖက်ဒရယ်စနစ်ကို ဆန့်ကျင်တဲ့ ဘယ်လိုမတူကွဲပြားတဲ့ အယူအဆ၊ လမ်းစဉ်တွေက စွန့်လွှတ်သင့်တယ်လို့ ထင်ပါသလဲ။**

ရှေးရိုးစွဲခြင်း၊ အယူသည်းခြင်း နှင့် ခွဲခြားဆက်ဆံခြင်း၊ လူမျိုးကြီးဝါဒတည်ဆောက်ခြင်းများသည် လူကိုလူလိုမမြင်သောဝါဒ၊ လေဟုန်စီးခြင်းအ

ကျင့် ၊ မိုးကျရွှေကိုယ် စရိုက်၊ အာဏာရှင်လမ်းစဉ်များကို စွန့်လွှတ်သင့်ပြီး လူသားချင်းစာနာထောက်ထားမှုများနှင့်အတူ သနားညှာတာဖေးမထောက်ကူ ပါဝင်ရန်းကန်ကြဖို့ လိုအပ်ပါသည်ဟု မြင်ပါသည်။ လူသားတိုင်းမတရားမှုဟူသမျှ ခေါင်းငုံ့မခံပဲမိမိ၏အခွင့်အရေး မတရားခံရသူတို့ဘက်တွင် ရဲရဲဝံ့ဝံ့ရပ်တည်ဖို့ သိပ်ကို လိုအပ်ပါကြောင်း ထပ်ဆောင်းဖြေကြားပါရစေရှင့်။

Ivy Nway Oo
အင်းတိုင်းရင်းသား
နိုင်ငံရေးတက်ကြွလှုပ်ရှားသူ

## ၁။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ခြေလှမ်းသစ်တွေကို လှမ်းဖို့ ဘယ်အရာတွေက အခြေခံကျ တယ်လို့ထင်ပါသလဲ။ ဘယ်လိုအရာတွေက စိန်ခေါ်မှု အဟန့်အတားဖြစ်နေပါလဲ။

Federal ပြည်ထောင်စုကိုတည်ဆောက်တဲ့အခါမှာအခြေခံကျတဲ့အချက်တွေထဲ တိုင်းရင်းသား၊ လူမျိုးစုတွေနဲ့အားလုံးသဘောတူတဲ့နိုင်ငံရေးဘုံသဘောတူညီချက်တွေရှိဖို့အရေးကြီးပါတယ်။ အဲဒီအတွက် ဆွေးနွေးညှိ နှိုင်း အဖြေရှာတဲ့လုပ်ငန်းစဉ်တွေကို ပူးတွဲအကောင်ထည်ဖော်ဖို့လိုပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေကြားထဲမှာ တူညီတဲ့သဘောတူညီချက်တွေပေါ်ပေါက်လာဖို့အတွက် Federal ရဲ့အနှစ်သာရတွေ၊ မတူကွဲပြားမှုကိုအေလးနက်ထားထဲ့သွင်းစဉ်းစားမှုတွေ၊ အားလုံးပါဝင်တဲ့နိုင်ငံရေး မျှော်မှန်းချက်လမ်းစဉ်ပေါ်ရောက်အောင်သွားနိုင်ဖို့ကြိုးပမ်းရမှာဖြစ်ပါတယ်။

ဒီအဆင့်တွေပြီးရင်တော့ နောက်ထပ်တစ်ခုအနေနဲ့Federal ပြည်ထောင်စုတည်ဆောက်တဲ့နေရာမှာ အရေးကြီးတာက federal unit တစ်ခုချင်းအလိုက် သင့်တော်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေ ရေးဆွဲ တည်ရှိဖို့ လိုပါတယ်။ အခြေခံဥပဒေကစလို့ မူဝါဒအမျိုးမျိုး ရေးဆွဲရေးအထိပါ ဒေသတွင်းအခြေအနေ အပေါ်လိုက်ပြီး ပြည်သူလူထုရဲ့အကျိုးစီးပွားကိုအခြေခံတဲ့ဥပဒေတွေ မူဝါဒတွေပေါ်ပေါက်လာဖို့ လိုပါတယ်။

စိန်ခေါ်မှုအဟန့်အတားကတော့ မြန်မာ့ရေးရာအခြေအနေမှာ အာလုံးပါဝင်တဲ့ နိုင်ငံရေးမျှော်မှန်းချက် တွေနဲ့ ရှေ့ဆက်နိုင်ဖို့ ပြည်သူ၊ တိုင်းရင်းသားအားလုံးရဲ့ ပါဝင်မှုတွေလိုအပ်ပါတယ်။ ဒ့ါအပြင် စစ်အာဏာရှင်

ရဲ့ အဖက်ဖက်ကပိတ်စို့တားဆီးမှုကိုကျော်ဖြတ်ရတာကလဲ နှောင့်နှေးစေမှုတစ်ခု ဖြစ်ပါတယ်။ ပြည်တွင်းပဋိပက္ခတွေ၊ ကြားကာလတော်လှန်ရေး ကြာမြင့်လာတာနဲ့အမျှ နိုင်ငံရေးရလဒ် ကောင်းတွေထွက်လာဖို့ လိုအပ်တဲ့ နိုင်ငံရေးစည်းနှောင်မှုတွေကလဲ လူမျိုးစုကြား၊ ပြည်သူရဲ့အကြပ် အတည်းကြားမှာ အကောင်ထည်ဖော်ဖို့လိုအပ်နေသေးတဲ့အရာဖြစ်ပါတယ်။

## ၂။ နွေဦးတော်လှန်ရေးနှင့်အတူ ဖက်ဒရယ်တည်ဆောက်ရေးအတွက် လူမှုသဟဇာတဖြစ်မှု အားကောင်း လာ အောင် ဘယ်လိုလုပ်ဆောင်ကြမလဲ။ ယုံကြည်မှု၊ ဘုံတူညီသော အတွေး အခေါ် များကို ဘယ်လိုတည်ဆောက်ကြမလဲ။

လူမှုသဟဇာတဖြစ်မှုအားကောင်းဖို့အတွက် လူ့အဖွဲ့အစည်းအမျိုးမျိုးကြား၊ တိုင်းရင်းသားလူမျိုးစု အချင်းချင်းကြားနဲ့ လက်နက်ကိုင်အင်အားစု၊ တော်လှန်ရေးအစုအဖွဲ့တွေကြားမှာပါ Federal သဘောတရားတွေကို နားလည်သဘောပေါက်ပြီး ရှေ့ဆက်သွားနိုင်ဖို့ အကောင်ထည်ဖော်ဖို့ လိုအပ်ပါတယ်။ ဒီကာလမှာ ယုံကြည်မှုတည်ဆောက်ဖို့အကောင်းဆုံးနည်းလမ်းကတော့ ပြတ်သားတဲ့ နိုင်ငံရေးရပ်တည်ချက်၊ မဟာမိတ်ဖွဲ့မှုနဲ့ ပြည်သူလူထုရဲ့အကျိုးစီးပွားကိုရှေးရှုဖို့ပါဘဲ။ တစ်ဦး တစ်ယောက်ချင်းစီမှစပြီး အစုအဖွဲ့တခုချင်းစီအလိုက် ခိုင်မာတဲ့ရပ်တည်ချက်နဲ့ မိမိသွားချင်တဲ့ နိုင်ငံရေးအရွေ့ကိုရှင်းလင်းစွာသိနေဖို့လိုအပ်ပါတယ်။ မိမိမဟာမိတ်ထဲမှာရှိတဲ့ အင်အားစုတွေအချင်းချင်း ပူးပေါင်းရှေ့ဆက်ကြရဖို့ အတူယှဉ်တွဲအကောင်ထည်ဖော်နိုင်ဖို့ကလည်းအရေးပါပါတယ်။

## ၃။ ဖက်ဒရယ်တည်ဆောက်ရေးကို ဦးတည်သွားနေတဲ့ ကြားကာလမှာ လူမျိုးပေါင်းစုံ တိုင်းရင်းသား လူမျိုးစုတွေ အနေနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့် ပုံဖော်တဲ့အခါ ဖက်ဒရယ်စနစ်ကို ဆန့်ကျင်တဲ့ ဘယ်လိုမတူကွဲပြားတဲ့ အယူအဆ၊ လမ်းစဉ်တွေက စွန့်လွှတ်သင့်တယ်လို့ ထင်ပါသလဲ။

အဓိကအရေးကြီးတာကတော့ အယူစွဲတဲ့အလေ့အထတွေက လူမျိုးစုတွေကို တိုးတတ်မှုနဲ့ အလှမ်းဝေးစေပါတယ်။ လူမျိုးကြီးဝါဒကိုအစွဲကိုင်ပြီး အယူသီးတဲ့စဉ်းစားချက်တွေက Federal ရဲ့စံတန်ဖိုးတွေကိုထိခိုက်စေပါတယ်။ Federal ကိုဖော်ဆောင်တဲ့အခါ ရှေ့ဆက်လက်တွဲသွားဖို့ ရှင်းလင်းတိကျတဲ့ သဘောထားထုတ်ဖော်မှု၊ ကိုယ်စားပြုမှု ၊အလေးနက်ထားမှုကိုလက်ကိုင်ထားရမှာ ဖြစ်ပါတယ်။ ဒါအပြင့် ကိုယ့်ကြံမ္မာကိုဖန်တီးပိုင်ခွင့်ရှိဖို့ကလည်း မိမိရဲ့လူမျိုးစုအတွက် ကိုယ်စားပြုမှုရှိဖို့ အရည်အချင်းတစ်ရပ်နဲ့ ညီညွတ်တဲ့ခေါင်းဆောင်၊ လူငယ်ပါဝင်ဖို့လိုပါတယ်။ ဒါတွေအပြင်အရေးကြီးတာက ပဋိပက္ခတွေကိုဖြေရှင်းတဲ့အခါမျိုးမှာ တရားမျှတတဲ့လမ်းစဉ်ပေါ်

ကနေ ချော်ထွက်မသွားဖို့ နိုင်ငံရေးရပ်တည်ချက်တွေဝေဝါးမသွားဖို့လိုအပ်ပါတယ်။ အားလုံးယဉ်တွဲအကောင်ထည်ဖော်မှု တစ်ရပ်လုံးအတွက် လူမျိုးစုအားလုံးအကျိုးဝင်တဲ့ အသိမှတ်ပြုမှုကိုပါလေးစားတန်ဖိုးထားရပါလိမ့်မယ်။

မနန်းလီလီ
အင်းတိုင်းရင်းသား
နိုင်ငံရေးတက်ကြွလှုပ်ရှားသူ

**၁။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ခြေလှမ်းသစ်တွေကို လှမ်းဖို့ ဘယ်အရာတွေက အခြေခံကျ တယ်လို့ထင်ပါသလဲ။ ဘယ်လိုအရာတွေက စိန်ခေါ်မှု အဟန့်အတားဖြစ်နေပါလဲ။**

(က) စိတ်ဆန္ဒ ပြောင်းလဲလိုစိတ် ၊ Bottom up approach – အောက်ခြေမှ ပြည်နယ် အားကောင်းရေး နှင့် ပြည်နယ်သစ် ပေါ်ထွန်းခွင့် တည်ဆောက်ပြီးမှ ပြည်ထောင်စု တည်ဆောက်ရန် လိုအပ်၊ TJ (အသွင်ကူပြောင်းရေးနှင့် တရားမျှတမှု စဉ်းစားချက်တွေ) က အခြေခံတယ်လို့ တင်ပါတယ်။

(ခ) မိမိ အာဏာ ရယူလိုစိတ်၊ အာဏာရှင်ကို ဖက်တွယ်ဆဲ စိတ် ၊ နယ်မြေ အငြင်းပွားမှု၊ လူမျိုးကြီး– လူမျိုးငယ် – လူမျိုးရေး ကွဲပြားမှုအသစ်၊ လူမှုသဟဇာတ မဖြစ်တဲ့ ကိစ္စရပ်တွေ၊ စီးပွားရေး ချွတ်ခြုံကျမှုနှင့် ဆင်းရဲမွဲတေမှု၊ အာဏာရှင် လက်ကျန် နဲ့ ခရိုနီလက်ကျန်တွေက စိန်ခေါ်မှု အဟန့်အတားတွေ ဖြစ်နေပါတယ်။

**၂။ နွေဦးတော်လှန်ရေးနှင့်အတူ ဖက်ဒရယ်တည်ဆောက်ရေးအတွက် လူမှုသဟဇာတဖြစ်မှု အားကောင်း လာ အောင် ဘယ်လိုလုပ်ဆောင်ကြမလဲ။ ယုံကြည်မှု၊ ဘုံတူညီသော အတွေး အခေါ် များကို ဘယ်လိုတည်ဆောက်ကြမလဲ။**

အဆင့်လိုက်၊ ဒေါင်လိုက်၊ အလျားလိုက်၊ အချက်အလက်ကျကျ တွေ့ဆုံဆွေးနွေးရန် လိုအပ်စိတ်ရှည်ရမယ်။ နားလည်မှုရှိရမယ်။ ဘုံရည်မှန်းချက် ထားရမယ်။ အလွှာပေါင်းစုံပါဝင်တဲ့ နိုင်ငံရေးဘုံသဘော တူညီမှုတွေ ထွက်ရှိဖို့လိုအပ်တယ်။ လူထုအချင်းချင်းကြားသော်လည်းကောင်း၊

အဖွဲ့အစည်းအချင်းချင်း ကြားသော်လည်းကောင်း လက်တွေ့ကျတဲ့ စဉ်းစား ချက်နဲ့ ယုံကြည်မှုကို တည်ဆောက်နိုင်ဖို့က အရမ်းကို အဓိက အခရာကျ တယ်။

ဖက်ဒရယ်နှင့်ဒီမိုကရေစီအရေး၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အရေးကို တည်ဆောင်ကြရာမှာ အားလုံးပါဝင်မှုက အဓိကကျသည့်အတွက် အားလုံးပူးပေါင်းသည့် အခင်းအကျင်းနှင့် လူထုယုံကြည်မှု ထောက်ခံ အားပေးမှုပါသည့် အခင်းအကျင်းကို အစဉ်အမြဲထည့်သွင်းစဉ်းစားရမယ့် ကိစ္စရပ်ဖြစ်သည်လို့ မြင်ပါသည်။

**၃။ ဖက်ဒရယ်တည်ဆောက်ရေးကို ဦးတည်သွားနေတဲ့ ကြားကာလမှာ လူမျိုးပေါင်းစုံ တိုင်းရင်းသား လူမျိုးစုတွေ အနေနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့် ပုံဖော်တဲ့အခါ ဖက်ဒရယ်စနစ်ကို ဆန့်ကျင် တဲ့ ဘယ်လိုမတူကွဲပြားတဲ့ အယူအဆ၊ လမ်းစဉ်တွေက စွန့်လွှတ်သင့်တယ် လို့ ထင်ပါသလဲ။**

ဖက်ဒရယ်တည်ဆောက်ရေးကို ဦးတည်သွားနေတဲ့ ကြားကာလ မှာ လူမျိုးပေါင်းစုံ တိုင်းရင်းသား လူမျိုးစုတွေ အနေနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့် ပုံဖော်တဲ့အခါ ဖက်ဒရယ်စနစ်ကို ဆန့်ကျင် တဲ့ ဘယ်လိုမတူကွဲပြားတဲ့ အယူအဆ၊ လမ်းစဉ်တွေက စွန့်လွှတ်သင့်တယ် လို့ ထင်ပါသလဲ။

ဖက်ဒရယ်တည်ဆောက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်ခွင့်ကို ကို စဉ်းစားတဲ့အခါမှာ
(၁) လူမျိုးကြီးဝါဒ စွန့်လွှတ်ရမယ်
(၂) ဗဟိုချုပ်ကိုင်မှု အားကောင်းတဲ့ စဉ်းစားချက်ကို စွန့်လွှတ်ရမယ်
(၃) စစ်တပ်တွေ ပါဝင်နိုင်ငံရေး အယူအဆတွေ စွန့်လွှတ်ရမယ်
(၄) ကျဉ်းမြောင်တဲ့ လူမျိုးရေးအယူဝါဒကို စွန့်လွှတ်ရမယ်
(၅) ခွဲခြားနိမ့်ကျဆက်ဆံတဲ့ အပြုအမူတွေကို စွန့်လွှတ်ရမယ် ဖြစ်တယ်။

ဝင်းသော်တာဆွေ
ပန်ချာလူမျိုး
လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ

## ၁။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ခြေလှမ်းသစ်တွေကို လှမ်းဖို့ ဘယ်အရာတွေက အခြေခံကျ တယ်လို့ထင်ပါသလဲ။ ဘယ်လိုအရာတွေက စိန်ခေါ်မှု အဟန့်အတားဖြစ်နေပါလဲ။

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်တဲ့အခါမှာ အရေးအကြီးဆုံးကတော့ ဌာနေတိုင်းရင်းသား လူမျိုးစုတွေရဲ့ အခွင့်အရေးတွေကို အာမခံချက်ပေးထားနိုင်ရမယ်ပေ့ါ။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်တွေ ကိုယ့်ဒေသရဲ့ သယံဇာတတွေကို စီမံခန့်ခွဲမှုတွေပြုလုပ်တဲ့နေရာမှာ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ အခန်းကဏ္ဍကနေ ကိုယ်တိုင်ပါဝင်ခွင့်ရရှိရေး၊ ကိုယ့်လူမျိုးစုတွေရဲ့ ဘာသာစကားယဥ္ေကျေးမှုတွေကို မြှင့်တင်အကာအကွယ်ပေးတာတွေဟာတို င်းရင်းသားလူမျိုးစုတိုင်းအတွက် အခြေခံလိုအပ်ချက်တွေပါပဲ။ အခုလက်ရှိကိုပဲစိန်ခေါ်မှုတွေက အများကြီးရင်ဆိုင်နေရတာ တော်လှန်ရေးထဲမှာ တိုင်းရင်းသား လူမျိုးဘာသာပေါင်းစုံက ပါဝင်နေကြပေမဲ့ ဘုံသဘောတူညီထားတဲ့ ဖက်ဒရာယ်ဖွဲ့စည်းပုံဥပဒေမူကြမ်း မရှိတဲ့အခါကျတော့ ဒီဒေသကိုငါတို့အဖွဲ့ကထိန်းချုပ်ထားနိုင်ပြီ၊ ငါတို့လူမျိုးမဟုတ်သူတွေမနေနဲ့ ဆိုတာမျိုးတွေ တချို့သောနေရာတွေမှာကြားနေရပါပြီ။ ဒါဟာတကယ်တော့ကောင်းတဲ့အလားအလာတခုတော့ မဟုတ်ပေဘူး။ လက်နက်ကိုင်တိုက်ပွဲဝင်နေ သူတွေကို အပြစ်ပြောတာမျိုးမဟုတ်ပေမဲ့ တကယ်ကတိုက်ခိုက်ရေးနဲ့အုပ်ချုပ်ရေးဆိုတာက ရောထွေးနေလို့ မရဘူး။ နဂိုလမူလကတည်းက ကိုယ်ထိန်းချုပ်တဲ့နေရာမှာ ဘယ်လိုနည်းဥပဒေတွေ အစိုးရအဖွဲ့ပုံစံတွေ စီစဥ်ထားမလဲဆိုတာကအခြေခံကျကျကိုပြင်ဆင်ထားရမဲ့အရာတွေပါပဲ။

## ၂။ နွေဦးတော်လှန်ရေးနှင့်အတူ ဖက်ဒရယ်တည်ဆောက်ရေးအတွက် လူမှုသဟဇာတဖြစ်မှု အားကောင်း လာ အောင် ဘယ်လိုလုပ်ဆောင်ကြမလဲ။ ယုံကြည်မှု၊ ဘုံတူညီသော အတွေး အခေါ် များကို ဘယ်လိုတည်ဆောက်ကြမလဲ။

တော်လှန်ရေးကာလမှာတော်လှန်ရေးထဲမှာ လူတန်းစာအလွှာအသီးသီးကတိုင်းရင်းသားပေါင်းစုံ အပြင် လူမျိုးဘာသာမရွေးအမှန်တရားကို ချစ်မြတ်နိုးသူတွေပါဝင်နေတာ ဖြစ်တဲ့အတွက် အဖွဲ့စည်းကြီး တခုကနေပဲ ဦးဆောင်ပြီး နိုင်ငံတည်ဆောက်ရေးကိုသွားလို့မရပါဘူး၊ ဖက်ဒရယ်စနစ်ကျင့်သုံးမယ်ဆို ရင်တောင် နေရာဒေသအလိုက်မတူကွဲပြားတဲ့စနစ်တွေ ဘုံသဘောတူညီချက်တွေနဲ့သာ သွားရမှာဖြစ်သလို ကိုယ့်ရဲ့ဖက်ဒရာယ်တစ်စတိတ်မှာ နေထိုင်တဲ့လူမျိုးစုအသီးသီးရဲ့ ကိုယ်စားပြုနိုင် သူတွေ ပါဝင်တဲ့ဖွဲ့စည်းပုံမျိုးနဲ့ လူမှုသဟဇာတဖြစ်စေဖို့ လူမျိုးစုအသီးသီးရဲ့ ကိုးကွယ်ယုံကြည်ရာ ဓလေ့ထုံးတမ်းတွေကို ကာကွယ်စောင့်ရှောက်ပေးတဲ့ ဖွဲ့စည်းပုံ

တွေ၊ မူဝါဒတွေလိုအပ်ရင် ဥပဒေရေးဆွဲပြီး ကိုခိုင်ခိုင်မာမာကာကွယ်ပေးနိုင်ဖို့လိုပါတယ်၊ အဲ့ဒီအတွက်လည်း နဂိုရှိပြီးသားလူမျိုးစုခေါင်းဆောင်တွေနဲ့ ပူးပေါင်းဆောင်ရွက်တာတွေအကြံဥာဏ်ရယူတာတွေလည်း လုပ်ဖို့လိုပါလိမ့်မယ်။

**၃။ ဖက်ဒရယ်တည်ဆောက်ရေးကို ဦးတည်သွားနေတဲ့ ကြားကာလမှာ လူမျိုးပေါင်းစုံ တိုင်းရင်းသား လူမျိုးစုတွေ အနေနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့် ပုံဖော်တဲ့အခါ ဖက်ဒရယ်စနစ်ကို ဆန့်ကျင်တဲ့ ဘယ်လိုမတူကွဲပြားတဲ့ အယူအဆ၊ လမ်းစဉ်တွေက စွန့်လွှတ်သင့်တယ်လို့ ထင်ပါသလဲ။**

လက်ရှိမြန်မာနိုင်ငံမှာ၂၀၀၈ကြီးကနေ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အတုအယောင်တွေ ပေးထားခဲ့တော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ခေါင်းစဉ်အောက်ကနေ အကျိုးအမြတ်ရသွားကြတဲ့သူတွေဟာ အဲဒီဒေသတွေက ပြည်သူတွေမဟုတ်ပဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက ခေါင်းဆောင်တွေပဲဖြစ်နေတာ ပြန်ကြည့်လို့ ရပါတယ်။ တချို့များဆိုရင် အဲဒီကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုတာကြီးကို ကြိုက်လွန်းတော့ သူတို့နေရာ ပျောက်မှာကြောက်တာ၊ အကျိုးအမြတ်မရတော့မှာ ကြောက်တာတွေနဲ့ စကစနဲ့ပေါ်တင်ပူးပေါင်းပြီး ပြည်သူကိုပြန်အနိုင်ကျင့်နေတာပေါ့။ အထင်မြင်ဆုံးပြောရမယ်ဆိုရင် ရှမ်းပြည်ကPNOတို့၊ RCSSတို့၊ SSPPတို့တွေရဲ့ လက်ရှိသွားနေတဲ့လမ်းကြောင်းတွေကိုပဲကြည့်လေ။

ကိုယ့်ဒေသကထွက်တဲ့သယံဇာတရဲ့အကျိုးတွေကိုတောင် မခံစားဖူးတဲ့ပြည်သူတွေက သူတို့ကို ပြန်ကြောက်နေရပြီး ထမင်းထုတ်ပို့ဆိုလည်း ပို့ရ၊ သူတို့ဘာသာ စကစကိုထောက်ခံပြီး စစ်ဝင်တိုက်နေတဲ့ ကိစ္စလေ၊ ပြည်သူတွေကိုအတင်းအကျပ်စစ်မှုထမ်းခိုင်းတာတွေ လက်နက်တွေဝယ်ဖို့ အသုံးစရိတ်တွေကို ပြည်သူတွေအခက်အခဲအများကြီးကြားထဲက အတင်းကောက်တာတွေလုပ်နေကြတာ ထင်သာမြင်သာကြီးပါပဲ။ ပြီးရင်တချို့ရွာတွေမှာ ဘာသာခြားမဝင်ရလို့ရေးထားတာတွေ စစ်ရှောင်ဘာသာခြားတွေကို အိမ်မငှားပေးဖို့အမိန့်ထုတ်တာတွေ ဒါတွေဟာဘယ်လိုမှကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးပြီး ဖက်ဒရာယ်စနစ်သွားမယ်ဆိုတာတွေနဲ့ မကိုက်ညီတဲ့လုပ်ရပ်တွေပဲ။ ဒါဟာဒီဖက်မှတင် မကဘူး၊ တနိုင်ငံလုံးမှာပါလက်ရှိတွေ့နေရတယ်။ ကိုးကန့်ဒေသလောက်ကိုင်ဒေသတွေမှာလည်း ဖြစ်သွားခဲ့ပြီးပြီ။ လမ်းဖောက်မှာမို့ ဗမာတန်းဖျက်တယ်ဆိုတာမျိုးတွေပေါ့။ ဒါတွေဟာ တကယ်တမ်း တော့ တစ်ပြည်ထောင်အာဏာရှင်စနစ်ကို ဦးတည်နေတဲ့လုပ်ရပ်တွေပါပဲ။ ဒီတော်လှန်ရေးဟာ လူမျိုးစုတစုထဲကတိုက်နေတာ

မဟုတ်သလို လူမျိုးစုတစုထဲကနေပြီးတော့လဲဘယ်သူနဲ့မှ မဆက်သွယ်ပဲ နိုင်ငံတော်တစ်ခု တည်ထောင်လို့မရပါဘူး။ ငါတို့တိုက်နိုင်လို့ငါတို့ရတာဆိုပြီး တိုင်းပြည်ကိုအမွေခွဲသလို ခွဲနေလို့မရပါဘူး။ တိုင်းပြည်ကောင်းတခုဖြစ်လာဖို့ ခိုင်မာအားကောင်းတဲ့စည်းလုံးတဲ့ လူ့အဖွဲ့စည်း၊ အမှန်းတရားကင်းတဲ့လူ့အဖွဲ့စည်း၊ ခွဲခြားဆက်ဆံမှုကင်းတဲ့လူ့အဖွဲ့အစည်း၊ တရားမျှတမှုရှိတဲ့ လူ့အဖွဲ့အစည်း လိုအပ်ပါတယ်။ အဲဒီအတွက် နိုင်ငံတွင်းမှာနေထိုင်တဲ့လူမျိုးစုတိုင်းလူသားတစ်ဦးစီ တိုင်းအတွက် လူသားစံနှုန်းနဲ့ အသက်ရှင်နေထိုင်နိုင်ခွင့်လွတ်လပ်စွာ သွားလာခွင့်၊ ပညာသင်ကြားနိုင်ခွင့်၊ တရားမျှတမှုလက်လှမ်းမှီနိုင်ခွင့်ကို အာမခံပေးထားနိုင်တဲ့ဖက်ဒရယ်ဖွဲ့စည်းပုံကြီးတစ်ခုကို ဘုံသဘော တူညီချက်နဲ့ အမြန်ဆုံးအကောင်အထည်ဖော်သင့်ပါတယ်။ အဲဒီစနစ်အောက်ကမှ အာဏာကိုဘယ်လို နည်းလမ်းနဲ့ ခွဲဝေကျင့်သုံးကြမလဲဆိုတာက အားလုံးပါဝင်တဲ့အခင်းအကျင်းတခုကနေ ပြန်သွားရမှာ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။

ကွင်မောင်
ခနတိုင်းရင်းသား
ရှမ်းပြည်နယ်

**၁။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ခြေလှမ်းသစ်တွေကို လှမ်းဖို့ ဘယ်အရာတွေက အခြေခံကျ တယ်လို့ထင်ပါသလဲ။ ဘယ်လိုအရာတွေက စိန်ခေါ်မှု အဟန့်အတားဖြစ်နေပါလဲ။**

မြန်မာနိုင်ငံအတွက်နိုင်ငံရေးအဖြေလည်းဖြစ် တိုင်းရင်းသားလူမျိုးနွယ်စုပြည်သူတွေအားလုံး နှစ်ပေါင်း များစွာကတည်းက လိုချင်တိုက်ယူနေရသော ကျွန်တော်တို့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ခြေလှမ်းသစ်တွေကိုလှမ်းဖို့ဆိုရင် လက်ရှိမှာ ဘုံရန်သူဖြစ်တဲ့ အာဏာရှင်စစ်အုပ်စုကို ဗမာတိုင်းရင်းသားများအပါဝင် တိုင်းရင်းသားညီအကိုမောင်နှမတွေအားလုံး ညီညွတ်စွာနှင့် ပြတ်ပြတ်သားသား တော်လှန်ဖြုတ်ချဖို့က ပထမဦးစွာ ပြုလုပ်ဖို့ အရေးကြီးပါတယ်။

**၂။ နွေဦးတော်လှန်ရေးနှင့်အတူ ဖက်ဒရယ်တည်ဆောက်ရေးအတွက် လူမှုသဟဇာတဖြစ်မှု အားကောင်းလာအောင် ဘယ်လိုလုပ်ဆောင်ကြမလဲ။ ယုံကြည်မှု၊ ဘုံတူညီသော အတွေး အခေါ် များကို ဘယ်လိုတည်ဆောက်ကြမလဲ။**

တစ်ပြိုင်နက်ထဲမှာဘဲ တိုင်းရင်းသား မျိုးနွယ်စုတွေအားလုံးရဲ့ အမျိုးသားတန်းတူရေး နိုင်ငံရေးဘုံ သဘောတူညီချက်ကို ခိုင်ခိုင်မာမာရရှိဖို့ လိုအပ်သလို ရရှိနိုင်အောင်လည်း ဆွေးနွေးညှိနှိုင်းအဖြေရှာရေး လုပ်ငန်းစဉ်တွေကို ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးဦးဆောင်သူများ အနေဖြင့် ပိုမိုပူးတွဲအကောင်အထည်ဖော်ဖို့လိုပါတယ်။ နိုင်ငံရေးဦးဆောင်တဲ့သူတွေကတော့ သဘောထားရိုးဖို့တော့လိုတာပေါ့ဗျာ အမျိုးသားတန်းတူရေးနှင့် နိုင်ငံရေးသဘောတူညီချက်ကို ဆွေးနွေးတဲ့အချိန်မှာ။ ကျွန်တော်တို့ကြားနေရတာဘဲ NUCCနဲ့NUG လုပ်ငန်းစဉ်နှေးကွေး ရပ်တန့်နေတာ ဘာကြောင့်လဲဆိုတာ။

နောက်တစ်ခုကတော့ နိုင်ငံရေးနှင့် စစ်ရေးမှာ နိုင်ငံရေးဦးဆောင်မှုက နောက်ကျနေပြီး စစ်ရေးက ရှေ့ရောက်နေတာကို မြင်မိပါတယ်။ ကျွန်တော်နားလည်ထားတဲ့ ဖက်ဒရယ်က from button to up ဖြစ်တော့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်တဲ့နေရာမှာ ဖက်ဒရယ်ယူနစ်အလိုက်ဖွဲ့စည်းပုံတွေ ရှိထားဖို့ လိုအပ်ပါတယ်။ အခုအဲ့ဒါကလည်းမရှိသေး ဒါအပြင် အမျိုးသားတန်းတူရေးနှင့် နိုင်ငံရေး သဘောတူညီချက်ကလည်း ခိုင်ခိုင်မာမာစုစည်းထားနိုင်မှုကလည်းမရှိသေး တစ်ဖက်မှာ စစ်ရေးက ရှေ့ရောက်တော့ ထိန်းသိမ်းထားတဲ့နယ်မြေတွေမှာ နယ်မြေအငြင်းပွားမှုတွေ ပေါ်လာပြန်ရော။ အဲဒီတော့ စစ်ရေးကဲ့သို့ပဲ တိုင်းရင်းသားမျိုးနွယ်စု တန်းတူရေးနှင့် နိုင်ငံရေးကို အားကောင်းလာအောင် တစ်ပြိုင်နက်ထဲလုပ်ဆောင်ပြီး ဖက်ဒရယ်ယူနစ်အလိုက်ဖက်ဒရယ်အခြေခံဥပဒေတွေ အမြန်ဆုံးရေးဆွဲ နိုင်ဖို့ လိုအပ်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးမှာ အဟန့်အတားကတော့ ပင်လုံကတိကဝတ် (သို့) ဖက်ဒရယ်မှုကိုဖျက်ပြီး တစ်ပြည်ထောင်စနစ် လူမျိုးကြီးဝါဒကို ကျင့်သုံးသောစနစ်တို့ကို အကောင်အထည်ဖော်နေသည့် ဗမာနိုင်ငံရေးအစုအဖွဲ့တစ်ချို့နှင့် အာဏာသိမ်းစစ်အုပ်စုဘဲဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ရှမ်းပြည်နယ်မှာဆိုရင် အမျိုးသားတန်းတူရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို နှစ်ပေါင်းများစွာကတည်းက ဟန့်တားကာ နိုင်ငံတော်အချုပ်အခြာအာဏာကို ဝင်ဝင်လုထားသည့် အာဏာသိမ်းစစ်ကောင်စီနှင့် ပူးပေါင်းနေခြင်း၊ ပြည်သူလူထုအကျိုးစီးပွားထက် အဖွဲ့အစည်း၏ အကျိုးစီးပွားကို ဦးစားပေးသောလက်နက်ကိုင် အဖွဲ့အစည်းရှိနေခြင်းပဲဖြစ်ပါတယ်။

**၃။ ဖက်ဒရယ်တည်ဆောက်ရေးကို ဦးတည်သွားနေတဲ့ ကြားကာလမှာ လူမျိုးပေါင်းစုံ တိုင်းရင်းသား လူမျိုးစုတွေ အနေနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်၊**

**ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့် ပုံဖော်တဲ့အခါ ဖက်ဒရယ်စနစ်ကို ဆန့်ကျင်တဲ့ ဘယ်လိုမတူကွဲပြားတဲ့ အယူအဆ၊ လမ်းစဉ်တွေက စွန့်လွှတ်သင့်တယ်လို့ ထင်ပါသလဲ။**

နွေဦးတော်လှန်ရေးနှင့်အတူ ဖက်ဒရယ်တည်ဆောက်ရေးအတွက် လူမှုသဟဇာတဖြစ်မှု အားကောင်းလာအောင်ဆိုရင် လူထုအကျိုးကို ကာကွယ်ပေးသော ကြားကာလဖက်ဒရယ်အခြေခံဥပဒေ၊ ဖက်ဒရယ်အခြေခံသည့် လက်တွေ့မြေပြင်မှာအကျိုးရှိထိရောက်သော ပြည်သူ့အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးမူဝါဒ၊ ဥပဒေ၊ လုပ်ငန်းစဉ်တွေ အမြန်ဆုံးပေါ်ပေါက် အားကောင်းလာစေရန် နှင့် လူထုကြားဖက်ဒရယ်မူများကို ပိုမိုနားလည်သဘောပေါက်ပြီး တိုင်းရင်းသားလူမျိုးနွယ်စုအချင်းချင်းပူးတွဲအကောင်အထည်ဖော်လုပ်ဆောင်ရန်လိုပါတယ်။ အမျိုးသားညီညွတ်ရေးအစိုးရ ဝန်ကြီးတစ်ယောက်က ပြောတာတွေ့ဖူးတယ်။ လက်ရှိကြုံတွေ့နေရတဲ့အခက်အခဲက အချင်းချင်းမယုံကြည်မှုဖြစ်တယ်တဲ့။ ဘာလို့မယုံကြည်ကြတာလည်းလို့ ကျွန်တော်လူငယ်တစ်ယောက်အနေဖြင့် တစ်ဆင့်မြင်ကြည့်ပါတယ် မယုံကြည်ရတဲ့ အကြောင်းအရင်းက အမျိုးသားတန်းတူရေး နှင့် နိုင်ငံရေးဘုံသဘောတူညီချက်ကို ခိုင်ခိုင်မာမာရရှိ စုစည်းအကောင်အထည်မဖော်နိုင်လို့လို့ ကျွန်တော်မြင်တယ်။ ဘုံတူညီသော အတွေးအခေါ်က တိုင်းရင်းသားတော်တော်များများမှာရှိပြီးသားလို့ ကျွန်တော်ယူဆတယ်။ ယုံကြည်မှု တိုးဖို့က ဗဟိုထိန်းချုပ်မှုကို ဗဟိုပြုသည့်စနစ် အယူဆအတွေးခေါ်မျိုးကို စွန့်လွှတ်ဖို့လိုပါတယ် ပြီးတော့ ဖက်ဒရယ်စနစ်၏ အခြေခံဖြစ်သည့် အာဏာခွဲဝေရေးကို တိုင်းရင်းသားဒေသနှင့် မျိုးနွယ်စုအလိုက်ကို စနစ်တကျ ပူးတွဲအကောင်အထည်ဖော်ဖို့လိုပါတယ်။